အစီရင်ခံစာ

SAFERWORLD
PREVENTING VIOLENT CONFLICT. BUILDING SAFER LIVES

Karen Peace Support Network
KPSN

# မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသမှ လုံခြုံရေး၊ တရားမျှတရေး၊ အုပ်ချုပ်ရေး

## အပစ်အခတ်ရပ်စဲထားသောဒေသများမှ အသိအမြင်၊ သဘောထားများနှင့် အလေ့အထများ ဆန်းစစ်လေ့လာခြင်း



၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

# မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသမှ လုံခြုံရေး၊ တရားမျှတရေး နှင့် အုပ်ချုပ်ရေး

## အပစ်အခတ်ရပ်စဲထားသောဒေသများမှ အသိအမြင်၊ သဘောထားများ နှင့် အလေ့အထများ ဆန်းစစ်လေ့လာခြင်း စစ်တမ်း

SAFERWORLD - ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

PAUNG SIE FACILITY

© ၂၀၁၈ ဩဂုတ်လ Saferworld အဖွဲ့မူပိုင်စာအုပ် - ယခုစာအုပ်အတွင်းရှိ မည်သည့်အစိတ်အပိုင်းကိုမဆို အသိပေးခြင်းတစ်စုံတစ်ရာမရှိဘဲ (electronic, mechanical) အစရှိသည့် နည်းလမ်းအမျိုးမျိုးဖြင့် မိတ္တူပွားခြင်း၊ ထပ်ဆင့်ဖြန့်ဝေရန် မူပိုင် သိမ်းထားခြင်းအား ခွင့်မပြုပါ။ စာအုပ်တွင်း ပါဝင်သော အချက်အလက်များအား အသုံးပြုခြင်းနှင့် ပြန့်ပွားစေခြင်းအား Saferworld အဖွဲ့မှ အားပေးကြိုဆိုပါသည်။

ယခုသုတေသနအား ပေါင်းစည်းလုပ်ငန်းအဖွဲ့မှ ငွေကြေးအားဖြင့် ပံ့ပိုးပေးထားပါသည်။ သုတေသန အစီရင်ခံစာ အတွင်း ဖော်ပြထားချက်များအားလုံးသည် Saferworld နှင့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက် တို့၏ အမြင်များသာဖြစ်ကြောင်း ရှင်းလင်းစွာ တင်ပြလိုပါသည်။

# မာတိကာ


**စကားချီး** v

**ကျေးဇူးတင်ရှိခြင်း** vii

**မြေပုံများ** x

**အဓိကဝေါဟာရများ၊ စကားလုံးအတိုကောက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုများ** xiii

**အစီရင်ခံစာအကျဉ်းချုပ်** xv

**၁. နိဒါန်းနှင့် အဓိကတွေ့ရှိချက်များ** ၁

၁.၁ နိဒါန်း ၁

၁.၂ စစ်တမ်းကောက်ယူမှုတွင် ပါဝင်ခဲ့သူများ ၉

၁.၃ အဓိကတွေ့ရှိချက်များ - လုံခြုံရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး နှင့် နိုင်ငံရေး ၁၅

**၂. အုပ်ချုပ်မှုနှင့် တရားဝင်ဖြစ်မှု** ၂၃

၂.၁ ကျေးရွာအဆင့် အုပ်ချုပ်မှုပုံစံ ၂၆

၂.၂ အုပ်ချုပ်မှုအပေါ် အမြင်သဘောထား နှင့် လိုလားမှုများ ၃၃

၂.၃ ကိုယ်ပိုင်ဖြစ်တည်မှု၊ အုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေး အတွက် အကျိုး သက်ရောက်မှုများ ၃၇

၂.၄ ကေအဲန်ယူမှ ခွဲထွက်ခဲ့သော လက်နက်ကိုင်အဖွဲ့များ ၄၁

၂.၅ အခွန်ကောက်ခံခြင်း ၄၅

၂.၆ နယ်မြေများအပေါ် လေ့လာမှုပြုခြင်း ၅၀

**၃. လုံခြုံရေးတပ်ဖွဲ့များ နှင့် အကြမ်းဖက်မှုဆိုင်ရာ အတွေ့အကြုံများ** ၆၁

၃.၁ လုံခြုံရေးတပ်ဖွဲ့များအား လေ့လာခြင်း ၆၄

၃.၂ အာဏာပိုင်များမှ ကျူးလွန်သောသော အကြမ်းဖက်မှု နှင့် မတရားပြုကျင့်မှုများ ၆၈

၃.၃ အပစ်အခတ်ရပ်စဲရေး မတိုင်ခင် နှင့် အပစ်အခတ်ရပ်စဲပြီး ၇၇

၃.၄ အကြမ်းဖက်မှု နှင့် မတရားပြုကျင့်မှု တို့၏ တရားခံများ ၈၄

**၄. တရားမျှတမှု** ၈၉

၄.၁ တရားစီရင်မှုအပေါ်ရှိသည့် အမြင်သဘောထားများ ၉၁

၄.၂ အမှန်တကယ်ဖြစ်ခဲ့သော တရားစီရင်ရေး ကိစ္စရပ်များ ၉၈

**၅. ငြိမ်းချမ်းရေး နှင့် ပဋိပက္ခ** ၁၀၃

**၆. နိဂုံးချုပ်ခြင်း နှင့် အကြံပြုချက်များ** ၁၁၁

၆.၁ နိဂုံးချုပ်ခြင်း ၁၁၁

၆.၂ အကြံပြုချက်များ ၁၁၅

၆.၃ ရှေ့ဆက်လုပ်ဆောင်ရန် သုတေသန အစီအစဉ်များ ၁၂၀

**ကျမ်းကိုးစာရင်း** ၁၂၂

# စကားချီး

**Saferworld နှင့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်တို့သည်** ၂၀၁၃ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်လူမျိုးများ ရင်ဆိုင်နေခဲ့ရသော ပဋိပက္ခနှင့် လုံခြုံရေးဆိုင်ရာ အဓိကပြဿနာများအား ရှာဖွေဖော်ထုတ်ရန်နှင့် ပိုမိုငြိမ်း ချမ်းမှုနှင့် အတူ တရားမျှတပြီး လုံခြုံသော လူမှုဝန်းကျင်များ ရရှိနိုင်ရန် ဒေသတွင်းမှ မောင်းနှင်သော အားထုတ်မှုများအား ပံ့ပိုးနိုင်ရန် အတူတကွ လုပ်ဆောင်လာခဲ့ကြ ပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်အရပ်ဖက် လူမှုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော အကြီးမားဆုံး ကွန်ယက် တစ်ခုဖြစ်သည့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်တွင် ပါဝင်သည့် အဖွဲ့ဝင်များသည် ဒေသတွင်း ကရင်လူမျိုးများအား စွမ်းရည်မြင့် တင်ပေးခြင်းနှင့် ကရင်ဒေသများတွင်ရေရှည်တည်တံ့ပြီး သာတူညီမျှသော ငြိမ်းချမ်းရေး အတွက် တင်ပြတောင်းဆိုခြင်း လုပ်ငန်းများတွင် စုပေါင်းအားဖြင့် ဆယ်စုနှစ်များ စွာသော အတွေ့အကြုံများရှိထားကြပါသည်။ Saferworldသည်အကြမ်းဖက်မှုများတားဆီးကာကွယ် ရေးနှင့် လူ့ဘဝများ ပိုမိုလုံခြုံစေရေး လုပ်ငန်းများအား မိတ်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံမှာ ဆယ်စုနှစ် ၃ ခုကြာ ရှိခဲ့ပြီး ၎င်း အတွေ့အကြုံများအပေါ်အခြေခံ၍ ၂၀၁၂ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံအတွင်း စတင်ဝင် ရောက် လာခဲ့ပါသည်။

လုံခြုံရေး၊ တရားရေးနှင့် အုပ်ချုပ်ရေးဝန်ဆောင်မှုတို့အား မည်သို့ ပံ့ပိုးပေးနေသည်၊ ပြည်သူများမှ မည်သို့ရရှိခံစားနေရသည်တို့သည် မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ သော ငြိမ်းချမ်းရေး ရရှိနိုင်ရန် အဆုံးအဖြတ်ပေးမည့် ရှုပ်ထွေးလှသော အကြောင်း အရာ များထဲမှ အဓိကနေရာတွင် ရှိနေပါသည်။ ၂၀၁၃ ခုနှစ်တွင် Saferworld နှင့် ကရင်ငြိမ်းချမ်း ရေး အထောက်အကူပြုကွန်ယက်တို့ ပထမဆုံးအဖြစ် မိတ်ဖက်လုပ် ဆောင်မှု စတင်ခဲ့ပြီး၊ ၎င်းမိတ်ဖက်လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံအတွင်းရှိ လုံခြုံရေး၊ တရားရေးနှင့် အုပ် ချုပ်ရေး တည်ဆောက်ပုံအား ပြောင်းလဲမှုပြုလုပ်ရန် အားစိုက်ထုတ်မှုများ မပါရှိပဲ၊ ပိုမို သိသာလာပြီး၊ ၎င်းမိတ်ဖက်မှု ရည်ရွယ်ချက်အား ဆက်လက် ထားရှိခဲ့ပါသည်။ Saferworld နှင့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက်တို့မှ ပြည်သူများ ပိုမိုလုံခြုံမှုနှင့် ငြိမ်းချမ်းမှုများ ရရှိစေရန် ၆ နှစ်ကြာ ကြိုးပမ်းခဲ့မှုများ၏ နောက်ဆက်တွဲ အနေဖြင့် ပြည်သူ များ၏ လိုအပ်ချက်များအား ဘက်စုံလွှမ်းခြုံမှုရှိပြီး ထိရောက်သော ပံ့ပိုးမှုများ နှင့် တာဝန်ခံ မှု၊ တာဝန်ယူမှုများရှိစေရန် အာဏာပိုင်များအား တင်ပြခြင်းနှင့် လွှမ်းမိုးမှု ပြုခြင်းလုပ်ငန်း များအတွက် အထောက် အကူ ဖြစ်စေခဲ့ပါသည်။

ယခု အသိအမြင်၊ သဘောထားများနှင့် လက်တွေ့လုပ်ဆောင်မှုဆိုင်ရာ ဆန်းစစ်မှု လုပ်ငန်း သည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ အကြားရှိ သမိုင်းဝင်အဖြစ်ဆုံးသော လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်ခံစား ခဲ့ကြရသော ဒေသ တွင်း သာမာန်ပြည်သူများ၏ အတွေ့အကြုံများအား ပိုမိုနားလည် လာစေရန် ရည်ရွယ် ခဲ့ပါသည်။ ၎င်းသည် ပဲခူး၊ ကရင်၊ မွန်နှင့် တနင်္သာရီဒေသများရှိ အပစ်ခတ် ရပ်စဲထားသော ကျေးလက်ဒေသများမှ ကျပန်းစနစ်ဖြင့်ရွေးချယ်ထားသော ကျေးရွာ ၇၂ ရွာမှ ဖြေဆိုသူ ၂၀၂၀ ဦးကျော်တို့၏ အတွေ့အကြုံအပေါ် လေ့လာ သုံးသပ် ထားခြင်း ဖြစ်ပါသည်။ တွေ့ရှိ ချက်များသည် အုပ်ချုပ်ရေးနှင့် ပိုင်နက်နယ်မြေ အခြေအနေများ အကြားရှိ နက်နဲရှုပ်ထွေး မှုများနှင့် ၎င်းအခြေအနေများသည် ရှည်လျားသော ပဋိပက္ခ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့် အထောက်အပံ့ အစီအစဉ်များနှင့် ပင်ကိုအားဖြင့် မည်သို့ချိတ်ဆက် နေကြသည်ကို လည်း ပုံဖော်ထားပါသည်။

ယခုအစီအရင်ခံစာတွင် ပါဝင်သော အကြောင်းအရာများသည် နက်နဲသိမ်မွေ့သော အကဲဆတ်မှုနှင့် ရှုပ်ထွေးမှုများရှိနေသော်လည်း၊ ကျွန်တော်တို့ အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် နိုင်ငံတကာ အကူအညီပေးရေး အသိုင်းအဝိုင်းများသို့ အကြံပြုသော အချက်အလက်များသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အပစ်ခတ်ရပ်စဲထားသော ကရင်ဒေသများမှ ပဋိပက္ခနှင့် မလုံခြုံမှုများ၏ အရင်းအမြစ်များအား ဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်စေရန် မျှော်လင့်မိပါသည်။

**ဂျွန် ဘိန်းဘရေ့ဂ်ျ**
*ဌာနေကိုယ်စားလှယ်*
Saferworld, မြန်မာ

**စောအဲလက်စ်ထူး**
*ဥက္ကဋ္ဌ*
ကရင်ငြိမ်းချမ်းရေး
အထောက်အကူပြုကွန်ယက်

# ကျေးဇူးတင်ရှိခြင်း


## ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်၏ အကြံပေးအဖွဲ့မှ ကျေးဇူးတင်လွှာ

ဤလေ့လာမှု အစအဆုံးတွင် ပါဝင်ကြသော ပုဂ္ဂိုလ်တစ်ဦးချင်း၏ အချိန်ပေးဆပ်မှု၊ ကြိုးစားအားထုတ်မှုနှင့် အတွေးအမြင်များ နှင့် အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ၊ အားထုတ်မှုများနှင့် ထောက်ပံ့မှုများ မပါဝင်ဘဲ ယခုတင်ပြမည့် အစီအရင်ခံစာ ပေါ်ထွက်လာမည် မဟုတ်ပေ။ စစ်တမ်းလေ့လာကောက်ယူခြင်းနှင့် ဤအစီရင်ခံစာ ပေါ်ထွက်လာရန် အလွန်တန်ဖိုးရှိ၍ ထိရောက်သော နည်းပညာအားဖြင့်သော်လည်းကောင်း ငွေကြေးရံပုံငွေအားဖြင့်သော်လည်းကောင်း ကူညီ ထောက်ပံ့ပေးသော Saferworld အား အထူးကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ယခု လေ့လာမှု ဖြစ်စဉ်တောက်လျှောက် ပူးပေါင်းပါဝင်ကာ နည်းပညာထောက်ပံ့ခဲ့သော Kim Jolliffe နှင့် Gino C. Matibag တို့အား ကျေးဇူးတင်ရှိပါသည်။

အလုပ်ရုံဆွေးနွေးပွဲများ နှင့်  သင်တန်းများတွင် ပါဝင်ခဲ့ကြသော KPSN ၏ မိတ်ဖက် အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် ကွင်းအတွင်းလက်တွေ့ပါဝင် လုပ်ဆောင်ခဲ့ကြသော စေတနာ့ဝန်ထမ်းများ အား ကျေးဇူးတင်ရှိပါသည်။

ဤလေ့လာမှုတွင် ပူးပေါင်းပါဝင်ဖြေဆိုခဲ့ကြသောသူများ၊ ကေအဲန်ယူမှ ဒေသအာဏာပိုင်များနှင့် အစိုးရ၏ ဒေသအာဏာပိုင်များအား လည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

## Saferworld သုတေသနအဖွဲ့မှ ကျေးဇူးတင်လွှာ

ဤအစီအရင်ခံစာသည် များပြားသောပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ စုပေါင်းဆောင်ရွက်ထားသည့် ရလဒ်ဖြစ်ပါသည်။ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် (KPSN) သည် ယခုသုတေသန ပြုလုပ်ခြင်းတွင် အထူးသဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ KPSN မှရွေးချယ်ပေးခဲ့သည့် အဖွဲ့ ခေါင်းဆောင်ခြောက်ဦးနှင့် အချက်အလက်ကောက်ခံသူ ငါးဆယ်ဦး တို့အား အထူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်များမပါရှိဘဲ ဤအစီအရင်ခံစာနှင့် သုတေသန အားပြီးမြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ဤအဖွဲ့သည် မောပန်းခြင်းမရှိဘဲ အလွန်ခက်ခဲ၍ စိန်ခေါ်မှု များပြားသော ပတ်ဝန်းကျင် များတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ မှ ဒီဇင်ဘာလ အတွင်း စစ်တမ်းမေးမြန်းမှုအတွက် လူဦးရေ ၂၀၀၀ ကျော်အားပြုလုပ်ခဲ့ပါသည်။ ထို့ပြင် KPSN သည် ငါးဦးပါဝင်သော အကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကာ ထိုအကြံပေးအဖွဲ့ဝင်များသည် ၎င်းတို့ အချိန်နာရီများစွာကို သုတေသန အစပြုစဉ်းစားခြင်း၊ သုတေသနနည်းစနစ်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်း၊ မေးခွန်းလွှာများ ပြင်ဆင်ခြင်း၊ သုတေသနပြုလုပ်မည့် နေရာဒေသရွေးချယ်ခြင်း၊ ကောက်ခံရရှိသော အချက်လက်များအားဆန်းစစ်သုံးသပ်ခြင်း၊ အဓိက ပေးရမည် သတင်းအချက် အလက်များနှင့် အကြံပြုချက်များ ပေါ်ထွက် လာစေရန်ဆောင်ရွက်ခြင်း နှင့် မူကြမ်းများအား ပြန်လည်သုံးသပ်ခြင်း စသည်တို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ Saferworld သည် အချက်အလက်ထည့်သွင်းသူ ၁၁ ဦးအားငှားရမ်းကာ ၂၀၁၈ ဇန်နဝါရီလ တွင် အချက်အလက်များ ထည့်သွင်း ဆောင်ရွက်ခဲ့ပါသည်

Kim Jolliffe သည် ဤ သုတေသနအား ဦးဆောင်သူဖြစ်ပြီး ယခုလေ့လာမှု၏ စာရေးသူလည်း ဖြစ်ပါသည်။ Gino C. Matibag သည် ကိန်းဂဏာန်းအခြေပြုသုတေသန (Quantitative Research) ဦးဆောင် ပညာရှင် အနေဖြင့် ဤသုတေသနတွင် ပါဝင်ခဲ့ပါသည်။ Dr. Theo Hollender (Saferworld ) သည် သုတေသနအဖွဲ့အား ကြီးကြပ်ခဲ့ပြီး နည်းပညာပိုင်းတွင် ကူညီခြင်းနှင့် အစီအရင်ခံစာပေါ်ထွက်စေရန် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။ John Bainbridge (Saferworld) နှင့် စောလင်းချယ် (Saferworld) တို့သည် သုတေသနရည်မှန်းချက်များ၊ KPSN နှင့် မိတ်ဖက်မှုပြုခြင်းနှင့် မူကြမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။ Jare Bissinger သည် အချက်အလက်များ ကိန်းဂဏာန်းဆိုင်ရာ ဆန်းစစ်သုံးသပ်ခြင်းနှင့် အစီအရင်ခံစာအား ပြန်လည် သုံးသပ်ခြင်း (အထူးသဖြင့် ကိန်းဂဏာန်းဆိုင်ရာ ဆန်းစစ်သုံးသပ်ခြင်းများ၏ အရည်အသွေးပိုင်း) တို့တွင်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ Diana Trimino (Saferworld) သည် ကျားမရေးရာအပိုင်း၊ အချက်အလက်ဆန်းစစ်မှုများနှင့် နောက်ဆုံးဆန်းစစ်မှုများအား အားလုံးခြုံငုံ အကြံပြုချက်ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ Charlotte Watson (Saferworld) သည် သုတေသနအဆင့်များနှင့် မူကြမ်းလုပ်ငန်းစဉ် တွင် အကြံပြုချက်များ ပေးခဲ့ပါသည်။ Dr. Tamara Duffey- Janser (Saferworld) နှင့် Robert Parker (Saferworld) တို့သည် နောက်ဆုံး ပြန်လည်သုံးသပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းမှုအပိုင်းတို့အား တာဝန်ယူ ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန (MIMU) သည် မြေပုံများ ဖန်တီးခြင်းအတွက် ကူညီပေးခဲ့ပါသည်။ အစီအရင်ခံစာအား စကားလုံးတည်းဖြတ်ခြင်းကို Jane Lanigan မှ ဆောင်ရွက်ပေးခဲ့ပြီး Jessica Summers (Saferworld) မှ ပြန်လည်စစ်ဆေး သုံးသပ်ခဲ့ပါသည်။ ပြင်ပပုဂ္ဂိုလ်များဖြစ်သည့် Susanne Kempel နှင့် Maria Helene Kyed တို့ထံမှ ဤအစီအရင်ခံစာအား အကြံပြု သုံးသပ်မှုများကိုလည်း ရရှိခဲ့ပါသည်။ ဤအစီအရင်ခံစာတွင် ပါရှိသော ဓါတ်ပုံများအားလုံးကို အောင်နိုင်စိုး (Saferworld) မှ ရိုက်ကူးထားပါသည်။

## ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် (KPSN) အကြောင်းအကျဉ်း

KPSN (ယခင်က KCBPSN) သည် မြန်မာနိုင်ငံတွင် ကရင်အရပ်ဖက်အဖွဲ့အစည်းများ၏ အကြီးဆုံး ကွန်ယက်တစ်ခု ဖြစ်ပါသည်။ KPSN အဖွဲ့ဝင် အဖွဲ့အစည်းများသည် ပဋိပက္ခ ခံစားရသော ရပ်ရွာအဖွဲ့စည်းများ နှင့် ထိခိုက်လွယ်သော ပြည်သူလူထု များအား ဆယ်စုနှစ်ပေါင်းများစွာ ထောက်ပံ့ကူညီခြင်း၊ ဒေသရပ်ရွာအဖွဲ့အစည်းများအား အားကောင်းရန်ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသောအင်စတီကျူးရှင်းများတည်ဆောက်ခြင်းနှင့်မြန်မာနိုင်ငံတွင်ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန် ကူညီဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက် နေကြပါသည်။ ကွန်ယက်၏ အဓိကရည်မှန်းလုပ်ဆောင်နေမှုများမှာ -

- ကရင်ရပ်ရွာအသိုက်အဝန်းကြားတွင် ငြိမ်းချမ်းရေးဖြစ်စဉ် နှင့် လူ့အခွင့်အရေး ပြဿနာများ အတွက် အသိအမြင်များ မြင့်တင်ဆောင်ရွက်ပေးခြင်း
- ဒေသခံပြည်သူများ ၎င်းတို့၏ အခွင့်အရေးများသိမြင်နားလည်လာစေရန် ရပ်ရွာအဖွဲ့အစည်းများအား စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း
- လူထုဘဝအရည်အသွေးတိုးတက်စေရန် နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်းဖန်တီးပေးနိုင်ရန် ရပ်ရွာအဖွဲ့အစည်းများအား လက်တွေ့ကျသည့် ကူညီထောက်ပံ့မှုများပြုလုပ်ပေးခြင်း
- ပြည်တွင်းစစ်ရှောင်ပြည်သူများ (IDPs) နှင့် ပြန်လာသူများအား ကူညီခြင်း
- ငြိမ်းချမ်းရေးဖြစ်စဉ်အား စောင့်ကြည့်လေ့လာခြင်း
- မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့၍ မျှတမှုရှိသော ငြိမ်းချမ်းရေး အတွက် အကြံပြုခြင်းများ နှင့် ဆော်ဩခြင်းများ တို့ဖြင့် အထောက်အကူပြုပေးခြင်း စသည်တို့ဖြစ်ပါသည်။

## ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် (KPSN)၏ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် မိတ်ဆက်များ

| | Organisation | Acronym |
|---|---|---|
| 1 | Back Pack Health Worker Team | BPHWT |
| 2 | Karen Affairs Committee | KAC |
| 3 | Karen Development Committee | KDC |
| 4 | Karen Education Department | KED |
| 5 | Karen Environmental and Social Action Network | KESAN |
| 6 | Karen Human Rights Group | KHRG |
| 7 | Karen Office for Relief and Development | KORD |
| 8 | Karen Refugee Committee | KRC |
| 9 | Karen Rivers Watch | KRW |
| 10 | Karen Student Network Group | KSNG |
| 11 | Karen Teacher Working Group | KTWG |
| 12 | Karen Women’s Empowerment Group | KWEG |
| 13 | Karen Women’s Organization | KWO |
| 14 | Karen Youth Organization | KYO |
| 15 | Mae Tao Clinic | MTC |
| 16 | Hsar Mu Htaw | HMH |
| 17 | Hku Po Ka Paw | HPKP |
| 18 | Youth Circle | YC |
| 19 | Mutraw Community Development Committee | MCDC |
| 20 | Taw Oo Development Committee | TODC |
| 21 | Thwee Community Development Network | TCDN |
| 22 | Committee for Internally Displaced Karen People | CIDKP |

| | | |
|---|---|---|
| 23 | Karen Women's Union | KWU |
| 24 | Karen Lawyer Network | KLN |
| 25 | Southern Youth Tinnithryi | SYT |
| 26 | Karen State Civil Society Organizations Network | KSCN |
| 27 | KarenDevelopment Network | KDN |
| 28 | Karen Baptist Convention | KBC |
| 29 | Burma Medical Association | BMA |




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

ကရင်လူ့အခွင့်အရေးအဖွဲ့ - KHRG

မြေပုံ (၂) - ဒေသအတွင်းသတ်မှတ်ထားသော မြောက်ပိုင်းနှင့် အလယ်ပိုင်း ကရင်ဒေသ (မြို့နယ်၊ ခရိုင်)



ကရင်လူ့အခွင့်အရေးအဖွဲ့ - KHRG

## မြေပုံ (၃) ဒေသအတွင်း သတ်မှတ်ထားသော တောင်ပိုင်း ကရင်ဒေသ (မြို့နယ်၊ ခရိုင်)



## အဓိက ဝေါဟာရများ

"အာဏာပိုင်" ဆိုသည်မှာ ဤ လေ့လာမှုအစီရင်ခံစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (GoM) ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အခြားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် ဒီမိုကရက်တစ် ကရင် အကျိုးပြု/ ဗုဒ္ဓဘာသာ တပ်မတော် (DKBA)၊ နယ်ခြားစောင့်တပ်များ (BGFs) နှင့် ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC) တို့ကိုရည်ညွှန်းပါသည်။ ကျေးရွာအုပ်စု နှင့် ကျေးရွာ များ၏ ခေါင်းဆောင်များ (သို့) ကော်မတီများကို မထည့်သွင်းပါ။

"တိုက်ရိုက်ထိတွေ့ဆက်ဆံမှု" ကို အခန်း ၂.၄ တွင် မိတ်ဆက်ပေးထားပြီး စစ်တမ်းကောက် လေ့လာရမည့်သူများအတွက် အခွန်ပေးဆောင်မှု၊ အထက်ဖော်ပြပါ အာဏာပိုင်များထံမှ ဝန်ဆောင်မှု များလက်ခံရရှိမှု (သို့) စစ်သားများအား အကြိမ်ကြိမ်မြင်တွေ့နေရမှု စသည်တို့ဖြစ်ပါသည်။ ဖြေဆိုသူ သည် ထိုဖော်ပြပါ အချက်များကို အစိုးရGoM, ကေအဲန်ယူKNU, DKBA, BGF, နှင့် KPC စသည်တို့နှင့် ထိတွေ့ဆောင်ရွက်မှုရှိနေလျှင် "တိုက်ရိုက်ထိတွေ့ဆက်ဆံမှု" ဟုဆုံးဖြတ်ပါသည်။ အဆိုပါ "တိုက်ရိုက်ထိတွေ့ဆက်ဆံမှု" နှင့်ပတ်သက်ပြီး ပို၍သေးငယ်သော လက်နက်ကိုင် အဖွဲ့များ မှစ၍ အခြေပြုထည့်သွင်းထားသည့် အတွက် အဆိုပါအဖွဲ့များအကြောင်းကို (များပြားသော အချက်အလက်ပါဝင်မှုမရှိသော်လည်း) အဓိပ္ပါယ်ပြည့်ဝသော ဆန်းစစ်လေ့လာသုံးသပ်မှုကို ပြုလုပ်နိုင်မည်ဖြစ်သည်။

GoM, KNU, DKBA, BGF, နှင့် KPC တို့ကို အစုအဖွဲ့ အနေဖြင့်သာ ရည်ညွှန်းအသုံးပြုပါသည်။ တစ်စုံတစ်ဦး (သို့) ဌာနတစ်ခုကို သီးသန့်ရည်ညွှန်းခြင်းမဟုတ်ပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ (GoM) တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (သို့) အခြားဌာနအဖွဲ့များ ပါဝင်ပါသည်။ "KNU" တွင် လက်နက်ကိုင်တပ် Karen National Liberation Army (KNLA) နှင့် Karen National Defense Organization (KNDO) (သို့မဟုတ်) အဖွဲ့စည်းတွင်းမှ အခြားဌာနများ နှင့် လုပ်ငန်းများ စသည်တို့ပါဝင်မည်ဖြစ်သည်။

## စကားလုံးအတိုကောက်နှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုများ

| | |
|---|---|
| BGFs | နယ်ခြားစောင့်တပ်များ |
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| DKBA | ဒီမိုကရက်တစ် ကရင် အကျိုးပြု တပ်မတော် |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| IED | လက်လုပ်မိုင်း |
| KHRG | ကရင်လူ့အခွင့်အရေး အဖွဲ့ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ် |
| KNPF | ကရင်အမျိုးသား ရဲတပ်ဖွဲ့ |
| KNU | ကရင်အမျိုးသား အစည်းအရုံး |
| KPC | ကရင်ငြိမ်းချမ်းရေးကောင်စီ |
| KPSN | ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် |
| KWO | ကရင်အမျိုးသမီး အဖွဲ့ |
| GBV | ကျားမအခြေပြုအကြမ်းဖက်မှု |
| GoM | ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ |
| MIMU | မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန |
| MPF | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| NCA | တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် |
| VTA | ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |

ဘားအံမြို့အနီး လှေငယ်လေးနှင့်
လူတစ်ဦး
© Theo Hollander



# အစီရင်ခံစာ အကျဉ်းချုပ်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (GoM) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား သမိုင်းဝင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည့်ဒေသများမှ** ပြည်သူလူထုများ၏ အတွေ့အကြုံများအား ယခုလေ့လာမှုဖြစ်သည့် အသိအမြင်၊ သဘောထားနှင့် အလေ့အထများကို ဆန်းစစ် သည့် စစ်တမ်းမှ တင်ပြထားပါသည်။ ယခင်က လေ့လာခွင့်အကန့်အသတ်များစွာရှိခဲ့သည့် ၄င်းဒေသမှ ပြည်သူလူထု၏ အသိအမြင်များကို ဤစစ်တမ်းတွင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူရာတွင် ကျေးရွာပေါင်း ၇၂ ရွာမှ တုံ့ပြန်ဖြေဆိုသူ ၂၀၂၀ ဦး ပါဝင်ခဲ့ပါသည်။ ဆက်သွယ်ပို့ဆောင်ရေးနှင့် လုံခြုံရေးဆိုင်ရာ အတားအဆီးအခက်အခဲများရှိခဲ့သော်လည်း စစ်တမ်း ကောက်ယူရာ၌ ကျပန်းပုံစံဖြင့် ဖြေဆိုသူ တစ်ဦးချင်းအား ကျပန်းပုံစံဖြင့်ရွေးချယ်ထားသည့်ကျေးရွာအုပ်စုများမှရွေးချယ်ခြင်းပုံစံမျိုး (ပုံ-၁) ကို ထည့်သွင်းဆောင်ရွက်ခြင်း အားဖြင့် ဒေသခံ ပြည်သူများ၏ ကိုယ်စားပြုမှုရရှိရန် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့သည့်အတွက် ဤ စစ်တမ်းသည် လိုအပ်သော သတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။ ထိလွယ်ရှလွယ်သော ပဋိပက္ခနှင့် ဆက်စပ်၍ လူသားချင်းစာနာမှုအကူအညီများနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများကို ပိုမို အထောက်အပံ့ဖြစ်နိုင်ရန်နှင့် ပဋိပက္ခနှင့် မလုံခြုံမှု များကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများအား သိရှိနားလည် စေရန်အတွက် ဤစစ်တမ်းအား အချက်အလက်အထောက်အထားများ ကိုအခြေခံ၍ တည်ဆောက်ထားပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (GoM)၊ ကရင်အမျိုးသား အစည်း အရုံး (KNU) နှင့် နိုင်ငံတကာအဖွဲ့စည်းများ အတွက် အကြံပြုချက်များကိုလည်း ဤလေ့လာမှုတွင် ထည့်သွင်းဖေါ်ပြထားပါသည်။

၁၉၄၉ မှစ၍ စစ်အုပ်ချုပ်ရေးတစ်စိတ်တစ်ပိုင်း (သို့) စစ်အုပ်ချုပ်ရေးအပြည့်အဝ အချိန်ကာလများအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (GoM) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးနောက်ပိုင်းစစ်ပွဲများ နည်းပါးလာသည်။ ကေအဲန်ယူသည် အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နည်းတူ ဖက်ဒရယ်နှင့် ဒီမိုကရက်တစ် အစိုးရ စနစ်ကို အစဉ်မပြတ် တောင်းဆိုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တပ်မတော် တို့သည် `နိုင်ငံရေး ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသော ရလဒ်များနှင့် အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်သွားရန်´ ဆိုသည့် အချက်ပါဝင်သော တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ် (NCA) တွင် ကေအဲန်ယူအပါအဝင် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့ (၈) ဖွဲ့နှင့်အတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်သွားရန် တရားဝင်သဘောတူညီခဲ့ကြခြင်းပင် ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိရေးဆွဲထားသောမူဘောင် သည် နိုင်ငံရေးဆွေးနွေးပွဲများကို အဓိပ္ပါယ် အပြည့်အဝ မပေးနိုင်ပေ။ အကြောင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တပ်မတော်မှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တင်းကျပ်စွာ ကိုင်စွဲထားသည့်အတွက် ဖက်ဒရယ်စနစ် ခိုင်မာစွာရှေ့ဆက်သွားနိုင်ရန် အတားအဆီး ကိုဖြစ်ပေါ်စေပါသည်။[1]

## တွေ့ရှိချက်များ အကျဉ်းချုပ်

ယခုစစ်တမ်းမှ လေ့လာတွေ့ရှိမှုအရ အပစ်အခတ်ရပ်စဲမှုပြုလုပ်ထားသည့် ဒေသမှ ကရင်ပြည်သူလူထုသည် မလုံခြုံမှုများအား ဆိုးဝါးစွာ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်ကို တွေ့ရှိရသည့်အပြင် နှစ်ပေါင်းကြာရှည်စွာ ခံစားခဲ့ရသည့် အကြမ်းဖက်ခံရမှု၊ အလွဲသုံးအနိုင်ကျင့်ခံရမှုနှင့် အမြတ်ထုတ်

1 The Tatmadaw's six-point policy is available in *The Nation*, 23 September. 2014, http://www.nationmultimedia.com/asean&beyon/Tatmadaw-outlines-6-point-policy-for-peace-talk-30243970.html; Sai Wansai discusses criticisms of the six-point policy from the perspective of EAOs. Sai Wansai (2016), 'Aftermath of 21st Century Panglong: Positive Symbolism Throws the Door of Earnest Negotiations Wide Open', *Shan Herald Agency for News (SHAN)*, 4 September, https://www.burmalink.org/aftermath-21st-century-panglong-positive-symbolismthrows-door-earnest-negotiations-wide-open/

ခံရခြင်း စသည့် ဆိုးမွေများသည်လည်း ၎င်းတို့ အသိစိတ်ထဲတွင် လွှမ်းမိုးနေဆဲဖြစ်ပါသည် (ပုံ-က)။ မည်သည့် အာဏာပိုင် (သို့) လက်နက်ကိုင်အဖွဲ့မှ အဆိုပါ အကြမ်းဖက်ကျူးလွန်မှုများသည် ဆိုသည့် တိကျစွာရည်ညွှန်းမှုများအား ဖြေဆိုရန် ဝန်လေးတုံ့ဆိုင်းကြသော်လည်း KPSN, UN နှင့် အခြား ပြင်ပ အဖွဲ့အစည်းများမှ ပြုလုပ်ထားသော သုတေသနများအရ ကျူးလွန်မှုအများဆုံး အဖွဲ့စည်းများသည် တပ်မတော် နှင့် ၎င်းနှင့်ချိတ်ဆက်နေသည့် လက်နက်ကိုင်အဖွဲ့များ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၂၀၁၈ ခုနှစ် ဖေါ်ပြချက်အရ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး နှင့်ပတ်သက်၍ ဆယ်စုနှစ်သုံးစုနှစ်အတွင်း အထူးကိုယ်စားလှယ် အဆက်ဆက်၏ တွေ့ရှိတင်ပြမှု များတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ လူ့အခွင့်အရေးချိုးဖေါက်မှု ပုံစံများသည် နိုင်ငံတော်နှင့် စစ်တပ် မူဝါဒများနှင့် ချိတ်ဆက်နေကြောင်းတွေ့ရှိရပါသည်။[2]

**ပုံ (က) - မတရားပြုကျင့်ခံရမှုနှင့် အကြမ်းဖက်မှုအတွေ့အကြုံများ ခံစားရမှုအခြေအနေ**




၂၀၁၂ ခုနှစ်အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးနောက် တပ်မတော်၏စစ်မျက်နှာပြင်သည် နိုင်ငံ၏ အခြား ဘက်ခြမ်းများသို့ ပြောင်းလဲသွားခဲ့သလို ကရင်ရပ်ရွာအသိုက်အဝန်းများအကြားတွင် အကြမ်းဖက်မှု နှင့် မတရားပြုကျင့်ခံရမှုများ လျော့နည်းသွားပါသည်။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေး သဘော တူညီမှုသည်စစ်အင်အားတိုးချဲ့ခြင်း၊နယ်မြေချဲ့ထွင်ခြင်းနှင့်လိုက်နာရမည့်ကျင့်ဝတ်နှင့်စည်းကမ်းများ စသည်တို့အား မထိန်းသိမ်းနိုင်ခြင်းများ ကြောင့် မလုံခြုံမှုများသည် နက်နဲစွာတည်ရှိနေဆဲဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် မူတြော(ဖါပွန်) ခရိုင်အတွင်း တပ်မတော်တပ်ရင်းများ တိုးချဲ့လှုပ်ရှားမှုများကြောင့် ဒေသခံပြည်သူ ၂၅၀၀ ကျော် ထွက်ပြေးတိမ်းရှောင်မှုများရှိခဲ့ပါသည်။

ဖြေဆိုသူအိမ်ထောင်စု ၈၀ ရာခိုင်နှုန်းသည် အာဏာပိုင်များ၏ အကြမ်းဖက်မှုနှင့် မတရားပြုကျင့် ခံရမှုများ ခံစားခဲ့ရကြောင်း ဖေါ်ပြကြပြီး ပစ်ခတ်ခံရခြင်း နှင့် အိမ်မီးရှို့ခံရခြင်း သည် ၃၀ ရာခိုင်နှုန်းကျော် ရှိခဲ့သည်ကို တွေ့ရပါသည်။ ၂၀၁၂ ခုနှစ်အပစ်အခတ် ရပ်စဲမှုမပြုလုပ်ချိန်အထိ အတင်းအကျပ် ခိုင်းစေ ခြင်းနှင့် ပေါ်တာဆွဲခြင်းသည် အကျယ်ပြန့်ဆုံးပုံစံအဖြစ်တွေ့ရှိရပြီး ဖြေဆိုသူအားလုံးနီးပါး တစ်ကြိမ် တစ်ခါ (သို့) အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရကြောင်း ဖေါ်ပြကြပါသည်။

**ပုံ (ခ) - ၂၀၁၂ နောက်ပိုင်း မြေယာသိမ်းဆည်းမှုခံစားခဲ့ရသော စစ်တမ်းတွင်ပါဝင်သည့် အိမ်ထောင်စုများနှင့် ကျေးရွာများ**




2 UN Human Rights Council (2018), p 5. See also p 17, which notes that 'The consistent tactical formula employed by the Tatmadaw exhibits a degree of coordination only possible when all troops are acting under the effective control of a single unified command.'

၂၀၁၂ ခုနှစ်မှ စ၍ မြေယာသိမ်းယူမှုသည် အဓိက မတရားပြုကျင့်ခံရမှု ဖြစ်လာပြီး ထိုအချိန်မှစ၍ ယခုစစ်တမ်းကောက်ချိန်ထိ စစ်တမ်းဖြေဆိုသူ အိမ်ထောင်စု (၄၇) စုလျှင် (၁) အိမ်ထောင်စုသည် အာဏာပိုင်များ၏ မြေသိမ်းယူခြင်းကို ခံခဲ့ရပါသည် (ပုံ -ခ)။ ယခုစစ်တမ်းလေ့လာတွေ့ရှိမှုအရ မြေယာသိမ်းယူမှု ကိစ္စ အားလုံး ၄၃ ခု မှ ၄၂ ခုသည် အစိုးရ ထိန်းချုပ်မှုရှိသောနယ်မြေများနှင့် ရောယှက်ထိန်းချုပ်မှုရှိသောနယ်မြေများ တွင်ဖြစ်ပွားခဲ့ကာ အဓိကအားဖြင့် ၂၀၁၂ခုနှစ်မှစ၍ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်နိုင်မှု ရရှိသည့်နေရာများ တွင်ဖြစ်သည်။ အိမ်ထောင်စု (၄၂) စုလျှင် (၁) အိမ်ထောင်စုနှုန်း (၂.၃၆ ရာခိုင်နှုန်း) ရှိခဲ့ပါသည်။ Land In Our Hand (LIOH) ကွန်ယက် ၏ ၂၀၁၅ ခုနှစ် လေ့လာမှုအရ မြေယာသိမ်းယူမှုများတွင် ထိပ်ဆုံးတာဝန်ရှိသည့် အဖွဲ့မှာ တပ်မတော်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။[3]

အရှိတရားများ အပေါ်မူတည်၍ ဆုံးဖြတ်ခြင်းတွင် အနည်းငယ်အံ့အားသင့်ရသည်မှာ ဖြေဆိုသူများ၏ ၁၄ ရာခိုင်နှုန်းသည်သာ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေး ဖြစ်ကြောင်း ယုံကြည်သည် (သို့) အလွန်ယုံကြည်မှုရှိသည် ဆိုသည့် တုံ့ပြန်ဖြေဆိုမှုကို တွေ့ရပါသည်။ ဖြေဆိုသူများ၏ ၄၅ ရာခိုင်နှုန်း (ကေအဲန်ယူထိန်းချုပ်နယ်မြေမှ ၆၈ ရာခိုင်နှုန်းပါဝင်) သည် အပစ်အခတ် ရပ်စဲထားမှုရှိနေသော်လည်း မကြာမကြာ တင်းမာမှု ဖြစ်ပွားခြင်းကြောင့် လာမည့် ငါးနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်ကို အလွန်စိုးရိမ်မှုများ ရှိကြပါသည်။ အဆိုပါရလဒ်သည် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယေဘုယျအားဖြင့် ယုံကြည်မှု နည်းပါးနေသည်ကို ပြသနေပြီး အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးတိုးတက်မှု အတွက် ပို၍ကြီးမားသည့် ကတိကဝတ်များ လိုအပ်နေကြောင်းကိုလည်း ညွှန်းဆိုနေပါသည်။

**ပုံ (ဂ) - သင့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိစေရန် လုပ်ဆောင်ပေးနိုင်မည်ကို ဘယ်လောက်ထိ ယုံကြည်မှုရှိပါသလဲ၊**




၁၉၄၉ ခုနှစ်မှစ၍ ကေအဲန်ယူ သည် အစိုးရနှင့် စင်ပြိုင် အုပ်ချုပ်မှုစနစ် ပုံစံ အတွင်း လူမှုရေးလုပ်ငန်းများ၊ မြေယာ စီမံခန့်ခွဲမှု နှင့် တရားစီရင်ရေး တို့အား အခြားဆောင်ရွက်မှုလုပ်ငန်းများနှင့်အတူ ဆောင်ရွက်ခဲ့ကာ ဒေသခံကရင်ပြည်သူလူထု အများစု၏ တရားဝင်ထောက်ခံမှုကို ရရှိခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူအများစုသည် ကေအဲန်ယူအား အနှစ်သက်ဆုံးဖြစ်ကြောင်း အတိအလင်း ဖော်ပြကြပြီး ၎င်းတို့ဒေသအားလည်း ကေအဲန်ယူကို အုပ်ချုပ်စေလိုကြကြောင်းတွေ့ရှိရပါသည်။ ရပ်ရွာစိတ်ချရမှု၊ လုံခြုံရေးနှင့် တရားစီရင်ရေးတို့တွင် အစိုးရနှင့် အခြားလက်နက်ကိုင်အဖွဲ့များထက် ကေအဲန်ယူသည် ပို၍ ကောင်းမွန်စွာ ကိုင်တွယ်ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့အစည်းအဖြစ်လည်း ရှုမြင်ကြပါသည်(ပုံ - ဃ)။ ကောက်ချက်ချနိုင်သည်မှာ အပစ်အခတ်ရပ်စဲထားသောဒေသများမှ ကရင်ပြည်သူများ ကေအဲန်ယူအား လိုလားထောက်ခံမှုပြုခြင်းသည် ဒေသတွင်းအုပ်ချုပ်ရေးပုံစံ နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မူများကိုထောက်ခံကြောင်း ဖော်ပြနေခြင်းဟူ၍ ဖြစ်ပါသည်။ ထို့ပြင် ကရင်ပြည်သူများ ကေအဲန်ယူအား ထောက်ခံခြင်းသည် လူမျိုး ဘာသာ စကား ချိတ်ဆက်ထားမှု၊ အင်စတီကျူးရှင်းများ ဒေသတွင်း အခိုင်အမာတည်ဆောင်ထားနိုင်ခဲ့မှု၊ ကရင်လူ့အဖွဲ့အစည်းကိုယ်စားပြု အခြေခံနိုင်ငံရေးအဖွဲ့စည်း အနေဖြင့် တည်ရှိခဲ့သည့် သမိုင်းနောက်ခံအနေအထားပိုင်ဆိုင်ထားမှုနှင့် ကရင်ဘိုးဘေးတို့၏ လက်ဆင့်ကမ်းလာသည့်မြေ ဆိုသည်နှင့် ချိတ်ဆက်နေမှု စသည်တို့ကြောင့် ဖြစ်ပါသည်။

အစိုးရ၏ ဆောင်ရွက်မှုများ နှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများသည် ကေအဲန်ယူဆောင်ရွက်မှုကဲ့သို့ပင် ကရင်လူမျိုး (ဖြေဆိုသူများ) သို့ ရောက်ရှိသော်လည်း အများစုမှာ ကေအဲန်ယူကိုသာ လိုလားကြသည်ကို တွေ့ရှိရပါသည်။ ဤအချက်အားကြည့်ခြင်းဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက် လုပ်ကိုင်ပေးခြင်းသည် နိုင်ငံရေး တရားဝင်ဖြစ်မှု နှင့် ထောက်ခံမှုရရှိခြင်း တို့နှင့် တိုက်ရိုက် ပတ်သက်သည်ဟူ၍ ဆို၍ မရကြောင်းကို ရှင်းလင်းစွာ ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ အဆိုပါ ဆောင်ရွက်မှုများအား ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ အဆက်ဆက် ငြိမ်းချမ်းရေး နည်းဗျူဟာများအနေဖြင့်ဆောင်ရွက်ခဲ့

3 Land in Our Hands Network (2015), 'Destroying People's Lives: The Impact of Land Grabbing on communities in Myanmar', December, https://www.tni.org/files/article-downloads/lioh_research_report_eng_0.pdf

**ပုံ (ဃ) - ဘယ်အာဏာပိုင်များက...**




ကြသော်လည်း ဗဟိုအားကောင်းမှုအတွက် နယ်မြေ နှင့် ဒေသခံလူထု များအပေါ် ထိန်းချုပ်နိုင်ရန် တိုးချဲ့ဆောင်ရွက်သည့် နည်းဗျူဟာနှင့်ချိတ်ဆက်နေသည်ကိုလည်း တွေ့မြင်ရပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာများ၏ ၆၁ ရာခိုင်နှုန်း သည် အာဏာပိုင်များရောယှက်နေသည့် (အစိုးရ၊ ကေအဲန်ယူ နှင့် အခြားလက်နက်ကိုင်အဖွဲ့များ တို့ရောယှက်နေသည့်) ထိန်းချုပ်မှုအောက်ရှိ ရွာများဖြစ်ကြပါသည်။ လုပ်ငန်းများဆောင်ရွက်ပေးမှု၊ အခွန်ကောက်ခံမှုနှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ တည်ရှိ/တွေ့မြင်နေရမှု တို့ကို အခြေခံပေါင်းစပ် ၍ တိုင်းတာ ထားခြင်းဖြစ်ပါသည်။ ကေအဲန်ယူထိန်းချုပ်မှုအောက်ရှိ ကျေးရွာများမှာ ၂၀ ရာခိုင်နှုန်း ရှိပြီး အစိုးရထိန်းချုပ်မှုအောက်တွင် ၁၉ ရာခိုင်နှုန်း ရှိပါသည် (ပုံ - င)။ ရောယှက်ထိန်းချုပ်နယ်မြေများအတွင်း အစိုးရ၏ ကျန်းမာရေးနှင့် ပညာရေး ထောက်ပံ့မှုသည် ကေအဲန်ယူထက် ဖြေဆိုသူများထံပို၍ ရောက်ရှိသော်လည်း ၄၁ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ကေအဲန်ယူအား ၎င်းတို့ဒေသကို အုပ်ချုပ်စေလိုကြပြီး ၁၆ ရာခိုင်နှုန်းသာ အစိုးရကို လိုလားကြောင်း တွေ့ရှိရပါသည်။ အဆိုပါရောယှက်ထိန်းချုပ်နယ်မြေများ တွင် ကေအဲန်ယူ ၏ တရားစီရင်ရေးအပေါ် ကိုင်တွယ်မှု နှင့် နိုင်ငံရေးအမြင်များကို အနှစ်သက်ဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ တရားရေး ပြဿနာများ နှင့်ပတ်သက်၍ ကိုင်တွယ်ရာတွင် မည်သည့် အာဏာပိုင်အဖွဲ့အား အလိုလားအနှစ်သက်ဆုံး ဖြစ်သနည်း ဆိုသည့် မေးခွန်း အပေါ် တုံ့ပြန် ဖြေဆိုကြရာတွင် ကေအဲန်ယူ အား ရွေးချယ်ဖြေဆိုမှုမှာ အမြင့်ဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၃၉ ရာခိုင်နှုန်းရှိကာ ၂၃ ရာခိုင်နှုန်းမှာ အစိုးရကို ရွေးချယ်ဖြေဆိုကြပါသည်။ ဖြေဆိုသူများမှ ၉.၄ ရာခိုင်နှုန်း သည် မည်သည့်အဖွဲ့ကိုမျှ ရွေးချယ်ခြင်းမရှိသည့် `တစ်ခုမှ မဟုတ်ပါ´ ကို ဖြေဆိုကြပါသည်။

**ပုံ (င) - နယ်မြေအမျိုးအစားတစ်ခုချင်းစီအောက်ရှိ စစ်တမ်းကောက်ယူမှုတွင်ပါဝင်သူများ**

**(ဝန်ဆောင်မှုပံ့ပိုးခြင်း၊ အခွန်ကောက်ခံခြင်း၊ နှင့် စစ်သားများတွေ့ရှိမှုဆိုင်ရာ အချက်အလက်များအား စုပေါင်းပြီး တိုင်းတာမှု အပေါ် အခြေခံပါသည်၊)**




အားလုံးခြုံငုံကြည့်လျှင် စစ်တမ်းဖြေဆိုသူများသည် မည်သည့်အာဏာပိုင်အဖွဲ့မှ မည်သည့်ပြဿနာများကို ဖြစ်ပေါ်စေသည် (သို့) အကြမ်းဖက် အလွဲသုံးအနိုင်ကျင့်မှုများကို ကျူးလွန်သည် ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ တိတိကျကျ အဖွဲ့အမည် ကိုညွှန်းဆိုပြီး ဖြေဆိုရန် မလိုလားကြကြောင်း တွေ့ရှိရပါသည်။စုစုပေါင်းဖြေဆိုသူများမှ ၂၁ရာခိုင်နှုန်းသည်အစိုးရ၏အတင်းအကျပ်လုပ်အားစေခိုင်းမှု

ကိုဖေါ်ပြကြပြီး ပြဿနာတစ်ခုအတွက် အဖွဲ့အစည်းတစ်ဖွဲ့ဖွဲ့အားအမည်တပ် ဖေါ်ပြမှုမှာ အမြင့်ဆုံး အချိုး အနေအထား အဖြစ်လည်း တွေ့ရပါသည်။ ဖြေဆိုသူ ဆယ်ဦးလျှင် တစ်ဦးသည် ကေအဲန်ယူ၏ မမျှတသော စုဆောင်းမှု အလေ့အထများကို ဖေါ်ပြကြပါသည်။ မတရားပြုကျင့်ခံရမှုများထဲမှ မလိုလား အပ်သော အပြုအမူများဆောင်ရွက်ခြင်း နှင့် အတင်းအကျပ်ငွေကောက်ခံခြင်း တို့တွင် အစိုးရသည် အခြားအဖွဲ့များထက် ပိုမိုကျူးလွန်ကြောင်း တွေ့ရပါသည်။

အမျိုးသမီးများသည် ရပ်ရွာကိုယ်စားပြုရွေးကောက်ပွဲများနှင့် ပုံစံတကျ လုပ်ငန်းများတွင် ပါဝင်လုပ် ကိုင်နိုင် ခွင့်နည်းပါးသည်ကိုတွေ့ရပါသည်။ အာဏာပိုင်များ၏ အလွဲသုံးမှုများကိုလည်း အများအပြား တွေ့ကြုံခံစားကြရပါသည်။ ပေါ်တာဆွဲခံရခြင်း၊ အတင်းအကျပ် လုပ်အားပေးစေခိုင်းခံရခြင်း၊ တိုက်ပွဲ ပစ်ခတ်မှုများအတွင်း တည်ရှိနေရခြင်းနှင့် ပုံစံအမျိုးမျိုးဖြင့် အတင်းအကျပ် ဖယ်ထုတ်ခံရခြင်း စသည် တို့ပါဝင်ပါသည်။ (သတိပြုရန်အချက်မှာ အမျိုးသားအများအပြားသည်လည်း အထက်ပါ ပြဿနာများ ကို တွေ့ကြုံခံစားခဲ့ရပါသည်)

ဖြေဆိုသူအများအပြားသည် တရားရေးကိစ္စရပ်များနှင့် ပတ်သက်လာလျှင် ရပ်ရွာအာဏာပိုင်များထံ တင်ပြတိုင်တန်းမှု နည်းပါးသည်ကိုတွေ့ရပါသည် (ပုံ - စ)။ ကြီးမားသော ပြဿနာကိစ္စရပ်များပင် ပါဝင်ပါသည်။ ပြဿနာကိစ္စရပ်များတိုင်တန်းမှု ပြုလုပ်ရာတွင် ရှေးဦးစွာ ကျေးရွာ ခေါင်းဆောင်ထံ သွားရောက်တင်ပြလေ့ရှိကြပါသည်။ ဖြေဆိုသူများမှ ၇ ရာခိုင်နှုန်းသည် အာဏာပိုင်ထံသွားရောက်တိုင် တန်းမှုရှိပြီး ၎င်းတို့ထဲမှ ၈၂ ရာခိုင်နှုန်းသည် ကျေးရွာခေါင်းဆောင်ထံဦးစွာတင်ပြမှုရှိကြောင်း တွေ့ရှိရ ပါသည်။ တရားရေးကိစ္စနှင့်ပတ်သက်၍ ကေအဲန်ယူ၏ ဆောင်ရွက်ထားရှိပုံနှင့် လုပ်ငန်းစဉ်သည် အစိုးရထက် ပိုမိုရှင်းလင်း ပြီး ရွေးချယ်ဆောင်ရွက်ရန်လည်း ပိုမိုလွယ်ကူကြောင်းတွေ့ရပါသည်။ တရား စီရင်ရေးလက်လှမ်းမီရန်အတွက်ဆိုလျှင် နှစ်ဖွဲ့လုံး၏ စီစဉ်ဆောင်ရွက်ထားရှိပုံများသည် ကြီးမားသော ပြဿနာများ ရှိနေဆဲဖြစ်ပါသည်။ ငွေကြေးကုန်ကျမှုများခြင်း၊ အဆက်အသွယ်နည်းပါးခြင်း၊ အာဏာ ပိုင်များနှင့် အလှမ်းဝေးခြင်းနှင့် ဖြစ်စဉ်အပေါ် အချိန်ပေးနိုင်မှု နည်းပါးခြင်း စသည့် အချက်များသည် တရားရေးဆိုင်ရာအတွက် အဓိက အတားအဆီးများဖြစ်ပါသည်။ အထူးသဖြင့် အစိုးရအုပ်ချုပ်မှုတွင် ပို၍ တွေ့မြင်ရပါသည်။

**ပုံ (စ) - တရားမျှတမှုကိစ္စရပ်များအပေါ်ရှိ အမြင်သဘောထားနှင့် လိုလားမှုများ**




## နိဂုံး နှင့် အကြံပြုချက်များ

ယခုစစ်တမ်း၏လေ့လာတွေ့ရှိမှုအရ အပစ်အခတ်ရပ်စဲထားသော ဒေသများမှ ကရင်ပြည်သူလူထု များသည် လက်နက်ကိုင်ပဋိပက္ခ ဖြေရှင်းနိုင်မှု နှောင့်နှေးနေသည့် အခြေအနေ ဆိုးဝါးသော မလုံခြုံမှု များစွာကို တွေ့ကြုံခံစားနေရဆဲဖြစ်ပါသည်။ အကြမ်းဖက်ခံရမှု၊ အလွဲသုံးအနိုင်ကျင့်ခံရမှုနှင့် အမြတ် ထုတ်ခံရခြင်း တို့သည်လည်း ပုံမှန် ဆက်လက်တည်ရှိနေပါသည်။ စစ်တမ်းဖြေဆိုခဲ့သူများအကြား ကေအဲန်ယူလွှမ်းမိုးရာဒေသများတွင် ၎င်း၏ တရားဝင်ဖြစ်မှုအတွက် ကရင်ပြည်သူများထံမှ ထောက်ခံ မှုကို ကျယ်ပြန့်စွာတွေ့ရပါသည်။ ဤ အချက်သည် ဒေသတွင်းအုပ်ချုပ်မှု နှင့် ကိုယ်ပိုင် ပြဌာန်းခွင့် မှုများကို အားပေးထောက်ခံမှုများ ရှိကြောင်း ဖေါ်ပြနေခြင်း ဖြစ်နိုင်ပါသည်။ အဓိကအကြောင်းရင်းမှာ ကေအဲန်ယူ ခေါင်းဆောင်များ၏ အစဉ်မပြတ် ဖက်ဒရယ်အစိုးရစနစ်ကို တောင်းဆိုခဲ့ခြင်း နှင့် မူဝါဒများ ဖေါ်ထုတ်ရာ တွင် ဒေသတွင်း အလေ့အထများအပေါ်အခြေခံခြင်း (ဥပမာ- ကေအဲန်ယူ မြေယာမူဝါဒ) တို့ကြောင့် ဖြစ်ပါသည်။ ထို့ပြင် ယခုလေ့လာတွေ့ရှိချက်အရ အစိုးရလက်ကိုင်ထားလေ့ရှိသည့် အပြင် နိုင်ငံတကာ ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နည်းပျူဟာဖြစ်သော လူမှုရေးလုပ်ငန်းများ နှင့် ဖွံ့ဖြိုးရေးများ ဆောင်ရွက် ပေးခြင်းနှင့် လူထုပြန်လည်ပေးအပ်သည့် နိုင်ငံရေးတရားဝင်ဖြစ်မှု တို့ကို တိုက်ရိုက် အဓိပ္ပါယ်ပြန်ဆို၍ မရကြောင်း တွေ့ရှိရပါသည်။

ဒေသခံပြည်သူများ အကြမ်းဖက် အနိုင်ကျင့်ခံခဲ့ရသည့် ဆိုးမွေများ၏ သက်ရောက်ထိခိုက်မှုများလည်း



ဘားအံမြို့အနီး သံလွင်မြစ် (Salween) အား အပေါ်စီးမှ မြင်ရပုံ
© Rebecca W

လွှမ်းမိုးနေဆဲဖြစ်ပါသည်။ အထူးသဖြင့် တပ်မတော်မှ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ကျူးလွန်မှုများ၏ သက်ရောက်မှုများကြောင့် ဖြစ်ပါသည်။ ဖြေဆိုသူများ၏ ၁၄ ရာခိုင်နှုန်းသည်သာ လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေး ဖြစ်ကြောင်း ယုံကြည်သည် (သို့) အလွန်ယုံကြည်မှုရှိသည် ဆိုသည့် တုံ့ပြန်ဖြေဆိုမှုကို တွေ့ရပါသည်။ ဖြေဆိုသူအများစုမှာ လာမည့် ငါးနှစ်အတွင်း လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်ကို အလွန်စိုးရိမ်မှုများရှိကြပါသည်။

ဤအစီရင်ခံစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကေအဲန်ယူ နှင့် နိုင်ငံတကာကူညီရေး အဖွဲ့အစည်းများအတွက် အကြံပြုချက်အသီးသီးကို ထည့်သွင်းဖော်ပြထားပါသည်။ အကျဉ်းဖော်ပြရလျှင် ပထမဦးစွာ ပြည်သူလူထုအခြေခံ လုံခြုံရေး စိတ်ချမှုရှိစေရန် အရေးကြီးဆောင်ရွက်ရမည့် အဆင့်များ လိုအပ်နေပါသည်။ ထိုအထဲတွင် အပစ်အခတ်ရပ်စဲထားသည့်ဒေသများအတွင်း စစ်ရေးဆိုင်ရာများ လျှော့ချခြင်း၊ တင်းမာမှုများ လျှော့ချခြင်းနှင့် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်း သက်ရောက်စေခြင်းနှင့်လုံခြုံရေးတပ်ဖွဲ့များအားလုံးလူ့အခွင့်အရေးများကိုလေးစားလိုက်နာရန်အတွက် တာဝန်ခံမှုရှိခြင်း စသည်တို့ ပါဝင်မည်ဖြစ်သည်။ စစ်ဘေး ဒုက္ခသည်များနှင့် ပြည်တွင်းစစ်ရှောင်များ အတွက် လူသားချင်းစာနာမှု ဆိုင်ရာ ကူညီထောက်ပံ့မှုများလိုအပ်မည်ဖြစ်သလို ကာကွယ်စောင့် ရှောက်ပေးမှုများလည်း လိုအပ်မည် ဖြစ်ပါသည်။ အာဏာပိုင်များအားလုံး (အထူးသဖြင့် အစိုးရနှင့် ကေအဲန်ယူခွဲထွက်အဖွဲ့များ) သည် မြေယာသိမ်းယူမှုများကိုရပ်တန့်ရန် လိုအပ်မည်ဖြစ်ပြီး မြေယာများ အတွက် လျော်ကြေးပေးရန် (သို့) ပြန်လည်အပ်နှံရန် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပေါ်ထွက် လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် တပ်ဖွဲ့များ လုပ်ရှားမှု ကန့်သတ်နိုင်ရန်အတွက် သော်လည်းကောင်း ပို၍ထိရောက်စွာ စောင့်ကြည့်လေ့လာနိုင်ရန်နှင့် ချိုးဖေါက်မှုများအတွက် အခြေခံအားဖြင့် ဆုံးဖြတ်နိုင်ရန် အတွက်သော်လည်းကောင်း နယ်မြေ သတ်မှတ်မှုများ ပြုလုပ်ရန် အရေးကြီးပါသည်။ ထိုကဲ့သို့ မပြုလုပ်နိုင်လျှင် လက်နက်ကိုင် ပဋိပက္ခများ ကြာရှည်စေနိုင်ပြီး အကြမ်းဖက်မှုများဆီသို့ ပြန်လည့်သွားနိုင်သည့် အန္တရယ်မှာလည်း မြင့်တက် သွားစေနိုင်ပါသည်။

ငြိမ်းချမ်းရေး ခိုင်မာစေရန်အတွက်ဆိုလျှင် အားလုံးပါဝင်မှု၊ အားလုံးဆွေးနွေးညှိနှိုင်းရန် ခွင့်ပြုသော ဒီမိုကရက်တစ်မူဘောင်၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲနှင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ပမှ ဖြေရှင်းခြင်းများ ထားရှိစေခြင်း စသည်တို့ အပေါ်တွင် မူတည်နေပါသည်။[4] ထိုဖြစ်စဉ်နှင့် အတူ လုံခြုံရေး ကဏ္ဍပြောင်းလဲခြင်း လိုအပ်မည်ဖြစ်သည်။ ပို၍ ပါဝင်မှုရှိသော၊ ကိုယ်စားပြုမှုရှိသောနှင့် တာဝန်ခံမှု ရှိသော တပ်ဖွဲ့များ ပေါ်ထွက်လာရန်ဖြစ်ပါသည်။ ထို့ပြင် ရပ်ရွာများ အားလုံးစိတ်ချမှုအတွက် အာမခံနိုင် သည့် တရားရေး အင်စတီကျူးရှင်းများလည်းလိုအပ်မည်ဖြစ်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်များ ကို အသိအမှတ်ပြုခြင်းနှင့် ရပ်ရွာအုပ်ချုပ်မှုနှင့် လူမှုရေးလုပ်ငန်းစနစ်များ ကို သေချာစိတ်ချစေမည့် နိုင်ငံရေး အခြေကျစေရန်အတွက် ယာယီစီစဉ်မှုများကို ထားရှိဆောင်ရွက်ပေးခြင်းသည် အပစ်အခတ် ရပ်စဲရေးကို ပိုမို တည်ငြိမ်မှုရှိစေခြင်း၊ ပဋိပက္ခခံစားခဲ့ရသည့် ရပ်ရွာအသိုက်အဝန်းများ၏ ကောင်းကျိုး ချမ်းသာကို တိုးတက်စေခြင်း နှင့် အုပ်ချုပ်ရေးတိုးတက်စေရန်နှင့် လူသားအားလုံးပါဝင်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှု တို့အတွက် နေရာများဖန်တီး ပေးခြင်း စသည်တို့ကို အထောက်အကူဖြစ်စေပါသည်။

အာဏာပိုင်များအားလုံးသည် အဓိကဖွံ့ဖြိုးရေးစီမံကိန်းကြီးများအား ဆိုင်းငံ့ထားရန်၊ မြေယာသိမ်းမှု အဆုံးသတ်ရန်နှင့် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးလုပ်ငန်း စည်းမျဉ်းများ ပေါ်ထွက်

4 KPSN (2018), 'Burma's Dead-End Peace Negotiation process: a case study of the land sector', July, https://progressivevoicemyanmar.org/wp-content/uploads/2018/07/Eng-Burmas-Dead-End-Peace-Negotiation-Process-KPSN-report-web.pdf



လာရန် အဆင့်များကို ဆောင်ရွက်သွားဖို့ လိုအပ်မည် ဖြစ်သည်။ ပိုမိုပါဝင်မှုရှိသော၊ သာတူညီမျှဖြစ်သောနှင့် ဗဟိုချုပ်ကိုင်မှု လျော့ချထားသော စီးပွားရေးပေါ်ထွက်လာရန် ပြောင်းလဲနိုင်သော အစိုးရ ပြုပြင်ပြောင်းလဲမှု လိုအပ်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားဒေသများမှ အရင်းအမြစ်များအား ထုတ်ယူနေသည့် (တစ်ဦးပိုင်/ တပ်မတော်/ အစိုးရ နှင့်ဆက်စပ်သော)ကုမ္ပဏီများနှင့် ဆက်စပ်၍ ဆယ်စုနှစ်များစွာတည်ရှိနေသော မကျေနပ်မှုများကို အဆုံးသတ်နိုင်ရန် ဖြစ်ပါသည်။

အနာဂတ် ဖက်ဒရယ် နှင့် ဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်ရန် အတွက် စစ်မှန်သော နိုင်ငံရေး ဆွေးနွေးပွဲများနှင့် ယုံကြည်မှု တည်ဆောက်နိုင်ရန် ကေအဲန်ယူ ၏ ဥပဒေများ၊ မူဝါဒများ နှင့် အုပ်ချုပ်ရေး တို့အား တရားဝင် အသိအမှတ်ပြုခြင်းသည် အလွန်အရေးကြီးသောအရာ ဖြစ်ပါလိမ့်မည်။ လက်ရှိအချိန်မှာ အစိုးရ၏ ဖွံ့ဖြိုးရေးဆောင်ရွက်မှုပုံစံများနှင့် လူသားချင်း စာနာမှုအကူညီများ ထောက်ပံ့ခြင်းဖြင့် နယ်မြေထိန်းချုပ်မှုတိုးချဲ့ခြင်း (သို့) လူထုအပေါ်လွှမ်းမိုးနိုင်ရန် လုပ်ဆောင်ခြင်းများသည် ပဋိပက္ခကို ပိုမိုဖြစ်ပွားစေနိုင်ပါသည်။ ကေအဲန်ယူအနေဖြင့်လည်း အုပ်ချုပ်ရေးဆိုင်ရာ နှင့် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ ရပ်ရွာအခြေပြု အဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများတို့ဖြင့် ပူးတွဲဆောင်ရွက်ခြင်း၊ အဆိုပါအဖွဲ့များ၏ ဆောင်ရွက်နိုင်စွမ်းများမှသော်လည်းကောင်း အမျိုးသမီးအခွင့်အရေးနှင့် ပါဝင်ဆောင်ရွက်နိုင်မှုအားအင် တို့အပေါ် သိမြင်မှုများမှ သော်လည်းကောင်း အကျိုးကျေးဇူးများ ရယူခြင်း၊ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများအတွက်တာဝန်ယူမှုရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူ့အခွင့်အရေးမြင့်တင်ပေးခြင်း နှင့် ရွှေ့ပြောင်းခံရသူများအား ကူညီထောက်ပံ့ခြင်း စသည်တို့ကို အလေးထားဆောင်ရွက်သွားနိုင်ရန် ဖြစ်ပါသည်။

အမျိုးသမီးများ လုံခြုံမှု၊ စိတ်ချရမှု၊ အခွင့်အရေးအပြည့်အဝရရှိမှု နှင့် အုပ်ချုပ်ရေးအပိုင်းများတွင် တန်းတူပါဝင်နိုင်မှု စသည့် ကိစ္စရပ်များတွင် အာဏာပိုင်များအားလုံး ဆက်လက်လုပ်ဆောင်သွားရန် များစွာလိုအပ်နေဆဲဖြစ်ပါသည်။ အုပ်ချုပ်မှုအဆင့်များ၊ ဒေသရွေးကောက်ပွဲများနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်မှု လိုအပ်နေပါသည်။ ပို၍ စဉ်းစားသုံးသပ်ရသော် အမျိုးသမီးများ၏ ခွဲခြားသတ်မှတ်ခံရခြင်းနှင့် မလုံခြုံခြင်း စသည်တို့ကို ဖြစ်ပေါ်စေသည့် ကျားမရေးရာ စံနှုန်းများအားကိုင်တွယ်နိုင်ရန် အဓိက မူဝါဒများနှင့် အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲမှုများအပေါ်တွင် မူတည်နေပါသည်။

နောက်ဆုံးအနေဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသည် ခေါင်းဆောင်များသာမက နိုင်ငံတစ်ဝှမ်းရှိ ပဋိပက္ခများ တွေ့ကြုံခံစားခဲ့ရသည့် ပြည်သူများကိုပါ ထည့်သွင်းစဉ်းစားမှု၊ ခံစားခဲ့ရမှုများနှင့် သက်ရင်ကျန်ရစ်မှု များအတွက် တရားဝင် အသိအမှတ်ပြုမှု၊ အတိတ်မှ ပြစ်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှု နှင့် ရှိနေသည့် မလုံခြုံမှု အကြောင်းရင်းများကို စနစ်ကျစွာ ကိုင်တွယ်ဖြေရှင်းမှု စသည်တို့အပေါ်တွင် မူတည်နေမည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သည့် ပြဿနာများသည် လွယ်ကူစွာဖြေရှင်းနိုင်မည့် အရာများတော့ မဟုတ်ပေ။ အားလုံးတွင် ယခင်က မရှိခဲ့သည့် နိုင်ငံရေးဆန္ဒ လိုအပ်နေသလို ပဋိပက္ခများ တွင်ပါဝင်နေသည့် အဘက်ဘက်မှ ခေါင်းဆောင်များသည် ညှိနှိုင်းဆွေးနွေးမှုများကို နလုံးသားမှလာသည့် ကတိကဝတ်ပြုမှုများဖြင့် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် မလုံခြုံမှု စက်ဝန်းသံသရာအား အဆုံးသတ်ရပ်တန့်သွားစေရေး ပူးပေါင်းဖြေရှင်းရန်လည်း လိုအပ်နေပါသည်။

**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ ဆီအုန်းပင်စိုက်ခင်းများ**

© ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်



# ၁

# နိဒါန်းနှင့် အဓိကတွေ့ရှိချက်များ

## ၁.၁ - နိဒါန်း

**ယခု စစ်တမ်းသည်** Saferworld နှင့် ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် Karen Peace Support Network (KPSN) တို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ (GoM) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည့် သက်ရောက်မှုများကြောင့် ထိုဒေသနေ ပြည်သူ လူထုများ၏ အုပ်ချုပ်ရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ နှင့် တရားရေးဆိုင်ရာ တို့နှင့် ပတ်သက်၍ အသိအမြင်၊ စိတ်သဘောထား နှင့် အလေ့အထ များတို့ကို ဆန်းစစ် သွားရန်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူရာတွင် ကျေးရွာပေါင်း ၇၂ ရွာမှ တုံ့ပြန်ဖြေဆိုသူ ၂၀၂၀ ဦးရှိခဲ့ပြီး အပစ်အခတ်ရပ်စဲထားသည့်ဒေသများအတွင်းမှ အရှိတရားများအား ဒေသခံပြည်သူများ၏ အမြင်များမှနေ၍ ယခင်ကမရရှိခဲ့သော လေ့လာတွေ့ရှိမှု အသိအမြင်များကို ဤစစ်တမ်းမှ ပေးစွမ်း နိုင်မည်ဖြစ်ပြီး ပဋိပက္ခ ဖြစ်ပွားစေသည့် အကြောင်းရင်းများ နှင့် သက်ရောက်မှုများ ကိုလည်း ဤစစ်တမ်းမှ လေ့လာသင်ယူနိုင်မည်ဖြစ်ပါသည်။ ဆက်သွယ်ပို့ဆောင်ရေးနှင့် လုံခြုံရေး ဆိုင်ရာ အတားအဆီးအခက်အခဲများရှိခဲ့သော်လည်း စစ်တမ်း ကောက်ယူရာ၌ ကျပန်းပုံစံဖြင့် ဖြေဆိုသူ တစ်ဦးချင်းအား ကျပန်းပုံစံဖြင့်ရွေးချယ်ထားသည့်ကျေးရွာအုပ်စု များမှ ရွေးချယ်ခြင်း အားဖြင့် ဒေသခံ ပြည်သူများ၏ ကိုယ်စားပြုမှုကို အတတ်နိုင်ဆုံး ရရှိအောင် ဆောင်ရွက်ခဲ့သည့်အတွက် ဤအစီရင်ခံစာသည် လိုအပ်သော သတင်းအချက် အလက်များကို ထောက်ပံ့ ပေးနိုင်မည် ဖြစ်ပါသည်။ ထိလွယ်ရှလွယ်သော ပဋိပက္ခနှင့် ဆက်စပ်၍ လူသားချင်းစာနာမှုအကူအညီများ နှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများကို ပိုမို အထောက်အပံ့ဖြစ်နိုင်ရန် ဤစစ်တမ်းအား အချက်အလက်အထောက်အထားများ ကိုအခြေခံ၍ တည်ဆောက်ထားပါသည်။ ထို့ပြင် ပဋိပက္ခနှင့် မလုံခြုံမှု တို့ကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို သိရှိနားလည် စေရန်လည်း ဤစစ်တမ်း မှ အထောက်အကူဖြစ် စေမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (GoM)၊ ကရင်အမျိုးသား အစည်း အရုံး (KNU) နှင့် နိုင်ငံတကာ အဖွဲ့စည်းများ အတွက် အကြံပြုချက်များကို အပိုင်း ၆၊ အခန်း ၆.၂ တွင် ဖော်ပြထားပါသည်။

၁၉၄၉ မှစ၍ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (GoM) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့မှုသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသအများတွင် ပဋိပက္ခ သံသရာလည်မှု နှင့်မလုံခြုံမှု တို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။[5] ကေအာန်ယူ သည် အခြားသော နိုင်ငံတစ်ဝှမ်းလှုပ်ရှားနေသည့် အခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) ၂၀ ကျော် နည်းတူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုသော်လည်းကောင်း ပြည်ထောင်စု အမျိုးသားအဆင့်ကိုယ်စားပြုမှု အတွက် ပို၍ အထောက်အပံ့ဖြစ်စေရန် သော်လည်းကောင်း ဖက်ဒရယ်စနစ်ကို အစဉ်မပြတ် တောင်းဆိုခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မှစတင်၍တပ်မတော်လွှမ်းမိုးမှုရှိသောအဆက်ဆက်ဆက်ခံလာသည့် အစိုးရများသည် ဗဟိုချုပ်ကိုင်မှုမြင့်မားသော စနစ်များဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြပါသည်။ မကြာသေးမီကာလမှာတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အားဖြင့် အစိုးရစနစ်

5 For more on the conflict and its impacts, see Karen Human Rights Group (2017); Karen Human Rights Group (2014); Jolliffe (2016); South (2011); and Smith (1999).



ဖာပွန်ခရိုင်အတွင်း လူငယ်တစ်ဦး ၄င်း၏ပစ္စည်းများအား ချောင်းငယ်တစ်ခုအပေါ် ဖြတ်သန်း သယ်ယူနေပုံ
© Saferworld

ပုံစံကို စတင်ပြောင်းလဲ ခဲ့ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗဟိုချုပ်ကိုင်မှုအား ကောင်းသော အစိုးရ စနစ်ပုံစံကို ထည့်သွင်းထားပြီး တပ်မတော်အပေါ်တွင်လည်း အထူး အာဏာများနှင့် ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ကို ပေးအပ်ထားပါသည်။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တပ်မတော် တို့သည် `နိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်ပေါ်လာသော ရလဒ်များနှင့် အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်သွားရန်´ ဆိုသည့် အချက်ပါဝင်သော တစ်နိုင်ငံလုံး အပစ် ခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် (NCA) တွင် ကေအဲန်ယူအပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့နှင့်အတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်သွားရန် တရားဝင် သဘော တူညီခဲ့ ကြခြင်းပင် ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိရေးဆွဲထားသောမူဘောင်သည် နိုင်ငံရေး ဆွေးနွေးပွဲများကို အဓိပ္ပါယ် အပြည့်အဝမပေးနိုင်ပေ။ အကြောင်းမှာ ငြိမ်းချမ်းရေး ဖြစ်စဉ် တွင် တပ်မတော်မှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တင်းကျပ်စွာ ကိုင်စွဲထားသည့် အ တွက် ဖက်ဒရယ်စနစ် ခိုင်မာစွာရှေ့ဆက်သွားနိုင်ရန် အတားအဆီး ကိုဖြစ်ပေါ်စေ ပါသည်။[6]

၁၉၄၀ ခုနှစ်များမှစ၍ ကေအဲန်ယူ သည် အစိုးရနှင့် စင်ပြိုင် အုပ်ချုပ်မှုစနစ် ပုံစံ ကို စတင် ဆောင်ရွက်လာခဲ့သည်။ လူမှုရေးလုပ်ငန်းများ၊ အရင်းအမြစ် စီမံခန့်ခွဲမှု၊ ပုံစံတကျ အခွန် ကောက်ခံမှုနှင့် တရားစီရင်ရေး စသည့် ဌာနများသည် အခြားဆောင်ရွက်မှုလုပ်ငန်းများနှင့် အတူ ပါဝင်ခဲ့ပါသည်။[7] အစိုးရသည်လည်း ဆယ်စုနှစ်များစွာအတွင်း ဖြည်းဖြည်းချင်း ကေအဲန်ယူ နယ်မြေနှင့်၄င်းတို့၏ အင်အားလျော့နည်းသွားစေရန် ပြည်သူလူထုကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ အစိုးရအုပ်ချုပ်မှုပိုင်းဆိုင်ရာတိုးချဲ့ခြင်းနှင့် ဖွံ့ဖြိုးရေးများ ဆောင်ရွက် ခြင်း၊ ကေအဲန်ယူ မှ အဖွဲ့ခွဲထွက်မှုများကို အားပေးအားမြောက်ပြုလုပ်ခြင်း နှင့် ခွဲထွက်အဖွဲ့ များအား ထောက်ပံ့ကူညီခြင်း စသည့်ပုံစံများဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကေအဲန်ယူမှ ခွဲထွက်ခဲ့သည့် အဖွဲ့နှစ်ဖွဲ့ဖြစ်သော ဒီမိုကရက် တစ်ကရင်အကျိုးပြုတပ်မတော်(DKBA) နှင့် ကရင်ငြိမ်းချမ်းရေး ကောင်စီ (KPC) တို့ သည် ယခုအခါ ကေအဲန်ယူနှင့် နိုင်ငံရေးအရ ပေါင်းစည်းမှုရှိပြီး ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘော တူညီမှုစာချုပ် (NCA) လက်မှတ်ရေးထိုးမှုတွင်လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ကေအဲန်ယူမှ ခွဲထွက်ခဲ့သည့် အခြားအဖွဲ့များသည် `နယ်ခြားစောင့်တပ်´ ၁၃ ဖွဲ့ အဖြစ်ပြောင်းလဲခဲ့ပြီး တပ်မတော်၏ အုပ်ချုပ်မှုအောက် အရန်တပ်ဖွဲ့များအဖြစ် ပါဝင်ခဲ့ပါသည် (အခန်း ၂.၄ တွင်ကြည့်နိုင်ပါသည်)။ အဆိုပါအဖွဲ့များအတွင်း နယ်မြေ သတ်မှတ်မှုများသည် ထပ်တူ ဖြစ်နေသည့် နေရာများရှိနေပြီး တရားဝင်နယ်မြေပိုင်းခြား သတ်မှတ်မှုကို ယခုထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရ ပါသည်။[8]

ဤစစ်တမ်း အချက်အလက်ကောက်ယူခြင်းကို ၂၀၁၇ နိုဝင်ဘာလ နှင့် ၂၀၁၈ ဇန်နဝါရီလ အကြား အဖွဲ့ခေါင်းဆောင် ၆ ဦး (အမျိုးသား ၄ဦး နှင့် အမျိုးသမီး ၂ ဦး) နှင့် အချက်အလက် ကောက်ခံသူ ၅၀ ဦး (အမျိုးသား ၂၆ ဦး နှင့် အမျိုးသမီး ၂၄ ဦး) အပါအဝင် စုစုပေါင်း ၅၆ ဦးတို့ ပါဝင် ဆောင်ရွက် ခဲ့ ခြင်းဖြစ်ပြီး ထိုသူများကို Karen Peace Support Network (KPSN) အတွင်းရှိ အဖွဲ့အစည်းများမှ

6 *The Nation* (2014), ‘Tatmadaw outlines 6-point policy for peace talk’, 23 September, http://www.nationmultimedia.com/asean&beyon/Tatmadaw-outlines-6-point-policy-for-peace-talk-30243970.html; Sai Wansai discusses criticisms of the six-point policy from the perspective of EAOs. Sai Wansai (2016), ‘Aftermath of 21st Century Panglong: Positive Symbolism Throws the Door of Earnest Negotiations Wide Open’, *Shan Herald Agency for News (SHAN)*, 4 September, https://www.burmalink.org/aftermath-21st-century-panglong-positive-symbolismthrows-door-earnest-negotiations-wide-open/

7 The KNU governance system is examined in detail in Jolliffe (2016).

8 For background on the formation of these splinter groups, see box 2.2 in section 2.4.

ရွေးချယ်ခြင်းဖြစ်ပြီး အတန်းပညာ နှင့်အတွေ့အကြုံများကို အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်ခြင်းခံရသူများအား အချက်အလက် မကောက်ခံမီ (၈) ရက် သင်တန်းပေး ခဲ့ပါသည် (အောက်တွင်ကြည့်နိုင်ပါသည်)။ သုတေသန လုပ်ငန်းစဉ် များ အလိုက် ဒီဇိုင်းရေးဆွဲခြင်းကို SAFERWORLD မှ ဝန်ထမ်းများနှင့် နည်းပညာ အကြံပေး များမှ ဦးဆောင် ကာ လမ်းညွှန်အကြံပြုမှုများနှင့် အစီအစဉ် ထည့်သွင်းလုပ်ဆောင်မှုများ အတွက် KPSN အကြံပေး ကော်မတီ အဖွဲ့ဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ် (တစ်ကြိမ်လျှင် တစ်ရက် သို့မဟုတ် နှစ်ရက် ကြာပြုလုပ်သော) အတွင်း ပူးပေါင်း ဆွေးနွေးဆောင်ရွက်ခဲ့ ပါသည်။ စစ်တမ်းအချက်အလက်ကောက်ခံမည့် အဖွဲ့ခေါင်းဆောင် ခြောက်ဦး (ကျား ၂ ဦး နှင့် မ ၄ ဦး) ကို သုတေသနအတွေ့အကြုံရှိမှု နှင့် ပထဝီအနေအထား ကျယ်ပြန့်မှုအရ ကွန်ရက်ချိတ်ဆက်နိုင်မှု စသည့်အချက်တို့ကိုအခြေခံ၍ KPSN အကြံပေးကော်မတီမှ ရွေးချယ်ပေးခဲ့ပါသည်။ ထိုသူများသည် သုတေသန ဒီဇိုင်း နောက်ဆုံးအဆင့်များတွင် ထဲထဲဝင်ဝင်ပါဝင်ခဲ့ကြပါသည်။ KPSN အကြံပေးကော်မတီနှင့် ပုံမှန် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခြင်း၊ နောက်ဆုံးအစီရင်ခံစာအတွက် အသေးစိတ် ထည့်သွင်းဆောင်ရွက်ရမည့် အရာများကို နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ နှစ်ခုနှင့် သုံးရက်တာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုဆောင်ရွက်ပေးခြင်း၊ ရက်သတ္တပတ်များစွာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း နှင့် ပုံမှန် အွန်လိုင်း ဆက်သွယ်မှုပြုခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

## သုတေသန နည်းနာများ

ယခုလေ့လာမှုတွင် အခက်အခဲများဖြစ်ခဲ့သည့် လုံခြုံရေးအခြေအနေ၊ မြေပုံ (သို့) အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ အားနည်းမှု၊ များပြားသော ပြင်ပထွက်ခွာမှုများ/နိုင်ငံတွင်း ရွှေ့ပြောင်းမှုများအခြေအနေ နှင့် မြေပြင် ပထဝီ အနေအထား အလွန်ကွာခြားမှုများ ရှိနေသော်လည်း တတ်နိုင်သမျှ ပဋိပက္ခအဆိုးရွားဆုံး ခံစားခဲ့ရသည့် လူထုများ၏ကိုယ်စားပြုမှု အချက်အလက်များကို ပံ့ပိုးနိုင်ရန်အတွက် သတိရှိစွာ နည်းစနစ်ကို အကောင်းဆုံးပေါ်ထွက်လာအောင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၀ ခုနှစ်များမှစ၍ ကေအဲန်ယူ သည် ဧရာဝတီ မြစ်ဝကျွန်း နှင့် ပဲခူးရိုးမ တို့မှ ထွက်ခွာလာကာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အခိုင်အမာ ရွှေ့ပြောင်း လုပ်ရှားလာခဲ့ပါသည်။

ဤစစ်တမ်းတွင် လူထုထံမှအချက်အလက်များအပေါ် ဆန်းစစ်သုံးသပ်လေ့လာသော `Cross-section study´ ပုံစံနှင့် ကျပန်းရွေးချယ်မှု 'simple random sampling' ဆောင်ရွက်ပုံ တို့ကို အသုံးပြုခဲ့ပါသည်။[9] ပထဝီအနေအထားရွေးချယ်မှုကို (မြေပုံ- ၁ တွင်ဖေါ်ပြထား) KPSN အကြံပေးကော်မတီ ဆုံးဖြတ်ချက်အရ ၁၉၇၀ ခုနှစ်များမှ စတင်၍ အစိုးရ-ကေအဲန်ယူ လက်နက်ကိုင်ပဋိပက္ခကြောင့် အဆိုးရွားဆုံးခံစားခဲ့ရသည့် ဒေသများကို ရွေးချယ်ခဲ့ပါသည်။ ဤစစ်တမ်းသည် အစိုးရနှင့် ကေအဲန်ယူ အုပ်ချုပ်မှု နှစ်ပိုင်းလုံးတွင် သက်ဆိုင်ရာအပိုင်းလိုက် လုပ်ဆောင်ခဲ့ရပါသည်။ ဝေးကွာလွန်းပြီး လက်နက်ကိုင်ပဋိပက္ခအား ဆိုးရွားစွာခံစားခဲ့ရသည့် နယ်မြေဒေသများလည်းပါဝင်ပါသည်။ ရွေးချယ်ခဲ့သည့် ဒေသများတွင် အစိုးရသတ်မှတ်ထားသည့် ကျေးရွာအုပ်စုပေါင်း (၇၉၄) ရွာ နှင့် မြို့ပေါ်ရပ်ကွက် (၁၇၂) ရပ်ကွက် တို့ပါဝင်ခဲ့ပါသည်။ နယ်မြေဒေသများအရ ကရင်ပြည်နယ် တစ်ပြည်နယ်လုံး အပြင် မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး နှင့် ပဲခူး တိုင်းဒေသကြီး အရှေ့ပိုင်းတို့၏ အစိတ်အပိုင်းဒေသများလည်းပါဝင်ပါသည်။ ထိုဒေသများတွင် ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းအရ စုစုပေါင်း လူဦးရေ (၃၀၂၀၆၈၂) ဦးရှိပါသည်။[10]

လူဦးရေစာရင်းအရ အခြေပြု၍ လုပ်ဆောင်သည့်လုပ်ထုံးလုပ်နည်းပုံစံ (Stratified Sampling Method) ကို ဤစစ်တမ်းတွင် အသုံးပြုရန် မသင့်လျော်ဟု ယူဆပါသည်။ အကြောင်းမှာ ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းကောက်ယူမှုသည် ကေအဲန်ယူ နယ်မြေဒေသ အချို့နေရာများတွင် အစိတ်အပိုင်းအားဖြင့်သော်လည်းကောင်း၊ အချို့နေရာများတွင် ဒေသတစ်ခုလုံးကိုသော်လည်းကောင်း ချန်လှပ်ခဲ့သောကြောင့် အိမ်ထောင်စု အချက်အလက်များသည် ညီညွတ်ကိုက်ညီမှုမရှိနိုင်သည့် အားနည်းချက်များရှိနေသောကြောင့်ပင် ဖြစ်ပါသည်။[11] ထို့ကြောင့် အဆင့်သုံးဆင့်ဖြင့် 'Simple Random Sampling' နည်းလမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ စစ်တမ်းဆောင်ရွက်မည့် ဒေသများမှ ကျေးရွာအုပ်စု (သို့) ရပ်ကွက်များ ကျပန်းရွေးချယ်ခြင်း၊ ထိုကျေးရွာအုပ်စုများမှ ကျေးရွာများရွေးချယ်ခြင်းနှင့် ရွေးချယ် ထားသည့် ကျေးရွာများမှ အိမ်ထောင်စုများ ရွေးချယ်ခြင်းကို အဆင့်ဆင့် ဆောင်ရွက်ရွေးချယ်ခဲ့ပါသည်။ ထို့ကြောင့် ပထမအနေဖြင့် သတ်မှတ်ထားသောဒေသများ၏ မြေပုံမှ အလျင်းသင့်သလို ညွှန်မှတ်များ ထားရှိပြီးနောက် ထိုညွှန်မှတ်များကျရောက်နေသည့်နယ်မြေ အတွင်းမှ ကျေးရွာအုပ်စုများနှင့် မြို့ပေါ် ရပ်ကွက် များကိုရွေးချယ်ပါသည်။ မြို့ပေါ်ရပ်ကွက်အနေဖြင့် မြေပုံပေါ်တွင် ကျေးရွာအုပ်စုနှင့် ယှဉ်လျှင် ရွေးချယ်စရာ နေရာအလွန်နည်းမည်ဖြစ်၍ ကျေးရွာ အုပ်စုများကို

---

9 For more on 'simple random sampling', see the Wikipedia entry on the topic: https://en.wikipedia.org/wiki/Simple_random_sample.

10 This estimate was based on GoM census data and was collated with assistance from the Myanmar Information Management Unit.

11 Additionally, although using a population-based sampling method would have allowed for clearer representation of the overall population, it would have been weighted heavily towards highly populated urban centres, which have experienced very little direct armed violence and which are predominantly controlled by the GoM rather than by the KNU or a combination of both.

သာလျှင် ရွေးချယ်ခဲ့ ပါသည်။ မြို့ပေါ်ရပ်ကွက်များသည် ၁၉၅၀ ခုနှစ်များ နှောင်းပိုင်း မှစတင်သည့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့မှုတွင် တိုက်ရိုက် ထိခိုက်သက်ရောက်မှုမှာ အလွန်နည်းနိုင်သည် ဆိုတာကို လည်း မှန်းဆ မှတ်ယူနိုင်ပါသည်။

ဖြေဆိုမည့်သူများ ရွေးချယ်မှုအတွက် အရေအတွက် ၂၀၀၀ ဦးအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့ပါသည်။ အမှားအယွင်းရှိနိုင်သည့် ကန့်သတ်မျဉ်း အညွှန်း ကို ၂.၁၈% ထားရှိပါသည်။ စုစုပေါင်းလေ့လာခဲ့သူ အရေအတွက် ရွေးချယ်မှု (sample size) သည် ၂၀၈၀ ထိရှိခဲ့ပါသည်။ အကြောင်းမှာ စစ်တမ်းမေးခွန်း လွှာများပျောက်ဆုံးခြင်း၊ မပြည့်စုံသည့် စစ်တမ်းမေးခွန်းလွှာများပါရှိခြင်း၊ ငြင်းပယ်မှုများနှင့် အမှန်တကယ် အချက်အလက်ကောက်ခံချိန်အတွင်း တုံ့ပြန်ဖြေဆိုမှုမရှိခြင်းများ စသည့် ဖြစ်လာနိုင်ခြေရှိသော အရာများအတွက် လွှမ်းခြုံမှုရှိစေရန်ဖြစ်ပါသည်။ ကျေးရွာ ၅၂ ရွာ (သို့) ရပ်ကွက်မှ တစ်ရွာလျှင် ဖြေဆိုသူ ၄၀ ဦး ရည်မှန်း၍ ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ရည်မှန်းထားသော သတ်မှတ် အရေအတွက်ရောက်ရှိနိုင်ရန် အထိရောက်ဆုံးဖြစ်ကာ စစ်တမ်းကောက်ခံမည့်အဖွဲ့ အတွက်လည်း နယ်မြေကျယ်ပြန့်သည့် အတိုင်းအတာအတွင်း ကောင်းစွာ စီမံနိုင်မည် ဖြစ်သည်။ လက်တွေ့ လုပ်ဆောင်သည့်အခါ နောက်ဆုံးတွင်ကျေးရွာပေါင်း (၇၀) ထိရောက်ရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့ကျေးရွာများတွင် ရည်မှန်း အိမ်ထောင်စု (၄၀) ရောက်ရှိရန် မလွယ်ကူသောကြောင့် ဖြစ်ပါသည်။ အောက်တွင် ဆက်လက် ဆွေးနွေးထားပါသည်။

`Simple Random Sampling´ နည်းလမ်းဖြင့် အဆင့်သုံးဆင့်ဆောင်ရွက်ရာ၌ စစ်တမ်း ကောက်ယူမည့် ဒေသများမှ ကျေးရွာအုပ်စုများ (သို့) ရပ်ကွက်များအား ကျပန်းရွေးချယ်ခြင်း၊ ထိုမှတဆင့် ၄င်းရွေးချယ်ထားသည့် ကျေးရွာအုပ်စုများမှ ကျေးရွာများနှင့် နောက်ဆုံးတွင် အိမ်ထောင်စုများအား ရွေးချယခြင်းတို့အား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

၁. ကျေးရွာအုပ်စုများ (သို့) ရပ်ကွက်များ ကျပန်းရွေးချယ်ခြင်း တွင် `Grid system´ ကိုအသုံးပြုခဲ့ပါသည်။[12] ရွေးချယ်မှုပြုရာတွင် သတ်မှတ်ထားသော နယ်မြေဒေသ အတွင်းမှ နေရာတိုင်းအပေါ် တူညီသည့် အခွင့်အရေးများ ပေးထားပါသည်။ ကနဦး ကျေးရွာအုပ်စု (၇၀) ကိုရွေးချယ်ခဲ့ပြီး လုံခြုံရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အခြေအနေ ကိုအခြေခံစဉ်းစားပြီး လျော့ချခဲ့ရပါသည်။ လုပ်ဆောင်ရန် ရည်မှန်းထားသောဒေသများမှ အစိုးရသတ်မှတ်ထားသော ကျေးရွာအုပ်စုများကို Adobe Acrobat Grid အားဖြင့်မြေပုံအပေါ်ထပ်ကြည့်ကာ နေရာများ မထပ်မိအောင် ခွဲခြားလိုက်ပြီး တစ်ခုချင်းစီ၏ နံပါတ်ကို ရရှိစေပါသည်။[13] ကျပန်းနံပါတ်များကို Random.org website အားအသုံးပြုကာ နေရာအကွက် ၇၀ခု ကိုရွေးချယ်ခဲ့ပါသည်။ အနီရောင်အမှတ်သည် ထိုအကွက်တို့၏ အလယ်တွင်ပြနေမည်ဖြစ်ရာ အဆိုပါအကွက်အတွင်း ကျရောက်နေသည့် ကျေးရွာအုပ်စုများကို ရွေးချယ်ခဲ့ပါသည်။

၂. ရွေးချယ်ခံရသော ကျေးရွာအုပ်စုများအတွက် ကျေးရွာစာရင်း ပြုစုမှု ကို Myanmar Information Management Unit (MIMU) နှင့် Karen Human Rights Group (KHRG) တို့၏ အချက်အလက်များစုဆောင်းထားရှိမှုများမှ ပေါင်းစည်းရယူ၍ (တစ်ခုတည်း သီးသန့်ရယူခြင်းသည် ဒေသများအားလုံးအပေါ် မခြုံငုံမိသောကြောင့်) ဆောင်ရွက်ပါသည်။ ထို့နောက် “simple random sampling” လုပ်ထုံး လုပ်နည်းအားဖြင့် အဆိုပါကျေးရွာအုပ်စု တစ်စုချင်းစီမှ ကျေးရွာ တစ်ရွာစီ ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်ရရှိလာသော ကျေးရွာများကို အက္ခရာ အစီအစဉ်အလိုက် (ကရင် သို့မဟုတ် မြန်မာဘာသာစကား) စာရင်းပြုလုပ်ကာ နံပါတ်ကို ထိုအက္ခရာ အစီအစဉ်အလိုက်သတ်မှတ်ပါသည်။ ကျေးရွာအုပ်စုတိုင်းအတွက် ကျပန်းနံပါတ်နှစ်ခု ကိုထားရှိ၍ ပထမရွေးချယ်မှုကျေးရွာနှင့် ဒုတိယရွေးချယ်မှုကျေးရွာဟူ၍ ရရှိအောင်ဆောင်ရွက်ခဲ့ပါသည်။ ရွေးချယ်ထားသော ကျေးရွာအုပ်စုများသည် ကွဲပြားသော အရွယ်အစားများရှိကြသော်လည်း အရွယ်အစား တစ်ခုစီအတွက် နံပါတ်နှစ်ခု ပုံစံဖြင့်ဆောင်ရွက်ပါသည် ( ဥပမာ- ကျေးရွာ ၂ ရွာပါဝင်သော ကျေးရွာအုပ်စုအတွက် နံပါတ် နှစ်ခု၊ ကျေးရွာ ၃ ရွာပါဝင်သော ကျေးရွာအုပ်စုအတွက်လည်း နံပါတ် နှစ်ခု၊ ကျေးရွာ ၄ ရွာပါဝင်သော ကျေးရွာအုပ်စုအတွက်လည်း နံပါတ် နှစ်ခု ..စသည်ဖြင့်)။ ရွေးချယ်ထားသော ကျေးရွာ (၇၀) နှင့် အရန်ထားသော ကျေးရွာများကို စစ်တမ်း အချက်အလက်ကောက်ခံမည့် အဖွဲ့ကို တင်ပြ ပါသည်။ ဝင်ရောက် စစ်တမ်းကောက်ယူနိုင်ဖွယ် ရှိမရှိ၊ ကွာဝေးမှုနှင့် စစ်တမ်းအချက်အလက်ကောက်ခံသောအဖွဲ့ အတွက် လုံခြုံရေး စသည်တို့နှင့် ပတ်သက်၍ စဉ်းစားပြီးနောက် ရွေးချယ်ထားသည့်ကျေးရွာများအထဲမှ ၅၂ ရွာကို ပေါ်ထွက် ရရှိလာရန် ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းအချက်အလက်ကောက်ခံသောအဖွဲ့ကို လမ်းညွှန်မှုနှင့် ကွင်းအတွင်း ဆောင်ရွက်သွားမည့်အရာများအတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပါသည်။ အကယ်၍ အိမ်ထောင်စု ၄၀ မပြည့်မီနိုင်၍သော်လည်းကောင်း လုံခြုံရေး (သို့) အခြားကြီးမားသည့်အကြောင်းရင်းများ ရှိခဲ့လျှင် သော်လည်းကောင်း ရွာများ ထပ်ဖြည့်ခြင်းနှင့် အစားထိုးခြင်း စသည်တို့ အတွက် ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ လက်တွေ့လုပ်ဆောင်သည့် အခါတွင်လည်း အဆိုပါ အခက်အခဲများ တွေ့ကြုံ ရသောကြောင့် နောက်ဆုံးတွင် ကျေးရွာ (၇၂) ရွာထိ သွားရောက်

12 Oregon State University (2009), ‘Field methods in vegetation science. Locating quadrats using the grid system’ (http://oregonstate.edu/instruct/bot440/wilsomar/Content/SRS.htm)

13 Going from left to right, the grid was sequentially numbered from No. 1 at the upper left-hand corner down to No. 820 at the lower right-hand corner of the map. There were 20 columns and 41 rows in the resulting map.



မြေမြုပ်မိုင်း၏ သားကောင်ဖြစ်ခဲ့ရသော စိတ်ဝေဒနာခံစားနေရသည့် လူတစ်ဦး အီးထူထ စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများ စခန်းအတွင်း လမ်းလျှောက်နေစဉ်
© Saferworld

ဆောင်ရွက်ခဲ့ကြရပါသည်။ အချို့ရွာများတွင် အင်တာဗျူးကို အိမ်ထောင်စု (၁၀) စု ထက် လျော့နည်း၍ ဆောင်ရွက်ခဲ့ရတာမျိုးလည်း ရှိခဲ့ပါသည်။

၃. တတိယ နှင့် နောက်ဆုံးအဆင့်ကို စစ်တမ်းအချက်အလက်ကောက်ခံသူများမှ တစ်ရွာချင်းစီတွင် “spin the pen” နည်း အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။ ကျပန်း စမှတ်မှနေ၍ ခဲတံ/ဘောပင်ကို လည့်၍ (သို့) လေထဲမြောက်ပင့်၍ စတင်ပါသည်။ ခဲတံဘောပင် ကျရောက်မှုမှ အနီးဆုံးညွှန်ပြသည့် အိမ်ကို ပထမဆုံးရွေးချယ်ပါသည်။ သီအိုရီအားဖြင့် လေးအိမ်မြောက်တိုင်းကို ဆက်လက် ရွေးချယ်သွားခဲ့ပါသည်။ အကယ်၍ ဆက်လက်ရွေးချယ်သွားသည့် အိမ်များမှ ဖြေဆိုသူ မရှိလျှင် (သို့) ဖြေဆိုရန်ငြင်းဆိုလျှင် (သို့) အိမ်ရှာမတွေ့လျှင် (သို့) ပိတ်ထားလျှင် (သို့) ဖျက်ဆီးခံထားရလျှင် ကပ်လျက်ရှိနေသောအိမ်ကို စစ်တမ်းအင်တာဗျူး အတွက် ရွေးချယ်ခဲ့ပါသည်။

အင်တာဗျူးကို ဖြေဆိုမည့်သူသည် အိမ်ထောင်စု အတွင်းမှ အသက် ၂၀ ကျော်ပြီးသူ ဖြစ်ရမည်ဟု သတ်မှတ်ထားခဲ့ပါသည်။ ဖြေဆိုသူသည် ဖြေဆိုရန်အတွက်လည်း ၄င်းကိုယ်တိုင် ဆန္ဒရှိသူ ဖြစ်ရပါမည်။ ရွေးချယ်ခံရသည့် အိမ်ထောင်စုတိုင်းမှ သတ်မှတ်ချက်နှင့်ညီသူ မည်သူကိုမဆို ဖြေဆိုနိုင်ရန် ရွေးချယ်ခွင့်ကို ပေးထားခဲ့ပါသည်။ ပုံမှန်အားဖြင့်တော့ မေးမြန်းသည့် အကြောင်းအရာအပေါ် ဗဟုသုတ ရှိနိုင်သည့်အပေါ် အခြေခံပါသည်။ ဖြေဆိုသူအားလုံး နှုတ်အားဖြင့် စစ်တမ်းကို ပါဝင်ဖြေဆိုရန်သဘောတူခဲ့ပါသည်။ဖြေဆိုသူများအားလည်းဖြေဆိုမှုကိုဆက်လက်မပြုလုပ်လိုတော့လျှင် ရပ်တန့် လိုက်နိုင်ပြီး ဖြေဆိုနေချိန်အတွင်း သိလိုသည့် အရာများကိုလည်း အချိန်မရွေးမေးမြန်းမှု ပြုနိုင်ကြောင်းကို ကြိုတင် အသိပေးခဲ့ပါသည်။ စစ်တမ်းအချက်အလက်ကောက်ခံသောသူများကို ကျားမ ညီမျှစွာပါဝင်နိုင်မှု နှင့် အသက်အရွယ် ညီမျှစွာပါဝင်နိုင်မှု တို့အတွက် လမ်းညွှန်ခဲ့ပါသည်။ အောက် တွင် ဆက်လက်ဆွေးနွေး ထားပါသည်။ စစ်တမ်းအင်တာဗျူး ဆောင်ရွက်ရာတွင် နေ့ပိုင်း အပြင် ညပိုင်းပါ လုပ်ဆောင်ခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်တမ်းကောက်ခံချိန်သည် သီးနှံရိတ်သိမ်း ချိန်ကာလ ဖြစ်သောကြောင့် တောင်သူလယ်သမားများသည် နေ့ပိုင်းတွင် လယ်ကွင်း၌ နာရီကြာရှည်စွာ လုပ်ဆောင်ရသည့်အတွက်ကြောင့် ဖြစ်ပါသည်။

## အချက်ကောက်ခံမည့် အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ၄င်းတို့အား သင်တန်းပေးခြင်း

အချက်အလက်များကို အချက်အလက်ကောက်ခံသူ (၅၀) ဦးမှ အဖွဲ့ခြောက်ဖွဲ့ခွဲပြီး တစ်ဖွဲ့လျှင် အဖွဲ့ခေါင်းဆောင်တစ်ဦး ထားရှိကာ ၂၀၁၇ နိုင်ဝင်ဘာ ၂၃ ရက်နေ့ မှ ဒီဇင်ဘာ ၃၁ ရက် အတွင်း စုစည်းကောက်ခံခဲ့ခြင်းဖြစ်သည်။ အဖွဲ့ခေါင်းဆောင်များမှာ Karen Peace Support Network အဖွဲ့ဝင် အဖွဲ့အစည်းများမှ ဖြစ်ပါသည်။[14] အဖွဲ့ခေါင်းဆောင်များတွင် အမျိုးသား လေးဦး နှင့် အမျိုးသမီး နှစ်ဦး တို့ ပါဝင်ပါသည်။ အချက်အလက်ကောက်ခံသူများတွင် အမျိုးသား ၂၆ ဦး နှင့် အမျိုးသမီး ၂၄ ဦးပါရှိပါသည်။

အချက်အလက်ကောက်ခံသူများအတွက် အချက်အလက်ကောက်ခံခြင်း နှင့် သုတေသနကျင့်ဝတ်ဆိုင်ရာသင်တန်းကို ၂၀၁၇ နိုဝင်ဘာ ၁၅ ရက်နေ့ မှ ၂၂ ရက်နေ့ ထိ ရှစ်ရက်ကြာ သင်တန်းကို ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ပြုလုပ်ပေးခဲ့ပါသည်။ သင်တန်းတွင် ယခု စစ်တမ်းကောက်ယူရခြင်း၏

14 The following organisations provided the enumerators: Karen Affairs Committee (KAC), Hser Mu Htaw (HMH), Karen State Education Assistance Group (KSEAG), Karen Office for Relief and Development (KORD), Karen Women Organisation (KWO), Karen Environment and Social Action Network (KESAN), Karen Agriculture Department (KAD), Karen Student Network Group (KSNG) and Karen Youth Organization (KYO).



အီထူထ နေရပ်စွန့်ခွါသူများ စခန်းတွင် ကလေးမလေးတစ်ဦးမှ ရိက္ခာများ သယ်ဆောင်နေပုံ
© Saferworld

ရည်ရွယ်ချက်၊ အရေအတွက် ကိန်းဂဏန်းအခြေပြု Quantitative သုတေသန ပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် နည်းစနစ်၊ သုတေသနကျင့်ဝတ်များ၊ 'spin the pen' ရွေးချယ်ခြင်းနည်းစနစ်၊ ကျားမနင့်အသက်အရွယ် ညီမျှစွာ ရွေးချယ်ခြင်း စသည်တို့ပါဝင်သလို စစ်တမ်းမေးခွန်းများနှင့် ပတ်သက်၍ အတွင်းကျကျသိရှိနားလည်ရန် သင်တန်းပေးခြင်း အပိုင်းလည်း ပါဝင်ခဲ့ပါသည်။ သင်တန်း ပြုလုပ်စဉ်အတွင်း သင်တန်းတည်ရှိရာ နေရာနှင့် အနီးအနား ပတ်ဝန်းကျင်များတွင် သင်တန်းသားများအား နစ်ရက်တာ လက်တွေ့ကွင်းဆင်းလေ့ကျင့် ဆောင်ရွက်ခြင်း ကိုလည်း ဆောင်ရွက်စေခဲ့ပါသည်။

သင်တန်းမှ သုတေသနကျင့်ဝတ် ဆိုင်ရာအပိုင်းတွင် `မူ´ များ မှစ၍ `နည်းပညာ´များ အထိပါဝင်ပါသည်။ သင်တန်းသားများအား လက်တွေ့မေးမြန်းမှုပြုချိန်တွင် ဖြေဆိုသူများအား ကိုယ်တိုင် ပါဝင်ဖြေဆိုလိုသည့် စိတ်ဆန္ဒရှိမှ ပါဝင်စေရန်၊ မေးခွန်းများ ကို ကူညီ ဖြေဆိုပေးခြင်းမပြုရန်၊ ဖြေဆိုသူတို့ အင်တာဗျူးမေးမြန်းမှုကိုရပ်တန့်လိုလျှင် ရပ်တန့်ရန်၊ သူတို့တွင် ပုဂ္ဂိုလ်ရေးစိတ်ချမှုအရ (သို့) ယုံကြည်သော ပုဂ္ဂိုလ်များ နှင့် ပါဝင်လိုလျှင် ရွေးချယ်ခွင့်ပေးရန် စသည်တို့ကို လိုက်နာရန် လမ်းညွှန်မှု ပေးခဲ့ပါသည်။ ထို့ပြင် သင်တန်းသားများအား ကိုယ်အမူအရာ အနေအထားကိုကြည့်၍ ဖြေဆိုသူများ စိတ်ကသိကအောက်ဖြစ်နေပြီလား အစရှိသည်တို့ကို နားလည် သဘောပေါက်စေရန်၊ ခက်ခဲသော မေးခွန်းများကို ဆက်လက် ဖြေဆိုလိုစိတ် ရှိနေသေးလား ဆိုသည်တို့ကို အကဲဖြတ်တတ်စေရန်နှင့် ဖြေဆိုသူများအား တွေ့ဆုံမေးမြန်းမှု မစမီ၊ အတောအတွင်းနှင့် ပြီးနောက် လွတ်လပ်စွာဖြင့် မေးခွန်းများ မေးနိုင်သည့် အခွင့်အရေးကို ပေးနိုင်ရန် လေ့ကျင့် သင်ကြား ပေးခဲ့ပါသည်။

လက်တွေ့ ကွင်းဆင်းလေ့ကျင့်ဆာင်ရွက်ခြင်းကို အချက်အလက်ကောက်ယူမည့်သင်တန်းသားများ တစ်ချိန်တည်း တစ်နေရာတည်းတွင် စုပြုံနေမှုများ မဖြစ်စေရန် စစ်တမ်းကောက်ယူမည့် ဧရိယာ အတွင်း စမ်းသပ်ကောက်မည့် နေရာကို များများထားရှိ၍ ဆောင်ရွက်ခဲ့ပါသည်။ လက်တွေ့ ကွင်းဆင်းလေ့ကျင့်ခြင်းအား အဖွဲ့ သုံးဖွဲ့ခွဲ၍ နစ်ရက်တာ ပြုလုပ်ခဲ့ပါသည်။ အဖွဲ့တစ်ခုချင်းစီအတွက် မတူသည့်နေရာများ တွင်ဆောင်ရွက်ခဲ့ပါသည်။ ကွင်းအတွင်း လက်တွေ့ စစ်ဆေးဆောင်ရွက်ခြင်း ဆောင်ရွက်ပြီးနောက် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းကိုလည်း ပြုလုပ်ခဲ့ပါသည်။ မေးခွန်းများအား လုံးအတွက် တဖန်စစ်ဆေးသုံးသပ်ပြီး အမှားများသည့် အရာများနှင့် တွေ့ကြုံခဲ့ ရသည့် အခက်အခဲ များကို ပြန်လည်အာရုံပြု ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့ခေါင်းဆောင်များအတွက် သီးသန့် သင်တန်း အချိန်များ ကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။ အဖွဲ့ကို ဦးဆောင်နိုင်ရန်၊ ပုံမှန်အရည်အသွေးထိန်းချုပ်ထားနိုင်မှုကို ဆောင်ရွက်နိုင်ရန်၊ အချိန်နှင့်အမျှ စစ်ဆေးနိုင်ရန်၊ အချက်အလက်ကောက်ခံခြင်း၏ ဆောင်ရွက်စရာများကို စီမံနိုင်ရန် စသည်တို့ အတွက် ဖြစ်ပါသည်။ တွေ့ကြုံလာနိုင်သည့်ပြဿနာများကို မည်သို့ တုံ့ပြန်ဆောင်ရွက်ရမည် ဆိုသည် ကိုလည်း လေ့ကျင့်ပေးခဲ့ပါသည်။ ထို့အပြင် ကျေးရွာ တစ်ရွာချင်း `Profile´ များပြုလုပ်နိုင်ရန် အတွက်ကိုလည်း သင်တန်းပေးခဲ့ပါသည်။ ကျေးရွာများ၏ နောက်ခံအခြေအနေ၊ အုပ်ချုပ်ရေး စီစဉ် ထားရှိမှုများနှင့် သမိုင်းကြောင်းများ သိရှိစေနိုင်ရန် သော်လည်းကောင်း စစ်တမ်းကောက်ယူမှုအတွက် အထောက်အပံ့ဖြစ်စေရန် သော်လည်းကောင်း ကျေးရွာတစ်ခုချင်းစီ၏ မှတ်တမ်းအကြောင်းအရာ `Profile´ များကို ပြုလုပ်ထားရှိခဲ့ပါသည်။

## အကန့်အသတ်များနှင့် ရှင်းလင်းဖော်ပြချက်များ

ဤလေ့လာမှုပြုလုပ်ခဲ့ရာတွင် ခက်ခဲသောပတ်ဝန်းကျင် နှင့် အတားအဆီး၊ အခက်ခဲများ ရှိသောကြောင့် အကန့်အသတ်များ နှင့် ရှင်းလင်းဖေါ်ပြချက်များ ကို သိရှိရန် လိုအပ်ပါသည်။

### အသိအမြင်၊ စိတ်သဘောထားများနှင့် အလေ့အထများအား လေ့လာသော စစ်တမ်း

အသိအမြင်၊ စိတ်သဘောထားများ နှင့် အလေ့အထ စစ်တမ်း အပေါ် အဓိပ္ပါယ် ဖွင့်ဆိုရမည်ဆိုလျှင် ဒေသခံလူထု၏ အတွင်းခံစားချက်အတွေ့အကြုံများ နှင့် အမြင်များကို ရည်ရွယ်ပါသည်။ ထို့ကြောင့် ခိုင်မာသောအထောက်အထားအချက်အလက်၊ ဓမ္မဓိဌာန်ကျသောအမှန်တရားများနှင့် တရားဝင်သက်သေခံအချက်များကို ပံ့ပိုးရန်အတွက် ရည်ရွယ်ချက်မျိုး မဟုတ်ပေ။ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး၊ ကျားမကွဲပြားမှု၊ မတူညီသော ယဉ်ကျေးမှု၊ လူမျိုးကွဲပြားမှု နှင့် မတူညီသည့်အသိုက်အဝန်းများ စသည့်အခြေခံကွဲပြားနေမှုများကြောင့် မေးခွန်းများ အပေါ်တွင် နားလည် အဓိပ္ပါယ်ဖွင့်ပုံမှာ မတူညီမှုများ ရှိနိုင်ပါသည်။ အဓိကရည်ရွယ်ချက်သည် တစ်ဦးချင်းစီ၏ လောက အမြင်၊ တွေ့ကြုံ ခံစားခဲ့ရမှုများနှင့် လုပ်ဆောင်ခဲ့မှုများ အပေါ် မည်သို့ ချိတ်ဆက်မှုများရှိနေသည်ကို သော်လည်းကောင်း ၄င်းတို့၏ ပတ်ဝန်းကျင်အပေါ် မည်သို့ တုံ့ပြန်ပုံကိုသော်လည်းကောင်း တိုင်းတာသိရှိနိုင်ရန် ဖြစ်ပါသည်။ ဤလေ့လာမှုသည် ကမ္ဘာ့ ကြာရှည်မှုအရှိဆုံး ပဋိပက္ခ တစ်ခုအတွင်းမှ လက်တွေ့နေခံစားခဲ့ရသော ပြည်သူလူထု၏ အတွေ့အကြုံများကို KPSN အဖွဲ့ဝင် အဖွဲ့အစည်းများမှ နှစ်ပေါင်းသုံးဆယ်ကျော် သုတေသနပြုခဲ့သည့် မှတ်တမ်းများ အပေါ် အခြေခံတည်ဆောက်ထားပါသည်။ ယခုလေ့လာမှုမှ ရရှိခဲ့သည့် အချက်အလက်များသည် မေးခွန်းပေါင်းများစွာအတွက် အဖြေပေးရရှိခဲ့သလို ရှေ့ဆက်ပြီး သုတေသနလုပ်ဆောင်ရန် လိုအပ်သည့် အရေးကြီးသော လမ်းကြောင်းများနှင့် ဆန်းစစ် အဖြေရှာရန် လိုအပ်နေသေးသည့် ကဏ္ဍများအား တွေ့ရှိလာရပါသည်။

### အသက်အရွယ်မညီမျှမှု

ဤလေ့လာမှုတွင် ကျား-မ ညီမျှစွာပါဝင်မှု အတွက် ကောင်းမွန်သော အနေအထားရရှိခဲ့သော်လည်း အသက်အရွယ် ညီမျှစွာပါဝင်နိုင်မှုအတွက်မှာတော့ အသက်အရွယ်ကြီးသူများ များပြားခဲ့ပြီး ဖြေဆိုသူ စုစုပေါင်း၏ ၃၆% မှာ ၆၁ နှစ် နှင့် အထက် ဖြစ်ခဲ့ပါသည်။ အသက် ၂၀ မှ ၂၉ နှစ် အကြား ဖြေဆိုမှုမှာ ၁% သာရှိခဲ့ပါသည် (အသေးစိတ်ကို အခန်း ၁.၂ တွင်ကြည့်နိုင်)။ ရွေးချယ်ခံရသော အိမ်ထောင်စု တိုင်းသည် စစ်တမ်းကို မည်သူဖြေဆိုမည် ဆိုသည်ကို ရွေးချယ်ခွင့် ရှိခဲ့ပါသည်။ အချက်အလက် ကောက်ခံသူများအား ကျားမ ညီမျှမှုရှိစွာပါဝင်မှု ရှိစေရန်အတွက်ကို အထူး လမ်းညွှန်ထားခဲ့ပါသည်။ သတ်မှတ် အသက်အရွယ်အတွင်း အသက်အရွယ်စုံလင်စွာပါဝင်မှု အတွက်လည်း တတ်နိုင်သလောက် ရည်မှန်းချက်ထားဆောင်ရွက်ရန် လမ်းညွှန် ခဲ့ပါသည်။ ကျားမ ကဏ္ဍကို အထူးအလေးပေးခဲ့သည့် အတွက် အချက်အလက်ကောက်ခံသူများသည် ကျားမညီမျှမှုရှိစွာပါဝင်မှုကို အားပေးလုပ်ဆောင်ခဲ့မှုများ ရှိနိုင်ခဲ့ပါသည်။ အချို့မှာတော့ အသက်အရွယ်စုံလင်စွာ ပါဝင်မှုအတွက်လည်း တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ကျား-မ ညီမျှမှုရှိစွာ ပါဝင်မှုသည် အောင်မြင်ခဲ့သည်ဟု မှတ်ယူနိုင်ပါသည်။ သို့သော်လည်း အချက်အလက်ကောက်ခံသူများ တင်ပြမှုရှိခဲ့သည်မှာ အသက်အရွယ်စုံလင်စွာပါဝင်မှုရှိရန် အလွန်ခက်ခဲသည် ဆိုသည့်အချက်ဖြစ်ပြီး အကြောင်းရင်းမှာလည်း တစ်ခုမကရှိနေပါသည်။

ပထမဦးဆုံးအချက်မှာ ကျေးရွာအားလုံးနီးပါးတွင် လူငယ်များ အလွန်နည်းပါးနေသောကြောင့် ဖြစ်ပါသည်။ လူငယ်များသည် ယခုအခါ အများအားဖြင့် ထိုင်းနိုင်ငံတွင်သော်လည်းကောင်း၊ မြို့ကြီးများတွင်သော်လည်းကောင်း သွားရောက်အလုပ်လုပ်ကိုင်ကြသလို အချို့မှာလည်း စစ်သားများ ဖြစ်သွားကြသည်ကို ကျေးရွာမှပြည်သူများမှ အချက်အလက်ကောက်ခံသူများကို ဖေါ်ပြကြပါသည်။ နောက်အချက်တစ်ခုမှာ အိမ်ထောင်စုအများစုမှ သက်ကြီးသူများကို ဗဟုသုတအရ ဖြေဆိုရန် ပို၍ အရည်အချင်း ပြည့်မီသည်ဟု ယူဆသည့်အတွက်ကြောင့် မေးခွန်းများဖြေဆိုရန် သက်ကြီးပိုင်းများကိုသာ ရည်ညွှန်းရွေးချယ်ကြပါသည်။ နောက်ဆုံးအချက်မှာ စစ်တမ်းကောက်ယူမှု အချိန်ကာလသည် သီးနှံရိတ်သိမ်းချိန်တွင် ဖြစ်နေသောကြောင့် အိမ်ထောင်စုအများစုမှာ အိမ်တွင်တစ်ဦးသာ ထားရှိ၍ စစ်တမ်းအင်တာဗျူးဖြေဆိုရန်အတွက် စောင့်နေရန် ကြိုတင်စီစဉ်ထား ခဲ့ကြပါသည်။ အလုပ်လုပ်ကိုင်ရန် ရုပ်ပိုင်းဆိုင်ရာအားကောင်းသူများနှင့် ငယ်ရွယ်သူများ သည် စိုက်ကွင်း၌သာ ရှိနေကြပါသည်။

ထို့ကြောင့် တစ်ဖက်မှာ ယခုစစ်တမ်းကောက်ယူမှု၏ ရည်ရွယ်ချက်ဖြစ်သော `အသိအမြင်၊ စိတ်သဘောထားများ နှင့် အလေ့အထ များ´ အား သိရှိနိုင်ရန် အိမ်ထောင်စုများမှ ခြုံငုံပါဝင်နိုင်မှု (အထူးသဖြင့် ဦးဆောင်နေသော မိသားစုဝင်များ) ကို အားကောင်းစွာရရှိခဲ့သော်လည်း တစ်ဖက်မှာ လူ့အဖွဲ့အစည်းအတွင်းမှ လူငယ်များ၏ မတူညီသော အတွေ့အကြုံများနှင့် အမြင်များကို ရရှိနိုင်ရန် အတွက်မှာတော့ ကျရှုံးခဲ့သည် ဟု ဆိုနိုင်ပါသည်။

## ကျား-မ အခြေပြုအကြမ်းဖက်မှု

ဤအစီရင်ခံစာသည် ကျားမအခြေပြုအကြမ်းဖက်မှုအပေါ် ရှာဖွေမှု (သို့) လေ့လာသုံးသပ်မှုကို အထူးဆောင်ရွက်ရန် မပါဝင်ပေ။ ထိုအချက်သည် ဤလေ့လာမှု၏ နယ်မြေများတွင် လွှမ်းမိုးမှုရှိနေသော ပြဿနာတစ်ရပ် ဖြစ်သည်ဆိုသည့် အချက်ကိုတော့ KPSN အဖွဲ့ဝင်များ၏ များပြားစွာသော မှတ်တမ်း အစီရင်ခံစာ များတွင် တွေ့နိုင်ပါသည် (အခန်း ၃-၂၊ စာကွက် ၃.၃ တွင်ကြည့်နိုင်သည်)။ သုတေသန အဖွဲ့နှင့် အကြံပေးကော်မတီ ဆုံးဖြတ်ခဲ့သည့် လေ့လာမှု အတိုင်းအတာနှင့် နည်းနာ အကန့်အသတ် များသည် အဆိုပါကိစ္စရပ်ကို မရှိမဖြစ် ဂရုပြုဆောင်ရွက်ကာ အချက်အလက် ကောက်ခံရမည့် အရာအဖြစ် ခွင့်ပြုထည့်သွင်းနိုင်မှုတော့ မရှိခဲ့ပေ။ လူမှုရေး ဘက်လိုက်လိုသည့် ဆန္ဒများ၊ လက်တုံ့ ပြန်ခြင်းကို ကြောက်ရွံ့ခြင်း၊ အမည်းစက်နှင့် စိတ်ဒါဏ်ရာပြန်လည်ရလာနိုင်သည့် အန္တာရယ်များ မြင့်လာနိုင်ခြင်း တို့ကြောင့်ဖြစ်ပါသည်။ ဖြေဆိုသူများအား အာဏာပိုင်များနှင့် ဆက်စပ်၍ တရားမျှ တမှု အထူးကိစ္စရပ်များကို (အခန်း ၄.၂ တွင်ကြည့်နိုင်)။ ဖြေဆိုသူများအား တရားမျှတမှုနှင့် ဆက်စပ်သော အရာများအတွက် ၄င်းတို့ ဆန္ဒအလျောက် ဖြေဆိုပေးရန် မေးမြန်းသည့် အချိန်များတွင် ကျား-မအခြေပြု အကြမ်းဖက်မှု ကိစ္စရပ်များ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ကျား-မ အခြေပြုအကြမ်းဖက်မှု ကိစ္စရပ်များ အားလုံးအပေါ် ခြုံငုံနိုင်သည့်အရာတော့ မဟုတ်ပေ။ အဆိုပါ ကျား-မ အခြေပြုအကြမ်းဖက်မှု ကိစ္စရပ်များကို ပို၍ အသေးစိတ် ဆန်းစစ်နိုင်ရန် ဆိုလျှင် ထိုကိစ္စရပ်အတွက် အထူးသင့်လျော်ကိုက်ညီသောနည်းနာများဖြင့် သုတေသနများ ပိုမိုလုပ်ဆောင်သွားရန် လိုအပ်ပါသည်။

## တုံ့ပြန်ဖြေဆိုမှုမပြုခြင်းနှင့် `မသိပါ´ ဟု တုံ့ပြန်မှုများ

မေးခွန်းလွှာအတွင်းမှ မေးခွန်းများ တွင် ဖြေဆိုသူများ၏ မေးခွန်းအပေါ် တုံ့ပြန်ဖြေဆိုမှုမရှိခြင်းနှင့် `မသိပါ´ဟုရွေးချယ်ဖြေဆိုခြင်းများမြင့်မားသည့်အရေအတွက်ရှိခဲ့သည်ကိုလေ့လာတွေ့ရှိခဲ့ပါသည်။ အထူးသဖြင့် အာဏာပိုင်များ နှင့် လက်နက်ကိုင်အဖွဲ့များ နှင့်ပတ်သက်ပြီး ဝေဖန်ထောက်ပြမှုများ ပါဝင်သည့် မေးခွန်းများ တွင်ဖြစ်ပါသည်။ သို့သော်လည်း မည်သည့် အာဏာပိုင် (သို့) လက်နက်ကိုင် အဖွဲ့မှ အကြမ်းဖက်ကျူးလွန်သည် ဆိုသည့် တိကျစွာရည်ညွှန်းမှု မပါဝင်သော မေးမြန်းမှုများ အပေါ်တွင်တော့ ဖြေဆိုသူအများစုသည် အာဏာပိုင်များ၏ အကြမ်းဖက်မှုများ မကြာခဏ ခံစားခဲ့ရသည့် အတွေ့အကြုံများကို ဖေါ်ပြကြပါသည်။ ထိုအချက်အလက် ခိုင်မာ ကြောင်းကို KPSN နှင့် အခြားပြင်ပ အဖွဲ့အစည်းများမှပြုလုပ်ထားသော သုတေသနများတွင် တွေ့ရမည်ဖြစ်ပြီး အဓိက ကျူးလွန်သည့် အဖွဲ့စည်းသည် တပ်မတော်ဖြစ်ကြောင်း ဖေါ်ပြကြပါသည်။

အထက်ဖေါ်ပြခဲ့သည့် ပုံမှန်မဟုတ်မှု နှင့် တင်ပြရန်ပျက်ကွက်မှု တို့နှင့်ပတ်သက်၍ကြည့်လျှင် အကြောင်းရင်းတစ်ခုမက ရှိနေနိုင်ပါသည်။ ဖြေဆိုသူအများစု၏ အာဏာပိုင်များအပေါ် အနုတ်သဘောဆောင်သော ပြောဆိုတင်ပြဖို့အတွက် တုံ့ဆိုင်းနေခြင်းသည် ၄င်းတို့ တစ်ဦးချင်းဆိုင်ရာ လုံခြုံရေး (သို့) ရပ်ရွာအတွင်း ထိခိုက်သက်ရောက်လာမည်ကို စိုးရိမ်ထိတ်လန့်သောကြောင့် ဖြစ်ပါသည်။ ထိုအရာက အပစ်အခတ်ရပ်စဲထားသော အချိန်အခါမျိုးမှာပင်လျှင် စိုးရိမ်ကြောက်ရွံ့မှုများ ရှိနေသည် ဆိုသည့်အချက်ကို ဖေါ်ပြနေခြင်းဖြစ်ပါသည်။ အာဏာပိုင်များကို ဝေဖန်ပြောဆိုမှုကို ကြောက်ရွံ့သော ယဉ်ကျေးမှုဓလေ့ လည်း ရှိနေသလို ဝေဖန်ပြောဆိုမှုများပြားခြင်းသည် ပို၍ဖိစီးမှုများကို ဖြစ်ပေါ်စေသည် ဆိုသည့် ခံစားမှုများလည်း ကျယ်ပြန့်စွာ ရှိနေပါသည်။ လက်တုံ့ပြန်လာနိုင်သည့် အလားအလာ အပေါ် ချင့်ချိန်နေတာမျိုး (သို့) ကြောက်ရွံ့နေတာမျိုး တို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ အာဏာပိုင်များကို ဆန့်ကျင်ပြောဆိုခြင်းကြောင့် အကြမ်းဖက်အပြစ်ပေးခံရသည့် ဖြစ်စဉ်များကို KPSN အဖွဲ့ဝင် အဖွဲ့အစည်းများမှ အကြိမ်ကြိမ် မြင်တွေ့ခဲ့ရပါသည်။[15]

ထို့အပြင် အချို့မေးခွန်းများနှင့် ဆက်စပ်၍ အမျိုးသားနှင့် အမျိုးသမီး များတို့၏ တုံ့ပြန်ဖြေဆိုမှု ကွဲပြားသည်ကိုလည်း တွေ့ရပါသည်။ အုပ်ချုပ်ရေးအပေါ် ရည်ညွှန်းသော မေးခွန်း (၃၄)ခု တွင် အာဏာပိုင်များနှင့် ပတ်သက်၍ အဆိုးရော အကောင်းရောပါဝင်မှု ရှိပါသည်။ အမျိုးသမီးများ၏ `မသိပါ´ ဆိုသည့် အဖြေကို ဖြေဆိုသော ရာခိုင်နှုန်း အချိုးသည် အမျိုးသားများ ထိုကဲ့သို့ဖြေဆိုသည့် ရာခိုင်နှုန်းအချိုးထက် ပိုများပြီး ၅ ရာခိုင်နှုန်းသာသာ ကွာခြားမှုရှိနေပါသည်။ ဤအချက်ကို အထူးသဖြင့် တိတိကျကျအာဏာပိုင်များနှင့်ပတ်သက်နေသည့် မေးခွန်းများ နှင့် အချို့အမျိုးသမီးအဖွဲ့များ (ဥပမာ - ကရင်အမျိုးသမီးများ သို့မဟုတ် ရောယှက်ထိန်းချုပ် ထားသည့်နယ်မြေများမှ အမျိုးသမီးများ) တွင် ပို၍ကွာခြားမှုရှိသည်ကို တွေ့ရှိခဲ့ပါသည်။ ဤအစီရင်ခံစာ တစ်ခုလုံးရှိ အဆိုပါ အကြောင်းအရာနှင့် ဆက်စပ်နေသော အခန်းများ၌ ထည့်သွင်းဆွေးနွေး ထားမှုများကိုလည်း တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ အာဏာပိုင်များအား အတိအကျ နာမည်တပ် ရည်ညွှန်းစရာမလိုဘဲ အကြမ်းဖက်မှုနှင့် အလွဲသုံးမှု အတွေ့အကြုံများကို တင်ပြကြရာမှာတော့ အမျိုးသားရော အမျိုးသမီးပါ တူညီစွာဖြင့် `မသိပါ´ ဆိုသည့် အဖြေကို ဖြေဆိုမှုရာခိုင်နှုန်းမှာ ၄% သာရှိပါသည်။

15 For example, see Karen Human Rights Group (2015), p 153 for documentation of the killing of a 62-year-old woman by a Tatmadaw BGF, due to her speaking out about the unit's involvement in illegal narcotics trade.

### ဖြေဆိုသူ အနည်းငယ်သာ ရှိသောကျေးရွာများ

ယခုစစ်တမ်းကောက်ယူမှုတွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် ကျေးရွာတစ်ရွာတွင် သတ်မှတ်ထားသည့် အိမ်ထောင်စု (၄၀) ရရှိနိုင်မှုသည် အခက်အခဲတစ်ခုအဖြစ်ကြုံတွေ့ခဲ့ရပါသည်။ ထို့ကြောင့် အချက်အလက်ကောက်ခံသည့် အဖွဲ့များသည် ရည်မှန်းသတ်မှတ်အိမ်ထောင်စုပြည့်မီရန် ကျေးရွာများ ပေါင်းစပ်ခဲ့ရပါသည်။ ထိုအရာသည် ကျေးရွာများအကြား လေ့လာရမည့်သူအရေအတွက် ကွဲပြားမှုအချို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဖြေဆိုခဲ့မှုကိုကြည့်လျှင် ကျေးရွာ (၁၈) ရွာတွင် ဖြေဆိုသူ ၄၀ မှ ၄၂ ဦး အကြား၊ ကျေးရွာ (၁၉) ရွာတွင် ဖြေဆိုသူ ၃၅ မှ ၃၉ ဦး အကြား၊ ကျေးရွာ (၁၂) ရွာတွင် ဖြေဆိုသ ၂၀ မှ ၃၅ ဦး အကြား၊ ကျေးရွာ (၁၃) ရွာတွင် ဖြေဆိုသူ ၁၀ မှ ၁၉ ဦး အကြား နှင့် ကျေးရွာ (၆) ရွာတွင် ဖြေဆိုသူ ၁၀ ဦး ရှိခဲ့ပါသည်။ အာလုံးခြုံငုံလိုက်လျှင် လေ့လာရမည့်အရွယ်အစား ကျပန်းပုံစံပြုလုပ်ထားခြင်းကို ထိခိုက်သက်ရောက်မှုတော့မရှိပေ။ ကျပန်းရွေးချယ်ထားသော ကျေးရွာများမှ အိမ်ထောင်စု (၄၀) ပုံစံ အနေအထားကို ခြုံငုံ၍ စစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ခြုံငုံရရနိုင်မှုကို အထောက်အပံ့ဖြစ်စေရန် အနီးစပ်ဆုံး အရန်ကျေးရွာများကိုလည်း ရွေးချယ်ထားခဲ့ပါသည်။ သို့သော်လည်း ကျေးရွာများအကြား နှိုင်းယှဉ် လေ့လာ သုံးသပ်များ ပြုလုပ်ရာတွင်တော့ အဆိုပါအချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက် ရမည်ဖြစ်သည်။

### အစီရင်ခံစာ တည်ဆောက်ပုံ

ဤအစီရင်ခံစာအား အပိုင်း ခြောက်ပိုင်းခွဲခြားထားပါသည်။ အပိုင်းတစ်ခုချင်းစီတွင် အခန်းများ ပါဝင်မည်ဖြစ်သည်။ အပိုင်း (၁) တွင် ဤနိဒါန်းအထွေထွေဖော်ပြပြီးနောက် ကျန်သည့်အပိုင်းတွင် စစ်တမ်းကောက်ယူခဲ့မှုလူဦးရေအား ခြုံငုံဖော်ပြမှုနှင့် စစ်တမ်းမှ အဓိကရှာဖွေတွေ့ရှိမှုများ ကိုထည့်သွင်းဖော်ပြထားပါသည်။

အပိုင်း (၂) တွင် အုပ်ချုပ်ရေးဆိုင်ရာနှင့် တရားဝင်ဖြစ်မှုဆိုင်ရာ မေးခွန်းများနှင့် ဆက်စပ်ပြီး ဖော်ပြသွား မည်ဖြစ်သည်။ များပြားသော အာဏာပိုင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ အမြင်သဘောထားများ နှင့် သူတို့၏ အုပ်ချုပ်ရေးပိုင်ဆိုင်ရာ ဆောင်ရွက်နေမှုများလည်း ပါဝင်မည်ဖြစ်ပါသည်။ အခန်း ၂.၆ တွင် မတူညီသောနယ်မြေများ၊ GoM ထိန်းချုပ်မှု၏ လျော့ချတည်ဆောက်သည့် အယူအဆများ၊ KNU ထိန်းချုပ်မှု နှင့် အဖွဲ့များရောယှက် ထိန်းချုပ်ထားသော နယ်မြေများအပေါ် အသေးစိတ် လေ့လာသုံးသပ်မှုများ တွေ့မြင်နိုင်မည်ဖြစ်သည်။

အပိုင်း (၃) တွင် လုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်ကို ရှာဖွေလေ့လာ ဖော်ပြသွားမည်ဖြစ်သည်။ အထူးသဖြင့် ဆက်လက်တည်ရှိနေသော ဒေသခံပြည်သူများ၏ မလုံခြုံမှုများ၊ တပ်ဖွဲ့များ အပေါ် ဒေသခံပြည်သူများ၏ ထုတ်ဖော်တင်ပြမှုများ၊ အာဏာပိုင်များ၏ အလွဲသုံးချမှုကို ကျယ်ပြန့်စွာခံစားခဲ့ရသော အတွေ့အကြုံများ နှင့် မတူညီသည့် အာဏာပိုင်များအပေါ် အမြင်သဘောများ စသည့်တို့ပါဝင်ပါမည်။

အပိုင်း (၄) တွင် တရားမျှတမှုလက်လှမ်းမီ ရေးအတွက် လက်တွေ့လုပ်ဆောင်နေမှုများ နှင့် သဘောထားများကို ကြည့်ရှုလေ့လာသွားမည် ဖြစ်ပြီး အပိုင်း (၅) တွင် ရပ်ရွာများအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို မည်မျှယုံကြည်မှု ရှိသည် ဆိုသည့် အနေအထား နှင့် ပြန်လည်တိုက်ခိုက်မှုဖြစ်ပွားလာမည်ကို ကြောက်ရွံ့မှုနှင့် ဆက်စပ်လျက်ရှိနေသောအချက်များ တို့ကိုဆန်းစစ်လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

အပိုင်း (၆) သည် အားလုံးလွှမ်းခြုံသည့် နိဂုံးပိုင်းဖြစ်ပြီး ဤလေ့လာမှုမှ ရှာဖွေတွေ့ရှိချက်များသည် ကျွန်ုပ်တို့အား မည်သည့်အရာများကို သင်ပြပေးနေသည် ဆိုသည်ကိုလည်းကောင်း ဤလေ့လာမှုနှင့် ဆက်စပ်လျက်ရှိသည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်နေသူများအတွက် မည်သည့်အရာများ ညွှန်ပြမှုပေးနေသည် ဆိုသည်ကိုလည်းကောင်း စုစည်းတင်ပြသွားမည်ဖြစ်သည်။ GoM, KNU နှင့် နိုင်ငံတကာ အကူအညီပေး အဖွဲ့စည်းများအတွက် သီးသန့်အကြံပြုချက် များလည်း ဖော်ပြသွားမည်ဖြစ်သည်။

## ၁.၂ စစ်တမ်းကောက်ယူမှုတွင် ပါဝင်ခဲ့သူများ

ယခုစစ်တမ်းသည် ကျေးရွာ (၇၂) ရွာတွင် သွားရောက်ကောက်ယူခဲ့ပြီး ဖြေဆိုသူပေါင်း ၂၀၂၀ ဦး ရှိခဲ့ပါသည်။ အမျိုးသမီး ၁၀၁၃ ဦးပါဝင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၅၀.၁၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ အမျိုးသား၁၀၀၇ပါဝင်ခဲ့ပြီးရာခိုင်နှုန်းအားဖြင့်၄၉.၈၅ရာခိုင်နှုန်းဖြစ်ပါသည်။တိုင်းရင်းသားလူမျိုးများ၊ ပထဝီအပိုင်းအခြား နှင့် ကျေးရွာတစ်ခုချင်း တစ်ခုချင်း ကိုဖြတ်၍ ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုသူ ၇၈ ရာခိုင်နှုန်း သည် ကရင် များဖြစ်ကြပါသည်။ ကျန်ရှိသည့် ၂၂ ရာခိုင်နှုန်း (ဖြေဆိုသူ ၄၄၁ ဦး) တွင် ဗမာမှာ အများစုဖြစ်ပြီး ထားဝယ်၊ ရှမ်း နှင့် ပအိုဝ်း တို့အစဉ်လိုက် ပါဝင်လာပါသည် (ပုံ - ၁.၁ တွင်ကြည့်နိုင်)။ ဖြေဆိုခဲ့သူအများစုသည် သက်ရွယ်ကြီးသူများဖြစ်ပါသည်။ ၃၆ ရာခိုင်နှုန်း သည် ၆၀ နှစ် နှင့် အထက်ရှိသူများဖြစ်ပြီး အသက် ၂၀ မှ ၂၉ နှစ်အကြား အုပ်စုသည် ၁ ရာခိုင်နှုန်း သာရှိပါသည် (ပုံ ၁. ၂)။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို အထက်မှ `အကန့်အသတ်များနှင့် ရှင်းလင်းဖော်ပြချက်များ´ အခန်းခွဲတွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

**ပုံ (၁.၁) ကရင်လူမျိုးမဟုတ်သော အခြားတိုင်းရင်းသားဖြေဆိုသူများပါဝင်မှု**




**ပုံ (၁.၂) - စစ်တမ်းကောက်ယူမှုတွင်ပါဝင်ခဲ့သော လူဦးရေအား ကျား/မနှင့် အသက်အရွယ် အပိုင်းအခြား အလိုက် မြင်ရပုံ**




အစိုးရသာမက ကေအဲန်ယူပါ ကိုယ်ပိုင်အုပ်ချုပ်မှု ကိုယ်စီ နှင့် မတူသည့် မြေပုံစနစ်များရှိနေရာ စစ်တမ်းကောက်ယူမှုဒေသများမှာ ထပ်တူမကျသည့် အုပ်ချုပ်မှုဇရိယာများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ကေအဲန်ယူ ၏သတ်မှတ်ထားချက်အရ အုပ်ချုပ်မှုခရိုင် ခုနစ်ခရိုင်ရှိပြီး မြို့နယ် ၂၆ မြို့နယ်ပါဝင်ပါသည်။ အဆိုပါဒေသအများစုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ်မှတ်မှုအရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတို့တွင် ပါဝင်နေပါသည်။ ဇယား ၁.၁ နှင့် ဇယား ၁.၂ တို့တွင် ဖြေဆိုသူများ နှင့် စစ်တမ်းကောက် ကျေးရွာများသည်အဆိုပါအုပ်ချုပ်မှုဇရိယာများအတွင်းမည်သို့ပျံ့ကျဲနေသည်ကိုတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

**ဇယား (၁.၁) - ဖြေဆိုသူနှင့် ကျေးရွာများအား GoM ၏ ပြည်နယ်၊ တိုင်းဒေသကြီးနှင့်မြို့နယ်အလိုက်ပြ ဇယား**

| ပြည်နယ်/ တိုင်းဒေသကြီး | ဖြေဆိုသူများ | ကျေးရွာ | မြို့နယ် | ကျေးရွာ | ဖြေဆိုသူများ |
|---|---|---|---|---|---|
| ပဲခူး တိုင်းဒေသကြီး | ၁၄၉ (၇%) | ၅ | ထန်းတပင် | ၂ | ၇၈ (၄%) |
| | | | ကျောက်ကြီး | ၁ | ၃၇ (၂%) |
| | | | တောင်ငူ | ၂ | ၃၄ (၂%) |
| ကရင်ပြည်နယ် | ၁၃၂၈ (၆၆%) | ၄၉ | လှိုင်းဘွဲ့ | ၅ | ၁၅၇ (၈%) |
| | | | ဘားအံ | ၂ | ၇၀(၈%) |
| | | | ဖာပွန် | ၁၆ | ၂၈၃ (၁၄%) |
| | | | ကော့ကရိတ် | ၄ | ၁၆၄ (၄%) |
| | | | ကြာအင်းဆိပ်ကြီး | ၇ | ၂၇၆ (၁၄%) |
| | | | မြဝတီ | ၃ | ၁၁၇ (၆%) |
| | | | သံတောင်ကြီး | ၁၂ | ၂၆၁ (၁၃%) |
| မွန်ပြည်နယ် | ၁၅၃ (၈%) | ၈ | ဘီးလင်း | ၂ | ၈၀ (၄%) |
| | | | ကျိုက်မရော | ၄ | ၄၀(၂%) |
| | | | သထုံ | ၂ | ၃၃ (၂%) |
| တနင်္သာရီ တိုင်းဒေသကြီး | ၃၉၀ (၁၉%) | ၁၀ | သရက်ချောင်း | ၁ | ၄၀ (၂%) |
| | | | ရေဖြူ | ၄ | ၁၅၆ (၈%) |
| | | | မြိတ်သာ | ၂ | ၇၆ (၄%) |
| | | | ထားဝယ် | ၃ | ၁၁၈ (၆%) |

**ဇယား (၁.၂) - ဖြေဆိုသူများနှင့် ကျေးရွာများအား ကေအဲန်ယူ၏ ခရိုင်များအလိုက်ပြဇယား**

| ခရိုင် | ကျေးရွာ | ဖြေဆိုသူများ | မြို့နယ် | ကျေးရွာ | ဖြေဆိုသူများ |
|---|---|---|---|---|---|
| ဒူးသထူး (သထုံ) | ၄ | ၁၁၃ (၅.၆%) | ဘီးလင်း | ၁ | ၀ |
| | | | သထူး | ၃ | ၇၃ |
| ဒူးပလာယာ (ကြာအင်းဆိပ်ကြီး) | ၁၂ | ၄၇၃ (၂၃.၄%) | ကော့တရီး | ၄ | ၁၅၇ |
| | | | ကရယ်တု | ၁ | ၄၀ |
| | | | နို့တကော | ၁ | ၄၀ |
| | | | ဝေါ်ရော် | ၆ | ၂၃၆ |
| ဘားအံ | ၁၁ | ၃၆၂ (၁၇.၉%) | ဒူးရော် | ၁ | ၄၀ |
| | | | ထီလုံ | ၃ | ၈၀ |
| | | | လုပလယ် | ၂ | ၇၉ |
| | | | တနေဟဲ | ၃ | ၁၂၄ |
| | | | တာကရယ် | ၂ | ၃၉ |
| ကလယ်လွီထူး (ညောင်လေးပင်) | ၅ | ၇၆ (၃.၈%) | လဲဒို | ၄ | ၃၇ |
| | | | မူး | ၁ | ၃၉ |
| ဘလိ-ထားဝယ် (မြိတ် ထားဝယ်) | ၁၀ | ၃၉၀ (၁၉.၃%) | ထီးမွန်ပဂ | ၂ | ၇၆ |
| | | | ကဆဲဒို | ၁ | ၄၀ |
| | | | လဲဒိုဆိုး | ၇ | ၂၇၄ |
| မူတြော် (ဖာပွန်) | ၁၅ | ၂၇၂ (၁၃.၅%) | ဘူးသို | ၅ | ၉၃ |
| | | | ဒွယ်လို | ၂ | ၅၄ |
| | | | လုသော | ၈ | ၁၂၅ |
| တောဦး (တောင်ငူ) | ၁၅ | ၃၃၄ (၁၆.၅%) | ဒေါ်ဖားခို | ၁၂ | ၂၆၁ |
| | | | တောတထူး | ၃ | ၇၃ |

ပုံ (၁.၃) - ဖြေဆိုသူများအား ကိုးကွယ်သည့်ဘာသာနှင့် ကျား၊မအလိုက် တွေ့ရပုံ




ပုံ (၁.၄) - ဖြေဆိုသူများအား ကျား၊မနှင့် အလုပ်အကိုင် အလိုက် တွေ့ရပုံ




ပုံ (၁.၅) - ဖြေဆိုသူများအား ကျား၊မနှင့် ပညာရေး အဆင့် အလိုက် တွေ့ရပုံ




ပုံ (၁.၆) - "ကောင်းစွာ" ပြောဆိုနိုင်သော ဘာသာစကားများအား အမျိုးသား၊ အမျိုးသမီး အလိုက် တွေ့ရပုံ



အမျိုးသား ၅၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ အမျိုးသမီး ၃၇ ရာခိုင်နှုန်းနှင့် အမျိုးသား ရာခိုင်နှုန်းတို့သည် ခရစ်ယာန် ဘာသာဝင်များဖြစ်ကြပြီး အမျိုးသမီး ၄ ရာခိုင်နှုန်းနှင့် အမျိုးသား ၅ ရာခိုင်နှုန်း တို့သည် အခြားဘာသာဝင်များ (အများအားဖြင့် နတ်ကိုးကွယ်သူများပြီး မွတ်စလင်နှင့် လယ်ကယ်[16] တို့လည်းပါဝင်) ဖြစ်ကြသည်။ (ပုံ -၁.၃)။ အလုပ်အကိုင်အနေဖြင့်ကြည့်လျှင် အချိုးကျရာခိုင်နှုန်း အများဆုံးမှာ (အမျိုးသားရော အမျိုးသမီးပါ) လယ်သမားများ ဖြစ်ကြပါသည်။ အမျိုးသား ၅၇ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၄၃ ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသမီး ၇၀ ရာခိုင်နှုန်း မှာ စီးပွားရေးလုပ်ဆောင်သူ၊ ကုန်ကူးသူ (သို့) ဈေးရောင်းချသူများ ဖြစ်ကြပါသည်။ အဆိုပါအလုပ်များကိုလုပ်ကိုင်သူ အမျိုးသားများမှာ အမျိုးသမီးများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းပြီး ရာခိုင်နှုန်းအားဖြင့် ၁၀ ရာခိုင်နှုန်း ရှိပါသည်။ မိသားစုမှ ဈေးဆိုင် (သို့) လက်လီရောင်းချခြင်းများ လုပ်ကိုင်ရာတွင် အမျိုးသမီးများက ပို၍ကြီးမားသော တာဝန်ကို ယူလေ့ရှိပါသည်။[17] အမျိုးသမီးများ အလုပ်အကိုင်မရှိခြင်းသည် အမျိုးသားများထက် နှစ်ဆ ပိုမိုများပြားပါသည် (ပုံ -၁.၄)။ အလုပ် အကိုင်မရှိဆိုသည့် အမျိုးအစားတွင် လုပ်ခ မရသည့် ကလေးသူငယ်နှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ခြင်း နှင့် အစားအသောက် ပြင်ဆင်ချက်ပြုတ်ခြင်း စသည့် အိမ်မှုကိစ္စ လုပ်ဆောင်ခြင်းများ ပါဝင်နေပါသည်။ ထိုအလုပ်များသည် ထုံးတမ်းစဉ်လာဓလေ့အရ အမျိုးသမီး (သို့) မိန်းခလေး အလုပ်ဖြစ်သည် ဆိုပြီး မှတ်ယူကြပါသည်။[18]

ဖြေဆိုသူများအနက် အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးတွင် အနည်းငယ် ပိုသာနေသည်ကို တွေ့ရပါသည်။ ကျောင်းပညာသင်ယူခဲ့မှုကိုကြည့်လျှင် အမျိုးသမီး ၄၁ ရာခိုင်နှုန်းနှင့် အမျိုးသား ၃၇ ရာခိုင်နှုန်း တို့သည် အခြေခံမူလတန်းအဆင့်ကို အမြင့်ဆုံးအနေဖြင့် အောင်မြင်ကြပါသည်။ အမျိုးသား ၂၇ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၂၅ ရာခိုင်နှုန်း တို့သည် အတန်းကျောင်းပညာသင်ကြားခဲ့ခြင်း မရှိပေ (ပုံ -၁.၅)။ အမျိုးသား ၂ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၁ ရာခိုင်နှုန်းသာ တက္ကသိုလ်ဘွဲ့ရရှိခဲ့ပါသည်။ ဘာသာစကားပြောဆိုနိုင်မှုနှင့် ပတ်သက်လျှင် အမျိုးသားများသည် အမျိုးသမီးများထက် ဘာသာစကားများကို ပိုပြောဆိုနိုင်သည်ကို တွေ့ရပါသည်။ အမျိုးသား ၇၀ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၆၄ ရာခိုင်နှုန်း သည် ဘာသာစကား နှစ်မျိုး (သို့) နှစ်မျိုးထက်ပို၍ ကောင်းမွန်စွာ ပြောဆိုနိုင်သည်ကို ဖေါ်ပြကြပါသည်(ပုံ -၁.၆)။ စုစုပေါင်းဖြေဆိုသူများမှ ၇၀ ရာခိုင်နှုန်း သည် မြန်မာစကားကို ပြောဆိုနိုင်ပြီး ၆၄ ရာခိုင်နှုန်း သည် စကောကရင်ဘာသာစကား နှင့် ၂၃ ရာခိုင်နှုန်း သည် ပိုးကရင်ဘာသာစကားကို ပြောဆိုနိုင်ပါသည်။ ဖြေဆိုသူများအနက် အခြားဘာသာစကား ၁၂ မျိုးကို ကောင်းစွာ ပြောဆိုနိုင်သည်ကို (ပုံ - ၁.၇) တွင်တွေ့နိုင်ပါသည်။

**ပုံ (၁.၇) - ဘာသာစကားတစ်ခုချင်းစီအား "ကောင်းစွာ" ပြောဆိုနိုင်သော ဖြေဆိုသူများ (ရာခိုင်နှုန်း)**




အစိုးရထိန်းချုပ်မှု၊ ကေအဲန်ယူ ထိန်းချုပ်မှု နှင့် ရောယှက်နေသည့် ထိန်းချုပ်မှု များအကြား သင့်တင့်မျှတသော ထိန်းညှိနိုင်မှုကိုတော့ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ဖြစ်နေသည့် နယ်မြေအပိုင်းအခြားများအတွက် ဆုံးဖြတ်မှုပြုနိုင်ရန် တိုင်းတာမှုများစွာ အသုံးပြုခဲ့ရပါသည်။ အခန်း ၂ . ၆

16 Leke is a religious sect established in the 1800s in eastern Myanmar combining elements of Buddhism and Millenarianism, whose followers are waiting for the next coming of Lord Ahrimayttaya.

17 As noted in Karen Women Organisation (KWO) (2010), p 9, in the past women "were mainly expected to remain at home, looking after children and performing household and farming tasks". However, as indicated by the relatively small number of women falling into this category (129) compared to men (57), KHRG (2006), p 15, describes how both house and field work are traditionally shared between both genders to some extent.

18 KWO (2010), p 9; KHRG (2006), p 17.



ဘားအံနှင့် မော်လမြိုင်အကြားရှိ သံလွင်မြစ် (Salween) ပေါ်မှ ရွာတစ်ရွာ
© Jacques Beaulieu

တွင်ဖေါ်ပြထားပါသည်။ ကျေးရွာ ၇၂ ရွာ မှ ၂၄ ရွာသည် ကေအဲန်ယူဘက်နှင့် ချိတ်ဆက်နေသည့် ကျေးရွာ ခေါင်းဆောင်များသာ ရှိပြီး ၁၉ ရွာကတော့ အစိုးရဘက်နှင့် ချိတ်ဆက်နေသည့် ကျေးရွာ အုပ်ချုပ်ရေးမှူးများသာ ရှိပါသည်။ ကျေးရွာ ၁၇ ရွာမှာတော့ ကျေးရွာခေါင်းဆောင် နှစ်ဦးရှိပါသည်။ အစိုးရမှ တစ်ဦး နှင့်ကေအဲန်ယူ မှတစ်ဦး ဖြစ်ပါသည်။ ကျေးရွာ ၉ ရွာမှာတော့ အစိုးရ လွှမ်းမိုးသည့် ကျေးရွာခေါင်းဆောင်များ ဖြစ်သော်လည်း ကေအဲန်ယူ ကိုပါ အစီရင်ခံတင်ပြမှုရှိပါသည်။ ကျန် ၃ ရွာ မှာတော့ ကျေးရွာခေါင်းဆောင်များ သည် အခြေခံအားဖြင့် ကေအဲန်ယူ နှင့်တွဲနေသော်လည်း အစိုးရကိုပါ အစီရင်ခံတင်ပြမှုရှိပါသည်။ ထိန်းချုပ်မှုတိုင်းတာခြင်း "measure of control" ကိုအသုံးပြု၍ (အခန်း ၂ . ၆ တွင်ဖေါ်ပြထားပါသည်) - လုပ်ငန်းများ၊ အခွန်များ နှင့် လက်နက်ကိုင်တပ်ဖွဲ့များ တည်ရှိနေမှု အညွှန်းများ ကိုအခြေခံကာ လေ့လာရာတွင် ကျေးရွာ ၂၁ ရွာမှာ ကေအဲန်ယူ ထိန်းချုပ်မှုအောက်မှာရှိပြီး ၁၃ ရွာမှာတော့ အစိုးရထိန်းချုပ်မှုအောက်မှာရှိပါသည်။ ကျေးရွာ ၃၈ ရွာကတော့ ရောယှက်နေသည့် ထိန်းချုပ်မှုအောက်မှာ ရှိပါသည်။ ထိုတိုင်းတာမှု အရ ဖြေဆိုသူ ၂၀ ရာခိုင်နှုန်း သည် KNU ထိန်းချုပ်မှုအောက်တွင်ရှိပြီး ၁၉ ရာခိုင်နှုန်း မှာ အစိုးရအောက် နှင့် ၆၁ ရာခိုင်နှုန်း မှာ ရောယှက်နေသည့် ထိန်းချုပ်မှုအောက် တွင်ရှိပါသည်။

## ၁.၃ အဓိကတွေ့ရှိချက်များ - လုံခြုံရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေး

၁. စစ်တမ်းကောက်သည့် နယ်မြေများမှ အုပ်ချုပ်ရေးအပိုင်းကိုကြည့်လျှင် ရှုပ်ထွေးလှပါသည်။ တရားဝင် နယ်မြေပိုင်းခြားထားမှုလည်း မရှိပေ။ နယ်မြေအများစုသည် အစိုးရ နှင့် KNU တို့၏ ရောယှက်နေသည့် ထိန်းချုပ်မှုအောက်တွင်ရှိနေပါသည်။ အချို့နေရာတွင်တော့ အခြားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ် ထားမှုလည်း ရှိနေပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများရရှိမှု၊ အခွန်ပေးဆောင်မှုနှင့် စစ်သားများ ပုံမှန်တွေ့ရမှု အရ ဖြေဆိုသူ ၇၇ ရာခိုင်နှုန်း သည် ကေအဲန်ယူ နှင့် ၇၆ ရာခိုင်နှုန်း သည် အစိုးရနှင့် အသီးသီး ချိတ်ဆက်မှုရှိနေပါသည်။ ဖြေဆိုသူတို့အား မည်သည့်အာဏာပိုင်အဖွဲ့ကို မိမိတို့၏ အစိုးရအဖြစ် စဉ်းစားဆုံးဖြတ်သနည်းဆိုသည့် မေးခွန်း အပေါ်မှာ ၃၈ ရာခိုင်နှုန်းမှ ကေအဲန်ယူကို သော်လည်းကောင်း ၃၃ ရာခိုင်နှုန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကိုသော်လည်းကောင်း အသီးသီးဖြေဆိုကြပြီး ၂၀ ရာခိုင်နှုန်းသည် `မသိပါ´ ဆိုသည်ကိုလည်းကောင်း ၈ ရာခိုင်နှုန်းမှ မည်သည့် ညွှန်းဆိုတုံ့ပြန်ဖြေဆိုမှု မရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ပို၍သေးငယ်သည့် လက်နက်ကိုင် အဖွဲ့များဖြစ်သည့် DKBA, BGFs နှင့် KPC တို့ကို ရည်ညွှန်းဖြေဆိုသူမှာ ၁ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

**ပုံ (၁.၈) - နယ်မြေအမျိုးအစားတစ်ခုချင်းစီအောက်ရှိ စစ်တမ်းကောက်ယူမှုတွင်ပါဝင်သူများ**
**(ဝန်ဆောင်မှုပံ့ပိုးခြင်း၊ အခွန်ကောက်ခံခြင်း၊ နှင့် စစ်သားများတွေ့ရှိမှုဆိုင်ရာ အချက်အလက်များအား စုပေါင်းပြီး တိုင်းတာမှု အပေါ် အခြေခံပါသည်၊)**




၂. စစ်တမ်းကောက်ယူရာမှ လူဦးရေ အများစု (အမျိုးသား ၇၅ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၆၇ ရာခိုင်နှုန်း) သည် အာဏာပိုင်များ (သို့) လက်နက်ကိုင်အဖွဲ့များ ၏ အကြမ်းဖက်မှု (သို့) အလွဲသုံးအနိုင်ကျင့်မှုကို ပုံစံတစ်မျိုးမျိုးဖြင့်တော့ ခံစားခဲ့ရသော အတွေ့အကြုံများရှိကြပါသည်။ ဖြေဆိုသူများသည် မည်သည့် အာဏာပိုင် (သို့) လက်နက်ကိုင်အဖွဲ့မှ ကျူးလွန်သည် ဆိုသည်ကို ထည့်သွင်းပြောဆိုဖြေကြားရန် မပြုလိုကြသည်ကိုတွေ့ရပါသည်။ သို့သော် တည်ရှိနေသော သုတေသနပြုချက်များအရ အဓိက ကျူးလွန်သည်မှာ တပ်မတော် နှင့် ၄င်း၏ဆက်စပ် လက်အောက်ခံ တပ်ဖွဲ့များ ဖြစ်သည် ဆိုသည်ကို ညွှန်းဆိုနေပြီး အဆိုပါ အကြမ်းဖက်မှုပုံစံများကို စစ်ဗျူဟာအရစနစ်တကျ ကျယ်ပြန့်စွာ အသုံးပြုကြ သည်ကို တွေ့ရပါသည်။ ကေအဲန်ယူအပါအဝင် အခြားလက်နက်ကိုင်အဖွဲ့များလည်း အကြမ်းဖက်မှု များကို ကျူးလွန်ကြသော်လည်း စနစ်တကျရည်ရွယ်ဆောင်ရွက်သည့် ပုံစံမျိုးမဟုတ်သည်ကိုလည်း တွေ့ရှိရပါသည်။ ကျေးရွာတိုင်း အဆိုပါ အကြမ်းဖက်မှု (သို့) အလွဲသုံးအနိုင်ကျင့်မှု ခံစားဖူးသည့် အတွေ့အကြုံများရှိကြပါသည်။ အဆိုပါ ဖြစ်ပျက်မှုများသည် ကျေးရွာတိုင်းတွင် တွေ့ကြုံခဲ့ရပြီး ကျေးရွာအများစုတွင် အဓိကပြဿနာ (၂၀) ခု တွေ့ကြုံခံစားခဲ့ရသည်ကို ဆန်းစစ် တွေ့ရှိရပါသည်။ ပေါ်တာဆွဲခံရ ခြင်း (ဥပမာ - စစ်လက်နက်ဆိုင်ရာပစ္စည်းများကို သယ်ခိုင်းခြင်း) နှင့် အဓမ္မစေခိုင်း ခံရခြင်း သည် အများဆုံးဖြစ်သည် ကိုတွေ့ရပါသည်။ ပုံစံအမျိုးမျိုးဖြင့် အတင်းအကျပ် ဖယ်ရှားစေခြင်း သည် လည်း အလွန်များပါသည်။ ပစ်ခတ်မှုအတွင်း ရောက်ရှိနေခဲ့မှု အတွေ့အကြုံဟာ ဖြေဆိုသူများ၏ ၃၀% ရှိနေသည်ကိုအံ့အားသင့်စရာတွေ့ရပါသည်။ ကရင်လူမျိုးများသည် ကရင်မဟုတ်သော လူမျိုးများထက် ထိုအတွေ့အကြုံများကို ပို၍ ခံစားခဲ့ရ ပုံ ပေါ်ပါသည်။ သို့သော်လည်း ကရင်လူမျိုးများ သာမက အခြားလူမျိုးအဖွဲ့များပါ ဖေါ်ပြပါ အတွေ့အကြုံများကို မြင့်မားစွာ ကြုံတွေ့ခဲ့ကြပါသည်။

**ပုံ (၁.၉) - မတရားပြုကျင့်ခံရမှုနှင့် အကြမ်းဖက်မှုအတွေ့အကြုံများ ခံစားရမှုအခြေအနေ**




**၃.** စစ်တမ်းဖြေဆိုသူအများ၏ အမြင်မှာ ကေအဲန်ယူကို တရားဝင်ဖြစ်မှုနှင့် ထောက်ခံမှု သိသာစွာ ရှိနေသည် ကိုတွေ့ရပါသည်။ အထူးသဖြင့် ကရင် ပြည်သူများ အကြားတွင်ဖြစ်ပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် `မူ´ များကို ထောက်ခံသည်ဆိုသည့် ညွှန်းဆိုမှု ရှိနေသည်ကို မှန်းဆနိုင်ပါသည်။ အစိုးရက ဖွံ့ဖြိုးရေး၊ ဌာနဆိုင်ရာလုပ်ငန်းများ နှင့် လူမှုဖူလုံရေး စသည်တို့ကို ကေအဲန်ယူ ဆောင်ရွက်နေသကဲ့သို့ လုပ်ဆောင်နေသော်လည်း အစိုးရအပေါ် နှစ်သက်မှုသည် ကေအဲန်ယူ လောက်မရှိပေ။ ဖြေဆိုသူများ သည် အခွန်ပေးဆောင်မှုများမှ မျှတစွာပြန်လည်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အစိုးရထက် ကေအဲန်ယူ ထံမှ အနည်းငယ် ပိုရရှိသည် ဟုဆိုကြပါသည်။ သို့သော် ကရင်မဟုတ်သော ဖြေဆိုသူများမှာတော့ အစိုးရကို သိသာသော အချိုးတစ်ခုထိ ပိုမိုနှစ်သက်မှုရှိသည်ကို တွေ့ရပါသည်။ ထို့အပြင် ဤကိစ္စနှင့်ပတ်သက်သည့် မေးခွန်းများအပေါ် `မဖြေဆိုခြင်း´ နှင့် `မသိပါ´ ဆိုသည့် အဖြေများကို သိသာသော အချိုးတစ်ခုအနေဖြင့်လည်း တွေ့ရပြီး အမျိုးသမီးများ၏ `မသိပါ´ ဆိုသည့် ဖြေဆိုမှုသည် အမျိုးသားများ ထက်ပိုများပါသည်။

**ပုံ (၁.၁၀) - ဘယ်အာဏာပိုင်များက ...**



၄. အစိုးရ နှင့် ကေအဲန်ယူ အပေါ် ပြည်သူလူထု အမြင်များသည် ၂၀၁၂ ခုနှစ် မှစ၍ အကောင်းဘက်ကို သိသာစွာ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရပါသည်။ ဤအချက်သည် ပြည်သူလူထု၏ ပဋိပက္ခ များ ချုပ်ငြိမ်းသွားစေရန်အတွက် ကြီးမားသော ထောက်ခံမှုဖြစ်သည် ဆိုသည်ကို ပြသနေ ခြင်းပင် ဖြစ်ပါသည်။ သို့သော် ၁၄ ရာခိုင်နှုန်းသာ လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်သည် ငြိမ်းချမ်းရေးကို ရေရှည် တည်တံ့စေနိုင်မည် ဆိုသည်ကို တစ်နည်းနည်းဖြင့် ယုံကြည်ကြပါသည်။ ဖြေဆိုသူ အများစုသည် လာမည့် ငါးနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်ကို အလွန် စိုးရိမ်မှုများရှိကြပါသည်။ ဖြေဆိုသူများအတွင်းမှ ကေအဲန်ယူ ထိန်းချုပ်မှု နေရာများနှင့် အဓိက အပြန် အလှန်အကျိုးဖြစ်နေသည့် အာဏာပိုင်များသည် ၎င်းတို့၏ လက်နက်ကိုင် တပ်ဖွဲ့ခွဲများ ဖြစ်ခဲ့ သူများ အကြားတွင် အဆိုပါစိုးရိမ်မှုကို အတွေ့ရဆုံး ဖြစ်ပါသည်။

**ပုံ (၁.၁၁) - သင့်အနေနဲ့ ၂၀၁၂ အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးနောက်ပိုင်း အာဏာပိုင်များဘယ်လို ပြောင်းလဲမှု ရှိခဲ့တယ်လို့ တင်မြင်ပါသလဲ**




**ပုံ (၁.၁၂) - သင့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိစေရန် လုပ်ဆောင် ပေးနိုင်မည်ကို ဘယ်လောက်ထိ ယုံကြည်မှုရှိပါသလဲ၊**




၅. ယခုစစ်တမ်းတွင် အမျိုးသမီးများသည် ၎င်းတို့အတွက် ပုံစံတကျလုပ်ငန်းခွင် (သို့) ကျေးရွာ ခေါင်းဆောင်အတွက် မဲပေးခြင်း စသည့်ကိစ္စရပ်များတွင် အမျိုးသားအများ ထက် အားလျော့နည်း နေသည်ကို တွေ့ရပါသည်။ အမျိုးသမီးများရွေးကောက်ပွဲတွင် ပါဝင်ခြင်းသည် အစိုးရမှ ကျေးရွာ ခေါင်းဆောင်ဦးဆောင်သော ကျေးရွာများထက် ကေအဲန်ယူ ကျေးရွာခေါင်းဆောင်ဦးဆောင်သောရွာ များ၌ ပို၍လျော့နည်းနေသည်ကိုလည်း တွေ့ရပါသည်။ အမျိုးသမီးအများစုသည် အာဏာပိုင်များ၏ အကြမ်းဖက်မှု (သို့) အလွဲသုံးအနိုင်ကျင့်မှု ကိုခံစားတွေ့ကြုံခဲ့ရပါသည်။ အဓမ္မ စေခိုင်းခံရမှုမှ စ၍ ပစ်ခတ်ခံရမှု အထိပါဝင်ပါသည်။ ဖြေဆိုသူများမှ ကရင်အမျိုးသမီးများသည် အခြားအမျိုးသမီးများ နှင့် ယှဉ်လျှင် လုံခြုံသောနေရာများသို့ ပိုမိုရောင်တိမ်းခဲ့ရမှုများရှိပါသည်။ အစိုးရ နှင့် ကေအဲန်ယူတို့ နှင့်ပတ်သက်၍ အမြင်များ တုံ့ပြန်ဖြေဆိုကြရာတွင် အမျိုးသမီး များ၏ `မသိပါ´ ဆိုသည့် ဖြေဆိုခြင်း သည် အမျိုးသားများနှင့် ယှဉ်လျှင် ပို၍ မြင့်မားနေသည်ကိုတွေ့ရပါသည်။ အမျိုးသမီးများအား ရပ်ရွာအတွင်း ဆုံးဖြတ် ချက်ချခြင်းများ၌ ဖယ်ကျဉ်ခံရမှုများ နှင့် နိုင်ငံရေးဆိုင်ရာ အသိအမှတ်ပြုမှုများ အားနည်းသောကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် နိုင်ငံရေးဆိုင်ရာ အသိအမြင် များကို ထုတ်ဖော်ပြောကြားရန် (သို့) အဆိုပါကိစ္စရပ်များအတွက် ယုံကြည်မှု အားနည်းခြင်းများ ရှိနေကြောင်း မှတ်ယူနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ အဆိုပါကွာဟမှုအား လုံခြုံရေးဆိုင်ရာ နှင့် တရားမျှတရေးဆိုင်ရာ အခန်းကဏ္ဍများ၌ သော်လည်းကောင်း အစိုးရထိန်းချုပ်မှုအောက်နေရာ

ဒေသများ နှင့် ရောယှက်နေသည့် ထိန်းချုပ်မှု ရှိသည့် နေရာဒေသများတွင် သော်လည်းကောင်း တွေ့ရှိရမှုအများဆုံးဖြစ်ပါသည်။ ထို့ကြောင့် ဤ အချက်အား လုံခြုံရေးဆိုင်ရာ နှင့် တရားမျှတရေး ဆိုင်ရာနှင့် ပတ်သက်နေသည့် မေးခွန်းများတွင် သိသာထင်ရှားစွာ တွေ့ရှိရပါသည်။ ရောယှက် နေသည့် ထိန်းချုပ်မှုများရှိသည့် နေရာဒေသများတွင် အမျိုးသမီးများ၏ `မသိပါ´ ဆိုသည့် အဖြေကို ဖြေဆိုခြင်းသည် အစိုးရ (သို့) ကေအဲန်ယူ ထိန်းချုပ် နေရာဒေသများထက် လွန်စွာများပြားပါသည်။ ထိုအချက်သည် အာဏာပိုင်များ၏ ထိုဒေသများတွင် ကာကွယ်မှုပေးနိုင်ခြင်း အားနည်းကြောင်းကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။ သို့သော်ငြားလည်း အမျိုးသမီးများသည် တိုက်ရိုက်ရှင်းလင်းသည့် အဖြေများကိုတော့ ကြိမ်ဖန်များစွာ ဖြေဆိုမှုကို ပြခဲ့ကြပါသည်။

**ပုံ (၁.၁၃) - စစ်တမ်းတွင်ပါဝင်ခဲ့သော အမျိုးသမီးများတွင် တွေ့ရှိခဲ့ရသော အဓိကအချက်များ**




**၆.** ကေအဲန်ယူမှ ခွဲထွက်သွားသော လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သည့် NCA လက်မှတ်ထိုး အဖွဲ့များ ဖြစ်သော DKBA နှင့် KPC တို့အပါအဝင် နယ်ခြားစောင့်တပ်များ (BGFs) သည် အစိုးရနှင့် ကေအဲန်ယူ ထက်ဆိုင်လျှင် စစ်တမ်း ဖြေဆိုခဲ့သူများနှင့် အထိအတွေ့ အတော်နည်းသည်ကို တွေ့ရပါသည်။ အချို့နေရာဒေသများမှ အနည်းငယ်သောဖြေဆိုသူများမှသာ ထိတွေ့မှုရှိခဲ့ကြောင်းကို သေးငယ် သည့် အချိုးတစ်ခုအနေအထားအဖြစ် တွေ့ရှိခဲ့ရသော်လည်း အများစုမှာ အဆိုပါအဖွဲ့များနှင့် ထိတွေ့ မှုမရှိ (သို့) အလွန်နည်းသည်ကိုတွေ့ရပါသည်။ အခန်း ၂.၄ ၌ ခွဲထွက်အဖွဲ့များ၏ နောက်ခံအကြောင်း အား ပိုမိုဖော်ပြထားပါသည်။

**ပုံ (၁.၁၄) - အာဏာပိုင်တစ်ခုချင်းစီမှ/သို့ ဝန်ဆောင်မှုရရှိခြင်း၊ အခွန်ပေးရခြင်း၊ စစ်သားများအား မကြာခဏ သို့မဟုတ် အမြဲတမ်းတွေ့နေရသော ဖြေဆိုသူများ အချိုးအစား**




**၇.** အကြမ်းဖက်မှု (သို့) အလွဲသုံးအနိုင်ကျင့်မှုများအား ရောယှက်ထိန်းချုပ်ထားသော နယ်မြေများနှင့် ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင်ပို၍များပြားခဲ့သည်ကိုတွေ့ရပါသည်။အဘယ်ကြောင့်ဆိုသော် ထိုနယ်မြေများသည် လက်နက်ကိုင် ပဋိပက္ခများကို လွန်ခဲ့သည့် ဆယ်စုနှစ်များမှာ အဆိုးရွားဆုံး ခံစားခဲ့ရသောကြောင့် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး မပြုလုပ်ချိန်အထိကို ပြန်ကြည့်လျှင် ရောယှက်ထိန်းချုပ်ထားသော နယ်မြေများမှ ဖြေဆိုသူများ၏ ၇၂ ရာခိုင်နှုန်းသည် အာဏာပိုင်များ၏ ပေါ်တာဆွဲခြင်းကို ခံခဲ့ရသည်ကို တွေ့နိုင်ပါသည်။ အဓမ္မစေခိုင်းခံရမှုသည် ၅၃

ရာခိုင်နှုန်းရှိပါသည်။ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင်တပ်မတော်၏စစ်ဆင်ရေးနည်းဗျူဟာအရ ကျေးရွာများဖျက်ဆီးခံရခြင်း (သို့) မီးရှို့ခံရခြင်းသည် ၄၃ ရာခိုင်နှုန်း အထိရှိခဲ့ပြီး အတင်းအကျပ် နေရာရွှေ့ပြောင်းခြင်း သည် ၂၈ ရာခိုင်နှုန်း ရှိပါသည်။

**ပုံ (၁.၁၅) - ၂၀၁၂ မတိုင်မီ၊ အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှု အခြေအနေအား နယ်မြေ အမျိုးအစား အလိုက် တွေ့မြင်ရပုံ**




**၈.** ၂၀၁၂ ခုနစ်မှ စ၍ မြေယာသိမ်းယူမှု အလွန်မြင့်လာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် အစိုးရထိန်းချုပ်မှုရှိသောနေရာများ နှင့် ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်နိုင်မှု ရရှိသည့်နေရာများ တွင်ဖြစ်သည်။ ၂၀၁၂ ခုနစ်မှ စ၍ မြေသိမ်းခံရမှုသည် ရောယှက်ထိန်းချုပ်မှုရှိသောနယ်မြေများတွင် အိမ်ထောင်စု (၃၇) စုလျှင် (၁) အိမ်ထောင်စုနှုန်း (၂.၆၈ ရာခိုင်နှုန်း) ရှိခဲ့ကာ အစိုးရ ထိန်းချုပ်မှုရှိသောနယ်မြေများ တွင် အိမ်ထောင်စု (၄၂) စုလျှင် (၁) အိမ်ထောင်စုနှုန်း (၂.၃၆ ရာခိုင်နှုန်း) ရှိခဲ့ပါသည်။ ခြောက်နှစ် အတွင်းမှာပင် မိသားစုများသည် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများ (အသက်မွေးဝမ်းကျောင်းခက်ခဲမှု၊ ဂုဏ်သိက္ခာပိုင်းကျဆင်းမှု) ကိုခံစားခဲ့ရပါသည်။ တစ်ဖက်မှာ ကေအဲန်ယူ ထိန်းချုပ် နယ်မြေများ၌ အဆိုပါနှစ်များအတွင်း အိမ်ထောင်စု (၄၀၀) စုတွင်မှ (၁) အိမ်ထောင်စုနှုန်းသာ အထက်ပါ အတွေ့အကြုံကို ခံစားရသည်ကိုလည်း တွေ့ရပါသည်။

**ပုံ (၁.၁၆) - ၂၀၁၂ နောက်ပိုင်း မြေယာသိမ်းဆည်းမှုခံစားခဲ့ရသော စစ်တမ်းတွင်ပါဝင်သည့် အိမ်ထောင်စုများနှင့် ကျေးရွာများ**




**၉.** ဖြေဆိုသူအများစုသည် တရားမျှတမှုဆိုင်ရာ ပြဿနာများ ဖြေရှင်းဆောင်ရွက်ပုံနှင့် ပတ်သက်၍ ကေအဲန်ယူအားအစိုးရထက်သိသာစွာပိုမိုနှစ်သက်ကြသည်ကိုတွေ့ရှိရပါသည်။ထိုကဲ့သို့လိုလားမှုမှာ ကေအဲန်ယူထိန်းချုပ် နယ်မြေများ၌သာမက ရောယှက်ထိန်းချုပ်နယ်မြေများ လည်းပါဝင်ပါသည်။ ဖြေဆိုသူများမှ ၃၇ ရာခိုင်နှုန်း သာလျှင် သေးငယ်သော ကိစ္စပြဿနာများကို တိုင်တန်းတင်ပြလိုကြပြီး ကြီးမားသော ပြဿနာကိစ္စရပ်များကိုပင် ၅၀ ရာခိုင်နှုန်းမှသာ တိုင်တန်းတင်ပြလိုကြသည်။ ပြဿနာ ကိစ္စများကို တိုင်တန်းတင်ပြရာတွင် ကျေးရွာခေါင်းဆောင်ဆီသို့ ပထမဦးစွာ သွားရောက်လေ့ရှိပါ သည်။ အထူးသဖြင့် သေးငယ်သောကိစ္စများ အတွက်ဖြစ်ပါသည်။ ကေအဲန်ယူ နယ်မြေများတွင် တိုင်တန်းတင်ပြနိုင်မည့် လမ်းကြောင်း တစ်ခုမက ရွေးချယ်စရာရှိပါသည်။ ကုန်ကျစရိတ် မြင့်မားခြင်း၊ ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိမှု အားနည်းခြင်း နှင့် အာဏာပိုင်များနှင့် ဝေးကွာခြင်းတို့သည် တရားရေး ဆိုင်ရာများအတွက် အဓိက အတားအဆီးများ ဖြစ်ပါသည်။ အထူးအဖြင့် အစိုးရ ထိန်းချုပ်နယ်မြေ များတွင် ဖြစ်သည်။ တရားရေးပြဿနာကိစ္စရပ်များအတွက် မည်သည့်အာဏာပိုင်နှင့် ဆက်သွယ် ဆောင်ရွက် ရမည်ကို လိုလားမှုနှင့်ပတ်သက်၍ ဖြေဆိုသူများမှ လေးပုံတစ်ပုံကျော်သည် မသိရှိ ကြောင်းတုံ့ပြန်မှု(အထူးသဖြင့်အမျိုးသမီးများဖြစ်သည်)သည်တရားမျှတမှုလက်လှမ်းမီရေးအတွက် လစ်ဟာနေသည်ကို ဖေါ်ပြနေခြင်းပင်ဖြစ်ပါသည်။

**ပုံ (၁.၁၇) - တရားမျှတမှုကိစ္စရပ်များအပေါ်ရှိ အမြင်သဘောထားနှင့် လိုလားမှုများ**




**၁၀.** ရောယှက်ထိန်းချုပ်မှုနယ်မြေများတွင် ကေအဲန်ယူသည် အစိုးရထက် ပိုမို ရေပန်းစားမှုရှိနေသည်ကိုတွေ့ရပါသည်။ သို့သော်လည်း မည်သည့်အာဏာပိုင်အား လိုလားမှု (သို့မဟုတ်) အခြားနှင့်ယှံကြည်စွာနှိုင်းယှဉ်ရန် တို့အတွက် အတိအကျ သိရှိသည့် ပုံစံမျိုးမရှိခြင်းကိုလည်း တွေ့ရပါသည်။ ဖြေဆိုသူများမှ ၃၃ ရာခိုင်နှုန်းမှ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား ၄င်းတို့၏ အစိုးရဖြစ်သည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ကြပြီး ၄၁ ရာခိုင်နှုန်းသည် ကေအဲန်ယူ ကိုရွေးချယ်ကြပါသည်။ ၃၈ ရာခိုင်နှုန်းသည် `မသိပါ´ (သို့) မဖြေဆိုသည် ကိုတွေ့ရပါသည်။ ဤ သွားနေသည့်ပုံစံသည် နိုင်ငံရေးအမြင်လိုလားမှုများနှင့် ပတ်သက်၍သော်လည်းကောင်း လုံခြုံရေး နှင့် တရားဥပဒေပြဋ္ဌာန်းမှုအပိုင်းတို့နှင့် ပတ်သက်၍သော်လည်းကောင်း သိသာထင်ရှားမှု အရှိဆုံးဖြစ်ပါသည်။ ရောယှက်နေသည့် ထိန်းချုပ်မှုနယ်မြေများမှ အထူးသဖြင့် ဖြေဆိုသူအမျိုးသမီးများသည် အဆိုပါမေးခွန်းများကို `မသိပါ´ ဆိုသည့် အဖြေကို ဖြေဆိုလိုကြကြောင်းတွေ့ရှိရပါသည်။ ရပ်ရွာလုံခြုံစိတ်ချမှုပေးနိုင်မှုနှင့် ပတ်သက်လျှင်လည်း `မသိပါ´ ဆိုသည့် အဖြေကို ဖြေဆိုမှုမှာ ကေအဲန်ယူထိန်းချုပ်နယ်မြေများ နှင့် အစိုးရ ထိန်းချုပ်နယ်မြေများထက် ပိုမိုများပြားသည်ကို တွေ့ရပါသည်။ ထပ်၍ဖြည့်စွက်လိုသည်မှာ အခွန်ပေးဆောင်ကြရာတွင်လည်း ဖြေဆိုသူ ၃၃ ရာခိုင်နှုန်းသည် အခွန်အား အာဏာပိုင် နှစ်ဖွဲ့ (နှစ်ဖွဲ့ထက်ပိုနိုင်) လုံးကိုပေးရသောကြောင့် ရောယှက်နေသည့် ထိန်းချုပ်မှုနယ်မြေများမှ ပြည်သူများအတွက် အဓိကဝန်ထုတ်ဝန်ပိုး ကြီးမားမှုကို ဖြစ်စေပါသည်။

**ပုံ (၁.၁၈) - ရောယှက်အုပ်ချုပ်မှုရှိသော ဒေသများရှိ အမြင်သဘောထားနှင့် လိုလားမှုများ (အရေအတွက် - ၁၂၃၀)**





အပေါ်စီးမှမြင့်ရသော
ကရင်ရွာလေး တစ်ရွာ
© Saferworld

# ၂

# အုပ်ချုပ်မှုနှင့် တရားဝင်ဖြစ်မှု

**အစိုးရ - ကေအဲန်ယူ ပဋိပက္ခသည် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့်** နိုင်ငံရေး ပြဿနာဖြစ်ပြီး နယ်မြေပိုင်းဆိုင်ရာကိစ္စ၊ တိုင်းရင်းသား ဝိသေသလက္ခဏာဆိုင်ရာကိစ္စနှင့် အဆင့်လိုက် အုပ်ချုပ်ရေး စီမံထားရှိမှုဆိုင်ရာကိစ္စ တို့နှင့် ချိတ်ဆက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန် အတွက်ဆိုလျှင် အဆိုပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်မည်ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် အစိုးရနှင့် ကေအဲန်ယူတို့အကြား မည်သို့ ကရင့်နယ်မြေသတ်မှတ်သင့်သည်နှင့် အုပ်ချုပ်သင့်သည် ဆိုသည့်အချက်များအပေါ် သဘောမတူညီမှုသည် လက်နက်ကိုင်ပဋိပက္ခ ကို အစပြုစေသည့် နောက်ခံ အကြောင်းတရားများဖြစ်ပါသည်။ ကရင်ခေါင်းဆောင်များတောင်းဆိုခဲ့သည့် အချက်များမှာ ကရင်ပြည်နယ်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ရန်ကုန်အစိုးရတွင် ခိုင်မာသော ကိုယ်စားပြုမှု တို့ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ဗမာလွှမ်းမိုးမှုရှိသော ဗဟိုချုပ်ကိုင်မှုမြင့်မားသည့် စစ်တပ်ကြီးစိုးသော အစိုးရ အဆက်ဆက်အောက်တွင် မကျေနပ်ချက် နာကြည်းချက်များသည်လည်း ပိုမိုဆိုးရွားလာခဲ့ပါသည်။ ဖက်ဒရယ်စနစ်နှင့် ပြည်သူလူထုအခြေပြု ဒီမိုကရေစီစနစ်သည် ကေအဲန်ယူ၏ အဓိကရည်မှန်းချက်ထား နိုင်ငံရေးဆိုင်ရာတောင်းဆိုမှု ဖြစ်လာပါသည်။ ၁၈၈၀ ခုနှစ်တွင် တည်ထောင်ခဲ့ သော နိုင်ငံရေးပါတီနှင့် လူမှုရေးအဖွဲ့အစည်းဖြစ်သည့် Karen National Association မှတဆင့် ကေအဲန်ယူကို ၁၉၄၇ ခုနှစ်တွင် လူထုအဖွဲ့အစည်းအနေဖြင့် ရည်ရွယ်တည်ထောင် ခဲ့ပါသည်။ နောက်ပိုင်း နှစ်အနည်းငယ်အကြာ မလုံခြုံမှုများ ကြုံတွေ့လာချိန်မှစ၍ လက်နက် တပ်ဆင်မှုများကို စတင်ပြုလုပ်ခဲ့ပါသည်။

၁၉၄၀ ခုနှစ်များမှ စ၍ ကေအဲန်ယူသည် နေရာဒေသအများတွင် အစိုးရနှင့် စင်ပြိုင်အစိုးရပုံစံအား ၄င်းတို့အုပ်ချုပ်နယ်မြေများတွင် သာမက အစိုးရ အုပ်ချုပ်မှု ရှိသော နယ်မြေအချို့တွင်လည်း ထိရောက်စွာ တည်ဆောက်ခဲ့ကြသည်။[19] ယင်းစနစ်သည် ကရင်အမျိုးသားတည်ရှိနေမှုနှင့် ကေအဲန်ယူ ဆက်လက်ရပ်တည်နေမှုကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဗြိတိသျှကိုလိုနီစနစ်မှ အဓိကသွင်ပြင် လက္ခဏာများကို လက်ခံကျင့်သုံးခဲ့သော်လည်း ကရင်အင်စတီကျူးရှင်းများ ဖြစ်ထွန်းပေါ်ပေါ်လာမှုသည် ကရင့်ရိုးရာဓလေ့ ကျင့်သုံးမှုများဖြင့်ဆက်စပ်မှုရှိနေကာ ထိုပုံစံကို ရပ်ရွာဒေသများတွင်လည်း နက်ရှိုင်းစွာ အခိုင်အမာ တည်ဆောက်နိုင်ခဲ့သည်။ အဆိုပါအုပ်ချုပ်မှုစနစ်အတွင်း လုပ်ငန်းများ၊ ဥပဒေများနှင့် ဆောင်ရွက်မှုပုံစံများအား အချိန်အခါအရ၊ ရင်းမြစ်များအရနှင့် လူထု၏ပူးပေါင်းပါဝင်မှုအရ အဆက်ဆက် ဆောင်ရွက်လာခဲ့ပါသည်။ ကရင်ရပ်ရွာအခြေပြုအဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းကာ ဆောင်ရွက်ခဲ့ပါသည်။

ယနေ့အချိန်ထိ အပစ်အခတ်ရပ်ဆဲရေး နယ်မြေများတွင် တရားဝင် နယ်မြေပိုင်းခြား သတ်မှတ်ခြင်း မရှိသေးပေ။ အစိုးရ၊ ကေအဲန်ယူနှင့် အခြားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေထပ်နေသည့် ဧရိယာသည် များစွာရှိနေသည်ကိုတွေ့ရပါသည်။ အစိုးရ နှင့် ကေအဲန်ယူအကြား လက်ရှိဖြစ်ပေါ်နေသော အငြင်းပွားမှုများသည် အုပ်ချုပ်မှုပိုင်းဆိုင်ရာပြဿနာများ (အခွန်ကောက်ခံခြင်း၊ လမ်းဖေါက်ခြင်း၊ စီးပွားရေး ဆိုင်ရာစည်းမျဉ်းများ၊ ဘာသာစကားဆိုင်ရာ နှင့် ပညာရေး စသည်ဖြင့်) နှင့် ပတ်သက်နေပါသည်။ NCA တွင် လက်မှတ်ထိုး

19 See Jolliffe (2016); South (2011); and Smith (1999).

သော အဖွဲ့များ (KNU, DKBA နှင့် KPC အပါအဝင်) အား ၄င်းတို့နယ်မြေများတွင် အုပ်ချုပ်မှုနှင့် လုံခြုံရေး အတွက် အသိအမှတ်ပြုထားသော်လည်း လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်သည် ကွဲပြားနေသော အာဏာပိုင်များအတွက် အခွင့်အာဏာနှင့် တာဝန်ယူမှုများ ပါရှိသည့် အပြန်အလှန် အသိအမှတ်ပြုနိုင်သော `ယာယီ အစီအစဉ်ချထားမှု´ ကို အဖော်ဆောင်နိုင်သည်ကို တွေ့မြင်ရပါသည်။

ကေအဲန်ယူ အုပ်ချုပ်မှု စနစ်တွင် လုပ်ငန်းဆောင်ရွက်ခြင်းများ၊ အခွန်ကောက်ခံခြင်း၊ မြေယာနှင့် အရင်းအမြစ် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် စီးပွားရေးဆောင်ရွက်မှု အတွက် စည်းမျဉ်းများ စသည်တို့ပါဝင်ပါသည်။ အဆိုပါဆောင်ရွက်ချက်အများစုကို ကေအဲန်ယူ ဌာန (၁၄) ခုမှ ဆောင်ရွက်ကြပါသည်။ ဗဟိုတွင် ဌာနလေးခုသာ ဆောင်ရွက်မှုရှိပြီး ဌာနကိုးခုမှာ ခရိုင် နှင့် မြို့နယ်အဆင့်များတွင် ရှိပါသည်။ သို့သော် အုပ်ချုပ်မှုအဆင့်တိုင်းတွင် 'KNU Chairpersons' များမှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။[20] ထို့အပြင် အဆင့်တိုင်းတွင် တရားသူကြီးများ ပါရှိသော လွတ်လပ်သည့် တရားစီရင်မှု၊ ဌာနများ ပူးပေါင်းဆောင်ရွက်မှုအတွက် လိုအပ်သော ကော်မတီများ ဖွဲ့စည်းထားမှုနှင့် တရားဝင် အသိအမှတ်ပြုထားသည့် လွတ်လပ်သော ရပ်ရွာအခြေပြုအဖွဲ့အစည်းများ လည်းရှိပါသည်။ ကေအဲန်ယူတွင် အမျိုးသားများသည် ထုံးတမ်းစဉ်လာအရ ခေါင်းဆောင်မှုနေရာအများကို ရယူထားကြသော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ပြောင်းလဲမှုကို အစပြုခဲ့ပြီး အဆင့်တိုင်း၏ ခေါင်းဆောင်မှု ကော်မတီများတွင် အမျိုးသမီး အနည်းဆုံး နှစ်ဦးပါဝင်ရမည်ဆိုသည့် အချက်ကိုထားရှိခဲ့ပါသည်။ ထို့ကြောင့် ဌာနများတွင် အမျိုးသမီးပါဝင်မှုမှာ သိသာစွာ မြင့်တက်လာပါသည်။ KWO မှ အားပေးထောက်ခံ ဆော်ဩ ခဲ့ကြသောကြောင့်လည်း ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် မှစ၍ အရပ်ဖက်-စစ်ဖက် ကပြားပုံစံ စနစ် ဖြစ်ပေါ်လာပြီးနောက် အဆိုပါဒေသများတွင် အစိုးရ၏ အခန်းကဏ္ဍမှာ ပြောင်းလဲလာပါသည်။ အပစ်အခတ်ရပ်စဲမှု အကျိုးဆက်ကြောင့် တည်ငြိမ်မှု ရှိလာတာ တွေ့ရပါသည်။ ပဋိပက္ခဖြစ်ပွားခဲ့သည့် ၆၃ နှစ်အတွင်း တပ်မတော်သည် တဖြေးဖြေးနှင့် ကေအဲန်ယူ နယ်မြေများကို ထိန်းချုပ်မှု မြင့်မားလာခဲ့ပါသည်။ သို့သော် အစိုးရ၏ အရပ်ဖက်လုပ်ငန်း ဆောင်ရွက်မှုများမှာတော့ ထိုဒေသများသို့ ဝင်ရောက်ရန် အခြေအနေ အလွန်နည်းပါးခဲ့ပါသည်။ စစ်တပ်ဦးဆောင်သော အုပ်ချုပ်ရေး ကောင်စီများကို မြို့နယ်များ နှင့် ကျေးရွာအုပ်စုများတွင် တည်ထောင်ခဲ့ပါသည်။ ရပ်ရွာအဖွဲ့စည်းများနှင့် ချိတ်ဆက်၍ အဓမ္မစေခိုင်းမှု နှင့် တရားဝင်မဟုတ်သော အခွန်ကောက်ခံမှုတို့ဖြင့် ရပ်ရွာတိုးတက်ရေး ဆိုပြီး လုပ်ဆောင်ခဲ့မှုတွေ ပေါ်ပေါက်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် မှစ၍ လမ်းများဖေါက်ခြင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ခန့်အပ်ထားရှိခြင်း၊ ရဲစခန်းများ ဖွင့်လှစ်ခြင်း နှင့် အစိုးရကျောင်းဆရာ/ဆရာမ များစေလွှတ်ခြင်း စသည်တို့ ပြောင်းလဲမှု များ ရှိလာပါသည်။ အချို့လုပ်ငန်းများတိုးတက်လာသော်လည်း အဆိုပါပြောင်းလဲမှုအတွက် အစိုးရ၏ ကောင်အထည်ဖေါ် ဆောင်ရွက်မှုများသည် ပဋိပက္ခကိုဦးတည်စေခြင်း၊ နယ်မြေသစ်များ တိုးချဲ့၍ထိန်းချုပ်နိုင်မှုအားကောင်းစေရန် ဆောင်ရွက်နေမှုမျိုးများ မကြာခဏတွေ့မြင်ရခြင်း နှင့် ဒေသခံများ၏ တန်ဖိုးထားသည် စနစ်ပုံစံများကို ယိုယွင်းပျက်စီးစေခြင်း စသည်တို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် အပစ်အခတ်ရပ်စဲမှုသည် ကရင်နယ်မြေများအတွင်း ဗမာမှုပြုခြင်း နှင့် အစိုးရအနေဖြင့် ပဋိပက္ခများဖြေရှင်းရန်အတွက် နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာရန် မှန်ကန်သော စိတ်ဆန္ဒမရှိခြင်း ဆိုသည့် စိတ်ခံစားမှုများကို ဒေသခံလူထုအား ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတကာ ကူညီထောက်ပံ့မှုများသည်လည်း တစ်ခါတစ်ရံ အစိုးရ၏ တိုးချဲ့နေမှုများအတွက် ဖြစ်စေခဲ့ပါသည်။ အပစ်အခတ်ရပ်စဲမှု၏ ပါဝင်သောအချက်များဖြစ်သည့် လက်နက်ကိုင် တပ်ဖွဲ့များ စစ်အင်အားဖြည့်တင်းမှုကို တရားဝင်တားမြစ်ခြင်းနှင့် အပစ်အခတ်ရပ်စဲမှုအတွင်း တရားဝင်နယ်မြေပိုင်းခြား သတ်မှတ်ရေးအတွက် ညှိနိုင်းမှုတို့မှာလည်း အောင်မြင်မှု မရရှိသေးပေ။ အရပ်ဖက် အုပ်ချုပ်ရေးဆောင်ရွက်မှုသည် နယ်မြေထိန်းချုပ်ခြင်းနှင့် လွှမ်းမိုးရေးအတွက်ဆိုသည့် သဘောထားမျိုး အကြိမ်ကြိမ် ဖြစ်ပေါ်လာပါသည်။ သို့သော်လည်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ကျန်းမာရေးကဏ္ဍနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အစပြုဆောင်ရွက်မှုများမှာ တွေ့မြင်ရပါသည်။

20 These are the departments of agriculture, alliance affairs, breeding and fisheries, defence, education, finance and revenue (sometimes called the treasury), foreign affairs, forestry, interior and religious affairs, justice, mining, organising and information, health and welfare, and transportation and communication.

## အုပ်ချုပ်ရေး အာဏာပိုင်များ နှင့် လုပ်ငန်း တာဝန်များအား ခြုံငုံကြည့်ခြင်း

စစ်တမ်းကောက်ယူသည့် ဒေသများတစ်လျှောက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် အစိုးရနှင့် ကေအဲန်ယူ တို့ အပြိုင်ဖြစ်နေသည်ကို တွေ့ရပါသည်။ အချို့နေရာများတွင် ပို၍သေးငယ်သော အခြားလက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်မှု အခန်းကဏ္ဍ ရှိနေသည်ကိုလည်း တွေ့ရသော်လည်း ဖြေဆိုသူများ အကြားတွင် အဆိုပါအဖွဲ့များနှင့် ထိတွေ့မှုရှိသောသူများ ပါဝင်မှုအနေအထားမှာ အလွန်နည်းသည်ကို တွေ့ရှိရပါသည်။ ယခုလေ့လာမှုသည် အာဏာပိုင်တစ်ဖွဲ့ချင်းစီ၏ အုပ်ချုပ်မှု ဆောင်ရွက်နေမှုများအပေါ် ကျယ်ပြန့်စွာနှင့် နက်နဲစွာ သိရှိနားလည်လာစေရန် အတွက် အစိုးရအုပ်ချုပ်မှုဆိုင်ရာ ပုံစံနယ်ပယ်လေးခုကို အခြေပြု၍ ဆန်းစစ်လေ့လာသုံးသပ်သွားမည်ဖြစ်သည်။ ထိုပုံစံ နယ်ပယ်လေးခုသည် (၁) ကျေးရွာခေါင်းဆောင်၏ ချိတ်ဆက်ထားသော အာဏာပိုင်အဖွဲ့ (၂) စစ်သားများတည်ရှိမှု (၃) အခွန်ကောက်ခံခြင်း (၄) လူထုအတွက် လုပ်ငန်းဆောင်ရွက်မှုများ တို့ဖြစ်ပါသည်။[21]

အစိုးရနှင့် ကေအဲန်ယူ တို့အကြား အဆိုပါနယ်ပယ်လေးခုအရ သိသာစွာ တပ်တူဖြစ်နေမှုများ ရှိပါသည်။ နယ်မြေကွဲပြားမှုကိုဖော်ပြရန်အတွက် အစိုးရထိန်းချုပ်နယ်မြေ၊ ကေအဲန်ယူ ထိန်းချုပ်နယ်မြေနှင့် ရောယှက်နေသည့်ထိန်းချုပ်နယ်မြေ ဟူ၍ သုံးနှုန်းကြသော်လည်း အဆိုပါစကားလုံးများအတွက် အားလုံး သဘောတူလက်ခံသည့် တရားဝင် အဓိပ္ပာယ်ဖွင့်ဆိုမှု မရှိပေ။ အခန်း ၂.၆ ပို၍အသေးစိတ် ဆွေးနွေးထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဤအခန်းတွင် ထည့်သွင်းဖော်ပြရခြင်းသည် အဖွဲ့တစ်ဖွဲ့ချင်းစီ ၏ လုပ်ဆောင်ချက်များကို ခြုံငုံ၍ ဦးစွာ သဘောပေါက်စေရန် ဖြစ်ပါသည်။

အစိုးရနှင့် ကေအဲန်ယူ တို့၏ပထဝီပိုင်းဆိုင်ရာရောက်ရှိနိုင်မှုကို သိရှိနိုင်ရန်အတွက် စစ်တမ်းကောက်ခဲ့သည့် ကျေးရွာများအရေအတွက် နှင့် ဖြေဆိုသူများ၏ အစိုးရ အုပ်ချုပ်မှုပိုင်းဆိုင်ရာပုံစံလေးခုအရ သူတို့တွေ့ကြုံခဲ့သည့်အရာကို တုံ့ပြန်မှုများပါရှိသော ပုံ-၉နှင့် ပုံ-၁၀ တို့အားဖြင့် ဖော်ပြပေးထားပါသည်။ စစ်တမ်းကောက်ယူသည့်ကျေးရွာအများစုသည် အထက်ပါ ပုံစံလေးခုအရ ကြည့်လျှင် ကေအဲန်ယူသည် တော်တော် များများ ကိုက်ညီလွှမ်းမိုးမှုရှိနေသည် (ပထဝီအနေအထား ကျယ်ပြန့်မှုကို ညွှန်ပြခြင်းဖြစ်သည်) ကိုတွေ့ရသော်လည်း လွှမ်းမိုးမှု အဆင့်များသည် ကြီးမားသော ပြောင်းလဲမှုများ ရှိနေသည်ကို ဖြေဆိုသူများ၏ဖြေဆိုမှုများမှ ဖော်ပြခဲ့ပါသည်။ နောက်ပိုင်း အခန်းများတွင် ပုံစံတစ်ခုချင်းစီအတွက် အသေးစိတ် ဆွေးနွေးထား ပါသည်။

**ပုံ (၂.၁) - လွှမ်းမိုးမှု ပုံစံတစ်ခုချင်းစီအား တွေ့ကြုံနေရသော ကျေးရွာများ ရာခိုင်နှုန်း**




**ပုံ (၂.၂) - လွှမ်းမိုးမှု ပုံစံတစ်ခုချင်းစီအား တွေ့ကြုံနေရသော ဖြေဆိုသူများ ရာခိုင်နှုန်း**




21 A more detailed breakdown of how village leader affiliations operate is provided in section 2.1.

## ၂.၁ ကျေးရွာ အဆင့် အုပ်ချုပ်မှုပုံစံ

### အဓိကတွေ့ရှိမှုများ

- ကျေးရွာအုပ်ချုပ်မှု တွင် မတူသည့်ကွာခြားချက်များစွာ တွေ့ရပါသည်။ အချို့ရွာများသည် အစိုးရ (သို့) ကေအဲန်ယူ မှခန့်အပ်ထားသော ရွာသူကြီး တစ်ဦးသာ ရှိတတ်ပြီး အချို့ရွာများတွင် အစိုးရ နှင့် ကေအဲန်ယူ နှစ်ဘက်စလုံးနှင့် ချိတ်ဆက်တာဝန်ယူလုပ်ဆောင်သည့် ရွာသူကြီး တစ်ဦးသာရှိပါသည်။ အချို့ရွာများ တွင်တော့ တစ်ဘက်စီအတွက် တစ်ဦးစီ ရှိတတ် ပါသည်။
- စစ်တမ်းကောက်ခဲ့သောကျေးရွာများမှ ရွာသူကြီးများ အားလုံးသည် အမျိုးသားများ ဖြစ်ပါသည်။
- ဖြေဆိုသူအားလုံးနီးပါး ၎င်းတို့၏ ရွာသူကြီးကို သိကြပါသည်။ ရွာသူကြီးများအပေါ် ချဉ်းကပ်နိုင်မှု ရှိခြင်း၊ စောင့်ရှောက်ပေးမှုရှိခြင်း နှင့် ဆောင်ရွက်နိုင် စွမ်း ရှိခြင်းကို အများစုမှ ဖေါ်ပြကြသည်ကို တွေ့ရပါသည်။
- ကျေးရွာတစ်ရွာမှလွဲလျှင် စစ်တမ်းကောက်ခဲ့သော ကျေးရွာများတွင် လက်ရှိကျေးရွာခေါင်းဆောင်ကို ရွေးချယ်ရန် တွက် ရွေးကောက်ပွဲပုံစံတစ်မျိုးမျိုးတော့ ရှိကြပါသည်။ အားလုံးပါဝင်နိုင်မှု အရ ကြည့်လျှင်မူ ကွဲပြားမှုများ ရှိကြပါသည်။
- အစိုးရနှင့်ချိတ်ဆက်သောရွာသူကြီး ရွေးကောက်ပွဲများ တွင် ကေအဲန်ယူနှင့်ချိတ်ဆက်သောရွာသူကြီး ရွေးကောက်ပွဲများ ထက် ပိုမိုပါဝင်မှုရှိကြပြီး ကျား-မ ပါဝင်မှုသည်လည်း ပိုမို ကောင်းမွန်သည်ကို တွေ့ရပါသည်။ အစိုးရ၏ ၂၀၁၇ ခုနှစ်နှောင်းပိုင်း ကျေးလက်/ ရပ်ကွက် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲမှု၏ ရလဒ်အကျိုး ကြောင့် ဖြစ်နိုင်ပါသည်။

ကျေးရွာဆိုသည်မှာ မြန်မာနိုင်ငံ ကျေးလက်ဒေသနေ ပြည်သူလူထုများအတွက် အရေးကြီးဆုံး အုပ်ချုပ်မှုဆိုင်ရာ ယူနစ်တစ်ခု ဖြစ်ပါသည်။ အငြင်းပွားမှုရှိနိုင်ပါသည်။ ကျေးရွာခေါင်းဆောင်များသည် ကျေးရွာနေပြည်သူလူထုနှင့် အထက်အာဏာပိုင်များ (အစိုးရနှင့် ကေအဲန်ယူ နှစ်ရပ်လုံး) ကို အဓိက ချိတ်ဆက် ဆောင်ရွက်ပေးနေသူများ ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဆင့်တိုင်းတွင် အဓိက တာဝန်ရှိ သူများက အုပ်ချုပ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်လေ့ရှိသည့် (ရာစုနှစ်များစွာ တည်ရှိခဲ့သော) နိုင်ငံရေးဓလေ့ကြောင့် ဖြစ်ပါသည်။ အစိုးရသာမက ကေအဲန်ယူအပါအဝင် ကျင့်သုံး လက်ကိုင်ထားသည့် အုပ်ချုပ်ရေးဆိုင်ရာ စနစ်အောက်တွင် ကျေးရွာခေါင်းဆောင်များသည် ကျေးရွာ အုပ်စုခေါင်းဆောင်များသို့ အစီအရင်ခံ သတင်းပို့ရပါသည်။[22] တဖန် ကျေးရွာအုပ်စု ခေါင်းဆောင်များမှ မြို့နယ်များသို့ စသည်ဖြင့် အဆင့်ဆင့် အစီအရင်ခံ သတင်းပို့ ကြရပါသည်။

> “စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ ၇၂ ရွာတွင် ၁၉ ရွာတွင်သာ GOM တစ်ခုတည်းနှင့် ချိတ်ဆက်သော ခေါင်းဆောင်များ ရှိသည်၊ ၂၄ ရွာတွင် KNU တစ်ခုတည်းနှင့် ချိတ်ဆက်သော ခေါင်းဆောင်များရှိသည်၊ ၁၇ ရွာတွင် အဖွဲ့တစ်ခုချင်းစီနှင့် ချိတ်ဆက်သော ခေါင်းဆောင် တစ်ဦးစီ ရှိသည်၊ အဓိကအားဖြင့် GoM အောက်တွင်ရှိနေသော ရွာ ၉ ရွာရှိ ခေါင်းဆောင်များသည် KNU အား အစီရင်ခံမှုများလည်း ရှိပြီး KNU၏ စနစ်အောက် အဓိက ရှိနေသော်လည်း GoM အား အစီရင်ခံမှုများလည်း ရှိပါသည် ”

ကျေရွာ ခေါင်းဆောင်ရွာသူကြီးများသည် တာဝန်အရ အရေးကြီးသော်လည်း အစိုးရစနစ်အောက်တွင် တရားဝင်အပြည့်အဝ အသိအမှတ်ပြုခြင်း (သို့) ဥပဒေအရ ဖွဲ့စည်းထည့်သွင်းထားခြင်း မရှိသေးပေ။ သို့သော် ၂၀၁၇ ခုနှစ်မှစ၍ ပိုမိုရှင်းလင်းမှုရှိသော သတ်မှတ်မှုများကို ရရှိလာပါသည် (`ရာအိမ်မှူး´ သို့မဟုတ် `ကျေးရွာအုပ်ချုပ်ရေးမှူး´စသည်ဖြင့်)။ လက်တွေ့ဆောင်ရွက်မှုများတွင်မူ ကျေးရွာ ခေါင်း ဆောင် ရွာသူကြီးများသည် ဒေသ၏ တရားဝင်အသိအမှတ်ပြုမှုရရှိခြင်းနှင့် အတူ ကျယ်ပြန့်လှသော လုပ်ငန်း အကောင်အထည်ဖေါ်ဆောင်ရွက်မှုများနှင့် တရားဥပဒေ ဆိုင်ရာကိစ္စရပ်များတွင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ၏ အထူးယုံကြည်အားကိုးကာ ပူးပေါင်းလုပ်ဆောင်ရသည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ကိုတော့ တရားဝင်ရွေးကောက်ခြင်း၊ သင်တန်း ပေးခြင်းနှင့် တပ်မတော်တာဝန်ယူကိုင်တွယ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ၏ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ အသေးစား ထောက်ပံ့ဂုဏ်ပြုငွေပေးခြင်း တို့ရှိပါသည်။ သို့သော် ၎င်းတို့သည် ပြည်သူ့ ဝန်ထမ်းများတော့ မဟုတ်ပေ။[23] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးများကို အစီရင်ခံသတင်းပို့ရပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများသည် ပြည်သူလူထုပါဝင်မှုဖြင့် ရွေးကောကတင်မြောက်သည့်ပုဂ္ဂိုလ်များမဟုတ်ဘဲ ခန့်အပ်ခံ ဝန်ထမ်းများဖြစ်ကြပါသည်။[24] ကျေရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများသည် ၂၀၁၇ခုနှစ် ရာအိမ်မှူးရွေးကောက်ပွဲစနစ် အစပြုပြီးနောက်ပိုင်းမှစတင်ကာ ပို၍စနစ်ကျလာသည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲကို အိမ်ထောင်စုတစ်စုလျှင် မဲ တစ်မဲ ကိုအခြေခံ၍ ပြုလုပ်ပါသည်။ အိမ်ထောင်စု အားလုံး အပြတ်ပါဝင်မှုကတော့ အားနည်းနေဆဲ ဖြစ်ပါသည်။ ရွေးကောက်ခံများ တာဝန်လစ်ဟင်းမှုများရှိလျှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဖယ်ရှားနိုင်သည့် အခွင့်အာဏာ ရှိသည်ကိုလည်း တွေ့ရပါသည်။[25]

22 The GoM, EAOs and their antecedents, such as the colonial administration and historical kingdoms, have all used ‘graded territorial administration’, meaning that central governance figures at each administrative level act as the centre point of all governance functions and report to their counterpart at the next level up. See more on how the GoM’s graded territorial administration systems developed in Kyi Pyar Chit Saw and Arnold (2014) and on the EAO’s administrative systems in Jolliffe (2015).

23 Some village leaders hold the official position of 100-household head, whose official function (reintroduced in 2017 in rural areas, having been removed since 2012) is to represent their constituent households in village tract elections. However, they are generally relied upon for a wider number of tasks. For more on the procedures of local GoM elections in Myanmar, see Kempel and Aung Tun (2016); note that this report was written before the change to the 2012 law that reintroduced the elected role of 100-household heads.

24 The GAD is under the Ministry of Home Affairs, one of three ministries whose ministers are effectively appointed by the commander-in-chief of the armed forces.

25 Now that the official election of 100-household heads has been reintroduced, most village leaders are likely elected as part of VTA elections. In these, each household gets one vote to elect their local 10-household head, who then is able to place a vote on behalf of all households for the 100-household head, who in turn votes for the VTA. This system was introduced in 2012, changed again in 2016 and is yet to be systematically implemented.



အဓိကအားဖြင့် KNU နှင့် DKBA တို့မှ ထိန်းချုပ်ထားသော ဒေသတစ်ခုတွင် အသစ်တည်ဆောက်ထားသည့် အစိုးရရုံးအပြင်ဘက်တွင် မြန်မာနိုင်ငံအလံလွှင့်ထူထားပုံ © ကင်မ် ဂျိုးလစ်ဖ်

ကျေးရွာအဆင့် ပြည်သူ့အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်လျှင် ကေအဲန်ယူသည် ပို၍ ခိုင်မာပြီး ပုံစံတကျရှိသည်ကိုတွေ့ရပါသည်။ အဖွဲ့အစည်းအား နိုင်ငံရေးပါတီ နှင့် ဒေသအစိုးရ တို့ပေါင်းစပ်ထားသည့် ပုံစံဖြင့် တည်ဆောက်ထားပါသည်။ ကျေးရွာခေါင်းဆောင်သည် ကျေးရွာပါတီ၏ ဥက္ကဋ္ဌလည်း ဖြစ်သည်ဆိုသည့် အချက်ကို တရားဝင် သတ်မှတ်ထားပါသည်။ သို့သော် ၎င်းတို့၏ အဓိကအခြေခံ လုပ်ကိုင်ရမှုမှာ ဒေသအုပ်ချုပ်ရေး တာဝန်များ ဖြစ်ပါသည်။ ဗဟိုအုပ်ချုပ်ရေးအဖွဲ့မှ အသိအမှတ်ပြုသလို အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကိုလည်း အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။ ကျေးရွာခေါင်းဆောင်များသည် အဖွဲ့ဝင် ၇ ဦးပါကျေးရွာကော်မတီကို ဦးဆောင်ရပါသည်။ တရားဝင် ခေါ်ဆိုမှုမှာ `ကေအဲန်ယူ အခြေခံအဖွဲ့အစည်း´ (“KNU Foundational Bodies”) ဟူ၍ ဖြစ်ပါ သည်။ အဆိုပါကော်မတီတွင် အမျိုးသမီး အနည်းဆုံး နှစ်ဦးပါဝင်ရပါသည်။ ကော်မတီဝင် တစ်ဦးချင်းစီတွင် မတူညီသည့် အခန်းကဏ္ဍကို တာဝန်ယူရပါသည် (ဥပမာ - ကျေးရွာလုံခြုံရေး၊ အခွန်စီမံခန့်ခွဲရေး စသည်ဖြင့်)။ အဆိုပါကော်မတီကို ဒေသခံပြည်သူများမှရွေးကောက်ပါသည်။ ပုံမှန်အားဖြင့် အိမ်ထောင်စုတစ်စုလျှင် မဲ တစ်မဲ ပုံစံဖြင့် ပြုလုပ်ပါသည်။ လက်တွေ့ ဆောင်ရွက်ကြရာတွင်တော့ ရွေးကောက်ပွဲဖြစ်စဉ်များသည် စနစ်ကျမှု (သို့) ပုံစံတူမှု အပြည့်အဝ မရှိကြပေ။ အချို့နေရာများတွင် ကျေးရွာခေါင်းဆောင် နှင့် ကျေးရွာအုပ်စုခေါင်းဆောင် များကို မြို့နယ်အဆင့်မှ ကေအဲန်ယူ တာဝန်ရှိပုဂ္ဂိုလ်များမှ ရွေးကောက်ပွဲမပါဘဲ ရွေးချယ်မှုများလည်းရှိပါသည်။ ကျေးရွာခေါင်းဆောင်နှင့် ကော်မတီဝင်များသည် ကျေးရွာအုပ်စုခေါင်းဆောင် နှင့် ကျေးရွာအုပ်စုကော်မတီဝင်များ အတွက် ရွေးကောက်ပွဲများတွင် ပါဝင်ရွေးချယ်ခံရပါသည်။ ထိုမှတဆင့် ကျေးရွာအုပ်စုခေါင်းဆောင်နှင့် ကျေးရွာအုပ်စုကော်မတီဝင် များသည် ကွန်ဂရက်တွင်ပါဝင်ရပြီး ထိုကွန်ဂရက်တွင် မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့် ခေါင်းဆောင်မှု အပိုင်းများကို ရွေးကောက်ပါသည်။

စစ်တမ်းကောက်ခဲ့သောဒေသများ၌ အစိုးရ၊ ကေအဲန်ယူနှင့် အခြား လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေများထပ်နေသောကြောင့် ကျေးရွာအုပ်ချုပ်မှုများသည် ရှုပ်ထွေးလှကြောင်းကိုတွေ့ရှိရပါသည်။ ကျေးရွာ ၇၂ ရွာ မှ ၂၄ ရွာသည် ကေအဲန်ယူဘက်နှင့်ချိတ်ဆက်နေသည့် ကျေးရွာခေါင်းဆောင်များသာရှိပြီး၁၉ရွာမှာအစိုးရဘက်နှင့်ချိတ်ဆက်နေသောကျေးရွာအုပ်ချုပ်ရေးမှူးများသာရှိပါသည်။ ကျေးရွာ ၁၇ ရွာတွင် ကျေးရွာခေါင်းဆောင်နှစ်ဦးရှိပါသည်။ အစိုးရမှ တစ်ဦးနှင့် ကေအဲန်ယူမှတစ်ဦး ဖြစ်ပါသည်။ ကျေးရွာ ၉ ရွာတွင် အစိုးရ လွှမ်းမိုးသည့် ကျေးရွာခေါင်းဆောင်များ ဖြစ်ကြသော်လည်း ကေအဲန်ယူ ကိုပါ အစီရင်ခံတင်ပြမှုရှိပါသည်။ ကျန် ၃ ရွာ မှ ကျေးရွာခေါင်းဆောင်များသည် အခြေခံအားဖြင့် ကေအဲန်ယူ နှင့်တွဲနေသော်လည်း အစိုးရကိုပါ အစီရင်ခံတင်ပြမှုရှိပါသည်။ အာဏာပိုင်များ၏ ကျေးရွာခေါင်းဆောင်မှု ဆိုသည်ထက်ကျော်လွန်၍ အခြားနည်းလမ်းအမျိုးမျိုးဖြင့် ပါဝင် လွှမ်းမိုးနေမှုများလည်းရှိနေသောကြောင့် အခန်း ၂.၆ တွင် ရောယှက်ထိန်းချုပ်မှုရှိသည့် နယ်မြေများအတွက် ပို၍ ဆွေးနွေးမှုများကို တွေ့မြင်ရမည် ဖြစ်ပါသည်။

“စစ်တမ်းကောက်ခဲ့သောကျေးရွာများမှ ရွာသူကြီးများ အားလုံးသည် အမျိုးသားများ ဖြစ်ပါသည်၊ သို့သော် ကေအဲန်ယူဘက်မှ ကျေးရွာ ၇ ဦးကော်မတီတွင် အမျိုးသမီး အနည်းဆုံး နှစ်ဦးပါဝင်ရပါသည်၊”

စစ်တမ်းကောက်ခဲ့သောကျေးရွာများမှ ရွာသူကြီးများ အားလုံးသည် အမျိုးသားများ ဖြစ်ပါသည်။ သို့သော် ကေအဲန်ယူဘက်မှ ကျေးရွာ ၇ ဦးကော်မတီတွင် အမျိုးသမီး အနည်းဆုံး နှစ်ဦးပါဝင်ရပါသည်။ KPSN အဖွဲ့ဝင် အဖွဲ့စည်းများ၏ သုတေသနပြုလုပ်ထားချက်အရ ထုံးတမ်းဓလေ့များမှ အမျိုးသမီးများအား ဖေါ်ပြပါခေါင်းဆောင်မှုပိုင်း နေရာမျိုးများတွင်ပါဝင်ခြင်းကို ဖယ်ကျဉ်ထားသော်လည်း လွန်ခဲ့သည့် အနှစ်သုံးဆယ် (သို့) ပဋိပက္ခဖြစ်ပွားခဲ့သည့် အချိန်ကာလများတွင် ၎င်းတို့သည်

26 Common procedures include mass meetings with a nominal verbal agreement, hand raising or anonymous ballot systems.

ရပ်ရွာများအတွင်း ခေါင်းဆောင်များအဖြစ် ပို၍ ရွေးချယ်မှုခံခဲ့ကြရပါသည်။ ယခု သုတေသနအရ ထိုကဲ့သို့ဖြစ်ပေါ်လာမှုနှင့်ပတ်သက်၍ အကြောင်းအရင်း များစွာရှိသည်ကို တွေ့ရပါသည်။ ပထမအချက်မှာ အမျိုးသားများသည် ရွာနှင့် ဝေးရာကို ရောက်ရှိနေမှုများမှာ အမျိုးသမီးများထက် များပြားပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် ရွေးကောက်ပွဲတွင် အိမ်ထောင်စုကိုယ်စားပြုမှု အတွက် အခွင့်အရေး ပိုရှိနေမည်ဟု မှတ်ယူနိုင်ပြီး မဲပေးရာတွင်လည်း အခြားအမျိုးသမီးများကိုသာ မဲပေးနိုင်ချေ ပို၍ ရှိနေပါသည်။[27] နောက်အချက်မှာ တပ်မတော်နှင့် ဆက်ဆံပြောဆိုရာတွင် တပ်မတော်သည် ယဉ်ကျေးမှုအရ အမျိုးသားများထက် အမျိုးသမီးများကို ပို၍ ညင်သာစွာ ပြောဆိုဆက်ဆံမှု ရှိမည်ဆိုသည်ကို ရပ်ရွာပြည်သူလူထုက မျှော်လင့်ကြပါသည်။[28] သို့သော်လည်း အမျိုးသမီးများ အဆိုပါ အနေအထားနေရာတွင် ရှိနေခြင်းကြောင့် အကြမ်းဖက်မှုများလည်း ကြုံတွေ့ရမှုများရှိပါသည်။ ထို့ကြောင့် ထိုနေရာများတွင် ကြာရှည် ထမ်းဆောင်နိုင်ခြင်းမရှိသည် ကိုလည်း တွေ့ရပါသည်။ အမျိုးသမီးများ ပိုမိုအားကောင်းစွာပါဝင် လာနိုင်ရန် အဆိုပါဖန်တီးမှုများရှိခဲ့သော်လည်း ၂၀၁၂ခုနှစ် အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးနောက်ပိုင်းတွင် အမျိုးသားများမှသာ ခေါင်းဆောင်မှု နေရာအများစုကို ရယူလာခဲ့ပါသည်။ အမျိုးသမီးများ ပါဝင်နိုင်မှုလျော့ကြလာခြင်းသည် နောက်ကိုပြန်ဆုတ်သွားပြီး ထုံးထမ်းအစဉ်အလာအတိုင်း ပြန်ဖြစ်သွားမည်ကို စိုးရိမ်စရာ ရှိပါသည်။[29] အမှန်တကယ် အမျိုးသမီးများသည် ပို၍ကြီးမားသည့် အန္တရာယ်ကို ရပ်ရွာအတွက် ၎င်းတို့ကိုယ်တိုင် ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ အကြိမ်ကြိမ် အလွဲသုံးအနိုင်ကျင့်ခံရမှုနှင့် ကြုံတွေ့ခဲ့ရသည်။ ယခုအခါတွင် နောက်ပြန်ဆုတ် သကဲ့သို့ရှိနေပြီး ချန်လှပ်ခံရမှုများ ကြုံတွေ့နေရပါသည်။

၎င်းတို့၏ ကျေးရွာခေါင်းဆောင်များကို သိရှိကြပါသည်။ ဖြေဆိုသူများမှ အနည်းငယ်သော ကျေးရွာခေါင်းဆောင်များအား မသိရှိသူများတွင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၂၂ ဦးပါဝင်ပါသည် (ပုံ -၂.၃)။

**ပုံ (၂-၃) - အမျိုးသားနှင့် အမျိုးသမီးများမှ ၎င်းတို့၏ ကျေးရွာလူကြီးအား သိရှိမှု**




ရွာသူကြီးများအပေါ် ချဉ်းကပ်နိုင်မှု ရှိခြင်း၊ ရွာသူကြီးများ၏ စောင့်ရှောက်ပေးမှုရှိခြင်းနှင့် ဆောင်ရွက်နိုင်စွမ်းရှိခြင်း ကို ဖြေဆိုသူ အများစုက ဖော်ပြကြသည်ကိုတွေ့ရပါသည်။ ဖြေဆိုသူများထဲမှ ၈၁.၅ ရာခိုင်နှုန်းမှာ ၎င်းတို့ပြဿနာများအတွက် ရွာသူကြီးထံ ချဉ်းကပ်နိုင်မှု ရှိသည်ကို ဖြေဆိုကြသည် (၆.၇ ရာခိုင်နှုန်း သာ ချဉ်းကပ်ခွင့် မရရှိဟု ဖြေဆို) (ပုံ- ၂.၄)။ `ကျေးရွာခေါင်းဆောင်မှ ရပ်ရွာအပေါ် အမှန်တကယ် စောင့်ရှောက်မှုရှိသည်´ ဆိုသည့်အချက်အပေါ်တုံ့ပြန်မှုတွင် ၃၀ ရာခိုင်နှုန်းမှ `အလွန်သဘောတူ´ ဆိုသည့် ဖြေဆိုမှုကိုတွေ့ရပြီး ၅၅ ရာခိုင်နှုန်းမှ `သဘောတူ´ ဆိုသည့် အဖြေကိုပေးကြပါသည်။ ၂.၅ ရာခိုင်နှုန်း သာလျှင် `သဘောမတူ´ (သို့) `အလွန်သဘောမတူ´ ဆိုသည့် ဖြေဆိုတုံ့ပြန်မှုကို တွေ့ရ သည်။ (ပုံ- ၂.၆)။ `ကျေးရွာခေါင်းဆောင်မှ ရပ်ရွာအပေါ် အမှန်တကယ် ဆောင်ရွက်ပေးနိုင်စွမ်းရှိသည်´ ဆိုသည့် ဖော်ပြချက်အပေါ် ၂၀ ရာခိုင်နှုန်းမှ အလွန်သဘော တူပြီး ၅၀ ရာခိုင်နှုန်းမှ သဘောတူကြောင်းတုံ့ပြန်ကြကာ ၃ ရာခိုင်နှုန်းသာ သဘောတူညီမှု မရှိသည် ကို တွေ့ရပါသည်။ (ပုံ- ၂.၅)

27 KHRG (2016), p 24. See also, pp 25–26.

28 KWO (2010), pp 10–11, 13. In particular, male village leaders were more commonly "being accused of having links with the Karen resistance, and being tortured and killed", p 11.

29 KHRG (2016), p 24.

**ပုံ (၂.၄) - သင့်အနေနဲ့ ဥပမာအားဖြင့် ပြဿနာတစ်ခုနှင့် ကြုံတွေ့သည့်အခါ သင့်၏ ကျေးရွာခေါင်းဆောင်ထံ ချဉ်းကပ်နိုင်တယ်လို့ ခံစားရပါသလား၊**




**ပုံ (၂.၅) ကျေးရွာခေါင်းဆောင်တွင် ၎င်း၏ ဒေသအား ဝန်ဆောင်မှုပေးရန် လိုအပ်သော ကျွမ်းကျင်မှုများ ရှိပါသလား**




**ပုံ (၂.၆) - ကျေးရွာခေါင်းဆောင်သည် ၎င်း၏ဒေသအား အမှန်တကယ် ဂရုစိုက်မှုရှိပါသလား**




**ပုံ (၂.၇) - ဖြေဆိုသူများမှ မိမိတို့၏ ကျေးရွာခေါင်းဆောင်အား ချဉ်းကပ်နိုင်ပါသလားဆိုသည့် မေးခွန်းမေးမြန်းသည့် အခါ "မရပါ" ဟု ဖြေဆိုသူများအား အမျိုးသား၊ အမျိုးသမီးအလိုက် တွေ့ရပုံ**



ရွာသူကြီးထံသို့ ချဉ်းကပ်ခွင့် မရရှိ ဆိုသည့် ဖြေဆိုသူ ၁၃၃ ဦး (၆.၇ ရာခိုင်နှုန်း) တွင် ၅၃ ရာခိုင်နှုန်း မှာ အမျိုးသားများဖြစ်ကြပြီး ၄၇ ရာခိုင်နှုန်း မှာ အမျိုးသမီးများ ဖြစ်ပါသည်။ ဖေါ်ပြပါမေးခွန်းသုံးခု၏ အဖြေများကို ပို၍ နီးကပ်စွာ ဆန်းစစ်သုံးသပ်ကြည့်ရာတွင် စစ်တမ်းကောက်ခဲ့သောကျေးရွာများမှ ထက်ဝက်ကျော်ကျော် တွင် အနည်းငယ် ဖယ်ကျဉ်ခံရမှု (သို့) မျှော်လင့်ထားသည့် ကျေနပ်မှု မရရှိခဲ့ မှုများ ရှိနေသော်လည်း ခြုံငုံ၍ ကြည့်မည်ဆိုလျှင် ကျေးရွာအနည်းငယ်မှသာ ၎င်းတို့၏ ကျေးရွာ ခေါင်းဆောင်များ ဆောင်ရွက်မှုအားနည်းခြင်းရှိသည်ကို ပြသနေပါသည်။ ဉပမာအားဖြင့် ရွာသူကြီး များအား ချဉ်းကပ်နိုင်မှု `ရရှိ´လား `မရရှိ´ လားဆိုသည့် မေးခွန်းအပေါ် ကျေးရွာ ၂၆ ရွာတွင် `မရရှိ´ ဟုဖြေဆိုသူ တစ်ဦးမျှ မရှိပေ။ ၂၈ ရွာမှာတော့ `မရရှိ´ ဆိုသည့် ဖြေဆိုမှုမှာ ၁၀ ရာခိုင်နှုန်း အောက်၊ ၁၄ရွာမှာ ၁၀ ရာခိုင်နှုန်း နှင့် ၂၀ ရာခိုင်နှုန်း အကြား နှင့် ၄ ရွာတွင် ၂၅ ရာခိုင်နှုန်း အထက်တွင် ရှိပါ သည်။ နောက်ပိုင်းပါဝင်ခဲ့သည့် ကျေးရွာတစ်ရွာမှာတော့ `မရရှိ´ ဆိုသည့် ဖြေဆိုမှုကို ၅၅ ရာခိုင်နှုန်း ပင်ရှိသည်ကိုတွေ့ရပြီး ကျေးရွာခေါင်းဆောင်နှင့် သီးသန့် ပြဿနာများရှိခြင်းမျိုး (သို့) ကျေးရွာ ခေါင်းဆောင်၏ ပတ်ဝန်းကျင်နှင့်အဆင်မပြေမှုရှိခြင်းမျိုး တို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

**ပုံ (၂.၈) - သင့်ကျေးရွာ၏ အဓိကခေါင်းဆောင်အတွက် မဲပေးခဲ့ပါသလား**




ဖြေဆိုသူ ၄၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ ကျေးရွာခေါင်းဆောင်ရွေးချယ်မှုအတွက် မဲပေးခဲ့ပါသည်။[30] ၁၁ ရာခိုင်နှုန်းသည် ၎င်းတို့ကိုယ်တိုင်မဲပေးခြင်းမရှိဘဲ အိမ်ထောင်စုတွင်းမှ အခြားတစ်ဦးမှ မဲပေးခဲ့ သည် ကို ဖေါ်ပြကြပါသည်။ ကျေးရွာရွေးကောက်ပွဲပုံစံသည် အိမ်ထောင်စုတစ်စုကို မဲတစ်မဲ ပုံစံဖြစ် ပါသည်။ ယခုစစ်တမ်း ဖြေဆိုခြင်းတွင် သက်ကြီးသူများ အများစုပါဝင်ဖြေဆိုကြပါသည်။ ထို့ကြောင့် မဲပေးသူ နှင့် စစ်တမ်း ဖြေဆိုသူမှာ ကွဲပြားမှုမျိုး ရှိနိုင်သလို ရပ်ရွာအတွင်းမှ အရွယ်ရောက်ပြီးသူ တစ်ဦးချင်း၏ ကိုယ်စားပြုမှုရှိသည်ဟူ၍ လည်းဆို၍ မရနိုင်ပေ။

**ပုံ (၂.၉) - မိမိကျေးရွာ၏ အဓိကခေါင်းဆောင်အား မဲပေးခဲ့သော ဖြေဆိုသူများအား ကျား၊မအလိုက် တွေ့ရပုံ**




စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများအားလုံးကို ဆန်းစစ်မှုများပြုလုပ်ရာတွင် ကျေးရွာတစ်ရွာမှ လွဲ၍ ကျန်ကျေးရွာများအားလုံးတွင် လက်ရှိကျေးရွာခေါင်းဆောင်ကို ရွေးချယ်ရန် တွက် ရွေးကောက် ပွဲပုံစံတစ်မျိုးမျိုးရှိကြသည်ကိုတွေ့ရပါသည်။ သို့သော် အားလုံးပါဝင်နိုင်မှုအရ ကြည့်လျှင်မှု ကွဲပြားမှု များ ရှိကြပါသည်။ အားလုံးခြုံကြည့်လျှင် ကျေးရွာရွေးကောက်ပွဲများတွင် လူထုပါဝင်မှု အားကောင်း သည်ကို တွေ့ရပါသည်။ ကျေးရွာ ၂၄ ရွာတွင် စစ်တမ်းဖြေဆိုသည့် အိမ်ထောင်စုများ ၄၁ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း အကြား ကျေးရွာခေါင်းဆောင်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသည်။ ၂၁ ရွာမှာ ၆၁ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်း အကြားမဲပေးခဲ့ကြသည်။ ၄၁ ရာခိုင်နှုန်း အောက်မဲပေးခဲ့သည့် ကျေးရွာမှာ ၁၈ ရွာသာရှိသည်။ ကျေးရွာ ၃ ရွာမှာတော့ မည်သည့်အိမ်ထောင်စုမှ မဲပေးမှုမရှိခဲ့ပေ။[31]

30 There were nine respondents who had voted for a secondary village leader but not the primary leader; these are not analysed here.

31 In two of the villages, multiple respondents said that elections had taken place but no one in their household had voted. In the other, elections had been conducted for the secondary village leader and all (of only three) surveyed households had taken part.

**ပုံ (၂.၁၀) - မဲပေးခဲ့သော အိမ်ထောင်စုများ ရာခိုင်နှုန်းအလိုက် ကျေးရွာများအရေအတွက်**




"အစိုးရနှင့်ချိတ်ဆက်သော ကျေးရွာခေါင်းဆောင်တစ်ဦးသာရှိသော ကျေးရွာများတွင် ရွေးကောက်ပွဲ များ၌ လူထုပိုမိုပါဝင်မှုနှင့် ကျား-မ ပါဝင်မှုများ ပိုမို အားကောင်းသည်ကို တွေ့ရပါသည်။ ၎င်းအား ၂၀၁၇ ခုနှစ်နှောင်းပိုင်း စစ်တမ်းကောက်ယူမှု မလုပ်ဆောင်ခင် အချိန်လေးတွင်ပြုလုပ်ခဲ့သော ရာအိမ်ခေါင်း ရွေးကောက်ပွဲ ပြန်လည်မိတ်ဆက်မှုပြုခြင်းမှ လှစ်ဟဖော်ပြနေပါသည်"

အစိုးရနှင့်ချိတ်ဆက်သော ကျေးရွာခေါင်းဆောင်တစ်ဦးသာရှိသော ကျေးရွာများတွင် ရွေးကောက်ပွဲများ၌ လူထုပိုမိုပါဝင်မှုနှင့် ကျား-မ ပါဝင်မှုများ ပိုမို အားကောင်းသည်ကို တွေ့ရပါသည်။ ၎င်းအား ၂၀၁၇ ခုနှစ်နှောင်းပိုင်း စစ်တမ်းကောက်ယူမှု မလုပ်ဆောင်ခင် အချိန်လေးတွင်ပြုလုပ်ခဲ့သော ရာအိမ်ခေါင်း ရွေးကောက်ပွဲ ပြန်လည်မိတ်ဆက်မှုပြုခြင်းမှ လှစ်ဟဖော်ပြနေပါသည်(ပုံ -၂.၁၁)။ ကျား-မ ကွာခြားမှုသည် ကေအဲန်ယူနှင့် ချိတ်ဆက်မှုသာရှိသော ကျေးရွာများတွင် မြင့်မား နေသည်ကို တွေ့နိုင်ပါသည်။ (Box ၂. ၁ တွင်တွေ့နိုင်)။ နှစ်ဘက်လုံးမှ ကျေးရွာခေါင်းဆောင်များရှိသော ကျေးရွာများ၌ ရွေးကောက်ပွဲတွင် ပါဝင်ကြမှု လျော့နည်း သည်ကို လည်း တွေ့ရပါသည်။ မည်သည့်ဘက်မှ ကျေးရွာကို အပြည့်အဝ မထိန်းချုပ်နိုင်သည့် ရလဒ်ကြောင့် ဖြစ်နိုင်ပါသည်။ (ပုံ -၂.၁၁ နှင့် ပုံ -၂.၁၂) အစိုးရဘက်နှင့်ချိတ်ဆက်ထားသော ကျေးရွာခေါင်းဆောင် သာရှိသော ကျေးရွာများ၊ ကေအဲန်ယူဘက်မှ ချိတ်ဆက်နေသော ကျေးရွာခေါင်းဆောင်သာရှိသောကျေးရွာများနှင့် အစိုးရမှကျေးရွာခေါင်းဆောင်နှင့် ကေအဲန်ယူမှကျေးရွာခေါင်းဆောင်များတို့၏ ကိုယ့်အုပ်ချုပ်မှုစနစ်ပုံစံနှင့်ကိုယ် နှစ်ဘက်လုံး ရှိနေသည့်ကျေးရွာများ တို့၏ နှိုင်းယှဉ်ဖော်ပြမှုကို ပုံ -၂.၁၂ တွင်တွေ့နိုင်ပါသည်။ စစ်တမ်းကောက်ယူခဲ့သည့်ကျေးရွာများမှ ဖော်ပြပါမတူညီသည့် ခေါင်းဆောင်မှုတည်ရှိနေသည့် အနေအထားသည် မဲပေးသူ ပါဝင်မှုကို ပို၍ နည်းသွားစေသည် (သို့) ပို၍ များပြားသွားစေသည် ဆိုသည်ကို တွေ့ရမည်ဖြစ်သည်။ မဲပေးမှုအရ သုည မှ ၁၉ ရာခိုင်နှုန်း အတွင်း မဲပေးခဲ့သောကျေးရွာများ၊ ၂၀ မှ ၃၉ ရာခိုင်နှုန်း အတွင်း မဲပေးခဲ့သောကျေးရွာများ... စသည်ဖြင့် ကျေးရွာများကို အုပ်စုခွဲထားပါသည်။ အစိုးရဘက် (သို့) ကေအဲန်ယူဘက်မှ ကျေးရွာ ခေါင်းဆောင် တစ်ဦးသာရှိသောကျေးရွာများတွင် နှစ်ဘက်လုံးမှ ကျေးရွာခေါင်းဆောင်တစ်ဦးစီရှိနေသော ကျေးရွာများထက် မဲပေးသူ ပါဝင်မှု ပိုများသည်ကိုတွေ့နိုင်ပါသည်။ စစ်တမ်းကောက်ယူခဲ့သည့်ကျေးရွာများအကြား နှစ်ဘက်လုံးမှ ကျေးရွာခေါင်းဆောင်ရှိသောရွာများ၌ မဲပေးပါဝင်မှု နှုန်းကို ကြည့်လျှင် ၂၀ ရာခိုင်နှုန်း အောက်မဲပေးသူမှာ ၃၅ ရာခိုင်နှုန်း ရှိပြီး ၂၀ မှ ၃၉ ရာခိုင်နှုန်း အကြားမဲ ပေးသူမှာ ၂၉ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရပါသည်။ ၆၀ ရာခိုင်နှုန်းနှင့် အထက်မဲပေးပါဝင်မှုကိုကြည့်လျှင် အစိုးရဘက်မှ ကျေးရွာခေါင်းဆောင် တစ်ဦးသာရှိသော ရွာများတွင် ၇၅ ရာခိုင်နှုန်း နှင့် ကေအဲန်ယူ ဘက်မှ ကျေးရွာခေါင်းဆောင်တစ်ဦးသာရှိသော ရွာများတွင် ၇၄ ရာခိုင်နှုန်း ရှိသည် ကိုတွေ့ရှိရပြီး ရောယှက်ထိန်းချုပ်နယ်မြေ များရှိကျေးရွာများတွင်မူ ၁၈ ရာခိုင်နှုန်းသာ ရှိသည်ကိုတွေ့ရပါသည်။ ရောယှက်ထိန်းချုပ်နယ်မြေများရှိကျေးရွာများတွင် ၂၀ ရာခိုင်နှုန်းအောက် ပါဝင် မဲပေးမှုကို ၃၅ ရာခိုင်နှုန်းထိတွေ့ရှိရပြီး ၂၀ မှ ၃၉ ရာခိုင်နှုန်းအကြား ပါဝင်မဲပေးမှုမှာ ၂၉ ရာခိုင်နှုန်း ရှိပါသည်။

**ပုံ (၂.၁၁) - မိမိတို့၏ ကျေးရွာခေါင်းဆောင်အတွက် ဖြေဆိုသူများမှ မိမိတို့ကိုယ်တိုင် မဲပေးခဲ့မှုအခြေအနေ**



ပုံ (၂.၁၂) - မဲပေးခဲ့သော အိမ်ထောင်စု ရာခိုင်နှုန်းအလိုက် ကျေးရွာများ






KNU ထိန်းချုပ်သော ကျေးရွာတစ်ခုရှိ အိမ်တစ်လုံး၏ အပြင်ဘက်တွင် ကရင်အလံ အားလွှင့်ထူထားပုံ

© Saferworld

## စကွက် ၂.၁ - ကျား-မနှင့် ကျေးရွာရွေးကောက်ပွဲများ

ကျေးရွာရွေးကောက်ပွဲများတွင် အမျိုးသား ၄၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၁.၉ရာခိုင်နှုန်း မှ မဲပေးခဲ့ကြောင်း ဆိုကြပါသည်။ ကျေးရွာများမှ မဲပေးခဲ့မှု များကို ပို၍ နီးကပ်စွာ ကြည့်မည်ဆိုလျှင် ကျား-မ ညီမျှမှုသည် တစ်ရွာချင်းအလိုက် သိသာစွာ ကွဲပြားနေသည်ကို တွေ့မြင်ရပါသည်။ စစ်တမ်းကောက်ခဲ့သည့် ကျေးရွာများမှ ၄၉ ရွာတွင် အမျိုးသား များမဲပေးသည့်အချိုးသည် အမျိုးသမီးများထက်မြင့်နေသည်ကို တွေ့ရပါသည်။ ကျေးရွာ ၇ ရွာမှာ ကျားမ မဲပေးမှု အချိုးတူညီမှုရှိပါသည် (မည်သူမျှမဲမပေးသည့် ၅ ရွာပါဝင်ပါသည်)။ ၁၆ရွာမှာ အမျိုးသမီးမဲပေးမှု အချိုးသည် အမျိုးသားများထက် ပိုမြင့်သည်ကို တွေ့ရပါသည်။ အမျိုးသားများမဲပိုပေးသော အထက်ဖော်ပြပါ ၄၉ ရွာမှ ၁၆ရွာတွင် အမျိုးသားများ မဲပိုပေးမှုအချိုးမှာ ၂၀ ရာခိုင်နှုန်း ထက်ကျော်လွန်ပါသည်။ အမျိုးသမီးများမဲပိုပေးသည့် အထက် ဖော်ပြပါ ၁၆ ရွာတွင် ၃ ရွာ၌သာ အမျိုးသမီးများ မဲပိုပေးမှုအချိုး ၂၀ ရာခိုင်နှုန်း ထက်ကျော်လွန်ပါသည်။

ကျား-မ ညီမျှမှု သည် အစိုးရထိန်းချုပ်နယ်မြေများတွင် အခိုင်မာ ဆုံးဖြစ်သည်။ အမျိုးသမီးများသည် ထိုနေရာများတွင် အနည်းငယ် မဲပေးမှု သာနေသည်ကိုတွေ့ရပါသည်။ (ပုံ - ၂.၁၁)။ ကေအဲန်ယူ ကျေးရွာခေါင်းဆောင်သာရှိသော ကျေးရွာများတွင် ကျား-မ ညီမျှမှု အားအနည်းဆုံးဖြစ်ပါသည်။ ထိုကျေးရွာများတွင် အမျိုးသားများ၏ မဲပေးမှုမှာ ၅၃ ရာခိုင်နှုန်း ရှိပြီး အမျိုးသမီးများ မဲပေးမှု မှာ ၃၅ ရာခိုင်နှုန်း သာရှိပါသည်။

ကျား-မ ကွာခြားမှုများရှိနေသည်ကို ယခုလေ့လာမှုတွင် ရှင်းလင်းစွာ ဖော်ပြမှု ရှိသည်ကို တွေ့မြင်ရသည့်တိုင် လက်တွေ့အရှိတရားတွင် ပို၍ ညီမျှမှု လျော့နည်းနိုင်သည်ဟူ၍ အကြံပေးကော်မတီမှ အကြံပြုမှုရှိခဲ့ပါသည်။ မဲပေးခြင်းသည် အိမ်ထောင်စု တစ်စုချင်းကို အခြေခံသည် ဖြစ်၍ ကျား -မ ညီမျှမှုသည် မည်သူမဲသွားပေးသည်ဆိုသည်ထက် အိမ်ထောင်စုအတွင်း မည်သို့ မဲပေးမည့်သူအား ဆုံးဖြတ်ချက်ချခြင်းအပေါ် များစွာ မူတည်နေမည် ဖြစ်သည်။ အမျိုးသမီးများ၏ ရွေးကောက်ပွဲများတွင် ပါဝင်မှုနှင့် မဲပေးခြင်းအတွက် အိမ်ထောင်စုအတွင်းမှ ဆုံးဖြတ်ချက်ချခြင်းတွင် အမျိုးအမီးများ မည်မျှ အရေးပါ ဆောင်ရွက်နိုင်မှုရှိခြင်း မရှိခြင်းကို ပိုမိုကောင်းမွန်စွာ ဆန်းစစ်နိုင်ရန်အတွက် ဆက်စပ်သုတေသနများ လုပ်ဆောင်ရန်လိုအပ်ပါသည်။ ဖြေဆိုသူများအထဲမှ ကိုယ်တိုင် မဲပေးခြင်းမရှိခဲ့ဘဲ အိမ်ထောင်စုအတွင်း အခြားတစ်ဦးဦးမှ မဲပေးခဲ့ကြောင်း ဖြေဆိုသူ ၂၁၁ ဦးရှိရာ အမျိုးသမီး ၁၃၃ ဦး (၆၃ ရာခိုင်နှုန်း) ဖြစ်ပြီး ၇၈ ဦး (၃၇ ရာခိုင်နှုန်း) မှာအမျိုးသားများ ဖြစ်ပါသည်။



ပုံပိုးငွေ လျော့နည်းလာသော်လည်း ကြံ့ကြံ့ခံ လုပ်ဆောင်လျက်ရှိသောအီထူထ နေရပ်စွန့်ခွါသူများ စခန်းအတွင်းရှိ ဆေးခန်းတစ်ခုတွင် လူနာများစစ်ဆေးနေသော သူနာပြုတစ်ဦး

© Saferworld

## ၂.၂ အုပ်ချုပ်မှု အပေါ် အမြင် သဘောထားနှင့် လိုလားမှုများ

### အဓိကတွေ့ရှိချက်များ

- ဖြေဆိုသူများသည် ၎င်းတို့ဒေသတွင် အုပ်ချုပ်မှု အစိုးရ တစ်ရပ် အဖြစ် ကေအဲန်ယူအပေါ် လိုလားမှုသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရထက် နှစ်ဆ ပိုပါသည်။ ဒေသန္တရအုပ်ချုပ်မှုကို လိုလားမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မှု ကို ထောက်ခံကြောင်း ညွှန်ပြနေမှုပင်ဖြစ်ပါသည်။
- စစ်တမ်းကောက်ခဲ့မှု အရ ကေအဲန်ယူ အား အနစ်သက်ဆုံးဖြစ်သည်ကို တွေ့ရပါသည်။ ကေအဲန်ယူအား တရားရေးကိစ္စရပ်များကို ကိုင်တွယ်မှုအတွက် လိုလားကြပြီး ရပ်ရွာအတွင်းလည်း စိတ်ချလုံခြုံမှု အပေးနိုင်ဆုံး အဖွဲ့အဖြစ် ဆုံးဖြတ်ကြပါသည်။ ကေအဲန်ယူသည် နိုင်ငံရေးအမြင်များအရလည်း ထောက်ခံမှုအရရှိဆုံး အဖွဲ့အစည်းဖြစ်သည်ကို တွေ့ရပါသည်။ ဖြေဆိုသူများအကြား အစိုးရထက် ကေအဲန်ယူကို လိုလားမှုသည် သိသာစွာ အချိုး မြင့်မားနေသည်ကိုတွေ့ရပါသည်။ အစိုးရအပေါ်တွင် လူမှုလုပ်ငန်းများဆောင်ရွက်ပေးမှု၊ ဖွံ့ဖြိုးရေး နှင့် အုပ်ချုပ်မှုစွမ်းဆောင်ရေအပိုင်း တို့နှင့်ပတ်သက်၍ အနည်းငယ် ပိုဆောင်ရွက်နိုင်သည်ကို အသိအမှတ်ပြုမှုများကို ကျယ်ပြန့်စွာ တွေ့ရပါသည်။
- အုပ်ချုပ်ရေးပိုင်းလိုလားမှုနှင့်ဆက်စပ်သည့် မေးခွန်း ၃၄ ခု အပေါ်တွင် အမျိုးသမီးများ၏ `မသိပါ´ ဆိုသည့် ဖြေဆိုမှုမှာ အမျိုးသားများထက် ပိုများသည်ကိုတွေ့ရပါသည်။ ပြည်သူ့အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်မှု အားနည်းခြင်းကြောင့် သော်လည်းကောင်း နိုင်ငံရေးအမြင်များ ထုတ်ဖေါ်ပြောဆိုရန် တုံ့ဆိုင်းမှုများကြောင့် သော်လည်းကောင်း ဖြစ်နိုင်ပါသည်။
- ဖြေဆိုသူများသည် မည်သည့်အာဏာပိုင်ကြောင့် ဒေသတွင်း ပြဿနာများ ဖြစ်ရသည် ဆိုသည့် အချက်နှင့် ပတ်သက်၍ အတိအကျ နာမည်တပ် ဖြေဆိုလိုမှု မရှိကြကြောင်း တွေ့ရှိရပါသည်။ သို့သော် အနည်းငယ်သော ဖြေဆိုသူများမှ အစိုးရ၏ အတင်းအကျပ်ငွေကောက်ခံမှုနှင့် ကေအဲန်ယူ၏ အလွန်အကျွံ အခွန်ကောက်ခံမှု တို့ကို ဖေါ်ပြကြသည်ကို တွေ့ရှိရပါသည်။

**ပုံ (၂.၁၃) အုပ်ချုပ်ရေးဆိုင်ရာ အမြင်သဘောထားများနှင့် လိုလားမှုများ**




အုပ်ချုပ်ဆောင်ရွက်မှုအတွက် အစိုးရတစ်ရပ်တည်ရှိမှုနှင့် ပတ်သက်လျှင် ကေအဲန်ယူသည် မြန်မာနိုင်ငံအစိုးရထက် ပို၍ လူကြိုက်များသည်ကိုတွေ့ရှိခဲ့ရပါသည်။ အခြားလက်နက်ကိုင် အဖွဲ့များ သည် အချက်အလက်များတွင် ထည့်သွင်းဖေါ်ပြ နိုင်ရုံမျှ အနေအထား ဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။ ပထမဦးစွာ အဆိုပါဒေသများ အတွင်းရှိ အုပ်ချုပ်မှုနှင့်လက်နက်ကိုင် တပ်ဖွဲ့များ (အာဏာပိုင်များ အနေဖြင့်လည်းရည်ညွှန်းပါသည်) နှင့် ပတ်သက်၍ အမြင်များကို ဖြေဆိုသူများအား အဖြေတစ်ခုကို ရွေးချယ်ဖြေဆိုရသည့် (single-choice) မေးခွန်းများဖြင့် ဖြေဆိုစေခဲ့ပါသည်။ မည်သည့် အာဏာပိုင် အဖွဲ့အား မိမိ၏ အစိုးရအဖြစ် ဆုံးဖြတ်သနည်း ဆိုသည့်မေးခွန်းအပေါ် ဖြေဆိုသူများ၏ ၃၈ ရာခိုင်နှုန်းမှ ကေအဲန်ယူကို ၎င်းတို့၏ အစိုးရအဖြစ် ဆုံးဖြတ်ကြပြီး ၃၃ ရာခိုင် နှုန်းမှာ မြန်မာနိုင်ငံအစိုးရကို ဆုံးဖြတ် ဖြေဆိုခဲ့ကြပါသည်။ (ပုံ - ၂.၁၃)။ ဖြေဆိုသူ များအား မည်သည့်အာဏာပိုင်အဖွဲ့အစည်းကို ၎င်းတို့ဒေသအတွက် အုပ်ချုပ်ရန် လိုလားသနည်း ဆိုသည့် မေးခွန်းအပေါ် တုံ့ပြန်မှုတွင် ကေအဲန်ယူ အား လိုလားသူ ၄၅ ရာခိုင်နှုန်း ရှိပြီး ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကိုလိုလားသူများမှာ ၂၀ ရာခိုင် နှုန်းသာ ရှိပါသည်။ သတိပြုရမည့်အချက်တစ်ခုသည် စုစုပေါင်း ဖြေဆိုသူများ၏ ၂၀ ရာခိုင်နှုန်း ဝန်းကျင်သည် `မသိပါ´ ဆိုသည့် အဖြေကို ရွေးချယ်ကြပြီး ၁၀ ရာခိုင်နှုန်း မှာ မည်သည့်အရာကိုမျှ ရည်ညွှန်းခြင်းမရှိသည့် `တစ်ခုမှ မဟုတ်ပါ´ အဖြေကိုသာ ရွေးချယ်ခဲ့ပါသည်။ အထက်တွင် မြန်မာ အစိုးရအား မိမိတို့အစိုးရဖြစ်သည်ဟူ၍ ဆုံးဖြတ်ဖြေဆိုခဲ့သူများ အထဲမှ ၁၇.၂ ရာခိုင်နှုန်းသည် ၎င်းတို့ ဒေသတွင် ကေအဲန်ယူကို အမှန်တကယ် အုပ်ချုပ်စေလိုကြောင်း ဆိုကြပါသည်။ ကေအဲန်ယူ ဟု ဆုံးဖြတ်ခဲ့သည့် ဖြေဆိုခဲ့သူများအထဲတွင်မှ ၁.၅ ရာခိုင်နှုန်းသာ ပြည်ထောင်စုမြန်မာနိုင်ငံ

"တွေ့ရှိချက်များအရ ဒေသတော်တော်များများတွင် ကေအဲန်ယူအား လိုလားမှုမှာ ပိုမိုကြီးမားသည်ကို တွေ့ရှိပြီး အထူးသဖြင့် တရားရေးဆိုင်ရာ ကိစ္စရပ်များ ကိုင်တွယ်မှုနှင့် နိုင်ငံရေးအမြင်များအပေါ် ထောက်ခံမှုများနှင့် ဆက်စပ်ပြီး မိမိတို့အကြိုက်ဆုံး အဖွဲ့အား ဖော်ပြရသော တိုက်ရိုက်မေးခွန်းများမှ ဖြစ်ပါသည်"

အစိုးရကို ၎င်းတို့ဒေသတွင် အုပ်ချုပ်စေလိုကြောင်း ပြောဆို ပါသည်။

ဖြေဆိုသူ အနည်းငယ်မှ ထည့်သွင်းဖြေဆိုခဲ့သည့် DKBA, BGFs နှင့် KPC အဖွဲ့များနှင့် ပတ်သက်၍ အခန်း ၂.၄ တွင် ထည့်သွင်း ဆွေးနွေးထားပါသည်။

တွေ့ရှိချက်များအရ ဒေသတော်တော်များများတွင် ကေအဲန်ယူအား လိုလားမှုမှာ ပိုမိုကြီးမားသည်ကို တွေ့ရှိရပြီး အထူးသဖြင့် တရားရေးဆိုင်ရာ ကိစ္စရပ်များ ကိုင်တွယ်မှုနှင့် နိုင်ငံရေးအမြင်များအပေါ် ထောက်ခံမှုများနှင့် ဆက်စပ်ပြီး မိမိတို့အကြိုက်ဆုံး အဖွဲ့အား ဖော်ပြရသော တိုက်ရိုက်မေးခွန်းများမှ ဖြစ်ပါသည် (ပုံ -၂.၁၄)။ ထိုတွေ့ရှိချက်များသည် ဒေသန္တရအုပ်ချုပ်မှုကို လိုလားကြောင်း ကိုသော်လည်းကောင်း ကရင်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှုနှင့် ဖက်ဒရယ်စနစ်ကို ထောက်ခံကြောင်း ကိုသော်လည်းကောင်း ညွှန်ပြနေမှုပင်ဖြစ်ပါသည်။ အဆိုပါလိုလားမှုများဖြစ်ပေါ်လာအကြောင်းရင်းများကို အခန်း ၂.၃ တွင် ဆွေးနွေးထားပါသည်။

ပုံ (၂.၁၄) - "ဘယ်အာဏာပိုင်များက…"




အစိုးရနှင့် ပတ်သက်၍ `အုပ်ချုပ်မှု စွမ်းဆောင်နိုင်မှု အမြင့်ဆုံး´ ဆိုသည့်အပေါ်တွင်သော် လည်းကောင်း လူမှုဖူလုံရေးနှင့်ဖွံ့ဖြိုးရေး စသည်တို့နှင့် ဆက်စပ်နေသော မေးခွန်းများတွင် အနည်းငယ် အသာရသည်ကို တွေ့ခဲ့ရပါသည်။ တစ်ချိန်တည်းမှာဘဲ `မသိပါ´ (သို့) ရွေးချယ်လိုမှု မရှိသည့် "none" ကို ဖြေဆိုသည့် အချိုးစားမှာလည်း သိသာစွာရှိနေသည်ကို တွေ့ရပါသည်။ အဆိုပါ အချက်သည် ကရင်မဟုတ်သော အခြားလူမျိုးတို့၏ နယ်မြေများတွင် အစိုးရ၏ ကျယ်ပြန့်စွာ လုပ်ငန်းများဆောင်ရွက်ပေးနေမှုကြောင့် ဖြစ်ပါသည်။ အခန်း ၂.၃ တွင် ဖော်ပြနေသကဲ့သို့ ကရင်လူမျိုး ဖြေဆိုသူများသည်လည်း အဆိုပါမေးခွန်းများနှင့်ပတ်သက်လျှင် ကေအဲန်ယူအား ရွေးချယ်ဖြေဆိုမည် ဖြစ်ပါသည်။ အစိုးရ၏ အချုပ်အခြာရှိမှုအနေအထားအရ ရံပုံငွေနှင့် လူသားအရင်းအမြစ်များ အားကောင်းမှုကြောင့် လုပ်ငန်းများကျယ်ပြန့်စွာဆောင်ရွက်နိုင်သည့် အတွက်ကြောင့်လည်း ဖြစ်ပါသည်။ နိုင်ငံတော်၏ တရားဝင်အသိအမှတ်အပြည့်အဝ မရှိသေးခြင်း၊ နယ်မြေအကန့်အသတ်ရှိနေခြင်း နှင့် ပဋိပက္ခများအကြား အဖွဲ့အစည်းတည်တံ့နေစေရန် ရုန်းကန်ခဲ့ရသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအဖြစ်တည်ရှိနေသည့်ကေအဲန်ယူ၏လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နေမှုများသည် မှတ်သားဖွယ်ရာ ဖြစ်ပါသည်။[32]

ဖြေဆိုသူများ၏ `မသိပါ´ (သို့) ရွေးချယ်လိုမှု မရှိသည့် "none" ကို ဖြေဆိုသည့် အချိုးမှာ သိသာစွာ တွေ့ရှိရခြင်းသည် ကောင်းမွန်သော အုပ်ချုပ်မှု အပေါ် သိရှိနားလည်မှု သိသာစွာကွာဟခြင်း (သို့) မရရှိခဲ့ခြင်း စသည်တို့ကြောင့်ဖြစ်နိုင်ချေရှိပါသည်။ အားလုံးခြုံငုံကြည့်လျှင် နိုင်ငံရေးအမြင်နှင့် အုပ်ချုပ်မှုစွမ်းဆောင်နိုင်ရည် စသည်တို့နှင့် ပတ်သက်သော မေးခွန်းများအပေါ်တွင် ဖြေဆိုသူများ၏ တုံ့ပြန်မှု လျော့နည်း သည်ကို တွေ့ရပါသည်။

ဖြေဆိုသူအမျိုးသားနှင့် အမျိုးသမီးတို့၏ အစိုးရနှင့် ကေအဲန်ယူတို့ အပေါ်အမြင်များအား ခြုံငုံကြည့်လျှင် တူညီမှုရှိသော်လည်း လိုလားမှုကို အတိအကျရွေးချယ်ရသည့် မေးခွန်းများတွင် အထူးသဖြင့် အမျိုးသမီးများသည် `မသိပါ´ ဆိုသည့် အဖြေကို ဖြေဆိုမှုမှာ အမျိုးသားများထက် ပိုများသည်ကို တွေ့ရပါသည်။[33] ပုံ-၂.၁၅ တွင် အုပ်ချုပ်မှုအပေါ်လိုလားမှုများ နှင့် ဆက်စပ်သည့် မေးခွန်းခုနစ်ခုအား

32 Social service specialists in the KPSN advisory team also noted that the GoM's focus on hard infrastructure meant its service delivery might be more visible to local communities even where the KNU and related civil society are providing services.

33 Women said "I don't know" more than men to all 34 questions on governance preferences, covering both positive and negative attributes of the authorities. On average, across these questions, the proportion of women saying "I don't know" was 29 per cent, while the proportion of men saying "I don't know" was 25 per cent.

ပျမ်းမျှတုံ့ပြန်မှုကို ဖော်ပြပေးထား ပါသည်။[34] အမျိုးသမီး များ၏ `မသိပါ´ ဟူ၍ ဖြေဆိုခဲ့သည့် ရာခိုင်နှုန်းသည် ၃၃ ရာခိုင်နှုန်း ရှိခဲ့ရာ ကေအဲန်ယူအား ၃၀ ရာခိုင်နှုန်းနှင့် အစိုးရအား ၂၀ ရာခိုင်နှုန်း ရွေးချယ်ခဲ့မှုထက် ပိုမိုနေသည်ကိုတွေ့နိုင်ပါသည်။ အမျိုးသမီးများ၏ ပြည်သူ့ရေးရာ ကိစ္စရပ်များ ထိတွေ့ပါဝင်ခြင်း အားနည်းမှု၊ နိုင်ငံရေးအမြင်များ ထင်မြင်ယူဆချက်ပေးရန် ယုံကြည်မှုအားနည်းခြင်းနှင့် နိုင်ငံရေးအရ အသိအမှတ်ပြုခံရမှု အားနည်းခြင်းများကြောင့် ဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ဖြစ်ရမှုသည် ထုံးတမ်းဓလေ့ အရ အမျိုးသမီးများသည် အိမ်တွင် နေ၍ အိမ်မှုကိစ္စများဆောင်ရွက်ခြင်း၊ သားသမီးများအား ကြည့်ရှုပြုစုခြင်း နှင့် စိုက်ခင်းအတွက် ကိစ္စရပ်များ စသည်တို့တွင်သာ အဓိကတာဝန်ရှိသည် ဆိုသည့် ယူဆ မှုနှင့် ချိတ်ဆက်နေသောကြောင့် ဖြစ်ပါသည်။[35] ဤနေရာတွင် သတိပြုရမည်မှာ အဆိုပါတွေ့ရှိမှုကို လုံခြုံရေးနှင့် တရားရေးဆိုင်ရာကိစ္စရပ်များ တွင်ဖြစ်ပြီး အစိုးရထိန်းချုပ်နယ်မြေနှင့်ရောယှက်ထိန်းချုပ်နယ်မြေများတွင်ပို၍သိသာစွာမြင်ရပါသည်။နောက်ပိုင်းအခန်းများတွင်လည်း ဆွေးနွေးထား ပါသည်။[36] သို့သော်လည်း အားလုံးခြုံကြည့်လျှင် အမျိုးသမီးအများစုမှာ တိုက်ရိုက်နှင့် တိကျရှင်းလင်း သော အဖြေများကို အကြိမ်ကြိမ် ဖြေဆိုခဲ့သည်ကို တွေ့မြင်ရပါသည်။

**ပုံ (၂.၁၅) - အုပ်ချုပ်ရေးဆိုင်ရာ မေးခွန်း (၇) ခုအပေါ်တွင် ပျှမ်းမျှတုံ့ပြန်မှုများ**




အစိုးရ၏ လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ ပို၍ကျယ်ပြန့်စွာ ရှိနေသည်ကို အဖွဲ့အစည်းအမည်များစာရင်းဖော်ပြထားသောမေးခွန်းများတွင်မည်သည့်အဖွဲ့အစည်းထံမှအကျိုးရရှိမှုရှိသနည်း ဆိုသည့်မေးမြန်းမှုများနှင့် အဖြေတစ်ခုမက ရွေးချယ်ဖြေဆိုနိုင်သည့် မေးခွန်းများ (multiple answers) အား ကြည့်လျှင် ခိုင်မာစွာဖော်ပြနေသည်ကို တွေ့မြင်ရပါသည် (ပုံ -၂.၁၆)။ ဖြေဆိုသူများ၏ တုံ့ပြန်ဖြေဆိုမှုများတွင်အစိုးရထံမှပညာရေးထောက်ပံ့မှုကို၅၈ရာခိုင်နှုန်း ကျန်းမာရေးထောက်ပံ့မှုကို ၅၃ ရာခိုင်နှုန်း အသီးသီး ရရှိသည်ဟူ၍ တွေ့ရပါသည်။ ထိုကဲ့သို့ ရာခိုင်နှုန်း မြင့်မားနေခြင်းသည် မကြာမီနှစ်များအတွင်း အထူးသဖြင့် အပစ်ခတ်ရပ်စဲမှု ပြုလုပ်ပြီး နောက်ပိုင်း အစိုးရ၏ ပိုမို လက်လမ်းမီဝင်ရောက်လာနိုင်မှုနှင့် လုပ်ငန်းများဆောင်ရွက်လာနိုင်မှု တို့ကြောင့်ဖြစ်နိုင်ပါသည်။ ထိုအခြေအနေသည် ရံဖန်ရံခါတွင် ကေအဲန်ယူနှင့်သော်လည်းကောင်း ရပ်ရွာနှင့်သော်လည်းကောင်း တင်းမာမှုများ ဖြစ်ပေါ်စေပါသည်။[37] ကေအဲန်ယူ၏ ဆောင်ရွက်နေမှုများသည်လည်း မြင့်မားမှုရှိပြီး ၄၀ ရာခိုင်နှုန်း အထက် ရှိနေသည်ကို ဖြေဆိုသူများ၏ အဖြေများအရ တွေ့မြင်နိုင်ပါသည်။ အစိုးရထံမှလည်းကောင်း ကေအဲန်ယူထံမှလည်းကောင်း ဆောင်ရွက်ပေးမှုများကို ရပ်ရွာအများစုသည် လက်ခံရရှိကြပါသည်။ မကြာမီကာလမှ အစိုးရ၏ ပညာရေး တိုးချဲ့ပေးမှုများကြောင့် ကေအဲန်ယူသည် အစိုးရထက် အခြားအဖွဲ့များ နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုများအတွက်သော် လည်းကောင်း လူမျိုး၊ ဘာသာစကားနှင့် ဘာသာရေး ဝိသေသများ ထိန်းသိမ်းစောက်ရှောက်ခြင်း အတွက်သော်လည်းကောင်း ပို၍ ကျယ်ပြန့် စွာ အသိအမှတ်ပြုခြင်း ကိုခံရပါသည်။

34 In these questions, respondents were asked which single authority "… do you like the most?", "… would you prefer to deal with justice problems?", "… has political views you support most?", "… keeps the community most safe and secure?", "… provides the most social services, development and welfare?", " … has the highest governance capacity?", and "… do you want to govern your area?".

35 KWO (2010), p 9.

36 When asked which authority they would prefer to deal with justice problems, 32 per cent of women said "none" compared to 21 per cent of men. On the question of which authority keeps the community most safe and secure, 33 per cent of women said "I don't know" compared to 24 per cent of men.

37 See Jolliffe and Speers-Mears (2016); and Davis and Jolliffe (2016).

**ပုံ (၂.၁၆) - သင့်ကျေးရွာအနေဖြင့် အာဏာပိုင်များထံမှ အောက်ပါ အကျိုးရလဒ်များအား ရရှိပါသလား**




ဖြေဆိုသူများအနက် ကျမ်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဘာမျှရွေးချယ်မှုမရှိသည့် "တစ်ခုမှ မဟုတ်ပါ" ကိုဖြေဆိုသူ ၈ ရာခိုင်နှုန်း သာရှိပြီး ပညာရေး အတွက် "တစ်ခုမှ မဟုတ်ပါ" ကို ရွေးချယ်ဖြေဆိုသူ ၆ ရာခိုင်နှုန်း သာရှိပါသည်။ ထို့ကြောင့် လွှမ်းခြုံ၍ ကြည့်လျှင် အဆိုပါကဏ္ဍများအတွက် ဆောင်ရွက်ပေးနိုင်မှုမှာ အလွန်ကောင်းမွန်မှုရှိသည်ကို တွေ့နိုင်ပြီး အထူးသဖြင့် အဆိုပါ ဒေသများသည် နှစ်ပေါင်း (၇၀) ကျော် လက်နက်ကိုင် ပဋိပက္ခများအား ခံစားခဲ့ရပါသည်။ ဆောင်ရွက်မှုပေးနေသည့် အာဏာပိုင်များ အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်လာခြင်းသည် ဒေသခံများ၏ အကျိုးကျေးဇူး အတွက် များစွာ ကောင်းမွန်နေပါသည်။

**ပုံ (၂.၁၇) - သင့်ကျေးရွာတွင် အာဏာပိုင်များမှ အောက်ပါ ပြဿနာများအား ဖြစ်ပေါ်စေခဲ့ပါသလား**



ပုံ - ၂.၁၇ သည် အုပ်ချုပ်သူ အာဏာပိုင်များကြောင့် ဖြစ်ပေါ်သည့် ပြဿနာများ အပေါ် အမြင်များကိုဖေါ်ပြထားခြင်းဖြစ် ပါသည်။ ခြုံငုံကြည့်လျှင် ဖြေဆိုသူများသည် အုပ်ချုပ်သူ အာဏာပိုင်များအပေါ် အဆိုးဘက်မှ ဖြေဆိုလိုမှု နည်းပါးသောကြောင့် ကိုယ်စားပြုနိုင်မှုမှာ လျော့နည်းနေနိုင်ပါသည် (အခန်း ၁. ၁ တွင် ဖေါ်ပြထားမှုကိုကြည့်ရှုနိုင်)။ သို့သော် သတိပြုရမည်မှာ ငွေကြေးအတင်းအကျပ်ကောက်ယူခြင်း ဆိုင်ရာ အရေးကြီးဆုံး ပြဿနာ နှစ်ခုကိုတော့ ဖေါ်ပြမှုများရှိပါသည်။ ဖြေဆိုသူများမှ ၁၂ ရာခိုင်နှုန်း သည်အစိုးရ၏ အတင်းအကျပ်ငွေကောက်ခံမှုကို ဖေါ်ပြကြပြီး ၇ ရာခိုင်နှုန်းမှာ ကေအဲန်ယူ၏ အလွန်အကျွံ အခွန်ကောက်ခံမှုကို ဖေါ်ပြကြပါသည်။ ဖြေဆိုသူများမှ ၆ ရာခိုင်နှုန်း သည် ဘာသာစကားကြောင့် အစိုးရ/တပ်မတော် နှင့် ပြဿနာ ဖြစ်ရသည်ဟူ၍ ခံစားရကြောင်း ဖေါ်ပြကြပါသည်။ နောက်ပိုင်း အခန်းများတွင် အာဏာပိုင်များ၏ အလွဲသုံးအနိုင်ကျင့်မှုနှင့် အခွန်ကောက်ခံမှုတို့ကို အသေးစိတ်ဆွေးနွေးသွားပါမည်။ အခြားတရားမဝင်လုပ်ငန်းများဖြစ်သော မူးယစ်ဆေး၊ လောင်းကစား နှင့် ပြည်တန်ဆာ လုပ်ငန်းများနှင့် ပတ်သက်၍ ဖြေဆိုသူအနည်းငယ်မှသာ ထည့်သွင်းဖေါ်ပြသည်ကို တွေ့ရပြီး အဆိုပါကိစ္စရပ်များ အတွက် ကေအဲန်ယူအား ဖေါ်ပြမှုမှာ ၄ ရာခိုင်နှုန်း သာရှိပါသည်။ အဆိုပါကိစ္စရပ်များသည် ကေအဲန်ယူ၏ တရားဝင် မူဝါဒအား ချိုးဖေါက်မှုဖြစ်ပါသည်။တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့်ဆက်စပ်၍သုတေသနများပိုမိုလုပ်ကိုင်ရန် လိုအပ်ပါသည်။ အပစ်အခတ်ရပ်စဲမှု ဒေသများအတွင်း မူးယစ်ဆေးပြဿနာများ မြင့်တက်နေခြင်းကို အခြားသုတေသနများမှ ဖေါ်ပြကြသည်ကိုတွေ့ရှိရပါသည် ( အခန်း ၂.၄ တွင် ပို၍ ဆွေးနွေးထားပါသည်)။



ဆေးခန်းအတွင်း လူနာများ စောင့်နေစဉ်
© Saferworld

## ၂.၃ ကိုယ်ပိုင်ဖြစ်တည်မှု၊ အုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေး အတွက် အကျိုးသက်ရောက်မှုများ

### အဓိကတွေ့ရှိချက်များ

- စစ်တမ်းဖြေဆိုခဲ့ကြသူများမှ ကရင်လူမျိုးများသည် ကေအဲန်ယူအား အစိုးရထက် သိသာစွာ ပိုမို ထောက်ခံကြပြီး ကရင်လူမျိုး မဟုတ်သည့် ဖြေဆိုသူ အများစုသည် အစိုးရကို ပိုမိုလိုလားကြသည့် ပုံစံမျိုးအား တွေ့ရပါသည်။
- အပစ်ရပ်စဲမှုပြုလုပ်ထားသည့် ဒေသတွင်းမှ ကရင်လူမျိုးများ၏ ကေအဲန်ယူအား ကျယ်ပြန့်စွာ ထောက်ခံနေခြင်းသည် ဒေသတွင်းအုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် `မူ´ များကို ထောက်ခံနေခြင်းပင်ဖြစ်ပြီး လူမျိုးနှင့် ဆက်စပ်မှုရှိများ၊ ကေအဲန်ယူ၏သမိုင်းကြောင်းအနေအထားနှင့် ကရင်ဘိုးဘေးစဉ်ဆက်နေထိုင်ခဲ့ကြသည့်မြေ ဆိုသည့် အချက်များတွင် အခြေခံနေပါသည်။
- အစိုးရ၏ ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများသည် ကရင်လူမျိုးဖြေဆို သူများသို့ ရောက်ရှိသော်လည်း အများစုမှာ ကေအဲန်ယူကိုသာ လိုလားကြပါသည်။ ထိုအချက်သည် ဖွံ့ဖြိုးမှုများ ဆောင်ရွက်လုပ်ကိုင် ပေးခြင်းသည် တရားဝင်ဖြစ်မှု နှင့် လူအများ၏ ထောက်ခံမှုရရှိခြင်းတို့နှင့် တိုက်ရိုက် ပတ်သက်ဆက်နွယ်နေသည် ဆို၍ မရသည်ကို ဖေါ်ပြနေခြင်းပင် ဖြစ်ပါသည်။

ကရင်လူမျိုး နှင့် ကရင်လူမျိုးမဟုတ်သော ဖြေဆိုသူများအား အုပ်ချုပ်မှုအာဏာပိုင်များ အပေါ်ထားရှိသည့် အမြင်များနှင့် ပတ်သက်၍ နှိုင်းယှဉ်ကြည့်ရာတွင် သိသာစွာ ကွဲခြားမှုကို တွေ့ရပါသည်။ ကရင်လူမျိုးမဟုတ်သည့်ဖြေဆိုသူ ၄၈ ရာခိုင်နှုန်း သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား ၄င်းတို့၏ ဒေသကို အုပ်ချုပ်စေလိုကြပြီး ၆ ရာခိုင်နှုန်းသာ ကေအဲန်ယူအား ၄င်းတို့၏ ဒေသကို



ကျောင်းသားများ စကောကရင်နှင့် မြန်မာဘာသာစကားများအား သင်ယူနေခြင်း
© Saferworld

အုပ်ချုပ်စေလိုကြသည် (ပုံ - ၂.၁၈)။ အလားတူစွာ ကရင်လူမျိုးဖြေဆိုသူများအနက်မှ ၅၆ ရာခိုင်နှုန်းသည် ကေအဲန်ယူကို ၄င်းတို့၏ ဒေသကို အုပ်ချုပ်စေလိုကြပြီး ၁၄ ရာခိုင်နှုန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ၄င်းတို့၏ ဒေသကို အုပ်ချုပ်စေလိုကြပါသည်(ပုံ -၂.၁၉)။

အလားတူ ပုံစံမျိုးကို မေးခွန်းများ ဖြေဆိုမှုများ တစ်လျှောက် တွေ့ရှိခဲ့ရပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း နှင့် အုပ်ချုပ်မှု စွမ်းဆောင်ရည် တို့နှင့် ပတ်သက်သည့် မေးခွန်းနှစ်ခုအပေါ် တုံ့ပြန်ဖြေဆိုမှုများ၌ ခြုံငုံ၍ကြည့်လျှင် အစိုးရ၏ ဆောင်ရွက်မှုများ ပိုမိုရှိနေသည့်တိုင် ကရင်လူမျိုးဖြေဆိုသူများအကြားတွင် ကေအဲန်ယူကို သိသာစွာ ကြိုက်နှစ်သက်သည်ကို တွေ့မြင်ရပါသည်။

**ပုံ (၂.၁၈) - ကရင်မဟုတ်သောတိုင်းရင်းသားများ၏ အမြင်သဘောထားများ (အရေအတွက် = ၄၄၁)**
**"ဘယ်အာဏာပိုင်များက..."**




သို့သော် ကရင်လူမျိုးမဟုတ်သည့်ဖြေဆိုသူများ၏ ၁၀ ရာခိုင်နှုန်း သည် ကေအဲန်ယူမှ ၄င်းတို့ အပေါ် စိတ်ချမှုနှင့် လုံခြုံမှုကိုပေးနိုင်သည်ဟူ၍ ခံစားကြရပြီး ၉ ရာခိုင်နှုန်းမှာ တရားရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ကေအဲန်ယူအား လိုလားနှစ်သက်မှုရှိကြောင်း တွေ့ရပါသည်။ ကရင်လူမျိုးဖြေဆိုသူများမှ ၁၃ ရာခိုင်နှုန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား အနှစ်သက်ဆုံးအနေဖြင့် ဖေါ်ပြကြပြီး ၁၅ ရာခိုင်နှုန်း မှာ တရားရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်အစိုးရအား လိုလားကြောင်း ဖေါ်ပြကြသည်ကို တွေ့ရပါသည်။ ကရင်လူမျိုးမဟုတ်သည့် ဖြေဆိုသူများသည် ကေအဲန်ယူနှင့် ဆက်စပ်သည့် မေးခွန်းများကို ဖြေဆိုရာတွင် မည်သည့် အရာကိုမျှ မဖေါ်ပြလိုသည့် "တစ်ခုမှ မဟုတ်ပါ" အား ရွေးချယ်သည် ကို မကြာခဏ မြင်တွေ့ရပြီး ကရင်လူမျိုးဖြေဆိုသူများသည်လည်း အစိုးရနှင့် ပတ်သက်လျှင် အလားတူ ပုံစံ တုံ့ပြန်မှုများကို တွေ့ရပါသည်။

ပုံ (၂.၁၉) ကရင်လူမျိုးများ၏ အမြင်သဘောထားများ (အရေအတွက်=၁၅၃၇) - "ဘယ်အာဏာပိုင်များမှ..."




" ဖွံ့ဖြိုးရေးနှင့် လူမှုရေး ဝန်ဆောင်မှု လုပ်ငန်းများ အပေါ် ရင်းနှီးမြှုပ်နှံခြင်း သည် နိုင်ငံရေးပံ့ပိုးမှု နှင့် အုပ်ချုပ်ရေး ဆိုင်ရာ ထောက်ခံမှု ရရှိခြင်းတို့ အတွက် အကျိုးသက်ရောက်မှုရှိနိုင် သည်ဟူ၍ ဆို၍ မရကြောင်းကို ရှင်းလင်းစွာ တွေ့မြင် နိုင်ပြီး ကရင်ပြည်သူများ သည် GoM ထံမှအကျိုးကျေးဇူး များအား အသိအမှတ်ပြု သော်လည်း ပုံမှန် အားဖြင့် ၄င်းတို့သည် တရားမျှတရေး နှင့် လုံခြုံရေးတို့ အတွက် ပိုမို ယုံကြည် အားထားရသော KNU ၏ နိုင်ငံရေးအမြင် အား ပံ့ပိုးပါသည် "

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူမျိုးအပေါ်အခြေခံသည့် နိုင်ငံရေးနှင့် လက်နက်ကိုင် လုပ်ရှားမှုသည် ပြည်ထောင်စု နိုင်ငံတည်ထောင်ချိန်မှစ၍ ကြာမြင့်စွာပင် တည်ရှိလာခဲ့ပါသည်။ သို့သော်သာမန်ပြည်သူများ၏ အဆိုပါလူမျိုးနှင့်ဆက်စပ်ကာလုပ်ရှားမှုများအပေါ် ထောက်ခံမှုရှိခဲ့သည် ဆိုသော သတင်းအချက်အလက် ရရှိနိုင်မှုမှာ အလွန်နည်းပါးခဲ့ပါသည်။ KPSN အဖွဲ့ဝင်များ၏ လေ့လာဆန်းစစ်မှုအရ ကရင်လူမျိုးများ ကေအဲန်ယူအား ထောက်ခံခဲ့မှုသည် တစ်ခုမကသော အကြောင်းရင်းအချက်အလက်များတွင် အခြေခံနေပါသည်။ ပထမအချက်အနေဖြင့် လူမျိုးနှင့် ဘာသာစကား ချိတ်ဆက်မှု ရှိနေခြင်းကြောင့်သော်လည်းကောင်း အဆိုပါဒေသရပ်ရွာများတွင် ကေအဲန်ယူ၏ အင်စတီကျူးရှင်းများ အခြေခိုင်မာစွာ တည်ဆောက်ထားနိုင်ခဲ့မှုကြောင့်သော် လည်းကောင်း ဒေသခံများမှ ကေအဲန်ယူ၏ ဦးဆောင်မှုအခန်းကဏ္ဍကို များစွာပို၍ အသိအမှတ် ပြုသလို အစိုးရတစ်ရပ်အနေဖြင့်လည်း ၄င်းတို့ကိုယ်တိုင် မှတ်ယူမှုရှိကြပါသည်။ ဤအချက်သည် ကေအဲန်ယူ အနေဖြင့် ကရင်လူ့အဖွဲ့အစည်း၏ အခြေခံနိုင်ငံရေးအဖွဲ့အစည်းအဖြစ် တည်ရှိခဲ့သည့် သမိုင်းကြောင်း အနေအထား ပိုင်ဆိုင်မှုနှင့်လည်း ဆက်စပ်မှုရှိနေပါသည်။ နောက်အချက်အားဖြင့် ကြည့်လျှင် တိုင်းရင်းသားများသည် ၄င်းတို့နေထိုင်သည့် မြေ နှင့် သဘာဝပတ်ဝန်းကျင် အပေါ် ကြီးမားစွာသော ချိတ်ဆက်ထားရှိမှုများရှိနေသည့်အတွက် ကရင်တိုင်းရင်းသားများသည်လည်း ၄င်းတို့ ကြာရှည်စွာ နေထိုင်ခဲ့သည့်နယ်မြေများအား ဒေသတွင်းမှ အုပ်ချုပ်မှုကိုသာ လိုလားမှုရှိကြကာ မြန်မာအစိုးရအပေါ်တွင် သဘောထားရှိမှုမှာ ကျူးကျော်ဝင်ရောက်မှုအဖြစ်သော်လည်းကောင်း ၄င်းတို့နေထိုင်သည့် မြေနှင့် သဘာဝပတ်ဝန်းကျင် ချိတ်ဆက်နေခြင်းအပေါ် ခြိမ်းခြောက်မှုအဖြစ်သော်လည်းကောင်း ထင်မြင်ကြပါသည်။

ကရင့်နိုင်ငံရေးခေါင်းဆောင်များ၏ အစဉ်မပြတ် ဖက်ဒရယ်စနစ်တောင်းဆိုမှု နှင့် ဒေသအခြေပြု၍ မူဝါဒများ (ဥပမာ- ကေအဲန်ယူ မြေယာမူဝါဒ) ဖေါ်ထုတ်မှု တို့သည် အထက်ဖေါ်ပြပါ ကရင်လူထု၏ ကေအဲန်ယူအပေါ်လိုလားမှု ကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်း လည်းဖြစ်ပါသည်။ အဆိုပါအနေအထားမှာရှိနေသည့်အတွက် အပစ်အခတ်ရပ်စဲထားသည့် ဒေသများမှ ကရင်ပြည်သူလူထုသည် ကေအဲန်ယူအား ငြိမ်းချမ်းရေး စာပွဲဝိုင်းများတွင် ညှိနှိုင်းဆွေးနွေးရန် တရားဝင်ဖြစ်မှုကို လွှဲအပ်ထားပါသည်။

အစိုးရ၏ ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများသည် ကေအဲန်ယူဆောင်ရွက်မှုကဲ့သို့ပင် ကရင်လူမျိုး (ဖြေဆိုသူများ) သို့ ရောက်ရှိသော်လည်း အများစုမှ ကေအဲန်ယူကိုသာ လိုလားကြသည်ကို တွေ့ရှိရပါသည် (ပုံ -၂.၂၀)။ ဤအချက်အားကြည့်ခြင်းဖြင့် ဖွံ့ဖြိုးရေးနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံရေးပံ့ပိုးမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ထောက်ခံမှုရရှိခြင်းတို့အတွက် အကျိုးသက်ရောက်မှုရှိနိုင်သည်ဟူ၍ ဆို၍ မရကြောင်းကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပြီး ကရင်ပြည်သူများသည် GoM ထံမှအကျိုးကျေးဇူးများအား အသိအမှတ်ပြု သော်လည်း ပုံမှန်အားဖြင့် ၄င်းတို့သည် တရားမျှတရေးနှင့် လုံခြုံရေးတို့အတွက် ပိုမို ယုံကြည် အားထားရသော KNU ၏နိုင်ငံရေးအမြင်အားပံ့ပိုးပါသည်။ ၁၉၉၀ပြည့်နှစ်များမှစ၍အစိုးရသည်စွဲဆောင်မှုတစ်ရပ်အနေဖြင့် နယ်စပ်ဖွံ့ဖြိုးရေး အတွက် အဓိက လုပ်ဆောင်မှုတစ်ခုဖြစ်သော လမ်းဖေါက်လုပ်ခြင်းများကို အကောင် အထည်ဖေါ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လူမျိုးစုများ၏ ထောက်ခံမှုများရရှိကာ ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ရည်ရွယ်ခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူများ အနက်မှ ၃၄ ရာခိုင်နှုန်းသည် အဆိုပါ ဆောင်ရွက်ခဲ့မှုများ အပေါ် အသိအမှတ်ပြုပြီး အကျိုးခံစားရကြောင်း ဖေါ်ပြကြသော်လည်း ထိုဆောင်ရွက်မှုများကြောင့် နိုင်ငံရေးအရ (သို့) အုပ်ချုပ်ရေးအရ လိုလားမှု ရရှိရန် အနည်းငယ်ကိုသာ စွဲဆောင် နိုင်ခဲ့ပါသည်။ KPSN အဖွဲ့ဝင်များ နှင့် အခြားအဖွဲ့များ၏ လေ့လာ

ဆန်းစစ်မှုအရ အပစ်အခတ်ရပ်စဲထားသည့်ဒေသများအတွင်း လမ်းဖေါက်လုပ်ခြင်းများသည် မြေယာသိမ်းယူမှု၊ အစိုးရတပ် များအတွက် အထောက်အကူဖြစ်မှုနှင့် ခွဲထွက်အဖွဲ့များအကြား အသစ်သော ပဋိပက္ခဖြ စ်ပွားမှု စသည် တို့ကို ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိရပါသည်။

**ပုံ (၂.၂၀) - ကရင်လူမျိုးဖြေဆိုသူများမှ ရရှိခဲ့သော အကျိုးရလဒ်များ (အရေအတွက်=၁၅၇၉)**




"လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး 'Peace dividends' လုပ်ကိုင်ပေး ခြင်းဖြင့် နိုင်ငံ အားကောင်းစေရန် အခြေပြု ဆောင်ရွက်သည့် ငြိမ်းချမ်းရေး တည်ဆောက်မှု ဗျူဟာများသည် အလုပ် မဖြစ်ကြောင်း ဤလေ့လာမှုမှ ဖေါ်ပြနေပါသည်။"

ပြန်၍စုစည်းကြည့်ပါက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး 'Peace dividends' လုပ်ကိုင်ပေးခြင်းဖြင့် နိုင်ငံ အားကောင်းစေရန် အခြေပြုဆောင်ရွက်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဗျူဟာများသည် အလုပ် မဖြစ်ကြောင်းကို သော်လည်းကောင်း ဒေသတွင်း တည်ရှိနေသောစနစ်များ နှင့် နိုင်ငံရေးဦးဆောင်ဦး ရွက်ပြုနေသူများအား ထည့်သွင်းစဉ်းစား မြင့်တင်ပေးခြင်း မပါဝင်ပါက ပဋိပက္ခများပို၍ဆိုးဝါးသွား နိုင်ကြောင်းကိုသော်လည်းကောင်း ဤလေ့လာမှုမှ ဖေါ်ပြနေပါသည်။ စစ်မှန်သောဖက်ဒရယ် ပြည် ထောင်စုပေါ်ထွက်လာစေရန် တည်ဆောက်မှုအခန်းကဏ္ဍများတွင် ကေအဲန်ယူနှင့် ကရင်ရပ်ရွာ အင်စတီ ကျူးရှင်းများ ပါဝင်မှုသည် အလွန်အရေးကြီးပါသည်။ ထိုအရာသည် ရေရှည်တည်တံ့သော ငြိမ်းချမ်း ရေး တည်ဆောက်ရန်အတွက်လည်း အလွန်အရေးပါလှပါသည်။

လူမျိုးကွဲပြားမှုအရ လိုလားမှုများအပေါ် မတူညီမှုများ ရှိနေခြင်းသည် ကျား-မ အခြေခံအရလည်း ကိုက်ညီနေသည်ကို တွေ့ရပါသည်။ ကရင်လူမျိုး အများစုသည် (အမျိုးသားရော အမျိုးသမီးပါ) ကေအဲန်ယူအား လိုလားကြပြီး ကရင်လူမျိုး မဟုတ်သည့် ဖြေဆိုသူများမှာ (အမျိုးသားရော အမျိုး သမီးပါ) ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား လိုလားကြသည်ကို တွေ့ရပါသည်။ သို့သော် ဖေါ်ပြပါနစ်ဘက်လုံးမှ အမျိုးသမီးများ၏ `မသိပါ´ ဆိုသည့် ဖြေဆိုမှုများသည် အမျိုးသားများထက် များစွာပိုများပြားနေသည်ကိုတွေ့ရပါသည်။ အုပ်ချုပ်မှုအပေါ်လိုလားမှုနှင့် ပတ်သက်ပြီး လေ့လာ တွေ့ရှိမှု ရလဒ်အရ အဆိုပါကိစ္စနှင့်ဆက်စပ်သည့် မေးခွန်း ခုနစ်ခုတွင် ကရင်လူမျိုးမဟုတ်သော အမျိုးသားများ၏ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအားလိုလားမှုသည် အမျိုးသမီးများထက်ပိုမို များပြားပြီး ပျမ်းမျှ ၅၁ ရာခိုင်နှုန်း ရှိကာ အမျိုးသမီးများမှာ ပျမ်းမျှ ၄၁ ရာခိုင်နှုန်း ရှိပါသည်။ ထို့အတူ ကရင်အမျိုးသားများ၏ ကေအဲန်ယူအား လိုလားမှုတွင် အမျိုးသမီးများထက်ပိုပြီး ပျမ်းမျှ ၄၃ ရာခိုင်နှုန်း ရှိသည်ကိုသည်ကိုတွေ့ရကာ အမျိုးသမီးများမှာ ပျမ်းမျှ ၃၆ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရ ပါသည်။ အားလုံးခြုံကြည့်လျှင် ကရင်မဟုတ်သောအမျိုးသမီးများသည် ကရင်အမျိုးသမီးများ ထက် `မသိပါ´ ဟူ၍ ဖြေဆိုသူ ပိုများသည်ကိုတွေ့ရပါသည်။ ပျမ်းမျှအားဖြင့် ၁၁ ရာခိုင်နှုန်း နှင့် ၇ ရာခိုင်နှုန်း အသီးသီး ရှိကြပါသည်။ ပုံ ၂.၂၁ တွင် `မည်သည့်အာဏာပိုင်အား သင်တို့၏ဒေသတွင် အုပ်ချုပ်စေလိုသနည်း´ ဆိုသည့် မေးခွန်းအပေါ် တုံ့ပြန်ဖြေဆိုမှုများကို ဖေါ်ပြထားပါသည်။

ကရင်လူမျိုးဖြေဆိုသူများထဲမှ ၃၄ ရာခိုင်နှုန်းသည် ဘာသာစကားနှင့် ယှဉ်ကျေးမှု ဝိသေသ လက္ခဏာ များကို ကေအဲန်ယူမှ ကာကွယ်မှုပေးကြောင်းကို ဖေါ်ပြကြပြီး ၅ ရာခိုင်နှုန်းသာ အစိုးရမှလည်း အဆိုပါကာကွယ်မှုကို ပေးကြောင်း ဖေါ်ပြကြပါသည်။ သို့သော် ကရင်လူမျိုးဖြေဆိုသူ အရေအတွက် တော်တော်များများသည် `မသိပါ´ (သို့) ဘာမျှအဖြေမပေးလိုသည့် "တစ်ခုမှ မဟုတ်ပါ" ကို ရွေးချယ် ဖြေဆိုမှုများရှိသည်ကိုလည်း တွေ့ရပါသည်။ ၂၂ ရာခိုင်နှုန်းသော ကရင်လူမျိုး မဟုတ်သည့် ဖြေဆိုသူများသည် အစိုးရမှ ဘာသာစကား နှင့် ယှဉ်ကျေးမှု ဝိသေသ လက္ခဏာများ ကို ကာကွယ်မှု ပေးကြောင်း ဖေါ်ပြကြပါသည်။ ထိုသို့ဖြေဆိုမှုများတွင် ပအိုဝ်း လူမျိုးမှာ အများဆုံးဖြစ်ပါသည် (ကရင်လူမျိုး နှင့် ဆက်စပ်လူမျိုးစု ဖြစ်ပါ သည်)။ ကရင်လူမျိုး မဟုတ်သည့် ဖြေဆိုသူများမှ ၅ ရာခိုင် နှုန်းသာ ကေအဲန်ယူမှလည်း အဆိုပါကာကွယ်မှုကို ပေးကြောင်း ဖေါ်ပြသည်ကို တွေ့ရှိရပါသည်။

38 See footnote 34 for a list of the seven questions.

39 Respondents also had the option of listing the New Mon State Party, the Thandaung Peace Groups or "other groups", but these categories were only selected in very few cases and so did not provide enough data to meaningfully analyse.

အခန်း ၂.၆ တွင် တွေ့ရှိမှုအရ ကရင်လူမျိုး မဟုတ်သည့် ဖြေဆိုသူ အများစုသည် အစိုးရထိန်းချုပ်မှု နယ်မြေဒေသများမှ ဖြစ်ပါသည်။ ပအိုဝ်းလူမျိုးဖြေဆိုသူများ အားလုံးနီးပါး အဆိုပါနယ်မြေများမှ ဖြစ်ပါသည်။

**ပုံ (၂.၂၁) - သင့်အနေနဲ့ ဘယ်သူ့ကို သင့်ဒေသအား အုပ်ချုပ်စေချင်သလဲ (လူမျိုးနှင့် ကျား၊မ အလိုက်)**




**ပုံ (၂.၂၂) - သင့်အနေနဲ့ သင်၏ လူမျိုးနှင့် ဘာသာစကားတည်ရှိမှုအတွက် သင့်အဒေသ အတွင်းရှိ အာဏာပိုင်တစ်ခုခုထံမှ ကာကွယ်ပေးခံရမှု ရရှိပါသလား၊**






KNLA စစ်သား လှေဖြင့် ခရီးသွားနေစဉ်
© Saferworld

## ၂.၄ ကေအဲန်ယူမှ ခွဲထွက်ခဲ့သော လက်နက်ကိုင် အဖွဲ့များ

### အဓိကရှာဖွေတွေ့ရှိချက်များ

- ဖြေဆိုသူများ အကြား DKBA, BGFs နှင့် KPC တို့နှင့်တိုက်ရိုက် ထိတွေ့မှု ရှိသည်ကို အနည်းငယ်သာ တွေ့ရှိခဲ့ရပါသည်။ (အခွန်ပေးဆောင်ရမှု၊ လုပ်ငန်း ဆောင် ရွက်ပေးမှုများ လက်ခံရရှိမှုနှင့် တပ်ဖွဲ့ဝင်များအား ပုံမှန်တွေ့မြင်ရသည့် အနေအထား စသည်တို့ကို အခြေခံ၍ ဆုံးဖြတ်ခြင်း ဖြစ်သည်)။
- အထက်ဖေါ်ပြပါအဖွဲ့များနှင့် အလွန် နည်းပါးသော ထိတွေ့ခြင်း ရှိမှု အနေအထားမှာပင် ဖြေဆိုသူ အနည်းငယ်၏အဆိုပါအဖွဲ့များကို အုပ်ချုပ်မှုပိုင်းတွင် လိုလားမှုရှိသည်ကို တွေ့ရပါသည်။ ထို့ပြင်အဆိုပါအဖွဲ့များ၏ အလွဲသုံးအနိုင်ကျင့်မှုများ နှင့် အတင်းအကျပ်ငွေကောက်ခံခြင်းများ ရှိကြောင်း လေ့လာတွေ့ရှိချက်များ ရှိနေသည့်တိုင် တိုက်ရိုက်ထိတွေ့မှုရှိသော ဖြေဆိုသူများသည် အဆိုပါအဖွဲ့များအပေါ် ပြစ်တင်ဝေဖန်ပြောဆိုရန် ဝန်လေးကြသည်ကိုတွေ့ရပါသည်။
- ဖြေဆိုသူ အနည်းငယ်မှသာ အဆိုပါအဖွဲ့များ၏ ဥပဒေပြင်ပ ဆောင်ရွက်မှုများ၊ အတင်းအကျပ်ငွေကောက်ခံမှုများ၊ အလွန်အကျွံ အခွန်ကောက်ခံမှုများနှင့် ရန်လိုသော အပြုအမူများ စသည့် ပြဿနာများရှိသည် ကိုဖေါ်ပြကြပါသည်။
- လှိုင်းဘွဲ့မြို့နယ် ကျေးရွာနစ်ရွာမှ ဖြေဆိုသူများသည် BGF မှ ၄င်းတို့အတွက် လုံခြုံမှုနှင့် စိတ်ချမှုကို ပေးသည်ကို ခံစားရကြောင်းဖေါ်ပြကြပါသည်။ DKBA ကလိုထူးဘော ဌာနချုပ်အနီး နေထိုင်သည့် ဖြေဆိုသူများ သည် DKBA ကလိုထူးဘော အဖွဲ့ထံမှ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် အကျိုးကျေးဇူးများစွာ ရရှိခံစားရသည်ကို အသိအမှတ်ပြုကြသည် ကိုတွေ့ရပါသည်။

အစိုးရ နှင့် ကေအဲန်ယူ တို့နှင့်ယှဉ်လျှင် အခြားလက်နက်ကိုင်အဖွဲ့များ၏ အချက်အလက်များ ဖော်ပြမှုသည် လွန်စွာ နည်းပါးသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ အဆိုပါအဖွဲ့များနှင့်ပတ်သက်၍ ထည့်သွင်းဖော်ပြရန် အချက်အလက်များတွေ့ရှိမှုအလွန်နည်းသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ထိုအဖွဲ့များထဲမှ ဒေသအဆင့် အုပ်ချုပ်မှုပိုင်းနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုထိ သက်ရောကမှုရှိနေသည့် အဖွဲ့သုံးဖွဲ့မှာ နယ်ခြားစောင့်တပ်များ (BGFs )၊ ဒီမိုကရက်တစ်ကရင်အကျိုးပြု/ဗုဒ္ဓဘာသာ တပ်မတော် (DKBA) နှင့် ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC) တို့ဖြစ်ကြပြီး အဆိုပါအဖွဲ့များအားလုံးသည် ကေအဲန်ယူမှ ခွဲထွက်သွားသည့် အဖွဲ့များဖြစ်ပါသည်။ Box ၂.၂ တွင်လည်း ဖော်ပြထားပါသည်။ DKBA အားရည်ညွှန်းရာတွင် ပင်မ ကလိုထူးဘောခွဲထွက်အဖွဲ့နှင့် ဗုဒ္ဓဘာသာ ခွဲထွက်အဖွဲ့အသစ်တို့ ပါဝင်ပါသည်။ ခွဲခြားဖို့လည်း ခက်ခဲသောကြောင့်ဖြစ်ပါသည် (Box ၂.၂ တွင်ကြည့်နိုင်သည်)။ BGF တပ်ရင်း ၁၃ ရင်း၏ ဒေသအတွင်းလုပ်ရှားမှုများအားလည်း စုစည်းကာ ဆန်းစစ်သုံးသပ်ထားပါသည်။ ၎င်းတို့၏နယ်မြေထပ်နေမှုများ သိသာစွာ ရှိနေသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ခွဲထွက်ခြင်းနှင့်ဆက်စပ်၍ ဖော်ပြညွှန်းဆိုမှုများအပေါ် ဆွေးနွေးထားမှုများကိုလည်းအောက်၌ သက်ဆိုင်သည့် နေရာများတွင် တွေ့ရမည် ဖြစ်သည်။



နယ်ခြားစောင့်တပ်မှ စစ်သားများ
ကရင်နယ်ခြာစောင့်တပ်စစ်သားများသည် KNU မှ ခွဲထွက်လာသော အဖွဲ့ခွဲများဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် တပ်မတော်နှင့် တွဲဖက်ပြုပြီးနောက် ယခုတွင် တပ်မတော်၏ အလုံးစုံ အမိန့်ဖွဲ့စည်းပုံအောက်သို့ ရောက်ရှိပြီး သင့်တင့်သော ကိုယ်ပိုင်လုပ်ပိုင်ခွင့်များ ရရှိထားပါသည်

© ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက်

### စာကွက် ၂.၂ - ကေအဲန်ယူမှ ခွဲထွက်သွားသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့များ နောက်ခံ

၁၉၉၄ ခုနှစ်တွင် ဗုဒ္ဓဘာသာ တပ်မှူးများမှ ကေအဲန်ယူမှ ခွဲထွက်ကာ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော် Democratic Karen Buddhist Army (DKBA) ကိုဖွဲ့စည်း ထူထောင်ခဲ့သည့် အဖြစ်အပျက်ကို ကေအဲန်ယူကြုံတွေ့ခဲ့ရပါသည်။ DKBA သည် မြန်မာ့တပ်မတော်နှင့် မဟာမိတ်ဖွဲ့ကာ ကေအဲန်ယူအား ၂၀၁၀ ခုနှစ်ထိ တိုက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် DKBA မှအများစုသည် တပ်မတော်၏ ပိုမိုတိုက်ရိုက်ထိန်းချုပ်မှုရှိသော နယ်ခြားစောင့်တပ် တပ်ရင်း ၁၂ ရင်း အဖြစ်သို့ အသွင်ပြောင်းခဲ့ပြီး ကျန်ရှိသူများမှာ ကေအဲန်ယူနှင့် တဖန် မဟာမိတ်ဖွဲ့ခဲ့ပြီး ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် Democratic Karen Benevolent Army (DKBA) အဖြစ် ဆက်လက်ရပ်တည်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော်မှ နောက်ထပ်တဖန် အဖွဲ့ဝင်အချို့ ဦးဆောင်ခွဲထွက်ကာ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော် အဖြစ် ပြန်လည် ခေါ်ဆို ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၀ခုနှစ်များနှောင်းပိုင်း နှင့် ၂၀၀၀ ခုနှစ်များတွင် ကေအဲန်ယူမှ သီးခြားအဖွဲ့များအဖြစ် ခွဲထွက်သွားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ကရင်ငြိမ်းချမ်းရေးကောင်စီ Karen Peace Council (KPC) လည်းအပါအဝင်ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ယခု တဖန် သီးခြားအဖွဲ့စည်းအနေဖြင့်ရှိနေသော်လည်း ကေအဲန်ယူနှင့် မဟာမိတ်အဖြစ် ပြန်လည်ပြုလုပ်ခဲ့ပါသည်။ အခြားခွဲထွက်အဖွဲ့ဖြစ်သည့် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ Karen Peace Force မှာ ၁၃ ခုမြောက် BGF တပ်ရင်းအဖြစ်သို့ ကူးပြောင်းခဲ့ပါသည်။ သံတောင်ငြိမ်းချမ်းရေးအဖွဲ့များအား ကေအဲန်ယူ တပ်မှူးဟောင်းနှစ်ဦးမှ ၁၉၉၈ နှင့် ၁၉၉၉ ခုနှစ်တို့တွင် ဖွဲ့စည်းထူထောင်ခဲ့ပြီး ယခုအခါ ပြည်သူ့စစ်များအဖြစ်ဖွဲ့စည်းထူထောင်ထားပါသည်။ ပြည်သူ့စစ်မှာ တပ်မတော်ထိန်းချုပ်မှုအောက်တွင် ရှိသော်လည်း နယ်ခြားစောင့်တပ်များနှင့်နှိုင်းယှဉ်လျှင် ထိန်းချုပ်ထားမှု အနည်းငယ် လျော့နည်းပါသည်။

"DKBA၊ KPC နှင့် BGF ကဲ့သို့သော အဖွဲ့ငယ်များ၏ အချက်အလက်ရရှိ နိုင်မှုမှာ အစိုးရနှင့် ကေအဲန်ယူ တို့အောက် အလွန် နည်းပါးစွာရှိနေသည်ကို တွေ့ရပါသည် အကြောင်းမှာ အဆိုပါအဖွဲ့များ တွင် တိတိကျကျ ဖွဲ့စည်းထားသော လူထုအုပ်ချုပ်မှုအဖွဲ့ အစည်းပုံစံမရှိခြင်း နှင့် ဒေသအုပ်ချုပ်မှုများ တွင် သိသာသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်မှုနည်း ပါးခြင်း တို့ကြောင့် ဖြစ်ပါသည်။ "

အားလုံးခြုံငုံကြည့်လျှင် အဆိုပါအဖွဲ့ငယ်များ၏ အချက်အလက်ရရှိနိုင်မှုမှာ အစိုးရနှင့် ကေအဲန်ယူ တို့အောက် အလွန် နည်းပါးစွာရှိနေသည် ကိုတွေ့ရပါသည်။ အကြောင်းမှာ ၄င်းတို့သည်ပိုမို၍ သေးငယ်ပြီး ကျယ်ပြန့်စွာ မတည်ရှိနေသောကြောင့်လည်း ဖြစ်ပါသည်။ ထိုအဖွဲ့များနှင့် တနည်းနည်းဖြင့် ထိတွေ့မှုရှိသော လူဦးရေအား သတ်မှတ်ရန် ပုံစံတစ်ခုကို ဖေါ်ထုတ်ခဲ့ပါသည်။ အဆိုပါ အဖွဲ့များမှ တပ်ဖွဲ့ဝင်များအား တစ်ခါတစ်ရံ တွေ့ရှိမှု (သို့) မကြာခဏတွေ့ရှိမှု၊ ထိုအဖွဲ့များထံသို့ အခွန်ပုံစံတစ်မျိုးမျိုးဖြင့် ပေးဆောင်ရှိ (သို့) မရှိနှင့် ထိုအဖွဲ့များမှလည်း ဝန်ဆောင်ပေးမှု လုပ်ငန်းများဆောင်ရွက်ပေးခြင်းရှိ (သို့) မရှိစသည့်အချက်များအပေါ် အခြေခံ၍ ဖြေဆိုသူများအား မေးမြန်းရာတွင် ဖြေဆိုသူ ၁၅၆ ဦးသည် DKBA နှင့်တိုက်ရိုက်ထိတွေ့မှုရှိပြီး ၁၂၉ ဦးသည် BGF နှင့်သော်လည်းကောင်း ၁၂၅ ဦးသည် KPC နှင့် သော်လည်းကောင်း အသီးသီး တိုက်ရိုက်ထိတွေ့မှု ရှိခဲ့သည်ကိုတွေ့ရပါသည်။ ဤတွေ့ရှိမှုအား အပြည့်အဝ အနေအထားအဖြစ် မှတ်ယူ၍မရပေ။ အကြောင်းမှာ အဆိုပါအဖွဲ့များတွင် တိတိကျကျ ဖွဲ့စည်းထားသော လူထုအုပ်ချုပ်မှုအဖွဲ့အစည်းပုံစံမရှိခြင်းနှင့် ဒေသအုပ်ချုပ်မှုများတွင် သိသာသည့် အခန်းကဏ္ဍမှပါဝင်နိုင်မှုနည်းပါးခြင်း တို့ကြောင့် ဖြစ်ပါသည်။ KPSN အဖွဲ့ဝင်များ ဆောင်ရွက်ထားသည့် သုတေသနများနှင့် ယခုလေ့လာမှုမှ အကန့်အသတ်ဖြင့် ရရှိသော အချက်အလက်များကိုအခြေခံ၍လေ့လာတွေ့ရှိရမှုများရှိသော်လည်းအဆိုပါအဖွဲ့များနှင့်ထိတွေ့မှုရှိနေသည့် ပြည်သူလူထုများ အပေါ် တိုက်ရိုက်သက်ရောက်နေမှုများ နှင့် ဆက်စပ်နေမှုများ ကို အပြည့်အဝ သိရှိနားလည်ရန် အတွက် ဆိုလျှင် ပို၍ အထူးသင့်လျော်သည့် သုတေသန နည်းစနစ်ပုံစံဒီဇိုင်းဖြင့် ဆက်၍လုပ်ဆောင်သွားရန်လိုအပ်ပါသည်။

အထက်တွင်ဖေါ်ပြခဲ့သည်အတိုင်း အနည်းငယ်သော အချက်အလက်တွေ့ရှိမှု အနေအထားမှာပင် ရှိသော်လည်း ဖြေဆိုသူများ၏တုံ့ပြန်ရာတွင် ထိုအဖွဲ့များနှင့်ပတ်သက်၍ အဆိုး (သို့) အကောင်းအမြင်များအား ဖေါ်ပြမှုမှ အလွန်နည်းပါးသည်ကိုတွေ့ရပါသည်။ KHRG နှင့် KPSN တို့၏ လေ့လာတွေ့ရှိချက်အရ အဆိုပါအဖွဲ့များသည် အုပ်ချုပ်ရေးအဖွဲ့အစည်းပုံစံထက် လက်နက်ကိုင်အဖွဲ့အစည်းသက်သက်ပုံစံမျိုး ဖြစ်နေခြင်း၊ ဒေသအတွင်း အကြမ်းဖက်မှုများ မကြာခဏ ကျူးလွန်ခြင်း၊ ဒေသခံပြည်သူများအား ခြိမ်းခြောက်ခြင်း (အထူးသဖြင့် BGFs) နှင့် DKBA မှ တပ်မတော်နှင့်အတူ ဒေသခံလူထုအားဆန့်ကျင်၍ စစ်ဆင်ရေးများဆောင်ရွက်ခဲ့ခြင်း စသည်တို့ကြောင့် ဖြေဆိုသူများသည် ၄င်းအဖွဲ့များအပေါ် ပွင့်လင်းစွာ သဘောထားပေးခြင်းကို တုံ့ဆိုင်းမှုများရှိကြကြောင်း တွေ့ရှိရပါသည်။ တရားမဝင်မူးယစ်ဆေးရောင်းဝယ်မှုများတွင် BGF ပါဝင်ကြောင်း ပြောဆိုတင်ပြမှုကြောင့် ပြည်သူတစ်ဦးအား BGF တပ်သားများမှ သတ်ခဲ့သည့် အဖြစ်အပျက်ကို KHRG မှတ်တမ်းအရ သိရှိရပါသည်။[40]

**ပုံ (၂.၂၃) - အာဏာပိုင်တစ်ခုချင်းစီမှ/သို့ ဝန်ဆောင်မှုရရှိခြင်း၊ အခွန်ပေးရခြင်း၊ စစ်သားများအား မကြာခဏ သို့မဟုတ် အမြဲတမ်းတွေ့နေရသော ဖြေဆိုသူများ အချိုးအစား**




အခြားစိတ်ဝင်စားစရာတွေ့ရှိချက်အချို့မှာ BGF နှင့်တိုက်ရိုက်ထိတွေ့မှုရှိသည့် ဖြေဆိုသူများမှ ၈၂ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး DKBA နှင့်တိုက်ရိုက်ထိတွေ့မှုရှိသည့် ဖြေဆိုသူများမှ ၇၂ ရာခိုင်နှုန်းသည်လည်း ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ KPC နှင့်တိုက်ရိုက်ထိတွေ့မှုရှိသည့် ဖြေဆိုသူများတွင် ၅၁ ရာခိုင်နှုန်းမှာ ခရစ်ယာန်များဖြစ်ကြပြီး ၄၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။[41] လှိုင်းဘွဲ့မြို့နယ် (ကေအဲန်ယူ သတ်မှတ်မှုအရ လုဖလယ် နှင့် တာခရယ် မြို့နယ်များအတွင်း) ကျေးရွာ နှစ်ရွာမှ ဖြေဆိုသူအများစုသည် BGFs မှာ ၄င်းတို့ဒေသအတွက် လုံခြုံမှုနှင့် စိတ်ချမှုကို အပေးနိုင်ဆုံးအဖွဲ့ဖြစ်ကြောင်း ဖေါ်ပြကြပြီး DKBA ခွဲထွက် (ဗုဒ္ဓဘာသာအမည် ပြန်လည်အသုံးပြုသည့် DKBA) အဖွဲ့ကိုမူ အလွန်အကျွံအခွန်ကောက်မှု အတွက် ဝေဖန်ပြောဆိုဖေါ်ပြမှုများရှိသည်ကို တွေ့ပါသည်။ အဆိုပါနယ်မြေများတွင် BGF နှင့် DKBA ခွဲထွက်တို့ အကြားတိုက်ပွဲများ ၂၀၁၆ ခုနှစ်တွင် သိသာစွာ ရှိခဲ့ပါသည်။

40 KHRG (2015), p 153.

41 Christians made up 20 per cent and nine per cent of the respondents that had direct contact with the DKBA and BGFs respectively. Animists made up seven per cent of those with contact to DKBA, five per cent of those with contact to the BGFs, and four per cent of those with contact with the KPC. The remainder (2.3 per cent for BGFs and 0.6 per cent for the DKBA) were Leke.

DKBA နှင့် တိုက်ရိုက်ထိတွေ့မှုရှိသည့် ဖြေဆိုသူများမှ ၁၇ ရာခိုင်နှုန်းသည် DKBA ထံမှ ကျန်းမာရေးနှင့်လမ်းဖေါက်လုပ်ခြင်းအကျိုးကျေးဇူးများရရှိကြောင်းဖေါ်ပြကြပြီးပညာရေးအတွက်အကျိုးကျေးဇူးခံစားရရှိမှုမှာ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါဖြေဆိုသူ အားလုံးနီးပါးသည် DKBA ခွဲထွက်ကလိုထူးဘောဌာနချုပ်အနီးတွင်နေထိုင်ကြသူများဖြစ်ပါသည်။အဆိုပါနယ်မြေဒေသအတွင်း အထက်တန်းကျောင်း၊ မူလတန်းကျောင်းများစွာ နှင့် ဆေးခန်းများရှိနေပါသည်။ အစီအစဉ်များအားလုံးကို ကေအဲန်ယူ၏ သက်ဆိုင်သောဌာနများနှင့် ပူးပေါင်းလုပ်ဆောင်မှုများ ရှိသလို အချို့ကိစ္စရပ်များတွင် အစိုးရ နှင့်လည်း ပူးပေါင်း လုပ်ဆောင်မှုရှိပါသည်။[42] ထို့အတူ DKBA နှင့်တိုက်ရိုက်ထိတွေ့မှုရှိသော ဖြေဆိုသူများမှ ၁၃ ရာခိုင်နှုန်းသည် DKBA၏ အတင်းအကျပ်ငွေကောက်ခံခြင်းကို ဝေဖန်ပြောဆိုဖေါ်ပြကြပြီး အလွန်ကျွံ အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ ၁၅ ရာခိုင်နှုန်းနှင့် အန္တရာယ်ဖြစ်စေသည့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများအတွက် ၁၁ ရာခိုင်နှုန်း အသီးသီးဖေါ်ပြကြပါသည်။ ထိုဖြေဆိုသူအများစုသည် ကလိုထူးဘော ဌာနချုပ် အနီးတွင် နေထိုင်ကြသူများဖြစ်ပါသည်။

BGFနှင့်တိုက်ရိုက်ထိတွေ့မှုရှိသည့် ဖြေဆိုသူများမှ BGF၏ အတင်းအကျပ်ငွေကောက်ခံမှု၊ အန္တရာယ်ဖြစ်စေသည့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုနှင့် ဥပဒေပြင်ပ ဆောင်ရွက်မှု စသည်တို့နှင့် ပတ်သက်သည့် ဖေါ်ပြမှုအနေအထားမှာ ၆ ရာခိုင်နှုန်း နှင့် ၈ ရာခိုင်နှုန်း အကြားတွင် ရှိပါသည်။ သတိပြုရမည်မှာ အဆိုပါပြဿနာများရှိခြင်းကို ဖေါ်ပြခဲ့သည့် ဖြေဆိုသူအများစု သည် မြဝတီ နှင့် ကော့ကရိတ်မြို့နယ်များတွင် နေထိုင်ကြသူများဖြစ်ပြီး အထက်တွင် ဖေါ်ပြခဲ့သော BGF အပေါ်အကောင်းမြင်သည့် ဖြေဆိုသူများနှင့် နယ်မြေဒေသများ မတူညီသည်ကို တွေ့ရှိရပါသည်။



စစ်တမ်းမှ သာမန်ဒေသတွင်း နေထိုင်သူများထံမှ အခွန်ကောက်ခံမှုအား အလေးပေး နေချိန်တွင် GoM နှင့် EAO များသည် သဘာဝအရင်း အမြစ်များ ထုတ်ယူခြင်းမှ သိသာသော အခွန်ရယူမှုများလည်း ရှိနေပါသည်။ ယခုပုံမှာ ထားဝယ်မြို့နယ်အတွင်း တနင်္သာရီမြစ်ထဲရှိ အသေးစား ရွှေတူးဖော်မှုလုပ်ငန်း တစ်ခုအား တွေ့မြင်ရပါသည်။

© ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်

42 This area is in southern Myawaddy Township according to the GoM system and eastern Kaw T'Ree Township in the KNU system.

GoM ၏ သံတောင်ကြီးမြို့နယ် သစ်တောဌာနမှ အဖွဲ့ဝင်များမှ ကရင် ဖာလာတောင်သူများထံမှ ဖာလာခွန် ကောက်ခံနေစဥ်၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ

© ကရင့်လူ့အခွင့်အရေးအဖွဲ့



## ၂.၅ အခွန်ကောက်ခံခြင်း

### အဓိကတွေ့ရှိချက်များ

- စစ်တမ်းဖြေဆိုသူများ၏ အခွန်ပေးဆောင်မှုသည် အစိုးရထက် ကေအဲန်ယူအား ပေးဆောင်မှုမှာ များစွာ ပိုနေသည် ကိုကြည့်ခြင်းဖြင့် စစ်တမ်းကောက်ယူခဲ့သည့် ဒေသများတွင် ကေအဲန်ယူ၏ အခွန်ကောက်ခံမှုသည် အစိုးရထက် ပိုမိုကျယ်ပြန့်စွာရှိနေသည်ကို တွေ့ရပါသည်။ သို့သော် သေချာပေါက် ပိုမိုမြင့်မားသော တန်ဖိုး ပေးဆောင်မှု ဟူ၍ သတ်မှတ်၍မရပေ။
- အစိုးရ နှင့် ကေအဲန်ယူ တို့ကို အဓိကအများဆုံး ပေးဆောင်ရသည့် အခွန်မှာ စိုက်ပျိုးရေးဆိုင်ရာ အခွန်များ ဖြစ်ပါသည်။ ထို့နောက် ပိုင်ဆိုင်မှု အခွန် သည် နောက်မှလိုက်ပြီး တစ်ကိုယ်ရေပိုင်ဆိုင်မှုများပါ ပါဝင်နိုင်ပါသည်။
- ဖြေဆိုသူ ၁၄ ရာခိုင်နှုန်းမှ အခွန်များပေးဆောင်ရခြင်း သည် ၎င်းတို့အိမ်ထောင်စုများ အတွက် အဓိက ဝန်ထုတ်ဝန်ပိုး ဖြစ်ကြောင်း ဖော်ပြကြပါသည်။ ၃၀ ရာခိုင်နှုန်း သောဖြေဆိုသူ များသည် အခွန်ကို အာဏာပိုင်တစ်ဖွဲ့ထက် ပို၍ ပေးဆောင်နေရပါသည်။
- အစိုးရ နှင့် ကေအဲန်ယူ တို့အား အခွန်ထမ်းဆောင်နေသော ဖြေဆိုသူအများစုသည် ၎င်းတို့ပေးဆောင်မှုမှ ပြန်လည် ရရှိမှုသည် `မျှတမှု´ ရှိကြောင်း (သို့) `အသင့်အတင့် မျှတမှု´ ရှိကြောင်း ခံစားရသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့တုံ့ပြန်ခြင်းသည် အာဏာပိုင်များ၏ ပြန်လည်ဆောင်ရွက်ပေးမှု ဆိုသည်ထက် ၎င်းတို့ပိုင်ဆိုင်မှုများ နှင့် မြေယာများကို ထိန်းသိမ်းပေးသည့် အတွက်ကြောင့်ဖြစ်ပါသည်။ ကေအဲန်ယူ ၏ ဆောင်ရွက်ပေးမှုများသည် အစိုးရ ထက် အနည်းငယ် ပိုမိုကောင်းမွန်ခြင်းရှိသည်ကိုတွေ့ရကာ ပိုမိုကျယ်ပြန့်စွာထောက်ခံမှုရှိနေသည့်အကြောင်း ပြီးခဲ့သည့်အခန်းများတွင် ဆွေးနွေးဖော်ပြထားပါသည်။
- ဖြေဆိုသူများမှ ကေအဲန်ယူသည် အခြားအာဏာပိုင် များထက် `အခွန်ကိုကောက်ခံမှုအရှိဆုံး´ (သို့) အလွန်ကျွံအခွန် ပေးဆောင်ရမှု ပြဿနာများကို အဖြစ်ပေါ်စေဆုံး အဖွဲ့ ဖြစ်သည်ကို ဖော်ပြကြပါသည်။ သို့သော် `အတင်းအကျပ်ငွေကောက်ခံခြင်း´ နှင့် ပတ်သက်လျှင် ကေအဲန်ယူထက် အစိုးရအပါအဝင် အခြားအဖွဲ့များကို ပိုမို ညွှန်းဆိုကြသည်ကိုတွေ့ရပါသည်။

စစ်တမ်းဖြေဆိုသူ ၇၈ ရာခိုင်နှုန်းသည် အခွန်တစ်မျိုးမျိုးကို အနည်းဆုံး အာဏာပိုင်တစ်ဖွဲ့ကို ပေးဆောင်နေရသည်ကို တွေ့ရှိရပါသည်။ ဖြေဆိုသူအများအနက်မှ ကေအဲန်ယူကို အခွန် ပေးဆောင်နေမှုသည် ၆၄ ရာခိုင်နှုန်း ရှိပြီး အစိုးရကိုအခွန်ပေးဆောင်နေမှုသည် ၃၇ ရာခိုင် နှုန်း ရှိပါသည် (ပုံ- ၂.၂၄)။ ထိုအချက်ကိုကြည့်ခြင်းဖြင့် စစ်တမ်းကောက်ဒေသတွင် ကေအဲန်ယူ အခွန်ကောက်ခံမှုသည် အစိုးရထက် ပိုကျယ်ပြန့်မှု ရှိသည်ကို တွေ့နိုင်ပါသည်။ သို့သော်ကောက်ခံရသည့်ပမာဏကိုညွှန်ပြနေခြင်းတော့မဟုတ်ပေ။ စစ်တမ်းကောက်ခံရာ ဒေသများမှ ကျေးရွာ၂၃ရွာ တွင် ကေအဲန်ယူ၏ အခွန်ကောက်ခံမှုမှာ ၅၀ ရာခိုင်နှုန်းကျော် ရှိပြီး အခြားအဖွဲ့များ၏ ထိုရွာများတွင် အခွန်ကောက်ခံမှုမှာ ၁၀ ရာခိုင်နှုန်း မကျော်ပေ။ အစိုးရနှင့် ကေအဲန်ယူတို့သည် စိုက်ပျိုးရေးဆိုင်ရာ အခွန် နှင့် ပိုင်ဆိုင်မှု အခွန် တို့အတွက် ပုံစံတကျ/နည်းစနစ်တကျ သေချာပြင်ဆင် ထားရှိပြီး ပုံမှန် အစီအစဉ်တိုင်း သော်လည်းကောင်း ကျေးရွာနှင့် တည်ငြိမ်သော ဆက်ဆံရေးရှိမှု အခြေအနေ အပေါ်မူတည်၍ သော်လည်းကောင်း ကောက်ခံကြပါသည်။

ကေအဲန်ယူ၏ သာမန် ပြည်သူများအပေါ် ကျယ်ပြန့်စွာ အခွန်ကောက်ခံနိုင်မှုရှိနေခြင်းသည် ပဋိပက္ခသက်ရောက်ခဲ့ရသည့်ဒေသများတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာ မည်သို့ ခိုင်မာအောင် တည်ဆောက် ထားသည်ကို နောက်ထပ် အတည်ပြုစေသည့် အချက်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း အားလုံးခြုံ၍ကြည့်လျှင်တော့ အစိုးရ ၏နိုင်ငံတော် ဘဏ္ဍာ အခွန်ရရှိမှုသည် ကေအဲန်ယူထက် များစွာ ပို၍ ကြီးမားနေပါသည်။ ထိုအချက်သည် အစိုးရ ၏ အခြေခံအားဖြင့် မြို့ပြဒေသများမှာ ထိန်းချုပ်ထားမှု၊ ကူးသန်းရောင်းဝယ်ရေးလမ်း ကြောင်းများနှင့် နယ်စပ်ဖြတ်သန်းဆောင်ရွက်မှုများ စသည်တို့နှင့် ချိတ်ဆက်နေမှုများ ကြောင့်ဖြစ်ပါသည်။ ဖြေဆိုသူများ၏ ကျန်အခြားအဖွဲ့များအပေါ် အခွန်ပေးဆောင်မှုမှာ အလွန်နည်းသည့် အနေအထားမှာရှိပါသည်။ သို့သော်လည်း သတိပြုရမည်မှာ ဖြေဆိုသူ အချို့သည် ထိုအဖွဲ့များနှင့် ထိတွေ့မှုပင် မရှိသည်ကို တွေ့ရပါသည်။

**ပုံ (၂.၂၄) - အဖွဲ့တစ်ခုချင်းစံအား အခွန်ပေးသော ဖြေဆိုသူများ (အရေအတွက်=၂၀၂၀)**




**ပုံ (၂.၂၅) - အာဏာပိုင်တစ်ခုချင်းစီအား ပေးရသော အခွန် အမျိုး အမျိုးအစားများ**




> "စစ်တမ်းဖြေဆိုသူ ၇၈ ရာခိုင် နှုန်း သည် အခွန်တစ်မျိုးမျိုး ကို အနည်းဆုံး အာဏာပိုင်တစ်ဖွဲ့ ကို ပေးဆောင်နေရသည်ကို တွေ့ရှိရပါသည်။... ဖြေဆိုသူများ အနက်မှ ၃၀ ရာခိုင်နှုန်းသည် အခွန်တစ်မျိုးမျိုး ကို အာဏာပိုင် အဖွဲ့ နှစ်ဖွဲ့ထံသို့ ပေးဆောင်မှု များရှိနေပြီး ၃ ရာခိုင် နှုန်းမှာ အာဏာပိုင်အဖွဲ့ သုံးဖွဲ့နှင့် ၁ ရာခိုင် နှုန်းကတော့ လေးဖွဲ့ (သို့) လေးဖွဲ့ထက်ပို၍ ပေးဆောင်ရမှုများ ရှိသည်ကို တွေ့ရပါသည်။"

DKBA အား အနည်းဆုံး အခွန်တစ်မျိုးမျိုး ပေးဆောင်ခဲ့ဘူးကြောင်း ဖြေဆိုသူမှာ ၉၉ ဦးရှိပါသည်။ KPC ကိုပေးဆောင်မှုသည်လည်း ထိုပမာဏ အတိုင်းပင်ဖြစ်သည်။ BGF အား ပေးဆောင်ခဲ့ဘူးသူမှာ ၂၈ဦးသာ ရှိသည်ကိုတွေ့ရပြီး အကြောင်းရင်းမှာ BGF ကဲ့သို့လက်နက်ကိုင် အဖွဲ့များကို လူထုထံမှ တိုက်ရိုက် ရံပုံငွေကောက်ခံခြင်းထက် ရေရှည်မူဝါဒများအားဖြင့် စီးပွားရေးလုပ်ကိုင်မှုကို အစိုးရမှ အားပေးခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။[43]

အစိုးရ နှင့် ကေအဲန်ယူ တို့အား အဓိကအများဆုံး ပေးဆောင်ရသည့် အခွန်မှာ စိုက်ပျိုးရေးဆိုင်ရာ အခွန်များ ဖြစ်ပါသည်။ ပိုင်ဆိုင်မှု အခွန် ပေးဆောင်မှုသည် ထိုနောက်မှ လိုက်သည်ကိုတွေ့ရပါသည်။ (ပုံ -၂.၂၅)။ ပိုင်ဆိုင်မှု အခွန်တွင် တစ်ကိုယ်ရည်ပိုင်ဆိုင်မှု များလည်းပါဝင်ပါသည် (ဥပမာ - စက်တပ် ယာဉ်များ၊ လယ်ယာ မွေးမြူရေး နှင့်ဆက်စပ်မှုများ၊ အိမ် (သို့) အခြားအဆောက်အဦးများ)။ စုစုပေါင်း ဖြေဆို သူများမှ ၄၃ ရာခိုင်နှုန်းသည် အစိုးရထံ မည်သည့်အခွန်မျှ ပေးဆောင်ခြင်း မရှိသည်ကို မှတ်သားစရာအဖြစ် တွေ့ရပြီး ၄င်းတို့ နေထိုင်ရာနယ်မြေဒေသများတွင် မည်သည့်ထိန်းချုပ်မှုမျှ ခိုင်ခိုင်မာမာမရှိ သည်ကိုလည်း တွေ့ရပါသည် (အခန်း ၂.၆ တွင်တွေ့နိုင် ပါသည်)။

အခြားအထွေထွေထောက်ပံ့မှု´ ဆိုသည်မှာ အကြံပေးကော်မတီမှ ဖေါ်ပြလာသော အရာဖြစ်ပြီး လက်နက်ကိုင်တပ်ဖွဲ့များ အထွေထွေရံပုံငွေအတွက် ရံဖန်ရံခါ ကောက်ခံလေ့ရှိသည့် မဖေါ်ပြထား သော အခွန် ကောက်ခံမှု ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ထိုကောက်ခံမှု ပုံစံကို အခြားပို၍ သေးငယ် သည့်လက်နက်ကိုင်အဖွဲ့များ၏ အဓိကကောက်ခံမှု ပုံစံအဖြစ် တွေ့ရှိရပါသည် (ဖြေဆိုသူများမှ ထိုသို့ ပေးဆောင်ရမှု သည် ၇ ရာခိုင်နှုန်း ရှိပါသည်)။ ကေအဲန်ယူနှင့် အစိုးရ တွင် အဆိုပါပုံစံ ကောက်ခံ မှုသည် တတိယ နေရာတွင်ရှိကာ ရာခိုင်နှုန်းအရ ကေအဲန်ယူ ၁၁ ရာခိုင်နှုန်း နှင့် အစိုးရ ၆ ရာခိုင်နှုန်း ရှိပါသည်။ သစ်တောကြိုးဝိုင်းအတွင်း (သို့) အများပြည်သူပိုင်နေရာများမှ ရောင်းချရန်သော်လည်း ကောင်း သုံးစွဲရန်သော်လည်းကောင်း သဘာဝအရင်းအမြစ်များရှာဖွေမှု စုဆောင်းထုတ်ယူမှုများ ကိုလည်း အခွန်ကောက်ခံမှုများ ရှိပါသည်။ မြေယာ ပိုင်ဆိုင်မှုမရှိသူအများစုသည် ထိုကဲ့သို့ရှာဖွေ

43 Paramilitary actors, militia and ceasefire groups are all regularly encouraged to do this by the GoM. It is presented solely as a means to reduce the burden on local populations, but also has the effect of rupturing ties between armed actors and local communities.

စုဆောင်းရောင်းချမှုဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်ကိုလည်းတွေ့ရပါသည်။

**ပုံ (၂.၂၆) - ဖြေဆိုသူများအနေဖြင့် အာဏာပိုင်ဘယ်နှစ်ဖွဲ့အား အခွန်ပေးဆောင်နေရလဲ**




ဖြေဆိုသူများအနက်မှ ၃၀ ရာခိုင်နှုန်းသည် အခွန်တစ်မျိုးမျိုးကို အာဏာပိုင်အဖွဲ့ နှစ်ဖွဲ့ထံသို့ ပေးဆောင်မှုများရှိနေပြီး ၃ ရာခိုင်နှုန်းမှာ အာဏာပိုင်အဖွဲ့ သုံးဖွဲ့ နှင့် ၁ ရာခိုင်နှုန်း ကတော့ လေးဖွဲ့ (သို့) လေးဖွဲ့ထက်ပို၍ ပေးဆောင်ရမှုများ ရှိသည်ကို တွေ့ရပါသည် (ပုံ - ၂.၂၆)။ အချို့သည် မြေယာတစ်ခုတည်း (သို့) ပိုင်ဆိုင်မှုတစ်ခုတည်းကို အခွန်မျိုးစုံ ပေးဆောင်ရမှုများလည်းရှိပါသည်။ ကေအဲန်ယူ နှင့် အစိုးရကတော့ ပုံစံတကျ အခွန်ကောက်ခံမှု စနစ်ရှိပြီး နေရာတစ်ခုတည်းတွင် နှစ်ဖွဲ့လုံး စင်ပြိုင်ကောက်ခံမှုရှိ နေသည်ကိုလည်း တွေ့ရပါသည်။ တခါတရံ DKBA မှ ကေအဲန်ယူနှင့် အပြိုင် တူညီသည့် ပမာဏကို တောင်းခံမှုလည်း ရှိပါသည်။ ပြည်သူများ၏ အာဏာပိုင်တစ်ဖွဲ့ထက်ပို၍ အခွန်နှစ်ထပ်ပေးဆောင်ရမှုတွင် လမ်းတံတားနှင့် ဆိုင်သော အခွန်ကောက်ခံမှု လည်းအပါအဝင် ဖြစ်ပါသည်။ ပုံမှန်ပေးဆောင်ရသည့် အပြင် ထပ်ဆောင်းပေးဆောင်ရမှုများရှိပါသည်။

“ကေအဲန်ယူအား အခွန်ပေးဆောင်သူ များသည် ပေးဆောင်မှုအတွက် “မျှတသည့် ပြန်လည်ရရှိမှု” (သို့) “ အတော်အသင့် မျှတည့် ပြန်လည်ရရှိမှု” ရှိသည်ဆိုကြောင်းကို အများဆုံးဖြေဆို ကြကာ ရာခိုင်နှုန်း အားဖြင့် ၄၆ ရာခိုင်နှုန်း ရှိပြီး အစိုးရမှာ ၄၄ ရာခိုင်နှုန်း ဖြင့် နောက်မှလိုက်သည် ကိုတွေ့ရပါသည်။ သို့သော်ငြားလည်း အာဏာပိုင် တစ်ဖွဲ့ချင်းစီသို့ အခွန်ပေးဆောင်ခဲ့ သူများမှ သုံးပုံတစ်ပုံဝန်းကျင် (သို့) ထိုထက်ပိုသော ဖြေဆိုသူများသည် ၎င်းတို့ ပေးဆောင်ခဲ့မှုမှ “မျှတဲ့ ပြန်လည် ရရှိမှု” မရရှိကြောင်း ဖော်ပြကြပါသည်။”

အခွန်သည် မည်သည့်အုပ်ချုပ်မှုစနစ်တွင်မဆို အဓိကကျသော နေရာမှာရှိနေသော်လည်း အခွန်ကောက်ခံမှုကို တာဝန်ကင်းမဲ့စွာပြုလုပ်ခြင်း (သို့) ကောင်းမွန်စွာ စီမံမှုမရှိခြင်း စသည်တို့ရှိနေလျှင် ပြည်သူလူထု အတွက် ခက်ခဲမှုကို ဖြစ်ပေါ်စေသလို မကျေနပ်ချက်များလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ဖြေဆိုခဲ့သူများ အကြားတွင် ၁ ရာခိုင်နှုန်းသာ `အခွန်ဆောင်မှုသည် မိမိ၏ အိမ်ထောင်စု အပေါ်တွင် အဓိက ဝန်ထုတ်ဝန်ပိုးဖြစ်သည်´ ဆိုသည့် အချက်ကို `အလွန်သဘောတူ´ ကြောင်း ဖြေဆိုပြီး ၁၄ ရာခိုင်နှုန်းမှာ `သဘောတူ´ ဆိုသည့် အဖြေကို ဖြေဆိုကြပါသည်။ (ပုံ - ၂.၂၇)။ ဖြေဆိုသူ ထက်ဝက်ကျော်သည် `သဘောမတူ´နှင့် `လုံးဝသဘောမတူ´ကြောင်းဖော်ပြကြသည်။အခွန်ကောက်ခံသည့်အဖွဲ့ အရေအတွက် များပြားခြင်းသည် ပို၍ ဆိုးဝါးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။[44] သို့သော်လည်း အထက်ပါရလဒ်အရ စုစုပေါင်းဖြေဆိုသူများမှ ၁၅ ရာခိုင်နှုန်း သည် လက်ခံနိုင်သည့် အနေအထားတစ်ခုကို ဖော်ပြနေဆဲဖြစ်ပြီး ထိုအချက်သည် ဝန်ထုတ်ဝန်ပိုးကို ပို၍ လျော့ကြစေနိုင်ကြောင်းကို ညွှန်ပြနေခြင်းပင် ဖြစ်ပါသည်။

**ပုံ (၂.၂၇) - ကျွန်တော်/မ ပေးနေရသော အခွန်များသည် ကျွန်တော်/မတို့၏ မိသားစုအတွက် အဓိက ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်သည် (အရေအတွက်=၂၀၂၀)**




ကေအဲန်ယူအား အခွန်ပေးဆောင်သူများသည် ပေးဆောင်မှုအတွက် “မျှတတဲ့ ပြန်လည်ရရှိမှု” (သို့) “ အတော်အသင့်မျှတတဲ့ ပြန်လည်ရရှိမှု” ရှိသည်ဆိုကြောင်းကို အများဆုံးဖြေဆိုကြကာ ရာခိုင်နှုန်းအားဖြင့် ၄၆ ရာခိုင်နှုန်း ရှိပြီး အစိုးရမှာ ၄၄ ရာခိုင်နှုန်း ဖြင့် နောက်မှလိုက်သည်ကိုတွေ့ရပါသည်။ သို့သော်ငြားလည်း အာဏာပိုင်တစ်ဖွဲ့ချင်းစီသို့ အခွန်ပေးဆောင်ခဲ့သူများမှ သုံးပုံတစ်ပုံဝန်းကျင် (သို့) ထိုထက်ပိုသော ဖြေဆိုသူများသည် ၎င်းတို့ ပေးဆောင်ခဲ့မှုမှ “မျှတတဲ့ ပြန်လည်ရရှိမှု” မရရှိကြောင်း ဖော်ပြကြပါသည် (ပုံ- ၂.၂၈)။ ထိုအရာသည် ဖြစ်တတ်လေ့ရှိသည့်အရာ ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ၁၀ နှစ်အတွင်း နှစ်စဉ် အခွန်ပေးဆောင်မှုအတွက် စစ်တမ်းကောက်

44 There was no clear statistical relationship between the number of authorities respondents were paying tax to and their perceptions of the burden on their household, though existing research has found this to be a significant problem for some communities.

ကြည့်ရာ အခွန်ထမ်းပြည်သူ ၃၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း အကြား သည် ပေးဆောင်မှုမှာ မျှတမှု မရှိကြောင်းဆိုကြသည်။[45] BGFအားအခွန်ပေးဆောင်သူများသည်(ပမာဏအလွန်နည်းသော်လည်း) "မမျှတ" ဆိုသည့် အဖြေကို အနည်းဆုံး ဖြေဆိုခဲ့ကာ ၃၂ ရာခိုင်နှုန်း ရှိပြီး ကေအဲန်ယူသည် နောက်မှလိုက်၍ ၃၃ ရာခိုင်နှုန်း ရှိပါသည်။



ကျေးရွာနှင့် KNU မှ ပံ့ပိုးထားသော ကျောင်းတစ်ကျောင်းတွင် ဆရာမတစ်ဦးမှ ကျောင်းသားများအား သင်ပြပေးနေပုံ
© Saferworld

**ပုံ (၂.၂၈) - အာဏာပိုင်တစ်ခုချင်းစီထံမှ သင့်၏ အခွန်များအတွက် မျှတသော ဝန်ဆောင်မှုများရရှိပါသလား (သက်ဆိုင်ရာအာဏာပိုင်များထံ အခွန်ပုံစံတစ်ခုခုပေးရသော ဖြေဆိုသူများထဲမှ)**




အစိုးရထံမှ ကျန်းမာရေး (သို့) ပညာရေးအတွက် လက်ခံရရှိမှုများ ပိုမိုရှိနေသော်လည်း ကေအဲန်ယူ အပေါ်လိုလားမှု မြင့်နေခြင်းသည်[46] "မျှတတဲ့ ပြန်လည်ရရှိမှု" ဆိုသည်မှာ ပြည်သူလူထု အကျိုး အမြတ်ရရှိမှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ တို့အပေါ် ဥသာ လျော့ချလိုက်၍ မရဘဲ ပြည်သူလူထု၏ နိုင်ငံရေး နှင့် လုံခြုံရေး အမြင်များ အပေါ်တွင်လည်း ချိတ်ဆက်မှုရှိနေကြောင်း ဖေါ်ပြနေခြင်းပင် ဖြစ်ပါသည်။

အစိုးရ နှင့်နှိုင်းယှဉ်လျှင် ကေအဲန်ယူအား အခွန်ပေးဆောင်ရမှုမှာ မျှတသည် ဆိုသည့်အမြင်များ အနည်းငယ်ပိုမိုကျယ်ပြန့်စွာ တွေ့ရှိရမှုအား ခြုံငုံ၍ကြည့်လျှင် ဖြေဆိုသူများ၏ ကေအဲန်ယူအပေါ် လိုလားနှစ်သက်မှုနှင့် ဆက်စပ်နေပြီး ရှေ့အခန်းများတွင်ဖေါ်ပြခဲ့သည့်နည်းတူ ဖြေဆိုသူအများစု၏ ကေအဲန်ယူအပေါ် နိုင်ငံရေးအရ၊ လုံခြုံရေးအရ၊ တရားရေးကိုင်တွယ်မှုအရ နှင့် ဝိသေသလက္ခဏာ များကာကွယ်ပေးမှုများ အရ ထောက်ခံမှုရှိခြင်းများကြောင့်ဖြစ်ပါသည်။

45 Gallup (2018), Taxes (http://news.gallup.com/poll/1714/taxes.aspx).

46 While respondents were nearly twice as likely to pay agriculture, property or foraging taxes to the KNU than to the GoM, they were 25 per cent more likely to receive healthcare or education from the GoM. At least 15 per cent of the surveyed population were paying tax to the KNU, but seemingly not receiving healthcare or education in return. There were 45 villages in which more people said they paid tax to the KNU than they said their community received healthcare or education from that authority; 29 of these 45 showed the inverse for the GoM: with more people saying the community received services than those who said they paid tax.

KPSN လေ့လာတွေ့ရှိမှုအရ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသည့် ဒေသမှပြည်သူများသည် ၎င်းတို့၏ ပိုင်ဆိုင်မှု နှင့် စီးပွားရေး (သို့) လယ်ယာလုပ်ကိုင်မှုတို့တွင် စိတ်ချမှုပေးနိုင်သည့် အဖွဲ့များကို ပို၍ အခွန်ထမ်းဆောင်လိုကြောင်း သိရှိရပါသည်။ ဒေသတွင်း လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ ပိုင်ဆိုင်မှုနှင့် လုပ်ကိုင်နိုင်မှုများအတွက် မှတ်တမ်းထားရှိခြင်းနှင့် တရားဝင် စာရွက်စာတမ်း ထုတ်ပေးခြင်းစသည့် ပံ့ပိုးပေးမှုများရှိပါသည်။ အထူးသဖြင့် ကေအဲန်ယူသည် မြေယာပိုင်ဆိုင်မှု အထောက်အထားမှတ်တမ်း ပြုလုပ်ပေးသည့်အတွက် မိမိလယ်ယာအတွက် မှတ်ပုံတင်ပြုလုပ်ထားနိုင်ခြင်းကို အကျိုးကျေးဇူး အဖြစ် လက်ခံကြပါသည်။ ဒေသခံများသည် ၎င်းတို့ အခွန်ထမ်းဆောင်ခြင်း အတွက်ကြောင့် ပြန်လည်ရရှိမည့် အခွင့်အရေးများ နှင့် ဝန်ဆောင်မှုများ ကို ကောင်းစွာ သိရှိနားလည်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ လေ့လာတွေ့ရှိချက်များအရ အချို့ဒေသများတွင် အခြားမှလက်နက်ကိုင်အဖွဲ့များ၏ အနိုင်ကျင့်မှုနှင့် အကြမ်းဖက်လာမှုများမှ ကာကွယ်ပေးရန်အတွက် ဒေသတွင်းရှိ အာဏာပိုင် လက်နက်ကိုင်အဖွဲ့များအား အခွန်ပေးဆောင်လိုကြသည်ကိုတွေ့ရပါသည်။[47]

**ပုံ (၂.၂၉) - အာဏာပိုင်တစ်ခုစီနှင့် 'တိုက်ရိုက်ဆက်သွယ်မှု' မှ ဆွဲနှုတ်ယူသော အလေ့အထများပေါ် ဖြေဆိုသူများအကြား အမြင်သဘောထားများ**




ဇယား - ၂.၂၉ သည် အာဏာပိုင်များ၏ အခွန်ကောက်ခံဆောင်ရွက်ပုံများနှင့် ဆက်စပ်သော မေးခွန်းသုံးခုအပေါ်တုံ့ပြန်ဖြေဆိုမှု များကို ဖေါ်ပြထားခြင်းဖြစ်ပါသည်။ အာဏာပိုင်များ နှင့် တိုက်ရိုက်ထိတွေ့မှုရှိမှုကိုအခြေခံ ထားပါသည်။ (`တိုက်ရိုက်ထိတွေ့မှု´ အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို အခန်း ၂.၄ တွင်ဖေါ်ပြထားပါသည်) ထိုမေးခွန်းများအပေါ်တုံ့ပြန်မှုမှာ ခြုံငုံကြည့်လျှင် နည်းပါး သော်လည်း အာဏာပိုင်တစ်ဖွဲ့ချင်းစီနှင့် ၎င်းတို့ဆောင်ရွက်နေသည့် ပုံစံကို တွေ့မြင်နိုင်မည် ဖြစ်သည်။ စစ်တမ်းကောက်ဒေသများအတွင်း ပြည်သူလူထု၏ တိုက်ရိုက်ထိတွေ့မှုအရ ကြည့်လျှင် ကေအဲန်ယူသည် အခွန်အကောက်ခံဆုံးအဖွဲ့ ဖြစ်တန်ရာရှိသည်ကို တွေ့ရ မည် ဖြစ်ပါသည်။ အစိုးရ နှင့် BGF မှာ အနည်းဆုံးကောက်ခံသည့် အဖွဲ့များဖြစ်နိုင်ပါသည်။ သို့သော် ၎င်းတို့ အတင်းအကျပ် ငွေကောက်ခံမှု မှာတော့ မြင့်မားသည်ကို တွေ့ရပြီး ၁၃ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်း အသီးသီး ရှိကြပါသည်။ DKBA မှာ ၎င်းအဖွဲ့နှင့် တိုက်ရိုက် ထိတွေ့မှု အရွယ်အစား ပမာဏအရ အမြင့်ဆုံး အခွန် (၁၅ ရာခိုင်နှုန်း အရွယ်အစား ပမာဏ အားဖြင့်) ကောက်သည့် အဖွဲ့ဖြစ်ပါသည်။ ထို့ပြင် အဖွဲ့ အရွယ်အစားပမာဏအရ တိုင်းတာလျှင်လည်း အခွန်အလွန်ကျုံကောက်ခံခြင်းနှင့် အတင်းအကျပ် ငွေကောက်ခံခြင်း အမြင့်ဆုံးအဖွဲ့ဖြစ်နေသည်ကိုလည်း တွေ့ရပါသည်။

47 South (2012), p 199. See also, South (2011).



Moei မြစ်ကမ်းပေါ်ရှိ မြဝတီမြို့၊ လက်နက်ကိုင်တပ်ဖွဲ့တော်တော်များများသည် မြဝတီမြို့နယ်အတွင်းတွင် နယ်မြေအသီးသီး ရယူတပ်ဆွဲထားကြပါသသည်၊ အလွန်အပိုင်းပိုင်းဖြစ်နေသည့် အုပ်ချုပ်ရေးအခြေအနေအား ဖန်တီးထားရှိပါသည်။

©Axel Drainville

## ၂.၆ နယ်မြေများ အပေါ် လေ့လာမှုပြုခြင်း

### အဓိကတွေ့ရှိချက်များ

- စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာများ၏ ၆၁ ရာခိုင်နှုန်း သည် အာဏာပိုင်များရောယှက်နေသည့်ထိန်းချုပ်မှုအောက်ရှိရွာများဖြစ်ကြပါသည်။ လုပ်ငန်းများဆောင်ရွက်ပေးမှု၊ အခွန်ကောက်ခံမှုနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ တည်ရှိ/တွေ့မြင်နေရမှုတို့ကို အခြေခံပေါင်းစပ် ၍ တိုင်းတာ ထားခြင်းဖြစ်ပါသည်။
- အစိုးရထိန်းချုပ်မှုအောက်နယ်မြေများရှိ ဖြေဆိုသူအများစုသည် ကေအဲန်ယူ၏အုပ်ချုပ်မှုကို လိုလားကြပါသည်။ ရောယှက်ထိန်းချုပ်မှုနယ်မြေများတွင် ဖြေဆိုသူများ၏ ကေအဲန်ယူအားအုပ်ချုပ်စေလိုမှုသည် ပြည်ထောင်စုမြန်မာ နိုင်ငံအစိုးရအား အုပ်ချုပ်စေလိုမှုထက် နှစ်ဆကျော် ရှိနေသည်ကို တွေ့ရပါသည်။
- ကျေးရွာခေါင်းဆောင်မှု တစ်ခုတည်းသာ ကြည့်၍ မည်သည့် အာဏာပိုင်ထိန်းချုပ်နေကြောင်း ညွှန်းဆိုမှုသည် လုံလောက် မှုမရှိပေ။ ကျေးရွာ ခေါင်းဆောင်မှုကို ပုံစံတကျ မဟုတ်ဘဲ ထိန်းချုပ်ထားနိုင်သည့် အလေ့အထများလည်း ရှိနေပါသည်။
- ကေအဲန်ယူ ထိန်းချုပ်နယ်မြေများမှ ဖြေဆိုသူ ၉၉ ရာခိုင်နှုန်းနှင့် ရောယှက်ထိန်းချုပ်နယ်မြေများမှ ဖြေဆိုသူ ၈၃ ရာခိုင်နှုန်းသည် ကရင်လူမျိုးများ ဖြစ်ကြပါသည်။ အုပ်ချုပ်မှုနှင့် လူမျိုး ဖြစ်မှု အကြား အချိတ်အဆက်ရှိနေသည်ကို ပြသနေခြင်း ဖြစ်ပါသည်။
- ရောယှက်နေသည့်ထိန်းချုပ်မှုရှိသော ကျေးရွာများတွင် ကျေးရွာ ခေါင်းဆောင်မှုပုံစံ၊ အခွန်ကောက်ခံမှု၊ လက်နက်ကိုင် တပ်ဖွဲ့ဝင်များတည်ရှိနေမှု နှင့် လုပ်ငန်းဆောင်ရွက်ပေးမှုများ မှာ ကွဲပြားစွာရှိနေသည်ကို တွေ့ရပါသည်။
- ကေအဲန်ယူထိန်းချုပ်မှု နယ်မြေများမှ ဖြေဆိုသူများ အားလုံး နီးပါးသည် ကေအဲန်ယူ လိုလားသူများ ဖြစ်ကြပါသည်။ အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်၍ အစိုးရ ထိန်းချုပ်သည့် နယ်မြေများ တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို လိုလားမှု အများဆုံးဖြစ် သော်လည်း ကေအဲန်ယူအပေါ် ကေအဲန်ယူထိန်းချုပ်နယ်မြေတွင်လိုလားကြသည့် အနေအထားမျိုးလောက်တော့ မရှိသည်ကို တွေ့ရပါသည်။
- ကေအဲန်ယူ၏ လုပ်ငန်းဆောင်ရွက်ပေးမှု နှင့် အခွန် ကောက်ခံမှုတို့သည် ကေအဲန်ယူနယ်မြေများတွင် ပို၍ ကျယ်ပြန့်စွာ ရှိသည်ကိုတွေ့ရပါသည်။ အစိုးရ၏ အစိုးရ နယ်မြေများတွင် အဆိုပါ ဆောင်ရွက်မှုများကို ကြည့်လျှင် ကေအဲန်ယူလောက် ကျယ်ပြန့်မှုမရှိသည်ကို တွေ့ရပါသည်။
- ရောယှက်နေသည့် ထိန်းချုပ်မှုရှိသော နယ်မြေများတွင် ကေအဲန်ယူ ရော အထူးသဖြင့် အစိုးရ ရော လုပ်ငန်းများ ကျယ်ပြန့်စွာလုပ်ကိုင် နေသော်လည်း ဖြေဆိုသူများမှ ၉% သည် သူတို့ ရပ်ရွာတွင် ပညာရေးထောက်ပံ့မှုမရရှိ ဟုဖော်ပြကြပြီး ၈% က ကျန်းမာရေး ထောက်ပံ့မှု မရရှိဟု ဆိုကြပါသည်။
- ကေအဲန်ယူ နှင့် အထူးသဖြင့် အစိုးရတို့သည် ရောယှက်နေသည့် ထိန်းချုပ်နယ်မြေများတွင် ဆောင်ရွက်ပေးမှုများ ရှိနေ သော်လည်း ၉ ရာခိုင်နှုန်းသောဖြေဆိုသူများသည် မည်သည့်ပညာရေးထောက်ပံ့မှုကိုမျှ မရရှိကြောင်း ဖော်ပြကြပြီး ၈ ရာခိုင်နှုန်းမှာ မည်သည့်ကျန်းမာရေးစောင့်ရှောက်မှုကိုမျှ မရရှိကြောင်း ဖော်ပြကြပါသည်။
- အစိုးရထိန်းချုပ်မှုရှိသော နယ်မြေများ နှင့် ရောယှက်နယ်မြေများမှ ကျေးရွာများတွင် မည်သည့် အာဏာပိုင်ထံကမျှ ပညာရေး ထောက်ပံ့မှု နှင့် ကျန်းမာရေး ထောက်ပံ့မှု မရရှိကြောင်း ဖြေဆိုသူမှာ ၁၀ ရာခိုင်နှုန်း အောက်တွင်သာ ရှိပါသည်။

မြန်မာနိုင်ငံ အတွင်း ပဋိပက္ခဒေသများတွင် နယ်မြေ အပိုင်းအခြားကို တိကျစွာရေးဆွဲထားခြင်းသည် အလွန်ရှားပါးပါသည်။ မည်သည့် နယ်မြေအား မည်သည့်လက်နက်ကိုင်အဖွဲ့မှ ထိန်းချုပ်သည် ဆိုသည်ကို ပြင်ပသူများသိရှိရန် ခက်ခဲလှပါသည်။ ဤအခန်းမှာ တည်ရှိနေသည့် နယ်မြေကွဲပြားမှု အမျိုးမျိုးကို နားလည်သဘောပေါက်ရန် ထည့်သွင်းထားပြီး ဤအစီရင်ခံစာ တစ်ခုလုံးတွင် အသုံးပြုသော အခြေခံ အမျိုးအစား ခွဲခြားမှုကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ပဋိပက္ခအချိန်များအတွင်း နယ်မြေများအား အကြမ်းဖျင်းသာ သတ်မှတ်ကြသည်မှာ အတိအကျ သတ်မှတ်မှုအတွက် ထိန်းသိမ်းကာကွယ်ရန် ခက်ခဲ လွန်း၍ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့များ၏ လွယ်ကူစွာဖြင့် နယ်မြေ ကျူးဝင်လာခြင်း (သို့) အခြား နယ်မြေများသို့ ရောက်ရှိသွားခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ အပစ်အခတ် ရပ်စဲရေးပြုလုပ်ပြီးနောက်ပိုင်းတွင်လည်း ညှိနှိုင်း ဆောင်ရွက်နေသူများသည် အဆင့်မြင့် ဆွေးနွေးပွဲများ အပေါ်တွင်သာ အာရုံရောက်နေသည့်အတွက် လက်တွေ့မြေပြင်အခြေအနေကို ဖြေရှင်းဆောင်ရွက်မှုများ အားနည်းသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် နယ်မြေပိုင်းခြား သတ်မှတ်ခြင်း အခြေအနေတိုးတက်မှုသည် အနည်းငယ် သာရှိသည်ကို တွေ့ရပါသည်။ ဒေသခံပြည်သူများ၏ အခွန် ပေးဆောင်မှု နှင့် ဝန်ဆောင်မှုများပြန်လည်ရရှိမှု တို့သည် ရောယှက်နေသော မတူညီသည့် အာဏာပိုင်များ နှင့် မတူညီသည့် အတိုင်းအတာ များဖြစ်နေပါသည်။ ထိုမတူညီသောလွှမ်းမိုးမှု အနေအထားများ သည်လည်း အချိန်နှင့်အမျှ မတည်ငြိမ်သည့် အတက်အကျ အပြောင်းအလဲ များ ဖြစ်နိုင်ပါသည်။

နယ်မြေထိန်းချုပ်မှုပြောင်းလဲဖြစ်ပေါ်ခြင်းသည်နှစ်ပေါင်းရာနှင့်ချီရှိနေခဲ့ပြီဖြစ်သည်။စစ်တမ်းကောက်ကျေးရွာ ၄၀ ကျော်သည် ကိုလိုနီခေတ်မတိုင်မီ (သို့) ကိုလိုနီခေတ်အတွင်း မှစ၍ တည်ထောင်ခဲ့သောရွာများ ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသကို တနင်္သာရီတိုင်း အဖြစ်ထားရှိ အုပ်ချုပ်ခဲ့ပါသည်။[48] အဆိုပါတိုင်းအတွင်းပါရှိသည့် ဒေသ အတော်များများအား ဗဟို အုပ်ချုပ်မှုမှ ဖယ်ထားခြင်း (သို့) တစ်ပိုင်းတစ်စ ဖယ်ထားခြင်းများ ရှိခဲ့ပြီး ဒေသ ကရင်ခေါင်းဆောင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးခဲ့ပါသည်။[49] ကိုလိုနီစနစ်ပုံစံတကျ အုပ်ချုပ်သည့် အခါတွင်လည်း အုပ်ချုပ်ရေး နှင့် တပ်ပိုင်း ရာထူးများအား ကရင်အမျိုးသားများကို ဦးစားပေး ဝင်ရောက်လုပ်ကိုင်စေခြင်းများ ရှိခဲ့ပါသည်။ ၁၉၄၉ ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှာတော့ မူလတနင်္သာရီတိုင်းမှ ကရင်ခေါင်းဆောင်အများအပြား သည် ကေအဲန်ယူနှင့် မဟာမိတ်ပြုကာ ပေါင်းစည်းခဲ့ကြပါသည်။ ထိုဒေသအများစုသည်လည်း အဆိုပါပူးပေါင်းအဖွဲ့ ထိန်းချုပ်မှုအောက်သို့ အလျင်အမြန် ရောက်ရှိသွားပါသည်။ ကိုလိုနီအုပ်ချုပ်မှု အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အရရှိခဲ့ဆုံးသော ထိုဒေသ (ယခင်က သံလွင်တောင်တန်းများခရိုင်) သည် ကေအဲန်ယူ၏ အဓိက အမာခံနယ်မြေ ဖြစ်လာပါသည်။[50]

ပြီးခဲ့သည့် နှစ် ၇၀ အတွင်းမှာ တပ်မတော်၏ စစ်ဆင်ရေးဆောင်ရွက်မှုများ နှင့် ပြည်နယ်များ တိုးချဲ့လာခြင်းကြောင်း ကေအဲန်ယူနယ်မြေ တစ်ဖြေးဖြေး လျော့နည်းလာသည်ကို တွေ့ရပါသည်။ ၁၉၅၀ခုနှစ်များနောင်းပိုင်းနှင့်၁၉၈၀ခုနှစ်များအစောပိုင်းကာလအကြားတွင်အထက်ဖေါ်ပြပါနယ်မြေ တစ်ခုလုံးနီးပါး သည် ကေအဲန်ယူထိန်းချုပ်မှု ရှိခဲ့ပါသည်။ ထိုကာလ အတွင်း အစိုးရ၏ ဖြည်းဖြည်းချင်း သိမ်းယူမှုများ (စစ်တမ်းကောက်ကျေးရွာ ၁၄ ရွာပါဝင်ခဲ့) ရှိနေသော်လည်း ကြီးမားသည့် နယ်မြေဧရိယာများ ကျန်ရှိခဲ့ပါသည်။ ၁၉၈၄ ခုနှစ်မှ စတင်ကာ တပ်မတော်၏ ထိုးစစ်ဆင်မှုကြောင့် အစိုးရသည် ကရင်ပြည်နယ် အလယ်နှင့် အရှေ့တောင်ပိုင်းဒေသများနှင့် မွန်ပြည်နယ်နှင့် တနင်္သာရီဒေသအများအား ထိန်းသိမ်းနိုင်ခဲ့သည်။ ၁၉၉၀ ခုနှစ်များ အလယ်လောက်မှစ၍ DKBA ခွဲထွက်သွားမှုသည် (၂၀၁၀ခုနှစ်တွင် အများစုမှာ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းသွား) အစိုးရ၏ ထိန်းချုပ်နိုင်မှုကို ပိုမို အထောက်အပံ့ဖြစ်စေခဲ့သလို ကရင်ကျေးရွာအများအပြားတွင်လည်း ကေအဲန်ယူ ပါဝင်နိုင်မှုမရှိနိုင်အောင် ထိန်းထားနိုင်ခဲ့ပါသည် (Box ၂.၂ တွင်တွေ့နိုင်ပါသည်)။

လက်ရှိအချိန်တွင် ကေအဲန်ယူ အုပ်ချုပ်မှုရှိသော ဒေသအများစုမှာပင် တပ်မတော်စစ်စခန်းများ တည်ရှိနေပါသည်။ များစွာသောကရင်ပြည်သူလူထုသည်လည်း ဒေသစွန့်ခွာ ရှောင်တိမ်းသွားခဲ့ရပါသည် (အပိုင်း ၃ တွင် တွေ့နိုင်)။ ထိုကာလ များအတွင်း ယခုစစ်တမ်းကောက်ရွာ အတော် များများသည် သိမ်းခံရခြင်း နှင့် မီးရှို့ခံရခြင်းများရှိခဲ့ပါသည်။[51] အပစ်အခတ် ရပ်စဲမှုပြုလုပ်ပြီးနောက်ပိုင်းတွင်လည်း အစိုးရတည်ရှိမှုကို စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဒေသအုပ်ချုပ်ရေးပြုပြင် ပြောင်းလဲရေးများအားဖြင့် ပို၍ တိုးချဲ့လုပ်ဆောင်မှုများရှိလာပါသည်။ တစ်ပြိုင်တည်းမှာဘဲ တပ်ချ ဆောင်ရွက်မှုများအားလည်း ဒေသအများအပြားတွင် ဆက်၍လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။

လေ့လာသူများကတော့ မြန်မာနိုင်ငံ လက်နက်ကိုင် ပဋိပက္ခနယ်မြေဒေသများနှင့် ပတ်သက်၍ နယ်မြေအမျိုးအစား သုံးမျိုးခွဲခြင်း ကိုပြုလုပ်ခဲ့ကြပါသည်။ ၄င်းတို့မှာ - အစိုးရထိန်းချုပ်နယ်မြေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေ နှင့် ရောယှက်ထိန်းချုပ်နယ်မြေ ဟူ၍

48 'Tennasserim Division' was also the name given to today's Tanintharyi Region during the Ne Win era. During British rule, the division was much larger.

49 See Jolliffe (2016), p 9, for more detail on these arrangements.

50 The Salween Hills District covered much of today's Mutraw (Hpapun), Taw Oo (Taungoo) and Kler Lwe Htoo (Nyaunglebin) Districts, as well as parts of the Hpa-an and Doo Tha Htoo (Thaton) Districts.

51 For more on this history, see Jolliffe (2016); South (2011); and Smith (1999).

ဖြစ်ပါသည်။ တပ်မတော်သုံးစွဲသော စကားလုံးများဖြစ်သည့် အဖြူရောင်နယ်မြေ၊ အညိုရောင်နယ်မြေ နှင့် အနက်ရောင်နယ်မြေ ဆိုသည့်ခွဲခြားမှုမျိုးကိုလည်း ပဋိပက္ခ သက်ရောက်ခဲ့သောဒေသမှ ပြည်သူများအပါအဝင် အတော်များများမှ သုံးစွဲသည်ကို တွေ့မြင်ရပါသည်။ (အပိုင်း ၃ တွင် ပို၍ တွေ့နိုင်)။ သို့သော် အားလုံးအသိအမှတ်ပြုသည့် အမျိုးအစားခွဲခြင်းမျိုးတော့ မရှိပေ။ လက်တွေ့ အရှိတရားတွင်လည်း စကားလုံးများသတ်မှတ်ပြောဆိုမှု ထက် အလွန်ရှုပ်ထွေးလှသည်ကိုတွေ့ရပါသည်။

ပို၍လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် အာဏာပိုင်တစ်ဖွဲ့ချင်းစီ၏ဒေသတွင်း လွှမ်းမိုးရန်ကြိုးစားမှုမှာ တစ်နည်းမကရှိနေသည်ကိုတွေ့ရပါသည်။ နေရာတစ်ခုနှင့်တစ်ခုလည်းအတိုင်းအတာတူညီမှုမရှိပေ။ အပိုင်း ၂ အစပိုင်းတွင် တွေ့နိုင်ပါသည်။ အားလုံးခြုံကြည့်လျှင့် အစိုးရနှင့် ကေအဲန်ယူ တို့၏ လွှမ်းမိုးထားနိုင်မှုမှာ အကျယ်ပြန့်ဆုံး ဖြစ်ပါသည်။ မကြာသေးမီ အချိန်မှဲ ကျေးရွာခေါင်းဆောင်များ အထက်တွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နေရာများ ထားရှိခဲ့ပါသည် (အခန်း ၂.၁ တွင်ကြည့်နိုင်)။ သို့သော်ထိုဆောင်ရွက်မှုသည် အစိတ်အပိုင်းတစ်ခုကို အရောင်ချယ်မှုတစ်ခုမျှသာ ဖြစ်ပါသည်။ ဒေသတွင်း လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ အခွန်ကောက်ခံခြင်း နှင့် တပ်ဖွဲ့ဝင်များ တည်ရှိနေခြင်း (သို့) အပြည့်အဝထိန်းချုပ်နိုင်မှုမရှိသည့် အနေအထားမှာပင် ရွာအနီးအနားတွင် တပ်စခန်းများ ချထားခြင်း တို့ကို အာဏာပိုင်များမှ ပြုလုပ်လေ့ရှိပါသည်။ အစိုးရကျေးရွာခေါင်းဆောင် အုပ်ချုပ်သော ကျေးရွာအများမှာ ကေအဲန်ယူ၏ အခွန်ကောက်ခံခြင်း နှင့် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ရှိသည်ကိုတွေ့ရပါသည်။[52] ထို့ပြင် တစ်ဖက်မှာလည်း ကေအဲန်ယူမှ ကျေးရွာခေါင်းဆောင် အုပ်ချုပ်သော ကျေးရွာအများ၏ အနီးအနားတွင် တပ်မတော်စစ်စခန်းများ တည်ရှိခြင်းနှင့် ထိုရွာများတွင် အစိုးရမှ လုပ်ငန်းများ ဆောင်ရွက်ပေး နေမှုများကိုလည်း တွေ့ရပါသည်။

ထို့ကြောင့် စစ်တမ်းကောက်ခံခဲ့သောကျေးရွာများကို အစိုးရထိန်းချုပ်နယ်မြေ၊ ကေအဲန်ယူ ထိန်းချုပ်နယ်မြေနှင့် ရောယှက်ထိန်းချုပ်နယ်မြေ ဟူ၍ အမျိုးအစားခွဲခြားမှုပုံစံကို အသုံးပြု ရခြင်းဖြစ်သည်။ သို့သော် ရှုပ်ထွေးကွဲပြားမှုများရှိနေသော နယ်မြေများကို ဆန်းစစ်သုံးသပ်ပြောဆိုရန် အတွက်မှု အထောက်အပံ့ကိုဖြစ်စေသော်လည်း အလွန်ကျယ်ပြန့် ကွဲပြားနေသော အုပ်ချုပ်မှုပိုင်းအစီအစဉ်များ အတွက်ဆိုလျှင် ပြည့်စုံသည့် အမျိုးအစားခွဲခြင်းပုံစံ မဟုတ်သည်ကို သိရှိထားဖို့ လိုအပ်ပါသည်။ ထို့ပြင် ဤအမျိုးအစားခွဲခြင်းသည် မည်သည့်အာဏာပိုင်က မည်သည့် နယ်မြေကို ထိန်းချုပ်သင့်သည် ဆိုတာမျိုးကို တင်ပြနေခြင်းမျိုး မဟုတ်သလို အာဏာပိုင်များ၏ ၎င်းတို့ကိုယ်တိုင် အသုံးပြုနေသည့် အမျိုးအစားခွဲခြင်း နှင့်လည်း ကွာခြားနိုင်ပါသည်။ အခြေခံရည်ရွယ်ချက်မှာ ဒေသတွင်း ရှုပ်ထွေးနေသည့် အုပ်ချုပ်မှုအစီအစဉ်များအား ယေဘုယျအားဖြင့် ပုံဖော်ကြည့်နိုင်ရန်ဖြစ်ပါသည်။

ကျေးရွာတစ်ရွာချင်း၏ အချက်အလက်များအား ဆန်းစစ်ခြင်းဖြင့် မည်သည့် အာဏာပိုင်မှ အောက် ဖော်ပြပါ တိုင်းတာမှုပုံစံအရ မည်သည့်အချက်များနှင့် ကိုက်ညီနေသနည်းဆိုသည်ကို ကြည့်၍ ဆုံးဖြတ်ခြင်း ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။ ထိုတိုင်းတာမှုအချက်များမှာ

- စစ်တမ်းဖြေဆိုသူများမှ အနည်းဆုံး ၂၀ ရာခိုင်နှုန်း သည် စိုက်ပျိုးရေး အခွန်၊ ပိုင်ဆိုင်မှုအခွန်နှင့် သဘာဝမှ ရှာဖွေရောင်းချမှုအခွန် များကို မည်သည့်အာဏာပိုင်အားပေးဆောင်မှုရှိခြင်း
- စစ်တမ်းဖြေဆိုသူများမှ အနည်းဆုံး ၄၀ ရာခိုင်နှုန်း သည် ကျန်းမာရေး (သို့) ပညာရေးကို မည်သည့် အာဏာပိုင်ထံမှ ရရှိမှု ရှိခြင်း
- စစ်တမ်းဖြေဆိုသူများမှ အနည်းဆုံး ၈၀ ရာခိုင်နှုန်း သည် မည်သည့်အာဏာပိုင်အဖွဲ့မှ တပ်ဖွဲ့ဝင် များကို မကြာခဏ (သို့) တစ်ခါတစ်ရံ မြင်တွေ့ရမှု ရှိခြင်း တို့ဖြစ်ပါသည်။

စစ်တမ်းကောက် ကျေးရွာများတွင် အထက်ဖော်ပြပါသတ်မှတ်ချက်များဖြင့်ဆန်းစစ်ကာ အကယ်၍ အစိုးရနှင့် ကိုက်ညီနေသည်ကို တွေ့လျှင် ထိုကိုက်ညီသည့်ကျေးရွာအား အစိုးရထိန်းချုပ်မှု အောက် တွင် ထည့်သွင်းပါသည်။ အကယ်၍ ကေအဲန်ယူနှင့် ကိုက်ညီသည်ဆိုလျှင် ကေအဲန်ယူထိန်ချုပ်မှု အောက်နှင့် အာဏာပိုင်တစ်ဖွဲ့မက ကိုက်ညီမှုရှိနေလျှင် ရောယှက် ထိန်းချုပ်မှု အမျိုးအစားအောက်ကို ထည့်သွင်းပါသည်။

ထိုစံသတ်မှတ်ချက်များဖြင့် ရွေးချယ်ဆုံးဖြတ်ရာတွင် မည်သည့်အချက်များ သိသာစွာတွေ့ရှိရသော ကြောင့် မည်သည့်အပိုင်းတွင် ထည့်သွင်းရခြင်း ဖြစ်သည် ဆိုသည့်အချက်ကို သတိကြီးစွာ စဉ်းစား ဆုံးဖြတ်ခဲ့ရပါသည်။ အထက်ဖော်ပြပါ အခွန် သုံးမျိုးအား ကောက်ခံနိုင်သည့် အာဏာပိုင်သည် ထို ကျေးရွာတွင် ပုံမှန် (သို့) အထိုင်ကြတည်ရှိနေသည်ကို ညွှန်ပြနေခြင်း ဖြစ်ပါသည်။ အခြေချနေထိုင်မှု အနည်းငယ် သာရှိသောကျေးရွာတွင် အများစုမှာ အာဏာပိုင်တစ်ဖွဲ့ဖွဲ့အား အခွန်ကို ပေးဆောင်နေရ မှုများရှိခဲ့လျှင် ၂၀ ရာခိုင်နှုန်း သတ်မှတ်ချက်သည် ကျေးရွာအတွင်း သိသာစွာလွှမ်းမိုးမှုရှိသည့် အာဏာပိုင်ကိုညွှန်ပြရန် လုံလောက်ပါသည်။ ကျန်းမာရေးနှင့် ပညာရေး အတွက်ကိုမူ ထောက်ပံ့ ပေးမှုများ ရှိနေသည့်တိုင် ဒေသခံအားလုံးမှ လက်ခံ အသုံးပြုမှုရှိသည်ဟူ၍ မှတ်ယူ၍ မရနိုင်ပေ။ အကြောင်းမှာ ကျန်းမာရေး နှင့် ပညာရေး အတွက် အခြားဒေသသို့ သွားရောက်သူများလည်းရှိတတ် သည့်အတွက်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါထောက်ပံ့မှုများ ကောင်းမွန်စွာ ဆောင်ရွက် ပေးနိုင်

**ပုံ (၂.၃၀) - နယ်မြေအမျိုးအစား တစ်ခုချင်းစီရှိ ဖြေဆိုသူများအား ကျားမအလိုက်တွေ့ရပုံ**




52 People received services from the KNU in eight villages and were paying tax to the KNU in 13 villages.

နေမှုကို ၄၀ ရာခိုင်နှုန်း သတ်မှတ် ထားရှိကာ စဉ်းစားဆုံးဖြတ်ခဲ့ပါသည်။ အခန်း ၃.၁ တွင် ထည့်သွင်း ဆွေးနွေးထားသကဲ့သို့ စစ်တမ်းဖြေဆိုသူအများစုသည် အာဏာပိုင် အဖွဲ့များ၏ တပ်ဖွဲ့ဝင် စစ်သားများကို မကြာခဏ (သို့) တစ်ခါတစ်ရံ မြင်တွေ့ကြပါသည်။ ထို့ကြောင့် ဤအချက်အပေါ်တွင် ၈၀ ရာခိုင်နှုန်း စံသတ်မှတ်ချက် ထား၍ စဉ်းစားဆုံးဖြတ်ခဲ့ပါသည်။ ထိုမှသာ ပိုမိုရှင်းလင်းစွာဖြင့် မည်သည့်တပ်ဖွဲ့ဝင်များသည် ၎င်းဒေသတွင် အခြေတကျတည်ဆောက်ထားခြင်း (သို့) တည်ရှိနေခြင်း စသည်တို့ကို ဆုံးဖြတ်ရန် လုံလောက်မှုရှိမည် ဖြစ်သည်။

"ကျေးရွာ ၁၃ ရွာနှင့် စစ်တမ်းဖြေဆိုသူ ၁၉ ရာခိုင်နှုန်း သည် အစိုးရထိန်းချုပ်မှု နယ်မြေဒေသများ အတွင်းရှိပြီး ၂၁ ရွာနှင့် စစ်တမ်းဖြေဆိုသူ ၂၀ ရာခိုင်နှုန်း သည် ကေအဲန်ယူ ထိန်းချုပ်မှုနယ်မြေဒေသများ နှင့် ၃၈ ရွာနှင့် စစ်တမ်း ဖြေဆိုသူ ၆၁ ရာခိုင်နှုန်း သည် ရောယှက် ထိန်းချုပ်မှု နယ်မြေဒေသများ အတွင်း ရှိနေသည်ကို တွေ့ရပါသည်။"

ထိုတိုင်းတာမှုအားဖြင့် ကျေးရွာ ၁၃ ရွာနှင့် စစ်တမ်းဖြေဆိုသူ ၁၉ ရာခိုင်နှုန်း သည် အစိုးရထိန်းချုပ်မှု နယ်မြေဒေသများအတွင်းရှိပြီး ၂၁ ရွာနှင့် စစ်တမ်းဖြေဆိုသူ ၂၀ ရာခိုင်နှုန်း သည် ကေအဲန်ယူ ထိန်းချုပ်မှုနယ်မြေဒေသများ နှင့် ၃၈ ရွာနှင့် စစ်တမ်း ဖြေဆိုသူ ၆၁ ရာခိုင်နှုန်း သည် ရောယှက် ထိန်းချုပ်မှု နယ်မြေဒေသများအတွင်း ရှိနေသည်ကိုတွေ့ရပါသည်။ စာကွက် ၂.၃ တွင် မည်မျှကွဲပြား နေသည့် အနေအထားများ ရှိနေကြောင်း ဖော်ပြရန် မတူညီမှုများကို အခြေခံကာ သာဓက ကျေးရွာ ခုနစ်ရွာကို ဖော်ပြပေးထားပါသည်။ ကျန်ရှိသည့် ပို၍သေးငယ်သော လက်နက်ကိုင်အဖွဲ့များကိုကြည့် လျှင် မည်သည့်အဖွဲ့မှ အထက်ဖော်ပြပါ စံသတ်မှတ်ချက်နှင့် (တစ်ဖွဲ့တည်းသီးသန့်) ကိုက်ညီမှုရှိသည့် အနေအထားကို မတွေ့ရပေ။ ထို့ကြောင့် အဆိုပါအဖွဲ့များမှ တစ်ဖွဲ့တည်းသာလွှမ်းမိုးထိန်းချုပ်ထား သည့် ကျေးရွာ တစ်ရွာမျှမရှိသည်ကို တွေ့ရပါသည်။ DKBA သည် ကျေးရွာ နှစ်ရွာတွင် အထက်ပါ စံသတ်မှတ်ချက်များနှင့် ပြည့်မီနေသော်လည်း ကေအဲန်ယူပါ ၄င်းကျေးရွာများတွင် အဆိုပါသတ်မှတ် ချက်များနှင့် ကိုက်ညီနေသည့် အတွက် ရောယှက်ထိန်းချုပ်မှု အမျိုးအစား အောက်သို့ ထည့်လိုက် ရပါသည်။

ရှာဖွေတွေ့ရှိချက်များအရကျေးရွာခေါင်းဆောင်မှုတစ်ခုတည်းကြည့်ခြင်းဖြင့် မည်သည့်အာဏာပိုင်မှ ၄င်းကျေးရွာကို ထိန်းချုပ်ထားကြောင်း အတိအကျဆို၍ မရသည်ကို ဖော်ပြနေပါသည်။ ရောယှက် ထိန်းချုပ်မှုရှိသည့် ကျေးရွာ ၃၈ ရွာမှ ၁၇ ရွာသည် အစိုးရဘက်မှချိတ်ဆက်နေသည့် ကျေးရွာ ခေါင်းဆောင် သာရှိပြီး ၅ ရွာမှာ ကေအဲန်ယူဘက်မှ ကျေးရွာခေါင်းဆောင် သာရှိပါသည်။ အလားတူစွာ တစ်ဖက်မှ ကျေးရွာခေါင်းဆောင်နေရာကိုယူထားသော်လည်း အခြားတစ်ဖက်မှ ပို၍လွှမ်းမိုးမှု ရှိနေ သည့် ကျေးရွာများအားလည်း တွေ့ရှိရပါသည်။

ကျား-မ ညီမျှမှု အနေအထာများ အဆိုပါ ထိန်းချုပ်နယ်မြေအမျိုးအစား သုံးမျိုးလုံးတွင် ကွာခြားမှု မရှိကြောင်း တွေ့ရပါသည်။ (ပုံ - ၂.၃၀)။ ဒေသအတွင်း အခြား လေ့လာသုံးသပ်မှုများတွင် မှတ်ယူနိုင်သည့် ပုံစံအချို့အား ပြောဆိုနိုင်သော်လည်း ထိုလေ့လာမှု ကို ကိုယ်စားပြု ထည့်သွင်းရန် ပုံစံဒီဇိုင်း ရေးဆွဲခဲ့ခြင်း မရှိပေ။ လူမျိုးကိန်းဂဏန်းစိစစ်ခွဲခြားမှုမှာ သိသာစွာ ကွာခြားမှုရှိနေသည် ကို တွေ့ရပါသည်။ ကေအဲန်ယူထိန်းချုပ်မှုနယ်မြေများမှ ဖြေဆိုသူ ၉၉ ရာခိုင်နှုန်း နှင့် ရောယှက်ထိန်းချုပ်မှု နယ်မြေများမှ ၈၄ ရာခိုင်နှုန်း သည် ကရင်လူမျိုးများဖြစ်ကြပါသည် (ပုံ-၂.၃၁)။

**ပုံ (၂.၃၁) - ဖြေဆိုသူများအတွင်း တိုင်းရင်းသားလူမျိုးများပါဝင်မှု (နယ်မြေအမျိုးအစားအလိုက်)**




ကရင်မဟုတ်သည့်အခြားလူမျိုးများအား အစိုးရထိန်းချုပ်မှုနယ်မြေများတွင် အများစုဖြစ်နေသည်ကို တွေ့ရပြီး ရာခိုင်နှုန်းအားဖြင့် ဗမာလူမျိုး ၁၉ ရာခိုင်နှုန်း ၊ ထားဝယ်လူမျိုး ၂၃ ရာခိုင်နှုန်းနှင့် ပအိုဝ်း လူမျိုး ၁၅ ရာခိုင်နှုန်း တို့ အသီးသီး ဖြစ်ကြပါသည်။

ကေအဲန်ယူထိန်းချုပ်မှုနယ်မြေများမှ ဖြေဆိုသူ ၂၆ ရာခိုင်နှုန်း သာ ဗမာစကားကို ကောင်းစွာ ပြောဆိုနိုင်ပြီး အစိုးရထိန်းချုပ်မှုနယ်မြေများတွင် ၉၀ ရာခိုင်နှုန်း နှင့် ရောယှက်ထိန်းချုပ်မှု နယ်မြေများတွင် ၇၉ ရာခိုင်နှုန်းသည် ဗမာစကားကို ကောင်းစွာ ပြောဆိုနိုင်ကြပါသည်။ ရောယှက်ထိန်းချုပ်မှုနယ်မြေများရှိ ပိုးကရင်စကားပြောသူပမာဏမှာ ကေအဲန်ယူထိန်းချုပ်မှု နယ်မြေများရှိ ပိုးကရင်စကားပြောသူပမာဏနှင့်ယှဉ်လျှင် ၅ ဆပိုများပြီး အစိုးရထိန်းချုပ်မှုနယ်မြေများနှင့်မူ ၂ ဆ ပိုများကြောင်း တွေ့ရှိရပါသည်။ ထိုအချက်ကိုကြည့်ခြင်း အားဖြင့် စကောကရင်ဘာသာစကားသည် ကေအဲန်ယူထိန်းချုပ်မှု နယ်မြေ တွင် လွှမ်းမိုးနေသည့် ဘာသာစကားဖြစ်သည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ သို့သော် ကေအဲန်ယူ သည် ဘာသာစကား နှစ်ခုလုံးအား မြင့်တင်ပေးရန် မူဝါဒကို တရားဝင်ထည့်သွင်းထားရှိပါသည်။

**ပုံ (၂.၃၂) - ရွေးချယ်ထားသော ဘာသာစကားများအား "ကောင်းစွာ" ပြောဆိုနိုင်သည်ဆိုသည့် ဖြေဆိုသူများ**




မတူညီသည့်ထိန်းချုပ် နယ်မြေများအကြားတွင် ပညာရေးသင်ယူနိုင်ခွင့် သိသာစွာ ကွာခြားမှုရှိနေသည်ကိုလည်း တွေ့ရပါသည်။ ကေအဲန်ယူထိန်းချုပ်မှုနယ်မြေများမှ (ပို၍ ဝေးလံသောနေရာများဖြစ်) ဖြေဆိုသူ ၄၂ ရာခိုင်နှုန်း (အမြင့်ဆုံး အချိုးအစား) သည် ကျောင်းပညာသင်ယူခဲ့ခြင်းမရှိကြောင်း တွေ့ရပါသည်။ (ပုံ - ၂.၃၃)။ သို့သော် စစ်တမ်းအချက်အလက်ကောက်ခံသူများ တွေ့ရှိချက်အရ လူငယ်အများစုသည် ရွှေ့ပြောင်း လုပ်သား များအဖြစ် အခြားနေရာဒေသများသို့ သွားရောက်လုပ်ကိုင်နေကြသဖြင့် အသက်ကြီးသူများသာ စစ်တမ်းကိုဖြေဆိုသူများပြားခြင်းသည် ဖော်ပြပါတွေ့ရှိချက်အပေါ် သက်ရောက်မှုရှိနိုင်သည့်အတွက်ကြောင့် ဖြစ်နိုင်ပါသည်။ ထိုကဲ့သို့မှတ်ယူခြင်းသည် အဆိုပါဒေသများတွင် ပြီးခဲ့သည့် ဆယ်စုနှစ် များမှစ၍ ပညာရေးစနစ် တိုးတက်မှုရှိလာသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

**ပုံ (၂.၃၃) - အမြင့်ဆုံးရောက်ရှိခဲ့သည့် ပညာရေး အဆင့်**



### စာကွက် ၂.၃ - မတူညီသည့် အခြေအနေများရှိသော ကျေးရွာများပုံစံများ

**ကျေးရွာ ၁** သည် လှိုင်းဘွဲ့မြို့နယ် (ကေအဲန်ယူ သတ်မှတ်ချက်အရ ဘားအံ ခရိုင်) အတွင်းတည်ရှိပါသည်။ လူဦးရေ ၁၇၀၀ ရှိပြီး အစိုးရဘက်မှ ကျေးရွာ ခေါင်းဆောင်တစ်ဦး သာရှိပါသည်။ အစိုးရ၏ ထိန်းချုပ်မှုအောက်ကို ၁၉၈၀ ခုနှစ် ပတ်ဝန်းကျင်တွင် စ၍ ရောက်ရှိခဲ့ပါသည်။ ထိုအချိန်က အစိုးရမှ တစ်ရွာလုံး မီးရှို့မှုရှိခဲ့ပြီး လူအများလည်း သေကျေခဲ့ရကြောင်း ကျေးရွာခေါင်းဆောင်မှ ပြောပြပါသည်။ တပ်မတော်စခန်း သည် ရွာမှ သုံးမိုင်အကွာတွင် တည်ရှိပြီး BGF စခန်းမှာ ၃မိုင်ခွဲအကွာတွင်တည်ရှိပါသည်။ ဖြေဆိုသူ ၃၈ ရာခိုင်နှုန်းသည် BGF စစ်သားများကို အကြိမ်ကြိမ် (သို့) တစ်ခါတစ်ရံ မြင်တွေ့ရကြောင်း ဆိုပါသည်။ `အဓိကအားဖြင့် BGF မှ လုံခြုံရေး နှင့် ညှိနှိုင်းဆောင်ရွက်ရေးကို တာဝန်ယူပြီး အစိုးရမှ အုပ်ချုပ်ရေး အပိုင်းကို တာဝန်ယူထားသည်´ ဟူ၍ ရွာသူကြီးမှ ဆိုပါသည်။ သို့သော် ကေအဲန်ယူလည်း သတိပြုမိနိုင်သည့်အနေအထားအားဖြင့် တည်ရှိနေပါသည်။ ကျေးရွာ၏ ၅၁ ရာခိုင်နှုန်း သောဖြေဆိုသူများသည် ကေအဲန်ယူထံမှ ပညာရေး (သို့) ကျန်းမာရေးကို ရရှိသည်ကြောင်း (အစိုးရထံမှ ၇၆ ရာခိုင်နှုန်း) ဖေါ်ပြကြပြီး ဒေသခံ BGF မှလည်း ကျောင်းဆောက်ခြင်းများ နှင့် အခြားအခြေခံအဆောက်အဦးများကို ထောက်ပံ့မှုရှိကြောင်းဖေါ်ပြကြပါသည်။ ကေအဲန်ယူအား စိုက်ပျိုးရေး အခွန် နှင့် သဘာဝမှ ရှာဖွေရောင်းချမှု အခွန် ပေးဆောင်မှုမှာ ၆၇ ရာခိုင်နှုန်း ရှိပြီး အစိုးရကို ၇၇ ရာခိုင်နှုန်း နှင့် BGF ကို ၁၀ ရာခိုင်နှုန်း အသီးသီးပေးဆောင်မှု ရှိကြပါသည်။ ၃၃ ရာခိုင်နှုန်းမှ KNLA/KNDO စစ်သားများကို မကြာခဏ (သို့) တစ်ခါတစ်ရံ မြင်တွေ့ရကြောင်း ဖြေဆိုကြပါသည်။

**ကျေးရွာ ၂** သည် သံတောင်ကြီးမြို့နယ် (ကေအဲန်ယူ တောဦး ခရိုင်) တွင် ပါဝင်ပြီး လူဦးရေ ၃၈၇ ဦးရှိပါသည်။ ကရင်လူမျိုးများသာမက ရှမ်း၊ ဗမာ၊ ဝ နှင့် ချင်းလူမျိုးအိမ်ထောင်စုများလည်းရှိပါသည်။ ခရစ်ယာန်ဘာသာဝင် အများစု ဖြစ်ပါသည်။ ကေအဲန်ယူမှ ကျေးရွာခေါင်းဆောင်တစ်ဦးနှင့် အစိုးရမှ ကျေးရွာခေါင်းဆောင် တစ်ဦးရှိသည့် အုပ်ချုပ်ရေး ပုံစံဖြစ်ပါသည်။ တပ်ပိုင်းနှင့်ပတ်သက်၍ အလွန်ကျယ်ပြန့်လွှမ်းမိုးမှုရှိသည့် ဒေသဖြစ်ပါသည်။ ရွာပြင်တွင် တပ်မတော်မှ ၁၉၈၀ ခုနှစ်တွင် မြေဧက ၅၀ ကို သိမ်းကာ တပ်စခန်း တည်ဆောက်ထားပါသည်။ ဖြေဆိုသူအများစုသည် တပ်မတော်သားများ (၈၂ ရာခိုင်နှုန်း) နှင့် ကေအဲန်ယူ တပ်သားများ(၇၅ရာခိုင်နှုန်း)ကိုမကြာခဏ(သို့)တစ်ခါတစ်ရံမြင်တွေ့ရကြောင်းဖြေဆိုကြပါသည်။ပညာရေး (သို့) ကျန်းမာရေး ထောက်ပံ့ ရရှိမှုသည် အစိုးရထံမှ ၉၆ ရာခိုင်နှုန်း နှင့် ကေအဲန်ယူထံမှ ၅၀ ရာခိုင်နှုန်း ဖြစ်ပါသည်။ စိုက်ပျိုးရေး အခွန် နှင့် သဘာဝမှ ရှာဖွေရောင်းချမှု အခွန် ပေးဆောင်မှုမှာ အစိုးရကို ၃၈ ရာခိုင်နှုန်း နှင့် ကေအဲန်ယူကို ၈၂ ရာခိုင်နှုန်း ပေးဆောင်ရသည်ကိုတွေ့ရပါသည်။

**ကျေးရွာ ၃** သည် မြဝတီမြို့နယ် (ကေအဲန်ယူသတ်မှတ်ချက်အရ ကောကရိတ်မြို့နယ်) အတွင်းတည်ရှိပါသည်။ တပ်မတော်မှ ၁၉၉၁ ခုနှစ်တွင် သိမ်းပိုက်ပြီး ထိုချိန်မှစ၍ အာဏာပိုင်အများလက်ပြောင်းလက်လွှဲ ရှိခဲ့ကာ အခြေခံအားဖြင့် ကလိုထူးဘော DKBA ခွဲထွက်အဖွဲ့ လွှမ်းမိုးမှု အောက်တွင် ရှိနေပါသည်။ DKBA သည်အစိုးရနှင့် မဟာမိတ်ဖွဲ့ပူးပေါင်းမှုရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ကေအဲန်ယူ နှင့် ပြန်လည်မဟာမိတ်ဖွဲ့ခဲ့ပါသည်။ ဤရွာတွင် ဗုဒ္ဓဘာသာ အများစုဖြစ်ပြီး ၆၀ ရာခိုင်နှုန်းမှာ စကောကရင်လူမျိုး၊ ၄၀ ရာခိုင်နှုန်း မှာ ပိုးကရင်လူမျိုး နှင့် ဗမာလူမျိုးအနည်းငယ်ရှိပါသည်။ ရွာမှ ငါးမိနစ်ခန့် လမ်းလျှောက်လျှင် DKBA စခန်းသို့ ရောက်နိုင်ပြီး သုံးမိနစ်လျှောက်လျှင် တပ်မတော်စခန်းကို ရောက်နိုင်ပါသည်။ ကေအဲန်ယူစခန်းကိုတော့ တစ်နာရီ ဝန်းကျင်လျှောက်မှ ရောက်နိုင်သော်လည်း ကေအဲန်ယူ နှင့် DKBA တို့၏ နားလည်မှုအရ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများကို ကေအဲန်ယူမှ တာဝန်ယူထားပါသည်။ ဤ ရွာတွင် လူဦးရေ ၁၀၂၀ ဦးရှိပြီး ကေအဲန်ယူမှ ကျေးရွာခေါင်းဆောင်တစ်ဦးသာ ရှိပါသည်။ ဖြေဆိုသူများမှ ပညာရေး (သို့) ကျန်းမာရေး ထောက်ပံ့ ရရှိမှုကို ဖေါ်ပြရာတွင် ကေအဲန်ယူမှ ၆၇ ရာခိုင်နှုန်း၊ DKBA မှ ၃၇.၈ ရာခိုင်နှုန်း (အများစုက ပူးတွဲလုပ်ဆောင်မှုများဖြစ်) နှင့် အစိုးရမှ ၂.၇ ရာခိုင်နှုန်း အသီးသီး ရှိသည်ကို တွေ့ရပါသည်။ စိုက်ပျိုးရေး အခွန်၊ ပိုင်ဆိုင်မှုအခွန် နှင့် သဘာဝမှ ရှာဖွေရောင်းချမှု အခွန် ပေးဆောင်မှုမှာ အစိုးရကို ၁၆ ရာခိုင်နှုန်း ၊ DKBA ကို ၇၀ ရာခိုင်နှုန်း ၊ ကေအဲန်ယူကို ၇၆ ရာခိုင်နှုန်း နှင့် BGF (စခန်းသည်မိုင်များကွာဝေး) ကို ၂.၇ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ တပ်ဖွဲ့ဝင်များအား မကြာခဏ (သို့) တစ်ခါတစ်ရံ မြင်တွေ့ရသည့် အနေအထားမှာ တပ်မတော်သား (၃၂ ရာခိုင်နှုန်း)၊ KNLA/KNDO (၁၀၀ ရာခိုင်နှုန်း) နှင့် DKBA (၉၄ ရာခိုင်နှုန်း) ရှိပါသည်။ ထိုရလဒ်ကိုကြည့်ခြင်းဖြင့် တပ်မတော်သားများသည် စစ်စခန်းမှာသာ အနေများသည်ကို မှန်းဆနိုင်ပါသည်။

**ကျေးရွာ ၄** သည် ကြာအင်းဆိပ်ကြီးမြို့နယ် (ကေအဲန်ယူသတ်မှတ်မှုအရ ဒူးပလေယ ခရိုင်) အတွင်း ပါဝင်ပါသည်။ လူဦးရမှာ ၄၀၀ နှင့် ၅၀၀ အကြားရှိပြီး အကြမ်းအားဖြင့် မွန်လူမျိုးတစ်ဝက်၊ ရှမ်းလူမျိုးတစ်ဝက် နှင့် ဗမာလူမျိုး အနည်းငယ်ရှိပါသည်။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး မတိုင်မီအထိ အစိုးရ သာမက ကေအဲန်ယူ ပါ ဤကျေးရွာတွင် ရေရှည်အခြေချခြင်း မရှိခဲ့ပေ။ ထိုအချိန်ကာလများ တွင် ပေါ်တာဆွဲခြင်းများ နှင့် အတင်းကျပ်ဖျောက်ဖျက်ခြင်း တို့ ပုံမှန်ဖြစ်ပွားခဲ့မှုများရှိခဲ့ပါသည်။ ယနေ့ အချိန်အခါမှာ တော့ ကျေးရွာ ခေါင်းဆောင်မှုတွင် ကေအဲန်ယူဘက်မှကျေးရွာခေါင်းဆောင်တစ်ဦး နှင့် အစိုးရဘက်မှ ကျေးရွာခေါင်းဆောင် တစ်ဦး စုစုပေါင်းနှစ်ဦးရှိပါသည်။ နှစ်ဦးအတူ စည်းဝေးတက်ခြင်း နှင့် ပူးတွဲ၍ ဆောင်ရွက်ခြင်းရှိပါသည်။ ဤကျေးရွာပါဝင်သည့် ကျေးရွာအုပ်စု တစ်စုလုံးတွင် စစ်စခန်း များမရှိပေ။ သို့သော် တပ်မတော်၊ KNLA/ KNDO နှင့် NMSP စစ်သားများ လာရောက်မှုရှိသည်ကိုတော့ မြင်တွေ့ရမှုရှိပါသည်။ ၂၄ ရာခိုင်နှုန်း သောဖြေဆိုသူများသည် အစိုးရထံမှ ပညာရေး (သို့) ကျန်းမာရေးကို ရရှိကြောင်း ဖေါ်ပြကြပြီး ကေအဲန်ယူ ထံမှ ၁၉ ရာခိုင်နှုန်း ရရှိကြောင်း ဖေါ်ပြကြပါသည်။ ကေအဲန်ယူကို စိုက်ပျိုးရေး အခွန်၊ ပိုင်ဆိုင်မှုအခွန်နှင့် သဘာဝမှ ရှာဖွေရောင်းချမှု အခွန် ပေးဆောင်မှုမှာ ၅၀ ရာခိုင်နှုန်း ရှိပြီး အစိုးရကို ၁၀ ရာခိုင်နှုန်း ရှိပါသည်။

**ကျေးရွာ ၅** သည် ကောကရိတ်မြို့နယ် (ကေအဲန်ယူသတ်မှတ်မှုအရ ဘားအံ ခရိုင်) အတွင်းတည်ရှိပါသည်။ရွာနှင့် သုံးမိုင်အတွင်းတွင် တပ်မတော်စခန်း၊ ကေအဲန်ယူစခန်း နှင့် KPC စခန်းတို့ တည်ရှိပါသည်။

ကျေးရွာခေါင်းဆောင်တစ်ဦးရှိပြီး ကေအဲန်ယူ အတွက်သာမက အစိုးရအတွက်ပါ တာဝန်ယူဆောင်ရွက်နေပါသည်။ လူဦးရေမှာ ၆၇၅ ဦးရှိပြီး အားလုံးသည် ကရင်လူမျိုး ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ၅၆ ရာခိုင်နှုန်း သောဖြေဆိုသူများသည် အစိုးရထံမှ ပညာရေး (သို့) ကျန်းမာရေးကို ရရှိကြောင်း ဖေါ်ပြကြပြီး ၁၉.၅ ရာခိုင်နှုန်း မှာ ကေအဲန်ယူထံမှ ရရှိကြောင်း ဖြေဆိုပါသည်။ စိုက်ပျိုးရေး အခွန်၊ ပိုင်ဆိုင်မှုအခွန် နှင့် သဘာဝမှ ရှာဖွေရောင်းချမှု အခွန်ပေးဆောင်မှုမှာ အစိုးရကို ၆၁ ရာခိုင်နှုန်း ရှိပြီး ကေအဲန်ယူကို ၇၁ ရာခိုင်နှုန်း၊ DKBAကို ၇ ရာခိုင်နှုန်း၊ BGFကို ၅ ရာခိုင်နှုန်း နှင့် KPCကို ၁၀ ရာခိုင်နှုန်း အသီးသီး ရှိပါသည်။

**ကျေးရွာ ၆** သည် မွန်ပြည်နယ်ကျိုက်မရောမြို့နယ် (ကေအဲန်ယူသတ်မှတ်မှုအရ ဒူးပလေယ ခရိုင်) အတွင်းပါဝင်ပါသည်။ လူဦးရေမှာ ၅၀၀ ဝန်းကျင် ရှိပြီး အားလုံးသည် ကရင်လူမျိုးများဖြစ်ကြပါသည်။ ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များ နှင့် လေခေ ဘာသာကိုးကွယ်သူများ စုပေါင်းနေထိုင်ကြပါသည်။ တပ်မတော်၊ ကေအဲန်ယူ၊ BGF နှင့် DKBA တို့လုပ်ရှားမှုများရှိပါသည်။ ရွာသည် ပြန့်ကျဲနေပြီး အုပ်ချုပ်ရေးကို နှစ်ပိုင်း ပိုင်းထားပါသည်။ တစ်ပိုင်းစီအတွက်မှာ ခေါင်းဆောင်တစ်ဦးစီရှိပြီး တစ်ဦးမှ ကေအဲန်ယူကို တင်ပြအစီအရင်ခံပြီး တစ်ဦးမှာ အစိုးရကို တင်ပြအစီအရင်ခံပါသည်။ လက်တွေ့တွင် ထိုခေါင်းဆောင်နှစ်ဦးသည် ဒေသပြဿနာအများစုအတွက် အတူတကွ လုပ်ဆောင်ကြပါသည်။ အစိုးရမှ လမ်းဖေါက်ခြင်း အပါအဝင် ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပြီး ကေအဲန်ယူမှ ပညာရေးထောက်ပံ့မှုကိုပြုလုပ်ပါသည်။ ၅၀ ရာခိုင်နှုန်း သောဖြေဆိုသူများသည် အစိုးရထံမှ ပညာရေး (သို့) ကျန်းမာရေးကို ရရှိကြောင်းဖေါ်ပြကြပါသည်။ စိုက်ပျိုးရေး ၊ ပိုင်ဆိုင်မှု နှင့် သဘာဝမှ ရှာဖွေရောင်းချမှု စသည်တို့အတွက် အာဏာပိုင်နှစ်ဘက်လုံးမှ အခွန်ကောက်ခံမှုမှာ ၃၈ ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိပါသည်။

**ကျေးရွာ ၇** သည် ကျောက်ကြီးမြို့နယ် (ကေအဲန်ယူသတ်မှတ်မှုအရ ခလယ်လွယ်ထူး ခရိုင်) အတွင်းတည်ရှိပါသည်။ ဤရွာကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သည်။ သို့သော် ၁၉၉၇ ခုနှစ်တွင် တပ်မတော်မှ မီရှို့ဖျက်စီးခဲ့သည်။ ထိုဖြစ်ရပ်အတွင်း ကျေးရွာသူကျေးရွာသားများ သေဆုံးမှု ရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် တဖန်ပြန်လည်တည်ထောင်ခဲ့ပြီး လူဦးရေမှာ ၁၀၅ ဦး (အိမ်ထောင်စု ၂၂ စု) သာ ရှိပါသည်။ အားလုံးမှာ ကရင်လူမျိုးများဖြစ်ကြပြီး ခရစ်ယာန်များ နှင့် နတ်ကိုးကွယ်သူများ ဖြစ်ကြပါသည်။ ကေအဲန်ယူ စစ်စခန်းသည် ရွာမှနှစ်နာရီခန့်လမ်းလျှောက်ရသည့်အကွာအဝေးတွင်ရှိပါသည်။ ရွာတွင် ကေအဲန်ယူဘက်မှ ကျေးရွာခေါင်းဆောင်တစ်ဦးသာရှိပါသည်။ ဖြေဆိုသူများမှ ၅၃ ရာခိုင်နှုန်းသည် ပညာရေး (သို့) ကျန်းမာရေး ထောက်ပံ့မှုကို ကေအဲန်ယူထံမှ ရရှိကြောင်း ဖေါ်ပြကြပြီး ၉၃ ရာခိုင်နှုန်းသည် ကေအဲန်ယူကို အခွန်ပေးဆောင်ကြပါသည်။ တပ်မတော် စစ်စခန်းသည် ရွာမှ သုံးနာရီခန့်လမ်းလျှောက် ရသည့် အကွာအဝေးတွင် ရှိပြီး ၈၀ ရာခိုင်နှုန်း သောဖြေဆိုသူများသည် တပ်မတော်သားများကို မကြာခဏ (သို့) တစ်ခါတစ်ရံ မြင်တွေ့ရကြောင်း ဖေါ်ပြကြပါသည်။

"အစိုးရ၊ ကေအဲန်ယူ နှင့် ရောယှက် ထိန်းချုပ်မှု နယ်မြေများအကြား အုပ်ချုပ်မှု နှင့်ပတ်သက်၍လည်း ကွဲပြားစွာရှိနေသည် ကိုလည်း တွေ့ပါသည်။ ကေအဲန်ယူထိန်းချုပ်မှု နယ်မြေများမှ ဖြေဆိုသူများ အားလုံးနီးပါးသည် ကေအဲန်ယူ အားနှစ်သက်လိုလား ကြသူများ ဖြစ်ပါ သည်။ GoM သည်လည်း ၎င်းထိန်းချုပ်သော နယ်မြေများတွင် ၎င်းအပေါ် အလွန် လိုလားနှစ်သက် ကြကြောင်း တွေ့ရှိရသော်လည်း မေးခွန်းဖြေဆိုသူ အရေအတွက်မှာ နည်းလွန်းနေပါသည်။ ရောယှက် ထိန်းချုပ်မှု ရှိသော နယ်မြေများ တွင် ကေအဲန်ယူအား အစိုးရထက် ပို၍နှစ်သက်မှု ရှိသည်ကို တွေ့ရှိရပါသည်။ အစိုးရမှ ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းများ၊ အခွန်လျော့ကောက် မှုများနှင့် တပ်မတော်မှ စစ်သားများကို ပိုမိုတွေ့မြင်မှု နည်းသော်လည်း ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရကို ကေအဲန်ယူ လောက် ကြိုက်နှစ်သက်မှု မရှိကြောင်း တွေ့ရပါသည်။"

အစိုးရ၊ ကေအဲန်ယူ နှင့် ရောယှက် ထိန်းချုပ်မှု နယ်မြေများအကြား အုပ်ချုပ်မှု နှင့်ပတ်သက်၍လည်း ကွဲပြားစွာရှိနေသည်ကိုလည်း တွေ့ပါသည်။ (ပုံ- ၂.၃၄၊ ၂.၃၅ နှင့် ၂.၃၆)။ ကေအဲန်ယူထိန်းချုပ်မှု နယ်မြေများမှ ဖြေဆိုသူများ အားလုံးနီးပါးသည် ကေအဲန်ယူ အားနှစ်သက်လိုလား ကြသူများ ဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့်ကြည့်လျှင် ၉၂ ရာခိုင်နှုန်း သည် ကေအဲန်ယူအား ၎င်းတို့၏ အစိုးရအဖြစ်ဆုံးဖြတ်ကြပြီး၎င်းတို့ဒေသအားလည်းကေအဲန်ယူကိုအုပ်ချုပ်စေလိုသည်မှာ၉၁ရာခိုင်နှုန်းရှိပါသည်။ ကျန်ရှိသည့် ရာခိုင်နှုန်းအားလုံးနီးပါးသည် အဆိုပါမေးခွန်းများနှင့် ပတ်သက်၍ `မသိပါ´ ဆိုသည့် တုံ့ပြန်ဖြေဆိုမှုများကို တွေ့ရပါသည်။ ဖြေဆိုသူ အများစုမှ ကျန်းမာရေး (၉၃ ရာခိုင်နှုန်း) နှင့် ပညာရေး (၉၄ ရာခိုင်နှုန်း) ကို အဖွဲ့အစည်းများမှ ရရှိသည်ဟု ဖေါ်ပြကြပါသည်။ ကေအဲန်ယူ ဒေသများတွင် အဆိုပါတွေ့ရှိရမှုသည် လွန်စွာမြင့်မားမှုရှိနေပါသည်။ ကျန်းမာရေးစနစ်ပြောင်းလဲတိုးတက်လာခြင်းကိုလည်း ဖေါ်ပြနေပါသည်။ နယ်လည့်ကျောပိုးအိတ် ကျမ်းမာရေးနှင့် ရပ်ရွာအတွင်း ကျန်းမာရေး လုပ်သား များမွေးထုတ်ခဲ့မှု ပုံစံများကို အသုံးပြုခဲ့သည်။ ပညာရေးအတွက်လည်း ဝေးလံသော ဒေသများတွင် ကလေးငယ်များ (အရေအတွက် နည်းပါး) အတွက် ကျောင်းငယ်လေးများအား ထောက်ပံ့မှုများ ရှိခဲ့ပါသည်။ ဖြေဆိုသူ ၆၀ ရာခိုင်နှုန်းသည် ကေအဲန်ယူ၏ နိုင်ငံရေးအမြင်ကို အနှစ်သက်ဆုံးအဖြစ် ဖေါ်ပြခဲ့ကြပြီး ၂၅ ရာခိုင်နှုန်းမှာ `မသိပါ´ ဆိုသည့်အဖြေအား ဖြေဆိုခဲ့ပါသည်။

GoM သည်လည်း ၎င်းထိန်းချုပ်သောနယ်မြေများတွင် ၎င်းအပေါ် အလွန် လိုလားနှစ်သက်ကြကြောင်း တွေ့ရှိရသော်လည်း မေးခွန်းဖြေဆိုသူအရေအတွက်မှာ နည်းလွန်းနေပါသည်။ အဘယ်ကြောင့်ဆိုသော် `မသိပါ´ နှင့် ဘာမျှမရွေးလိုဆိုသည့် `တစ်ခုမှ မဟုတ်ပါ´အဖြေကို တုံ့ပြန်ဖြေဆိုသည့်သူများလည်း အများအပြား ရှိခဲ့ပါသည်။ ကျန်းမာရေးနှင့် ပညာရေးကိုလည်း ကျယ်ပြန့်စွာ ထောက်ပံ့ပေးမှုရှိကြောင်း တွေ့ရပါသည်။ သို့သော်ကေအဲန်ယူနယ်မြေများတွင်တော့ လျော့နည်းသည်ကို တွေ့ရပါသည်။ ဖြေဆိုသူများအနက်မှ ၉ ဦးမှာ ကျန်းမာရေး နှင့် ပညာရေး ထောက်ပံ့မှုကို မည်သည့် အာဏာပိုင်ထံမှ မရရှိကြောင်း ဖေါ်ပြမှုကိုတွေ့ရှိခဲ့ပါသည်။ ဖြေဆိုသူများ၏ ထက်ဝက်ကျော်သည် အစိုးရအား ရှေ့တွင် ဖေါ်ပြခဲ့သော အခွန်သုံးမျိုးအား ပေးဆောင်မှုမရှိသည်ကိုကြည့်ခြင်းဖြင့် အစိုးရ၏ အခွန်ကောက်ခံမှု အားနည်းခြင်း ကိုတွေ့ရပါသည်။ အားလုံးခြုံ၍ ကြည့်လျှင် အစိုးရထိန်းချုပ်နယ်မြေများတွင် စစ်သားများ (မည်သည့်အဖွဲ့ကမဆို) ကို တွေ့မြင်ရမှုသည် ကေအဲန်ယူ နှင့် ရောယှက်ထိန်းချုပ်မှု နယ်မြေများတွင်တွေ့မြင်ရမှုများအောက် အလွန်လျော့နည်းသည်ကို တွေ့ရှိရပါသည်။

ပုံ (၂.၃၄) - အစိုးရထိန်းချုပ်နယ်မြေများရှိ အုပ်ချုပ်ရေး




ပုံ (၂.၃၅) ကေအဲန်ယူထိန်းချုပ်ဒေသများရှိ အုပ်ချုပ်ရေး




ရောယှက် ထိန်းချုပ်မှုရှိသော နယ်မြေများ တွင် ကေအဲန်ယူအား အစိုးရထက် ပို၍နစ်သက်မှုရှိသည်ကို တွေ့ရှိရပါသည်။ အစိုးရမှ ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းများ၊ အခွန်လျော့ကောက်မှုများနှင့် တပ်မတော်မှ စစ်သားများကို ပိုမိုတွေ့မြင်မှု နည်းသော်လည်း ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရကို ကေအဲန်ယူ လောက် ကြိုက်နစ်သက်မှုမရှိကြောင်း တွေ့ရပါသည်။ အဆိုပါဒေသအများစု တွင် တပ်မတော် နှင့် ၁၉၉၀ခုနှစ်များတွင် ကေအဲန်ယူမှ ခွဲထွက်သွားသည့် လက်နက်ကိုင်အဖွဲ့များမှ တစ်စိတ်တစ်ပိုင်း အားဖြင့် လုပ်ရှားထိန်းချုပ်မှုများရှိပါသည်။ ဖေါ်ပြပါရလဒ်သည် လုပ်ငန်းများဆောင်ရွက်ပေးမှု အားဖြင့် နိုင်ငံရေးတရားဝင်ဖြစ်မှု ဆိုသည်ကို တိုက်ရိုက် အဓိပ္ပာယ်ဖေါ်ဆောင်၍မရကြောင်း ဖေါ်ပြနေခြင်း ဖြစ်ပါသည်။ ဖြေဆိုသူ ၃၃ ရာခိုင်နှုန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား ၄င်းတို့၏ အစိုးရအဖြစ်ဆုံးဖြတ်ကြပြီး ၃၀ ရာခိုင်နှုန်းမှာ ကေအဲန်ယူအားဖေါ်ပြကြသည်။ သို့သော် ၄၁ ရာခိုင်နှုန်းမှ ၄င်းတို့ဒေသကို ကေအဲန်ယူအား အုပ်ချုပ်စေလိုကြပြီး ၁၆ ရာခိုင်နှုန်း သာ ၄င်းတို့ဒေသကို အစိုးရအား အုပ်ချုပ်စေလိုကြသည်။ အလားတူ ၃၅ ရာခိုင်နှုန်းမှာ ကေအဲန်ယူအား အနစ်သက်ဆုံး အဖြစ် တုံ့ပြန်ဖြေဆိုကြပြီးအစိုးရအား ၁၇ ရာခိုင်နှုန်းသာ အနစ်သက်ဆုံးဖြစ်ကြောင်းဖေါ်ပြကြပါသည်။ ၂၀ ရာခိုင်နှုန်းမှာ ရွေးချယ်မှုမပြုလိုသည့် "တစ်ခုမှ မဟုတ်ပါ" ကိုသာဖြေဆိုကြပါသည်။ မည်သည့် အဖွဲ့၏ နိုင်ငံရေးအမြင်ကို အထောက်ခံဆုံး ဆိုသည့်အချက်နှင့်ပတ်သက်၍ `မသိပါ´ ဟူ၍ ဖြေဆိုသူ ၃၈ ရာခိုင်နှုန်း၊ ကေအဲန်ယူ ကိုရွေးချယ်ဖြေဆိုသူ ၂၆ ရာခိုင်နှုန်းနှင့် အစိုးရကို ရွေးချယ်မှုမှာ ၁၈ ရာခိုင် နှုန်းရှိကြောင်း တွေ့ရပါသည်။ တရားမျှတရေးပြဿနာများနှင့် ပတ်သက်သည့် မေးခွန်းများ အပေါ် တွင် (အဖွဲ့၏ ဆောင်ရွက်နိုင်မှုအရ နစ်သက်မှု နှင့် စွမ်းဆောင်နိုင်မှု) ၃၂ ရာခိုင်နှုန်းမှာ ကေအဲန်ယူ၊ ၂၁ ရာခိုင်နှုန်းမှာ အစိုးရ နှင့် ၃၀ ရာခိုင်နှုန်းသည် ဘာမျှရွေးချယ်မှုမရှိသည့် `တစ်ခုမှ မဟုတ်ပါ ´ ကိုဖြေဆိုသည်ကို စိတ်ဝင်စားဖွယ်ရာတွေ့ရှိရပါသည်။ အစိုးရ၏ လုပ်ငန်းဆောင်ရွက်ပေးမှုသည် ကေအဲန်ယူထက် နစ်ဆခန့်ပိုရှိပါသည်။ ခြုံငုံကြည့်လျှင် အားလုံး လွှမ်းခြုံနိုင်မှု အားကောင်းသည်ဟု မှတ်ယူနိုင်ပါသည်။ ဖြေဆိုသူ ၉ ရာခိုင်နှုန်းသည့် ပညာရေးထောက်ပံ့မှုကို မည်သည့် အာဏာပိုင်ထံမှ မရရှိကြောင်း ဖေါ်ပြကြပြီး ကျန်းမာရေးကို ၈ ရာခိုင်နှုန်းမှ မရရှိကြောင်း ဖြေဆိုပါသည်။ ကေအဲန်ယူ

သည် လုပ်ငန်းများဆောင်ရွက်ပေးမှုပိုမိုလျော့နည်းသော်လည်း အခွန်ကောက်ခံမှု အကျယ်ပြန့်ဆုံး ဖြစ်နေသည်ကိုတွေ့ရပြီး ၎င်းအဖွဲ့မှ တပ်သားများ တွေ့ရှိမှုမှာလည်း အကျယ်ပြန့်ဆုံး ဖြစ်နေသည်ကို တွေ့ရပါသည် (အကြောင်းရင်းများကို အခန်း ၂.၂ တွင်ဆွေးနွေးထားပါသည်)။

**ပုံ (၂.၃၆) - ရောယှက်ထိန်းချုပ်မှုရှိသော ဒေသများရှိ အုပ်ချုပ်ရေး**




အမျိုးသားများနှင့် အမျိုးသမီးများအကြား ကွာခြားမှုမရှိဘဲ ကိုက်ညီမှု ရှိခဲ့ပါသည်။ အုပ်ချုပ်မှု အတွက်လိုလားနှစ်သက်မှုနှင့်ဆက်စပ်၍ အဓိကမေးခွန်း ခုနစ်ခုအပေါ် အဖွဲ့ခွဲတစ်ဖွဲ့ချင်းစီ တုံ့ပြန်ဖြေဆိုမှုကို ပုံ - ၂.၃၇ တွင်ဖော်ပြထားပါသည်။[52] နယ်မြေအမျိုးအစား သုံးမျိုးလုံးတွင် အမျိုးသမီးများ `မသိပါ´ ဆိုသည့်ဖြေဆိုမှုမှာ အမျိုးသားများထက် ပိုများပြားသည်ကို တွေ့ရပါသည်။ သို့သော် ထိုအနေ အထားသည် ရောယှက်ထိန်းချုပ်နယ်မြေများတွင် ပို၍တွေ့ရပြီး ပျမ်းမျှအားဖြင့် `မသိပါ´ဆိုသည့် အဖြေကို ဖြေဆိုသူ အမျိုးသားများမှာ ၂၈ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများမှာ ၃၆ ရာခိုင်နှုန်း အထိရှိ ပါသည်။ ထို့ကြောင့် ရောယှက်ထိန်းချုပ်နယ်မြေများမှ အမျိုးသမီးများ သည် အစိုးရ (သို့) ကေအဲန်ယူ တစ်ဖွဲ့ဖွဲ့အား တိကျစွာရွေးချယ် ဖော်ပြမှုမှာ အမျိုးသားများအောက် လျော့နည်းနေသည်ကို တွေ့ရပါသည်။ ကေအဲန်ယူ ထိန်းချုပ်နယ်မြေတွင်ကြည့်လျှင် ကွာခြားမှု အချိုးအနည်းဆုံးရှိသည်ကိုတွေ့ရပြီး `မသိပါ´ အဖြေကို ဖြေဆိုသူ အမျိုးသားများမှာ ပျမ်းမျှအားဖြင့် ၁၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများမှာ ၁၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါသည်။

**ပုံ (၂.၃၇) - အုပ်ချုပ်ရေးလိုလားမှုဆိုင်ရာ မေးခွန်း (၇) ခုပေါ်တွင် တုံ့ပြန်မှု ပျမ်းမျှအခြေအနေ**




53 In these questions, respondents were asked which single authority "… do you like the most?", "… would you prefer to deal with justice problems?", "… has political views do you support most?", "… keeps the community most safe and secure?", "… provides the most social services, development and welfare?", " … has the highest governance capacity?", and "… do you want to govern your area?".

စစ်တပ်စစ်ဆင်ရေးများအတွင်း
ကရင်အမျိုးသမီးများနှင့် ကလေးများမှ
၄င်းတို့ပိုင်ဆိုင်သော
ပစ္စည်းများအနည်းငယ်နှင့် နေရပ်စွန့်ခွဲ
ထွက်ပြေးနေစဉ်
© Prachatai, Burma Campaign UK.



# ၃

# လုံခြုံရေးတပ်ဖွဲ့များနှင့် အကြမ်းဖက်မှု ဆိုင်ရာ အတွေ့အကြုံများ

**မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသော သာမန်ပြည်သူများ** အတွက် ဆယ်စုနှစ် ၇ ခုကြာ ခံစားခဲ့ရသော ပဋိပက္ခများသည် အရပ်သားပြည်သူများအား ဦးတည်ပြီး၊ မရပ်မနား ဖြစ်ပေါ်နေသော စစ်တပ်တိုးချဲ့ခြင်းများနှင့် ပုံမှန်ဖြစ်ပွားနေသော တိုက်ပွဲများအလယ် မလုံခြုံမှုအား ဆယ်စုနှစ် ၇ ခုကြာ ခံစားခဲ့ကြရခြင်းဖြစ်ပါသည်။ စစ်သားများသည် လူများ၏ နေ့စဉ်ဘဝများတွင် ကြုံတွေ့ရသော အစိတ်အပိုင်း တစ်ခုဖြစ်နေပြီး လူများအတွက် ဘေးကင်းလုံခြုံမှုအား ထိန်းသိမ်းပေးရန် လုပ်ဆောင်ရမည့် အာဏာပိုင်များ၊ အထူးသဖြင့် တပ်မတော်၏ အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများအား တွေ့ကြုံနေခဲ့ကြရပါသည်။

အလွန်မြင့်မားသော စစ်တပ်တိုးချဲ့ခြင်းနှင့် ပုံမှန် လက်နက်ကိုင်အကြမ်းဖက်မှုများသည် စစ်တမ်းကောက်ယူသော ဒေသများတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့သည့် အချိန်မှာစတင်ကာ စံနှုန်းတစ်ခုအဖြစ် ရှိနေခဲ့ပါသည်။ ကရင်အမျိုးသား အမျိုးသားအမြောက်အများသည် မဟာမိတ်များနှင့် အတူ တိုက်ပွဲဝင်နေချိန်တွင် ကရင်လူမျိုးများသည် ဂျပန်တပ်ဖွဲ့များ၏ လက်အောက်တွင် ကြမ်းတမ်းသော အကြမ်းဖက်မှုများအား ရင်ဆိုင်ခဲ့ကြရပါသည်။ ၁၉၄၅ ခုနှစ်တွင် ကရင်လူမျိုး စစ်ဦးစီးချုပ်နှင့် များစွာသော ကရင်ရိုင်ဖယ်တပ်များ အပါဝင်ဖြစ်သည့် မူရင်းတပ်မတော်အား စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် အရပ်သား နိုင်ငံရေးအဖွဲ့အစည်းတစ်ခုအား တည်ထောင်ခဲ့သော်လည်း၊ ကေအဲန်ယူသည် မကြာခင်အချိန်အတွင်းမှာပင် အိမ်စောင့်တပ်ဖွဲ့များအား ဦးဆောင်မှုပြုကာ ကရင့်အမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDO) ဟုခေါ်တွင်သော အဖွဲ့အား စတင်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများရှိ ကရင်လူမျိုးများဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကွန်မြူနစ်ပုန်ကန်မှုများအား တုံ့ပြန်သွားနိုင်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ကရင်လူမျိုးများနှင့် ဗမာမျိုးချစ်များအကြား ရန်လိုမုန်းတီးမှုများသည်လည်း မြင့်မားလာခဲ့ပါသည်။

### စာကွက် ၃.၁ - BOX တပ်မတော်၏ ဖြတ်လေးဖြတ် အစီအစဉ်

၁၉၆၀ ခုနှစ်များတွင် တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ကွန်မြူနစ်ပုန်ကန်သူများမှ ထိန်းချုပ်ထားသောဒေသများအားရှင်းလင်းရေးပြုလုပ်နိုင်ရေး "ဖြတ်လေးဖြတ်" မဟာဗျူဟာအစီအစဉ်အား ရေးဆွဲခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ၎င်းဗျူဟာများသည် ယနေ့ထိတိုင် အသုံးပြုဆဲဖြစ်ကြောင်း UN လူ့အခွင့်အရေးကောင်စီမှ အတည်ပြုခဲ့ပါသည်။[54] "ဖြတ်လေးဖြတ်" ဆိုသည့် စကားရပ်အပေါ် အဓိပ္ပါယ်ဖွင့်ဆိုမှု အမျိုးမျိုးရှိနေခဲ့သော်လည်း၊ အခြေခံ ရည်ရွယ်ချက်မှာ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ အရပ်သားပံ့ပိုးမှု အရင်းအမြစ်များအကြား သပ်လျှိုထိန်းချုပ်နိုင်ရန် ဖြစ်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်သည့် ဒေသများအားး "အနက်ရောင်" ဒေသများအဖြစ် သတ်မှတ်ပြီး၊ မြန်မာအစိုးရမှ ထိန်းချုပ်ထားသော နယ်မြေများအား "အဖြူရောင်"ဒေသများအဖြစ်၊နှင့် အုပ်ချုပ်ရေးများ ရောယှက်တည်ရှိနေသော နယ်မြေများအား "အညိုရောင်" ဒေသများအဖြစ် သတ်မှတ်ခဲ့ကြပါသည်။ အနက်ရောင် ဒေသများရှိ လူထုတစ်ရပ်လုံးသည် ၎င်းတို့၏ အိမ်နှင့် မြေယာများအား စွန့်ပစ်ပြီး အထူးသတ်မှတ်ထားသော နေရာများသို့ ပြောင်းရွှေ့ရန် အမိန့်ပေးခံခဲ့ကြရပါသည်။ ကျန်ရှိသော သူများသည် တူညီသော တိုင်းရင်းသား

54 United Nations Human Rights Council (2018), p 15.

လူမျိုးများအား အထူးသဖြင့်လက်နက်ကိုင်အဖွဲ့များအဖြစ် ပစ်မှတ် ထားခံရပြီးငှင်းနောက် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များတွင် စစ်သားအဖြစ် ပစ်မှတ်ထားခံ ခဲ့ကြရပါသည်။ ၎င်းတို့တွင် အရပ်သားအခြေချနေထိုင်ရာနေရာများအား မီးရှို့ခြင်း၊ အစားအစာနှင့် စားဝတ် နေရေးလုပ်ငန်းများအား ဖျက်စီးခြင်းများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်များအပြင် ခြိမ်းခြောက်မှု ကဲ့သို့သော အကြမ်းဖက်မှုများအထိ ပါဝင်ပါသည်။ UN လူ့အခွင့်အရေးကောင်စီ၏ သုံးသပ်မှုများအရ ၎င်းနည်းစနစ်များသည် မလိုအပ်ဘဲလုပ်ဆောင်မှုများပြီး စစ်တပ်၏ လိုအပ်ချက်များသည် မဆင်မခြင် သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား အဖွဲ့လိုက် မုဒိန်းကျင့်ခြင်း၊ ကလေးများအား ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းနှင့် ရွာများအား ရွာလုံးကျွတ်မီးရှို့ခြင်းများနှင့် ဘယ်သောအခါမှ ကျိုးကြောင်း စီလျော်မှုရှိမည် မဟုတ်ပါ။ တပ်မတော်မှ အသုံးပြုနေသော နည်းလမ်းများသည် မြန်မာနိုင်ငံတွင် အမှန်တကယ် လုံခြုံရေးခြိမ်းခြောက်မှုများအတွက် အမြဲတစေ အချိုးအစားမညီမျှပဲ အလွန်အကျွံဖြစ်ဖြစ်နေပါသည်။[55]

၁၉၄၉ ခုနှစ်၊ ပဋိပက္ခစတင်ခဲ့သောအချိန်တွင် ကရင်လူမျိုး တပ်မှူးများအထုတ်ပယ်ခံခဲ့ရပြီး ဗိုလ်ချုပ်နေဝင်းမှ အာဏာရယူခဲ့ကာ ကရင် ရိုင်ဖယ်တပ်၏ ကြီးမားသော အစိတ်အပိုင်းသည်လည်း ကရင်အမျိုးသားအစည်းအရုံး (KNU) ထံ ပူးပေါင်းသွားခဲ့ပါသည်။ ထိုအချိန်မှစပြီး တပ်မတော်သည် အရွယ်အစားအားဖြင့် လျင်မြန်စွာ ကြီးထွားလာခဲ့ပြီး အများအားဖြင့် ဗမာလူမျိုးများအား စုဆောင်းခြင်းပြုခဲ့ကာ ဗမာ-ဗုဒ္ဓ အသွင်လက္ခဏာတစ်ခုအဖြစ် ဖွံ့ဖြိုးလာခဲ့ပါသည်။ ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO)နှင့် ပြည်ပြေးများသည် အမြဲတမ်းစစ်တပ်အဖြစ် အသွင်ပြောင်းနေခဲ့ချိန်တွင် အရှေ့တောင်ပိုင်းရှိကျေးလက်ဒေသအများအပြားနှင့်ယနေ့ခောတ်ပဲခူးနှင့်ဧရာဝတီဒေသများသည် ကေအဲန်ယူ၏ ထိန်းချုပ်မှုအောက်တွင်ရောက်ရှိသွားခဲ့ပါသည်။ ၎င်းအချိန်တွင် KNDO နှင့် ပြည်ပြေးများသည် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) ဟုခေါ်သော အမြဲတမ်းစစ်တပ်တစ်ခုအဖြစ် ပုံဖေါ်နေခဲ့ကြပြီ ဖြစ်ပါသည်။ နောက်ပိုင်းတွင် စည်းလုံးသော KNDO သည် နောက်ပိုင်းတွင် ဗဟိုမှ ထိန်းချုပ်သော ကေအဲန်ယူ၏ အမိန့်အောက်တွင်ရှိသော အရံအိမ်စောင့်တပ်ဖွဲ့ တစ်ခု အဖြစ် ပြန်လည် ဖွဲ့စည်းခဲ့ကြပါသည်။ ၁၉၅၀ နှစ်များအတွင်း မြန်မာအစိုးရသည် ၎င်းတို့အခိုင်အမာထိန်းချုပ်နိုင်သောမြို့များနှင့်အဓိကလမ်းများအားတည်ဆောက်ခဲ့သော်လည်းကျေးလက်ဒေသများသည် ကေအဲန်ယူ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့ပါသည်။ ၎င်းဒေသရှိ တက်နိုင်စွမ်းသော ကရင်လူမျိုးမိသားစုများသည် ၎င်းတို့မိသားစုထဲမှ အမျိုးသားတစ်ဦးအား တပ်သားအဖြစ် ပံ့ပိုးပေးကြရပြီး၊ အဖွဲ့အစည်းသည် ဗဟိုမှ အသိအမှတ်ပြုသော အာဏာပိုင်အဖွဲ့ဖြစ်လာခဲ့ပါသည်။

၁၉၆၀ ခုနှစ်များမှ စတင်ပြီး တပ်မတော်သည် ပုန်ကန်မှုများအား ပံ့ပိုးသည်ဟု ယူဆသော ပြည်သူများအား ပစ်မှတ်ထားသည့် ၎င်း၏ "ဖြတ်လေးဖြတ်" မဟာဗျူဟာအား ရေးဆွဲခဲ့ပြီး ၎င်းပြည်သူများအား ပုန်ကန်သူများ၏ နယ်မြေများမှ အစိုးရမှ ပြန်လည်သတ်မှတ် ပေးသော နေရာများသို့ အတင်းအကျပ်ပြောင်းရွှေ့စေခဲ့ပါသည်။ အမျိုးသမီးများနှင့် ကလေးများအပါအဝင် မပြောင်းရွှေ့သူများသည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" (စာကွက် ၃.၁ အားကြည့်ရန်) ဟု အများမှ သိကြသော စစ်ဆင်ရေးများတွင် စစ်သားများအဖြစ် ပစ်မှတ်ထားခံရလိမ့်မည်ဖြစ်သည်။ ၁၉၆၀ ခုနှစ်များမှ ၁၉၇၀ ခုနှစ်များအတွင်း၊ ကေအဲန်ယူအားဆန့်ကျင်သည့် အများစုသော တပ်မတော်၏ တိုက်ပွဲစဉ်များသည် ဧရာဝတီ ဒယ်တာနှင့် ပဲခူးရိုးမဒေသများရှိ ကေအဲန်ယူများ၏ တပ်ချရာနေရာများအား အလေးပေးပစ်မှတ်ထား ပြုလုပ်ခဲ့ကြပါသည် - ယနေ့ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ အစွန်အဖျား ဒေသများဖြစ်သည်။

၁၉၈၄ ခုနှစ်တွင် တပ်မတော်သည် ၎င်း၏ ဖြတ်လေးဖြတ်ထိုးစစ်များအား ထိုင်း-မြန်မာ နယ်စပ်ဒေသများနှင့် အနီးအနားဒေသများတွင် စတင် လုပ်ဆောင်ခဲ့ပြီး ကေအဲန်ယူအား ၎င်း၏ မဟာဗျူဟာကျပြီး အရေးကြီးသော နေရာများမှ ဖယ်ရှားနိုင်ရေးဖြစ်ပါသည်။ ပြန်လည် နေရာချထားရန်နေရာများအား ၎င်းတို့ထိန်းချုပ်မှုရှိသော မြို့စွန်မြို့ဖျား သို့မဟုတ် လမ်းများတစ်လျှောက် စတင်တည်ဆောက်လာခဲ့ပြီး နောက်လာမည့် ရာစုနှစ်များအတွင်း ကေအဲန်ယူဒေသများရှိ ရာပေါင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများအား ရွှေ့ပြောင်းခဲ့ကာ ၎င်းပြည်သူများအား တင်းကျပ်သော သွားလာလှုပ်ရှားမှုအကန့်အသတ်များအောက် ထားရှိခဲ့ကြပါသည်။ တစ်ချိန်တည်းတွင် ထောင်ပေါင်းများစွာသော ပြည်သူများသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးသွားကြပြီး ယခုအချန်ထိတည်ရှိနေမြဲဖြစ်သော ဒုက္ခသည်စခန်းများအား တည်ဆောက်ခဲ့ကြရပါသည်။ မြေမြှုပ်မိုင်းများနှင့် ကင်းလှည့်အဖွဲ့များ (ပြန်လာသူများအားမြင်သည့်နေရာတွင်ပစ်ရန်အမိန့်ပေးထားသည်၊)အားအသုံးပြုပြီးဒေသများအတွင်းအခြေအနေမတည်ငြိမ်စေရေးနှင့် ကေအဲန်ယူများ အခြေမကျနိုင်စေရေး လုပ်ဆောင်ခဲ့ကြပါသည်။

ကေအဲန်ယူအတွင်း ကြီးမားသော ဗုဒ္ဓဘာသာ ခွဲထွက်မှု ဖြစ်ပေါ်ခဲ့ပြီး၊ မူရင်း ဒီကေဘီအေအဖွဲ့အား တည်ထောင်ခဲ့သော ၁၉၉၅ ခုနှစ်တွင် တပ်မတော်၏ စစ်ဆင်ရေးနယ်မြေများ သိသာထင်ရှားစွာ ကျယ်ပြန့်လာခဲ့ပါသည်။ ၎င်းတို့အဖွဲ့သည် တပ်မတော်နှင့် မဟာမိတ်ပြုပြီး ကေအဲန်ယူအား မွန်ပြည်နယ်၊ တနင်္သာရီနှင့် အဓိကကျသော ကရင်ပြည်နယ်ဒေသများမှ တွန်းထုတ်နိုင်ရန် GoM အား

55 Ibid.

ကူညီပေး ခဲ့ချိန်တွင် ရာပေါင်း၊ ထောင်ပေါင်းများစွာသော အရပ်သားများအား နယ်မြေရွှေ့ပြောင်းစေခဲ့ပါသည်။ အမာခံနယ်မြေများဖြစ်သော ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူး အရှေ့ပိုင်းဒေသများတွင် ဆက်လက်နေထိုင်လျက်ရှိသော ပြည်သူများသည် ပုံမှန် နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများနှင့် အကြမ်းဖက်မှုများအတွက် ပစ်မှတ်ထားခြင်းခံကြရပါသည်။ တပ်မတော်နှင့် ဒီကေဘီအေ ထိန်းချုပ်သောဒေသများတွင်အတင်းအဓမ္မခိုင်းစေမှုပေါ်တာဆွဲခြင်း(စစ်တပ်စစ်ဆင်ရေးများအတွက် စစ်တပ်ဆိုင်ရာ ပစ္စည်းများအား သယ်ယူပေးရခြင်း)၊ မြေယာသိမ်းဆည်းခြင်းနှင့် စစ်ရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ အများပြည်သူကဏ္ဍဆိုင်ရာ ရည်ရွယ်ချက်များ သို့မဟုတ် အကျိုးအမြတ်များအတွက် အခြားသော ခေါင်းပုံဖြတ်ခြင်းဆိုင်ရာ ပုံစံများ ပိုမိုကျယ်ပြန့်လာခဲ့ပါသည်။

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲမှုများနှင့် တပ်မတော်မှ နိုင်ငံ၏ အချို့သော ဒေသများရှိ ပဋိပက္ခဖြစ်ပွားရာ ဇုံများသို့ လှည့်ပတ်သွားလာ ရခြင်းများသည် ကရင်ပြည်သူများ၏ ခံစားနေခဲ့ရသော အကြမ်းဖက်မှုများနှင့် ညှင်းဆဲခံရမှုများအား များစွာ လျော့ချသွားစေခဲ့သော်လည်း တစ်ချို့ကသော နေရာများတွင် ပိုမိုမြင့်မားလာမှုဘက်သို့ ဦးတည်လာခဲ့ပါသည်။ သို့သော် နက်ရှိုင်းသော မလုံခြုံမှုများသည် ဆက်လက်တည်ရှိနေပြီး၊ အကြောင်းမှာ စစ်တပ်တိုးချဲ့မှုအဆင့်များ ကြီးစွာ လျော့ချမည်၊ နယ်မြေများအား အသေးစိတ်ချပြရေးဆွဲခြင်း သို့မဟုတ် စစ်တပ်ဆိုင်ရာ တာဝန်ရှိသူများအတွက် ကျင့်ဝတ်များအား ကောင်းစွာ ရေးဆွဲနိုင်ရန်ဆိုသည့် သဘောတူညီမှုများ ကျရှုံးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။



လူငယ်များ ဘောလုံးကန်နေကြသည်ကို KNLA စစ်သားမှ ကြည့်နေပုံ
© Saferworld

**KNLA နေ့တွင်တွေ့ရသော အရပ်သားနှင့် စစ်သားများ**

© ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်



## ၃.၁ လုံခြုံရေး တပ်ဖွဲ့များအား လေ့လာခြင်း

### အဓိကတွေ့ရှိချက်များ

- ကရင်အပစ်အခတ်ရပ်စဲသောနေရာများတွင်အပစ်အခတ်ရဲစဲမှုများမှလွဲ၍စစ်တပ်တိုးချဲ့မှုများဆက်လက်ရှိနေပြီး၊ ယခုဆန်းစစ်မှုတွင် ပါဝင်သူ အများစုမှ ပြောကြသည်မှာ ၄င်းတို့အနေဖြင့် စစ်သားများအား မကြာခဏသို့မဟုတ် အမြဲတစေတွေ့ကြကြောင်းဖြစ်သည်။
- ဖြေဆိုသူများသည် အများအားဖြင့် ကေအဲန်ယူမှ စစ်သားများကို တွေ့ကြပြီး၊ တပ်မတော်စစ်သားများအား တွေ့ခြင်းမှ ၄င်းနောက်မှ ဖြစ်ပါသည်။
- ဖြေဆိုသူအများစုမှ အထူးသဖြင့် ကေအဲန်ယူစစ်သားများနှင့် ဆက်ဆံရာတွင် ရင်းရင်းနှီးနှီး သို့မဟုတ် ရည်မွန်ပြီး ဖော်ရွေမှုရှိကြကြောင်း ဖော်ပြကြပါသည်။
- အထူးသဖြင့် တပ်မတော်နှင့် ခဏခဏတွေ့ဆုံနေကျဖြစ်သော ဖြေဆိုသူပြည်သူများသည် အခြားသော အာဏာပိုင်များ၏ စစ်သားများထက် တပ်မတော်နှင့် ဆက်ဆံမှုပြုရာတွင် မယုံကြည်မှု သို့မဟုတ် ရန်လိုမှုသော ပိုမိုခံစားရကြောင်း ဆွေးနွေးခဲ့ကြပါသည်။

အပစ်ခတ်ရပ်စဲထားသော ဒေသများတွင် ၆ နှစ်ကျော်ကြာ အတော်ကလေး တည်ငြိမ်မှုရှိခဲ့ သော်လည်း ကြီးမားသော စစ်တပ်တိုးချဲ့မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပါသည်။ ၃၁ ရာခိုင်နှုန်း (%) သော ဖြေဆိုသူများမှ ၂၀၁၂ ခုနှစ်မှစတင်ပြီး ၄င်းတို့အနေဖြင့် အနည်းဆုံး အာဏာပိုင်တစ်ခုမှ စစ်သားများအား အမြဲလိုလိုတွေ့ခဲ့ကြကြောင်း ဆွေးနွေးနေချိန်တွင်၊ အခြားသော ဖြေဆိုသူ ၃၄ ရာခိုင်နှုန်းမှ စစ်သားများအား မကြာခဏတွေ့ခဲ့ကြကြောင်း ဆွေးနွေးခဲ့ပါသည်။ အနည်းဆုံး အာဏာပိုင်နှစ်ခုမှ စစ်သားများအား အမြဲလိုလို သို့မဟုတ် မကြာခဏတွေ့နေကြောင်း ဖြေဆိုသူအများစု နေထိုင်ရာ ကျေးရွာ ၁၈ ရွာရှိပါသည်။

> “အပစ်ခတ်ရပ်စဲထားသော ဒေသများတွင် ၆ နှစ်ကျော်ကြာ အတော်ကလေး တည်ငြိမ်မှုရှိခဲ့ သော် လည်း ကြီးမားသော စစ်တပ်တိုးချဲ့မှုများ ဆက်လက်ဖြစ်ပေါ် နေခဲ့ပါသည်။”

အမျိုးသားများသည် အမျိုးသမီးများထက် စစ်သားများတွေ့မြင်မှု အနည်းငယ် ပိုမိုမြင့်မားနေပြီး အသက် ၄၅ နှစ်အောက်သူများသည် အသက် ၄၅ နှစ်အထက်သူများထက် များစွာသော ထိတွေ့ရှိကြကြောင်းတွေ့ရပါသည် (ဇယား ၃.၂)။ အကြောင်းမှာ အမျိုးသားများနှင့် ငယ်ရွယ်သူများသည် အခြားသော ဒေသများသို့ ခရီးသွားရခြင်း သို့မဟုတ် စစ်သားများတည်ရှိနေသော လမ်းကြောင်းများ တစ်လျှောက် သွားလာရခြင်းအစရှိသည်တို့အတွက်ကြီးမားသောတာဝန်အားထမ်းဆောင်နေရခြင်းတို့ကြောင့်ဖြစ်ပါသည်။

**ပုံ (၃.၁) - ၂၀၁၂ အပစ်အခတ်ရပ်စဲမှု အပြီး ဖြေဆိုသူများမှ စစ်သားများအား တွေ့ရှိမှု အခြေအနေ**




**ပုံ (၃.၂) - ၂၀၁၂ အပစ်အခတ်ရပ်စဲမှုအပြီး စစ်သားများအား မကြာခဏ(သို့) တစ်ခါတစ်လေ တွေ့ရှိကြောင်း ဖြေဆိုသူများ**



ဖြေဆိုသူများသည် အများအားဖြင့် ကေအဲန်ယူ စစ်သားများအား တွေ့မြင်ကြပြီး၊[56] ၅၀ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းစစ်သားများ အား မကြာခဏ သို့မဟုတ် အမြဲလိုလို တွေ့မြင်ကြကြောင်း ဆွေးနွေးခဲ့ကြပါသည် (ဇယား ၃.၃)။ ၃၃ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် မြန်မာအစိုးရ (ဥပမာ - တပ်မတော်) စစ်သားများအား မကြာခဏသို့မဟုတ် အမြဲလိုလို တွေ့မြင်ကြကြောင်းဆွေးနွေးပြီး အခြားသော ၁၀ ရာခိုင်နှုန်းမှ စစ်သားများအား တွေ့ရှိမှု နည်းပါးကြောင်း ဆွေးနွေးခဲ့ကြပါသည်။ အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် စစ်ဘက် ဆိုင်ရာ တာဝန်ရှိသူများသည် ပြည်သူများ၏ ဘဝများအတွင်း နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ခိုင်မာသည့် အစိတ်အပိုင်းတစ်ခု ဖြစ်နေ ပါသည်။

**ပုံ (၃.၃) - ဖြေဆိုသူများမှ စစ်သားများအား တွေ့မြင်မှု အခြေအနေ**




မည်သို့ပင်ဆိုစေကာမူ ၎င်းအဖြစ်အပျက်များအား ပြဿနာအဖြေစ် အမြဲတစ်စေ ရှုမြင်နေကြခြင်း မဟုတ်ပါ။ ဖြေဆိုသူများအနေဖြင့် တပ်မတော်၊ ကေအဲန်ယူ၊ ဒီကေဘီအေနှင့် နယ်ခြားစောင့် တပ်ဖွဲ့များမှ စစ်သားများနှင့် အပြန်အလှန်ဆက်ဆံရေးအား ပုံဖော်ပြရန် မေးမြန်းသည့် အချိန်တွင် များစွာသော ဖြေဆိုသူများမှ ၎င်းတို့အကြားအပြန်အလှန်ဆက်ဆံရေးသည် ရင်းနှီးမှု သို့မဟုတ် ရည်မွန်မှုနှင့် ဖော်ရွေမှုများ ရှိကြကြောင်း ဖြေဆိုခဲ့ကြပါသည်။ အထူးသဖြင့် ကေအဲန်ယူနှင့် ဆက်ဆံရေးသည် သတိပြုဖွယ်ဖြစ်ပြီး အကြောင်းမှာ ၃၉ ရာခိုင်နှုန်းသော ဖြေဆိုသူများမှ ၎င်းတို့နှင့် ကေအဲန်ယူစစ်သားများ၏ ဆက်ဆံရေးသည် ရင်းရင်းနှီးနှီးရှိကြကြောင်း ဖြေဆိုကြပြီး၊ အခြားသော ဖြေဆိုသူ ၂၄ ရာခိုင်နှုန်းမှ ၎င်းတို့၏ ဆက်ဆံရေးသည် ရည်မွန်ပြီး ဖော်ရွေမှုရှိကြောင်း ဖြေဆိုခဲ့ကြပါသည် (ဇယား ၃.၄)။ ဖြေဆိုသူ ၁.၁ ရာခိုင်နှုန်းသာ ၎င်းစစ်သားများသည် မယုံကြည်ရကြောင်းနှင့် အခြားသော ဖြေဆိုသူ ၀.၁ ရာခိုင်နှုန်း (တစ်ဦးတစ်ယောက် ချင်းစီ) မှ ၎င်းစစ်သားများသည် ရန်လိုမှုရှိကြကြောင်း ဖြေဆိုခဲ့ကြပါသည်။

**ပုံ (၃.၄) - အောက်ဖော်ပြပါ အဖွဲ့များမှ စစ်သားများနှင့် ဖြေဆိုသူများအကြားရှိ အပြန်အလှန်ဆက်ဆံရေးအား ဖော်ပြခြင်း (မှတ်တမ်းတင် ထားရှိသော အဖြေများ၏ ရာခိုင်နှုန်း)**




56 This could include troops from either of the KNU's main armed wings, the KNLA or its home guard force, the KNDO.

အများစုမှ တပ်မတော်နှင့် ပတ်သက်ပြီး တူညီစွာ ပြောဆိုနေကြချိန်တွင် ဖြေဆိုသူများအနေဖြင့် အခြားသော အာဏာပိုင်အဖွဲ့များ၏ စစ်သားများနှင့် နှိုင်းယှဉ်လျှင် တပ်မတော်နှင့် ၎င်းတို့အကြားရှိ ဆက်ဆံရေးအခြေအနေအား ယုံကြည်မှုမရှိခြင်း သို့မဟုတ် ရန်လိုမှုရှိခြင်းတို့အဖြစ် ပိုမိုဖော်ပြလို ကြပါသည်။

ထူးထူးခြားခြားအနေဖြင့် ၎င်းအဖွဲ့များနှင့် ထိတွေ့ခြင်းများလေလေ အပြန်အလှန်အကြားရှိ ထိတွေ့ မှုများသည် ပိုမိုနှစ်လိုဖွယ် ဆက်နွယ် မှုများဖြစ်လာကြောင်း တွေ့မြင်ရပါသည် (ဇယား ၃.၅)။ ဒီကေဘီအေစစ်သားများအား မကြာခဏတွေ့ကြောင်းဖြေဆိုသူ (အရေအတွက် - ၄၄) သို့မဟုတ် ဘီဂျီအက်ဖ် စစ်သားများအား တွေ့ကြောင်းဖြေဆိုသူ (အရေအတွက် - ၃၃) တို့မှ ဆွေးနွေးသည်မှာ ၎င်းတို့အကြားရှိ ဆက်ဆက်ရေးသည် ရန်လိုခြင်း သို့မဟုတ် မယုံကြည်ရခြင်းများရှိကြောင်း ဖြေဆိုခြင်းမရှိကြဘဲ၊ ၎င်းတို့အနက်မှ ဖြေဆိုသူ ၇၅ ရာခိုင်နှုန်းမှ ၎င်းစစ်သားများသည် ရင်းနှီးမှု သို့မဟုတ် ဖော်ရွေပြီး ရည်မွန်မှုရှိကြကြောင်း ဖော်ပြခဲ့ကြပါသည်။ တပ်မတော်နှင့် ထိတွေ့မှု အရေအတွက်နှင့် အရည်အသွေးပိုင်းတွင် အပြုသဘောဆောင်မှုရှိသော်လည်း၊ ၎င်းတို့နှင့် ထိတွေ့နေကျဖြစ်သော ဖြေဆိုသူ (အရေအတွက် - ၂၃၄)များမှ ၁၈ ရာခိုင်နှုန်းအထက်ရှိသောသူတို့မှ တပ်မတော်သည် မယုံကြည်ရကြောင်းနှင့် ၃ ပုံ ၁ ပုံသောသူတို့မှာ ကြားနေကြခြင်းကြောင့် ခြုံငုံသုံးသပ်ရသော် တပ်မတော်သည် ဖြေဆိုသူပြည်သူများ၏ ယုံကြည်မှု ခံရခြင်းအပိုင်းအတွင် နိမ့်နေသည်ကို တွေ့ရပါသည်။ ကေအဲန်ယူ စစ်သားများအား မကြာခဏတွေ့သော ဖြေဆိုသူများ (၈၃ ရာခိုင်နှုန်း)မှ ၎င်းစစ်သားများသည် ရင်းနှီးမှု သို့မဟုတ် ဖော်ရွေပြီး ရည်မွန်မှုရှိကြောင်း ဖြေဆိုကြပြီး တပ်မတော်စစ်သားများနှင့် မကြာခဏထိတွေ့မှုရှိသော ဖြေဆိုသူ (၄၇ ရာခိုင်နှုန်း) မှ တူညီသောအဖြေကို ဖြေဆိုကြသောကြောင့် ၎င်းတို့အကြား နှစ်ဆနီးပါး ကွာခြားနေပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များအား ဘယ်သောအခါမှ ထိတွေ့မှုမရှိကြောင်း သို့မဟုတ် ရှားရှားပါးပါး ထိတွေ့မှုသာရှိကြောင်း ဖြေဆိုသူများ ထဲမှ အပျက်သဘောဆောင်တုံ့ပြန်မှုများသည် သက်ဆိုင်ရာ တပ်ဖွဲ့များအပေါ်ရှိသော ယေဘုယျ အမြင်သဘောထားများကြောင့် သာဖြစ်ပါသည် - ဥပမာအားဖြင့် ဝေးလံသော ကေအဲန်ယူ၏ အမာခံနယ်မြေများရှိ ကရင်လူမျိုးများသည် အထူးသဖြင့် တပ်မတော် အပေါ် ယုံကြည်မှု မရှိကြသည်သာမက ဒီကေဘီအေနှင့် ဘီဂျီအက်ဖ် တပ်ဖွဲ့များအားလည်း ယုံကြည်မှု မရှိကြသည်ကို တွေ့ရမည်ဖြစ်ပြီး အကြောင်းမှာ ၎င်းတို့အား ကရင်လူမျိုးများအပေါ် သစ္စာဖောက်သူများ သို့မဟုတ် အဝေးမှ ခြိမ်းခြောက်မှုများအဖြစ် ရှုမြင်ကြခြင်း ကြောင့် ဖြစ်ပါသည်။ အခြားအကြောင်းမှာ တိုက်ပွဲများဖြစ်ပွားခဲ့ချိန်တွင် ကရင်လူမျိုးများအနေဖြင့် ၎င်းတပ်ဖွဲ့များနှင့် ပတ်သက်ပြီး အပျက်သဘောဆောင်သော အတွေ့အကြုံများရှိခဲ့ကြပြီး အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်း ၎င်းတို့အား ရှားရှားပါးပါးသို့မဟုတ် လုံးဝ မတွေ့မြင်ကြရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပုံ (၃.၅က) - တပ်မတော်စစ်သားများနှင့် အပြန်အလှန်ဆက်ဆံရေး အရည်အသွေးနှင့် ၎င်းတို့အား တွေ့ရှိရမှု ကြိမ်နှုန်းအား နှိုင်းယှဉ်ခြင်း




ပုံ (၃.၅ခ) - ကေအဲန်ယူစစ်သားများနှင့် အပြန်အလှန်ဆက်ဆံရေး အရည်အသွေးနှင့် ၎င်းတို့အား တွေ့ရှိရမှု ကြိမ်နှုန်းအား နှိုင်းယှဉ်ခြင်း




ပုံ (၃.၅ဂ) - DKBA စစ်သားများနှင့် အပြန်အလှန်ဆက်ဆံ ရေး အရည်အသွေးနှင့် ၎င်းတို့အား တွေ့ရှိရမှု ကြိမ်နှုန်းအား နှိုင်းယှဉ်ခြင်း




ပုံ (၃.ဃ) - BGF စစ်သားများနှင့် အပြန်အလှန်ဆက်ဆံ ရေး အရည်အသွေးနှင့် ၎င်းတို့အား တွေ့ရှိရမှု ကြိမ်နှုန်းအား နှိုင်းယှဉ်ခြင်း




ပုံ (၃.၆) - အခြားသော အဖွဲ့တစ်ခုခု၏ လက်တုံ့ပြန်ခြင်းခံရမလား ဆိုသည့် စိုးရိမ်မှုကြောင့် လက်နက်ကိုင် အဖွဲ့ တစ်ဖွဲ့ဖွဲ့နှင့် ဆက်ဆံမှု ပြုရန် ကြောက်နေရပါသလား




စစ်တပ်များအနေရတကာ ပျံ့နှံ့တည်ရှိနေခြင်းသည် ၎င်းတို့နှင့် အပြန်အလှန်ဆက်သွယ်မှုပြုခဲ့သော သို့မဟုတ် ပံ့ပိုးမှုပြုခဲ့သော အရပ်သားများအား အခြားသော အဖွဲ့တစ်ခုခုမှ အပစ်ပေးခြင်းသို့ ဦးတည်သွားနိုင်ပါသည်။ ဆန်းစစ်မှုတွင်ပါဝင်ခဲ့သူ ၁၆ ရာခိုင်နှုန်းမှ ၎င်းတို့သည် အခြားသော အဖွဲ့များနှင့်ဆက်ဆံမှုပြုခဲ့ခြင်းကြောင့် လက်ရှိအာဏာပိုင်များမှပြန်လည်လက်တုံ့ပြန်မှုများအတွက် ကြောက်ရွံ့နေရကြောင်း ဆွေးနွေးခဲ့ပါသည် (ဇယား ၃.၆)။ ၎င်းအကြောက်တရားများသည် အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်နေဆဲကာလများအတွင်း ပိုမို ပျံ့နှံ့သွားခဲ့ပါသည်။ ဖြေဆိုသူများမှအာဏာပိုင်များ၏ကျင့်ဝတ်နှင့်ပတ်သက်ပြီးတိုင်ကြားရန်သာမာန်ဝန်လေးမှုများသည် ၎င်းအကြောက်တရားများအား ပိုမိုကျယ်ပြန့်သွားစေနိုင်ပါသည်။



မြေမြုပ်မိုင်း၏ သားကောင် ဖြစ်ခဲ့ရသူတစ်ဦး ၎င်း၏ နေအိမ်ကြမ်းခင်းပေါ်တွင် ထိုင်နေစဉ်၊ မြန်မာသည် ကမ္ဘာပေါ်တွင် မြေမြုပ်မိုင်း အများဆုံးသော နိုင်ငံများမှ တစ်ခုဖြစ်ပါသည်။
© Saferworld



၁၉၉၅ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တပ်မတော်မှ အရပ်သားများအား အတင်းအကျပ် လက်နက်များနှင့် ပံ့ပိုးပစ္စည်းများအား သယ်ယူစေခဲ့ပုံ၊ အတင်းအကျပ် ပေါ်တာဆွဲခြင်းသည် ယခုစစ်တမ်းမှ တွေ့ရှိရသော အများဆုံးဖြစ်ခဲ့သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်မှု ပုံစံတစ်ခုဖြစ်ပါသည်။
© ကရင့်လူ့အခွင့်အရေးအဖွဲ့

## ၃.၂ အာဏာပိုင်များမှ ကျူးလွန်သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်မှုများ

### အဓိကတွေ့ရှိချက်များ

- ၇၁ ရာခိုင်နှုန်းသော ဖြေဆိုသူများနှင့် ၈၀ ရာခိုင်နှုန်းသော လေ့လာမှုတွင်ပါဝင်သည့် အိမ်ထောင်စုများသည် အာဏာပိုင်များမှ ကျူးလွန်သော အကြမ်းဖက်မှု သို့မဟုတ် မတရားကျင့်မှု တစ်ခုခုအား တွေ့ကြုံခံစားခဲ့ကြရပါသည်။ အများစုသော အကြောင်းအရာများမှ ၄င်းကိစ္စများအား တစ်ကြိမ်ထက်ပိုပြီး သို့မဟုတ် အမြဲပုံမှန်အားဖြင့် တွေ့ကြုံခဲ့ကြရပါသည်။
- ရှိနှင့်ပြီးသား KPSN၊ UNနှင့် အခြားသော သုတေသနများမှ ညွှန်ပြနေသည်မှာ ၄င်းအကြမ်းဖက်မှု ကိစ္စရပ်များအား အများအားဖြင့် တပ်မတော်နှင့် ၄င်း၏လက်အောက်ခံ တပ်ဖွဲ့များမှ ကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး၊ အများဆုံးသော အကြမ်းဖက်မှုပုံစံများမှာ နိုင်ငံ့စစ်တပ်မှ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလာမှုများနှင့် များစွာချိတ်ဆက်မှု ရှိနေပါသည်။ ကေအဲန်ယူအပါအဝင် အချို့သော လက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများအား ကျူးလွန်တက်ကြပြီး ၄င်းအကြမ်းဖက်မှုများ သည် စနစ်တကျလုပ်ဆောင်ခြင်း သို့မဟုတ် ကျယ်ပြန့်စွာ လုပ်ဆောင်ခြင်းများ မဟုတ်ကြသည်ကို တွေ့ရပါသည်။
- ပေါ်တာဆွဲခြင်း၊ အတင်းအခွမခိုင်းစေခြင်း၊ ဘေးကင်းလုံခြုံမှုအတွက် မိမိအိမ်နှင့် ဝေးရာသို့ ထွက်ပြေးရခြင်းနှင့် အပစ်ခံရခြင်း များသည် ၄င်းတို့တွေ့ကြုံခံစားခဲ့ကြရဘူးသော အဖြစ်များဆုံးသော အကြမ်းဖက်မှုနှင့် မတရားကျင့်မှု ပုံစံများဖြစ်ပါသည်။
- လေ့လာတွေ့ရှိရသော အကြမ်းဖက်မှုနှင့် မတရားကျင့်မှုပုံစံ ၂၀ ထဲမှ တစ်ခုချင်းစီ ဆန်းစစ်လေ့လာမှုပြုခဲ့သော ကျေးရွာ စုစုပေါင်း ၇၂ ရွာမှ ၄၆ ရွာမှ တွေ့ကြုံခဲ့ကြရပြီး၊ ၁၅ ခုအား ရွာပေါင်း ၆၀ ကျော်မှ တွေ့ကြုံခံစားခဲ့ကြရပါသည်။
- ၄င်းကဲ့သို့သော မတရားမှုများအားလုံးနီးပါးအား အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုတွေ့ကြုံခံစားခဲ့ကြရသော်လည်း အမျိုးသမီးများ အများစုသည်လည်း အဓိက မတရားမှုများအား ခံစားခဲ့ကြရပါသည်။ လေ့လာမှုတွင်ပါဝင်ခဲ့သော အခြားသော တိုင်းရင်းသူ အမျိုးသမီးများထက် ကရင်အမျိုးသမီးများသည် ဘေးကင်းလုံခြုံရေးအတွက် မိမိတို့အိမ်မှ ပိုမို ထွက်ပြေး ခဲ့ရကြောင်း တွေ့ရှိခဲ့ရပါသည်။ ရှိနှင့်ပြီးသော ဒေသတွင်း သုတေသနများမှ အာဏာပိုင်များမှ အထူးသဖြင့် အမျိုးသမီးများ အပေါ် လိင်မှုရေးရာ အကြမ်းဖက်မှုများအတွက် စိုးရိမ်နေရသော အဆင့်များအား တွေ့ရှိခဲ့ရသော်လည်း ယခု လေ့လာမှုတွင် နည်းစနစ်ပိုင်းဆိုင်ရာ အခက်အခဲများရှိခြင်းကြောင့် ၄င်းမေးခွန်းများအား ထည့်သွင်းထားခြင်း မရှိခဲ့ပါ။
- ကရင်အိမ်ထောင်စုများသည် အခြားသော ကရင်မဟုတ်သည့် အိမ်ထောင်စုများနှင့် ယှဉ်လျှင် ပုံစံအမျိုးမျိုးသော အကြမ်းဖက်မှု နှင့် မတရားပြုကျင့်မှုများအား အရေအတွက်အားဖြင့် ပိုမိုမြင့်မားစွာ တွေ့ကြုံခံစားခဲ့ကြရပြီး အထူးသဖြင့် တပ်မတော်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများနှင့် ဆက်နွယ်သည့် ကိစ္စရပ်များကြောင့် ဖြစ်ပါသည်။
- ကရင်လူမျိုးများနှင့် အခြားသော တိုင်းရင်းသားများအနေဖြင့် မြေယာသိမ်းဆည်းခံရမှုနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမှီရန် ကန့်သတ်ခံရခြင်းများအား တွေ့ကြုံခံစားကြရမှုမှာ တူညီလုဖြစ်ကြောင်း တွေ့ရပါသည်။

ယခုအခန်းတွင် ဆန်းစစ်လေ့လာမှုတွင်ပါဝင်ဖြေဆိုသူများမှ အာဏာပိုင်များ၏ လက်ထဲတွင် ခံစားခဲ့ကြရသော အလွန်မြင့်မားသည့် အကြမ်းဖက်မှုနှင့် မတရားပြုကျင့် ခံရမှု အခြေအနေများအား ဖော်ပြထားပါသည်။ မေးခွန်းမေးမြန်းသူများအနေဖြင့် အထူးသဖြင့် အမျိုး ၂၀ သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံများအားစာရင်းပြုစုပြီး၄င်းတို့အားဖြေဆိုသူများမှကိုယ်တိုင်ခံစားခဲ့ရဘူးလား၊ အိမ်ထောင်စုအတွင်းမှ တစ်ယောက်ယောက်မှ ခံစားခဲ့ရဘူးလား၊ သို့မဟုတ် ရွာထဲမှ တစ်ယောက်

ယောက်လား၊ အစရှိသည်တို့ကို မေးမြန်းခဲ့ပြီး ၎င်းကဲ့သို့ခံစားခဲ့ကြရာတွင် တစ်ကြိမ် တည်းလား၊ တစ်ကြိမ်ထက်ပိုလား၊ သို့မဟုတ် အရမ်းပုံမှန်လား တို့ကိုလည်း မေးမြန်းခံခဲ့ကြရပါသည်။ ဖြေဆိုသူများအနေဖြင့် မေးခွန်းတစ်ခုခုအား မဖြေဆိုလိုပါက မဖြေဆိုဘဲ နေနိုင်သော ရွေးချယ်ခွင့် ရှိပါသည်။ မေးမြန်းမှုတစ်ခုလုံးအတွင်း ဖြေဆိုသူများမှ မေးမြန်းမှုအား မည်သည့်အချိန်တွင်မဆို ရပ်လိုက ရပ်နိုင်ကြောင်း အကြောင်းကြားရပါသည်။

ရှိနှင့်ပြီးသား KPSN၊ UNနှင့် အခြားသော သုတေသနများမှ ညွှန်ပြနေသည်မှာ ၎င်းအကြမ်းဖက်မှု ကိစ္စရပ်များအား အများအားဖြင့် တပ်မတော်နှင့် ၎င်း၏လက်အောက်ခံ တပ်ဖွဲ့များမှ ကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး၊ အများဆုံးသော အကြမ်းဖက်မှုပုံစံများမှာ နိုင်ငံ့စစ်တပ်မှ စနစ်တကျနှင့် စုစည်းထားသော အမိန့်အောက်တွင် ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလာမှုများနှင့် များစွာ ချိတ်ဆက်မှု ရှိနေပါသည်။ ၂၀၁၈ ခုနှစ်တွင် UN လူ့အခွင့်အရေးကောင်စီ၏ မှတ်တမ်းများအရ၊ 'ဆယ်စုနှစ် သုံးခုအကြာ၊ မြန်မာနိုင်ငံအတွင်း လူအခွင့်အရေး အခြေအနေများစဉ်ဆက်မပျက် အထူးကပ်ပါလျက်ရှိသည်မှာ လူအခွင့်အရေးချိုးဖော်မှုများဆိုင်ရာ ပုံစံများသည် ပျံ့နှံ့နေပြီး စနစ်တကျရှိလာသည့်အပြင် အစိုးရနှင့် စစ်တပ်ပေါ်လစီများနှင့် ချိတ်ဆက်လျက်ရှိပါသည်။[57] ကေအဲန်ယူအပါအဝင် အချို့သော လက်နက်ကိုင် အဖွဲ့များသည်လည်း အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများအား ကျူးလွန်တက် ကြပြီး ၎င်းတို့အား အောက်တွင် အသေးစိတ်ဆွေးနွေးထားသော်လည်း ၎င်းအကြမ်းဖက်မှုများသည် စနစ်တကျ လုပ်ဆောင်ခြင်း သို့မဟုတ် ကျယ်ပြန့်စွာ လုပ်ဆောင်ခြင်းများ မဟုတ်ကြသည်ကို တွေ့ရပါသည်။

၎င်းတွေ့ရှိချက်များသည် လူမှုအသိုက်အဝန်းတစ်ခုလုံးအတွင်း တွေ့ကြုံခဲ့ကြရသော အကြမ်းဖက်မှုများ၏ ပမာဏအား ယေဘုယျအားဖြင့် ပုံဖော်ပြနေပါသော်လည်း၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး ဥပဒေအောက်ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့် တိုက်ရိုက် ကိုက်ညီမှုရှိနေလိမ့်မည် မဟုတ်ပါ။ ၎င်းတို့သည် ဖြေဆိုသူများ၏ ကိုယ်ပိုင် အမြင်သဘောထားများနှင့် ၎င်းတို့၏ ကွဲပြားသော အတွေ့အကြုံများအား လှစ်ဟပြခြင်းသာ ဖြစ်ပါသည်။ ထပ်ပေါင်းဆိုရသော် အချို့သော ဖြေဆိုသူများသည် ၎င်းတို့ကိုယ်တိုင် စစ်သားများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသူများ ဖြစ်နေနိုင်ပြီး ထိုအချိန်မှ ယခုအထိ တွေ့ကြုံခဲ့ရသော အကြမ်းဖက်မှုများအား ဖော်ပြခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

**ပုံ (၃.၇) - အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံတစ်ခုခုအား တွေ့ကြုံခဲ့ဘူးသော ဖြေဆိုသူများ၊ ၎င်းတို့၏ အိမ်ထောင်စုများ**




" ၇၁ ရာခိုင်နှုန်းထက် ပိုသော ဖြေဆိုသူများမှ ၎င်းတို့၏ ဘဝအချိန်တစ်ခု တွင် အာဏာပိုင်များ၏ အကြမ်းဖက်မှု သို့မဟုတ် မတရားပြုကျင့်မှု ပုံစံ အနည်းဆုံးတစ်ခု အား အနည်းဆုံး တစ်ကြိမ်လောက် ခံစားခဲ့ကြရဘူး ကြောင်း ဖော်ပြခဲ့ကြပါသည်။ ၈၀ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့၏ အိမ်ထောင်စု အတွင်း တစ်ဦးဦးမှ ထိုကဲ့သို့သော အတွေ့အကြုံများ အား ခံစားခဲ့ရဘူးကြောင်း ဆွေးနွေးခဲ့ပါသည် "

၇၁ ရာခိုင်နှုန်းထက်ပိုသော ဖြေဆိုသူများမှ ၎င်းတို့၏ ဘဝအချိန်တစ်ခုတွင် အာဏာပိုင်များ၏ အကြမ်းဖက်မှုသို့မဟုတ် မတရားပြုကျင့်မှုပုံစံ အနည်းဆုံးတစ်ခုအား အနည်းဆုံး တစ်ကြိမ်လောက် ခံစားခဲ့ကြရဘူးကြောင်း ဖော်ပြခဲ့ကြပါသည်။ ၈၀ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့၏ အိမ်ထောင်စုအတွင်း တစ်ဦးဦးမှ ထိုကဲ့သို့သော အတွေ့အကြုံများအား ခံစားခဲ့ရဘူးကြောင်း ဆွေးနွေးခဲ့ပါသည် (ဇယား ၃.၇)။ ထို အကြမ်းဖက်မှုနှင့် မတရားပြုကျင့်မှုပုံစံများစာရင်းအား ဇယား ၃.၈ တွင် ဖော်ပြထားပြီး အများစုသော ရှင်သန်နေသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးများသည်ပြင်းထန်သောချိုးဖောက်ခံခဲ့ရကြကြောင်းဖော်ပြခဲ့ပါသည်။အပိုင်း၃.၃မှဆန်းစစ်မှုများအရ၊ ၆၉ ရာခိုင်နှုန်းသော ဖြေဆိုမှုများတွင်၊[58] ဖြေဆိုသူများမှ ၎င်းတို့အနေဖြင့် တရားပြုကျင့်ခံရမှု မှာ တစ်ကြိမ်ထက်ပိုကြောင်း သို့မဟုတ် ပုံမှန်အားဖြင့် ခံစားခဲ့ကြရကြောင်း ဖြေဆိုခဲ့ကြပါသည်။

57 UN Human Rights Council (2018), p 5. See also p 17, which notes that 'The consistent tactical formula employed by the Tatmadaw exhibits a degree of coordination only possible when all troops are acting under the effective control of a single unified command'.

58 The 2,020 respondents collectively stated 2,382 forms of violence or abuse they had experienced "once" (31 per cent), 2,382 that they had experienced "more than once but not regularly" (46 per cent) and 1,717 that they had experienced "very regularly" (23 per cent).

၎င်းအရေအတွက်များသည် ယခုလေ့လာမှုတွင်အသုံးပြုခဲ့သော ကျပန်းစံကွက်ရွေးချယ်ခြင်းစနစ်အရ သော်လည်းကောင်း၊ စစ်အား ရှည်လျားစွာ ခံစားခဲ့ကြရသော အခြေအနေတစ်ခုအတွင်း ရှိနေခဲ့ခြင်း အတွက်သော်လည်းကောင်း အလွန်မြင့်မားနေကြောင်းတွေ့ရှိရပါသည်။ ကျွန်တော်တို့ သတိပြုရမည် မှာ ယခုလေ့လာမှုတွင် ထိုင်းသို့မဟုတ် အခြားသော နိုင်ငံများတွင် ရှိနေကြပြီး ၎င်းအတွေ့အကြုံများအား မြင့်မားစွာ ခံစားခဲ့ကြရနိုင်သော ရာပေါင်း၊ ထောင်ပေါင်းများစွာသော ဒုက္ခသည်များအား ထည့်သွင်းထားခြင်းမရှိသေးသည့် အချက်ဖြစ်ပါသည်။



၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်၊ ဒူးပလာယာခရိုင်အတွင်း တပ်မတော်မှ ရွာများအား တိုက်ခိုက်မှုကြောင့် လူများမှ မိမိနေရပ်အား စွန့်ခွါထွက်ပြေးနေရပုံ
© ကရင်လူ့အခွင့်အရေးအဖွဲ့

ပုံ (၃.၈) - အာဏာပိုင်များမှ ကျူးလွန်သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများအား ဖြေဆိုသူများနှင့် ၎င်းတို့၏ မိသားစုများအကြား တွေ့ကြုံခံစားရမှု (အများဆုံးမှ အနည်းဆုံးသို့)




စာရင်းပြုစုခဲ့သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံ အခု ၂၀ ထဲတွင်၊ ဖြေဆိုသူများမှ ၎င်းတို့ကိုယ်တိုင် ခံစားခဲ့ရဆုံးသော အချက်မှာ ပေါ်တာလိုက်ရခြင်း (စစ်တပ်၏ စစ်ဆင်ရေးများအတွက် စစ်တပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများအား သယ်ဆောင်ရခြင်း)၊ အတင်းအကျပ်အလုပ်ခိုင်းစေခြင်း၊ လုံခြုံရေးအတွက် နေရပ်စွန့်ခွါထွက်ပြေးရခြင်း (ရှင်းလင်းဖော်ပြချက်များအတွက် စာကွက် ၃.၂ အား ကြည့်ရန်)တို့ဖြစ်ပါသည်။ အဖြစ်အပျက်များအား ဖော်ပြခဲ့သော အမျိုးသားအချိုးအစားမှာ (၇၅ ရာခိုင်နှုန်း) အမျိုးသမီးများ အချိုးအစား (၆၇ ရာခိုင်နှုန်း)ထက် ပိုများပါသည်။ ကရင်အိမ်ထောင်စုများသည် ကရင်လူမျိုးမဟုတ်သော အိမ်ထောင်စု များထက် သိသာထင်ရှားစွာ ပိုမိုခံစားခဲ့ကြရပြီး၊ နှိုင်းယှဉ်ကြည့်လျှင် ၅၄ ရာခိုင်နှုန်းနှင့် ၇၆ ရာခိုင်နှုန်းဖြစ်ပါသည်။ ၎င်းခြားနားမှုများအား အောက်တွင် ပိုမို အသေးစိတ်စွာ ဆက်လက်ဆွေးနွေးထားပါသည်။

> "စာရင်းပြုစုခဲ့သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံ အခု ၂၀ ထဲတွင်၊ ဖြေဆိုသူများမှ ၄င်းတို့ကိုယ်တိုင် ခံစားခဲ့ရဆုံးသော အချက်မှာ ပေါ်တာလိုက်ရခြင်း အတင်းအကြပ် အလုပ်ခိုင်းစေခြင်း၊ လုံခြုံရေးအတွက် နေရပ်စွန့်ခွါ ထွက်ပြေးရခြင်းတို့ ဖြစ်ပါသည်။ ကရင်အိမ်ထောင်စု များသည် ကရင်လူမျိုးမဟုတ်သော အိမ်ထောင်စု များထက် သိသာထင်ရှားစွာ ပိုမိုခံစားခဲ့ကြရပြီး၊ နှိုင်းယှဉ်ကြည့်လျှင် ၅၄ ရာခိုင်နှုန်းနှင့် ၇၆ ရာခိုင်နှုန်း ဖြစ်ပါသည်။"

## စာကွက် ၃.၂ အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများ၏ အဓိကပုံစံများအား ရှင်းလင်းဖော်ပြခြင်း

အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများ၏ ပုံစံများအား ဘက်စုံလွှမ်းခြုံသော သိရှိနားလည်မှုရရှိစေရန် ယခုစာကွက်တွင်ဆွေးနွေး ထားပြီး စာဖတ်သူများအနေဖြင့်လည်း လက်တလော ဆယ်စုနှစ်များအတွင်း ရှိသော အဓိကအရင်းအမြစ်များအကြားမှ ကရင့်လူ့အခွင့် အရေးအဖွဲ့၏ ပြည့်စုံသော မှတ်တမ်းများအား မှီငြမ်းဖတ်ရှုသင့်ပါသည်။[59] အရေးကြီးဆုံးမှာ ယခုအစီရင်ခံစာတွင် တွေ့ရသော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများ ပုံစံအများစုအား တပ်မတော်မှ စနစ်ကျစွာ ကျယ်ပြန့်သော အတိုင်းအတာဖြင့် ကျူးလွန် ခဲ့ကြပါပြီး တခါတရံ ဒေသခံအရံစစ်တပ်များ (နယ်ခြားစောင့်တပ်များနှင့် DKBA အဖွဲ့ဟောင်းများ ကဲ့သို့သော) မှလည်း ကျူးလွန်တက်ကြပါသည်။ ကေအဲန်ယူမှလည်း အချို့သော မတရားပြုကျင့်ခံရမှုပုံစံများနှင့် ဆက်စပ်မှုရှိနေကြသော်လည်း ၄င်းတို့သည် စနစ်တကျစီစဉ်လုပ်ဆောင် ခဲ့ခြင်းမျိုးမဟုတ်ဘဲ ပုံမှန် အကြမ်းဖက်မှု သို့မဟုတ် ဦးတည်တိုက်ပွဲစဉ်များ မပါဝင်ခဲ့ပါ။ အရေးကြီးဆုံးသော အကြောင်းအရာများအချို့ အား အောက်တွင် အကျဉ်းချုံး ရှင်းလင်းဖော်ပြထားပါသည်။

**'ပေါ်တာဆွဲခြင်း'**–တပ်မတော်နှင့်၄င်း၏အရံတပ်ဖွဲ့များမှ အရပ်သားများအားစနစ်တကျအသုံးပြုခြင်းဖြစ်ပြီး စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအား သယ်စေခြင်း၊ လမ်းပြများအဖြစ်ထမ်းဆောင်ရခြင်း သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ခြံခို တိုက်ခိုက်ခြင်းမှ တားဆီးရန် လူသားဒိုင်းများအဖြစ်ပံ့ပိုးပေးရခြင်းတို့ရှိကြောင်း ဆယ်စုနှစ်များတစ်လျှောက် ကောင်းစွာ မှတ်တမ်းတင် ထားခဲ့ပါသည်။[60] ၄င်းကဲ့သို့သော အလေ့အထများဖြစ်သည့် ထောင်သားများအား စစ်ဘက်ပေါ်တာများအဖြစ် အသုံးပြုသော မြန်မာအစိုး၏ အစီအစဉ်များသည် ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာသတင်းခေါင်းစီးများ ဖြစ်ခဲ့ပါသည်။[61] ပုံမှန်ထက်ပိုပြီး ဒေသခံအရပ်သားများသည် ၄င်း ရည်ရွယ်ချက်များအဖြစ် အသုံးပြုခံခဲ့ရပြီး၊ တစ်ခါတစ်ရံများ၌ ရသတ္တပတ်များစွာလုပ်ဆောင်ရပြီး၊ မကြာခဏတွင် သိသာထင်ရှားသော အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများအပြင် ပြင်းထန်သော ကျန်းမာရေး ပြဿနာများ သို့မဟုတ် သေဆုံးခြင်းများအထိ ဖြစ်ပေါ်စေပါသည်။ ကေအဲန်ယူမှလည်း အရပ်သားများအား ပေါ်တာများအဖြစ်အသုံးပြုမှုများရှိနေခဲ့ပြီး တစ်ခါတစ်ရံ ၄င်းအား ပဋိပက္ခကာလများတွင် မလုပ်မနေရ တာဝန်မျှာအဖြစ် လုပ်ဆောင်ကြပါသည်။ ၄င်းသည် ကိုယ်ပိုင်ဘေးကင်းလုံခြုံမှုအတွက် ခြိမ်းခြောက်မှုများရှိနေ သော်လည်း ၄င်းတို့သည် ပြင်းထန်သော အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများတို့ဖြင့် ဆက်စပ်မှုရှိမနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် တပ်မတော်နှင့် ၄င်းအရံတပ်ဖွဲ့များ၏လုပ်ဆောင်သော ပေါ်တာဆွဲခြင်းဆိုသည့် အဘောတရားသည် ကေအဲန်ယူနှင့် ကွဲပြားမှု ရှိနေသည် ဆိုသော်လည်း၊ မေးခွန်းမေးမြန်းသူများအဖွဲ့ခေါင်းဆောင်တစ်ဦး၏ အတွေ့အကြုံအရ ၄င်းပေါ်တာ ဆွဲခြင်း၏ အကြောင်းပြချက်များသည် တွေ့နေကျဖြစ်ပြီး အကြောင်းမှာ "အဖွဲ့အားလုံးမှ လုပ်ဆောင်နေကြခြင်း" ကြောင့်ဖြစ်ကြောင်း တွေ့ရပါသည်။

**'အတင်းအကျပ်အလုပ်ခိုင်းစေခြင်း'** သည် ယခုအခြေအနေပေါ်တွင် ပုံစံမျိုးစုံဖြင့် တွေ့ရနိုင်ပါသည်။ စစ်အုပ်ချုပ်ရေး အောက်တွင်၊ အများပြည်သူဆိုင်ရာများအတွက်၊ စစ်တပ်အတွက် သို့မဟုတ် စီးပွားရေးအတွက် အစရှိသော ရည်ရွယ်ချက်များဖြင့် အဖြစ်မနေ အတင်းအကျပ်အလုပ်ခိုင်းစေခြင်းများသည် မြန်မာအစိုးရ အတွက် လုပ်ရိုးလုပ်စဉ်လုပ်ငန်းများ ဖြစ်ခဲ့ပြီး ၄င်းအလေ့အထများသည် ယနေ့ အချိန်အထိ အတိုင်းအတာ တစ်ခုခုအတွင်း ဆက်လက် တည်ရှိပါသေးသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အချို့ ဒေသများတွင် လုပ်အားများအတွက် အရပ်သားများအား တာဝန်ယူစေမှုများ ပုံမှန်အားဖြင့်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ ကျေးလက် ဒေသများရှိ ဒေသခံပြည်သူများ၏ စုပေါင်းတာဝန်မှုဆိုင်ရာ စိတ်ဓါတ်နှင့် အသိတရားများသည် ပုံမှန်အားဖြင့် ခေါင်းပုံဖြတ်ခံ နေခဲ့ကြ ရပါသည်။

အတင်းအကျပ် နယ်ရပ်စွန့်ခွါစေမှုသည်လည်း အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံများထဲမှ တစ်ခု အဖြစ်ပါဝင်ပါသည်။ **'လုံခြုံရေး အတွက် နေရပ်ကို စွန့်ပြီးထွက်ပြေးခဲ့ခြင်း'** တွင် ရွေးချယ်ခွင့် တစ်ခုရှိခဲ့သော်လည်း ခြိမ်းခြောက်မှုဆန်ဆန် တုံ့ပြန်မှုမျိုးဖြစ်နေပါသည်။ **'ပေါ်လစီ၊ ဖွံ့ဖြိုးရေး (သို့) ပဋိပက္ခကြောင့် နေရပ်ကို အတင်းအကျပ်ရွှေ့ပြောင်းခိုင်းခြင်း'** နှင့် **'ရွာများအား မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း"**ကဲ့သို့ သော အမျိုးအစားများသည် 'အမဲရောင်နယ်မြေများ' အဖြစ် သတ်မှတ်ထားသော ဒေသများတွင်နေထိုင်သည့် လူထုအား ပစ်မှတ်ထားပြီး GoM အုပ်ချုပ်မှုအောက်ရှိ သတ်မှတ်ထားသော အထူးနေရာများသို့ ပြောင်းရွှေ့ရန် အမိန့်ပေးခြင်း သို့မဟုတ် ဖြတ်လေးဖြတ် အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် (စာကွက် ၃.၁ တွင် ကြည့်ရှုရန်) ၄င်းတို့၏ ရွာများအား မီးရှို့ ဖျက်ဆီးခြင်းကြောင့် ပိုမိုနက်ရှိုင်းသော EAO အဖွဲ့များ၏ နယ်များအတွင်းသို့ သို့မဟုတ် နိုင်ငံတကာ နယ်စပ်ဒေသများ ဖြတ်ကျော်ပြီးသွားရသော နယ်မြေများသို့ မဖြစ်မနေ ပြောင်းရွှေ့ခဲ့ကြခြင်းများရှိပါသည်။ အတင်းအကျပ်ရွှေ့ပြောင်းခံရခြင်းတွင် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ သို့မဟုတ် အခြားသော အကြောင်း ပြချက်များဖြင့် အာဏာပိုင်များမှ အမိန့်ပေး အရွှေ့ပြောင်းရခြင်းများလည်း ပါဝင်ပါသည်။

**'ပစ်ခတ်ခြင်း'** နှင့် **'ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်း'** နှစ်ခုလုံးသည် အခြေအနေများစွာအတွင်းရှိနေသော်လည်း 'ဖြတ်လေးဖြတ်' စစ်ဆင်ရေးများ၏အစိတ်အပိုင်းအနေဖြင့်တပ်မတော်မှအဓိကဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ စစ်တမ်းမေးခွန်းများတွင် ပါဝင်သော ပိုင်ဆိုင်မှုများအား ဖျက်ဆီးခံရခြင်းအား ပြည့်စုံစွာ ရှင်းလင်းဖော်ပြရလျှင် 'အစားအစာ၊ ပစ္စည်းများနှင့် တိရိစ္ဆာန်' များပါဝင်ပါပြီး ၄င်းတို့ အားလုံးသည် ပြည်သူများအား ရှင်းထုတ်ရန် သို့မဟုတ် ဒေသခံတို့၏ အစားအစာအရင်းအမြစ်များ ငြိမ်သက်မှုမရှိစေရန်

59 For a detailed look at local experiences and responses to abuse, see KHRG (2007), KHRG (2008), KHRG (2009), KHRG (2014), KHRG (2017), among the many other reports and raw testimony provided on the KHRG website. For a legal analysis of Tatmadaw counter-insurgency in the late-2000s, see IHLC (2014). See also Amnesty International (2008) and Amnesty International (2018), as well as a collation of UN human rights documentation in 'Documents on Myanmar' collated by the UN Office of the High Commissioner for Human Rights.

60 As noted in a 2016 UN High Commissioner for Human Rights report, "There are also ongoing reports of the use by both the military and ethnic armed groups of civilians as porters, sentries, guides and human shields" (UNHCHR 2016, A/HRC/31/71 para. 52).

61 IRIN 2011.

လုပ်ဆောင်ခြင်းများဟု အဓိပ္ပါယ်သက်ရောက်သော နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများအတွင်း ပုံမှန်အားဖြင့် အသုံးမပြုနိုင်ကြကြောင်း တွေ့ရပါသည်။ မေးခွန်းမေးမြန်းသူအဖွဲ့များနှင့် ရှင်းလင်းမှုများ လုပ်ဆောင်သည့်အခါ တွေ့ရသည်မှာ မေးခွန်းဖြေဆိုမှု နားလည်သည်မှာ မိမိတို့ရွာများမှ သို့မဟုတ် နေရပ်မှ စွန့်ခွါထွက်ပြေးနေသော အချိန်တွင် အပစ်ခတ်ခံရသူ၏ အတွေ့အကြုံ၊ ၎င်းတို့နှင့် အတူရှိနေသော သူတို့ထံ ပစ်ခတ်မှု၊ သို့မဟုတ် ၎င်းတို့ရှိသော နေရာသို့ ဦးတည်ပစ်ခတ်ခြင်းအတွေ့အကြုံများအဖြစ် နားလည်ခဲ့ကြကြောင်း အတည်ပြုခဲ့ကြပါသည်။ ဖြေဆိုသူများမှ တိုက်ခိုက်မှုများသည် ရွာအတွင်းနေထိုင်လျက်ရှိစဉ်သို့မဟုတ် ရွာသားများ အမဲလိုက်ခြင်းနှင့် ပုန်းအောင်းခြင်းပြုသော တောတွင်းနေရာများတွင် နယ်မြေရှင်းလင်းရေး ကင်းလက်မှုများနှင့် ရင်ဆိုင်တွေ့သောအခါများတွင် ခံရကြ ကြောင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ တပ်မတော်အနေဖြင့် နေရာတစ်ချို့အား "မြင်သည်နှင့် ပစ်ခတ်"နိုင်သည့် ဇုံများအဖြစ် သတ်မှတ်ထား ပြီး၊ ၎င်းဇုံများအတွင်းရှိနေသော လူများအားလုံးသည် စစ်တပ်၏ ပစ်မှတ်များအဖြစ် သတ်မှတ်နိုင်ပါသည်။ မှတ်တမ်းတင်ပြုစုထားသော အဖြစ်အပျက်များတွင် ဖြေဆိုသူများကိုယ်တိုင် စစ်သားအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော အချိန်များတွင် အပစ်ခတ်ခံရခြင်း အတွေ့ အကြုံများလည်း ပါဝင်ကောင်း ပါဝင်နိုင်ပါသည်။

**'ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲ၍ မျှတသော တရားစီရင်ချက်မရှိဘဲ ရုတ်တရက် သေဒဏ်ချမှတ်သတ်ဖြတ်ခြင်း'** အား အဖွဲ့များ အားလုံးမှ ကျူးလွန်ခဲ့ဘူးကြပြီး အထူးသဖြင့် လူတစ်စုံတစ်ဦးသည် သတင်းပေးအဖြစ် သံသယအဖြစ်ခံရသော အချိန်မျိုး သို့မဟုတ် တစ်ခါတစ်ရံများတွင် ဒေသခံပြည်သူများအား ကြောက်ရွံ့စေရန်နှင့် ငြိမ်ဝပ်ပိပြားမှုအားတည်ဆောက်နိုင်ရန်တို့အတွက် လုပ်ဆောင် ကြပါသည်။ ကရင့်လူ့အခွင့်အရေးအဖွဲ့မှ အစီရင်ခံတင်ပြထားသည်မှာ - "ပဋိပက္ခဖြစ်ပွားစဉ်အတွင်း အလွန်များပြားစွာရှိခဲ့သော ချင့်ချိန်မှုမရှိဘဲ၊ ဥပဒေမဲ့သတ်ဖြတ်ခြင်းအား တပ်မတော်မှ ကျူးလွန်ခဲ့ပြီး အချို့သော အဖြစ်ပျက်များအား DKBA နှင့် နယ်ခြားစောင့် တပ်များမှ ကျူးလွန်ခဲ့ကြပါသည်။ ၎င်းအဖြစ်အပျက်များအား ကရင်လူမျိုး အရပ်သားပြည်သူများအပေါ် ဖိနှိပ်မှုပြုရန်နှင့် ကေအဲန်ယူအား ပံ့ပိုးသူများအား အပစ်ပေးဒဏ်ခတ်ရန်နှင့် ကျယ်ပြန့်သော အကြောက်တရားများ ထည့်သွင်းနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ပါသည်။[62]

**'မြေမြှုပ်မိုင်းများနှင့် လက်ဖြင့်လုပ်သော ပေါက်ကွဲစေတက်သည့် ပစ္စည်းများ (IED)'** တို့အား ပဋိပက္ခအတွင်း ဘက်အားလုံးမှ လက်နက်ကိုင်တပ်ဖွဲ့များမှ ပုံမှန်အားဖြင့် အသုံးပြုခဲ့ကြပြီး အချို့သော အခြေအနေများတွင် ဒေသခံပြည်သူများကိုယ်တိုင်မှလည်း အသုံးပြုကြပါသည်။[63] တပ်မတော်သည် မြေမြှုပ်မိုင်းများကို အသုံးပြုပြီး ၎င်းမိုင်းများသည် နိုင်ငံအတွင်း စက်ရုံများဖြင့် ထုတ်လုပ်ခြင်း သို့မဟုတ် နိုင်ငံရပ်ခြားမှ တင်သွင်းခဲ့ခြင်း များဖြစ်ကာ ၎င်းတို့သည် ဆယ်စုနှစ်များစွာအထိ အသက်ဝင် အကျိုးရှိနေနိုင်ပါသည်။ ၎င်းတို့ကို ပုံမှန်အားဖြင့် အရပ်သားများအား နယ်မြေရှင်းလင်းခဲ့ပြီးသော ၎င်းတို့၏ကျေးရွာများ သို့မဟုတ် လယ်ယာ များဆီသို့ မပြန်သွားနိုင်စေရန် သို့မဟုတ် အချို့သော နေရာများသို့ စွန့်ခွါထွက်ပြေးခြင်းအား တားဆီး နိုင်ရန်တို့အတွက် အသုံးပြုခဲ့ကြပါသည်။ ကေအဲန်ယူသည် IED များအား ကျယ်ပြန့်စွာ အသုံးပြုပြီး ၎င်းတို့၏ စစ်တပ်ပစ္စည်းပစ္စယများအား ကာကွယ်ရန်သို့မဟုတ် တပ်မတော်၏ လုပ်ရှားမှုများအား ကန့်သတ်မှုပြုနိုင်ရန် ရည်ရွယ်ပါသည်။ ကေအဲန်ယူတွင် မိုင်းများ၏ တည်နေရာအား ဒေသခံ အရပ်သားများထံ အမြဲတစေအသိပေး အကြောင်းကြားခြင်းအား သေချာစွာ လုပ်ဆောင်ရန် တရားဝင် ပေါ်လစီတစ်ခု ရှိနေသော်လည်း ၎င်းအလေ့အထအား လက်တွေ့တွင် မည်သို့ စနစ်တကျ လိုက်နာဆောင်ရွက်နေသည်ကို ဆုံးဖြတ်နိုင်ရန် သုတေသနလေ့လာမှုများ ထပ်မံ လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ မေးခွန်းမေးမြန်းသူအဖွဲ့များနှင့် ပိုမိုရှင်းလင်းစေရန် ဆွေးနွေးမှုများမှ အတည်ပြုနိုင်သည်မှာ ဖြေဆိုသူများအနေဖြင့် မြေမြှုပ်မိုင်း သို့မဟုတ် IED များနှင့် ပတ်သက်ပြီး ၎င်းတို့ရှိနေခဲ့သော နေရာများတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့မှု အတွေ့အကြုံများအား မေးမြန်းခြင်း ဖြစ်သည်ဟု နားလည်ထားကြပါသည်။ အများစုသော ဖြေဆိုသူများအနေဖြင့် ထိခိုက်ဒဏ်ရာများရရှိခဲ့ဘူးကြပြီး၊ ၎င်းပေါက်ကွဲမှုများကြောင့် များစွာသောလူတို့သည် ကိုယ်လက်အင်္ဂါချို့သွားရခြင်း သို့မဟုတ် သေဆုံးခြင်းများထိ ရှိခဲ့ကြကြောင်း တွေ့ရပါသည်။



၂၀၀၂ ခုနှစ်တွင် DKBA မှ မီးရှို့ခဲ့သော ဘားအံခရိုင်အတွင်းရှိ ဒေးလောပြကျေးရွာ
© ကရင့်လူ့အခွင့်အရေးအဖွဲ့

62 KHRG 2017, p 84.

63 A survey published by Danish Church Aid (Cathcart et al. 2016) found that 22.5 per cent of respondents across south east Myanmar found that "landmines keep the community safe" and that five per cent said they placed landmines around their settlement to "protect village/ward assets", pp 38–39. See also KHRG (2018), pp 49–52.



အီထူထ နေရပ်စွန့်ခွါသူများ စခန်းတွင် လူငယ်များ ကျောင်းသို့ သွားနေပုံ၊ အရှေ့တောင်ပိုင်းရှိ ၎င်းကဲ့သို့သော စခန်းများအတွက် ရံပုံငွေများခန်းခြောက်လာနေ ချိန်တွင် စခန်းအတွင်းရှိလူများ သည်လည်း မိမိဒေသသို့ ပြန်ရန် လုံခြုံစိတ်ချမှုမရှိသေးပေ၊ အဖြစ်အပျက်တော်တော်များများ တွင် ၎င်းတို့၏ မြေယာများသည် အခြားသူများ သိမ်းယူထားပြီး ဖြစ်သည့် အတွက် ၎င်းတို့ပြန်ရန် နေရာမရှိတော့ သည်ကို တွေ့ရပြီး ၎င်းတို့တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ရေရှည်ငြိမ်းချမ်းရေး အား ရယူနိုင်မလားဆိုသည့် အပေါ် သေးငယ်သော ယုံကြည်မှုသာ ရှိပါတော့သည်။

© ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်

"အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံ ရခြင်း အမျိုးအစား (၂၀) ခုတို့သည် စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ ၇၂ တို့တွင် ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့ကြပါသည်။ ပေါ်တာဆွဲခြင်း အတွေ့အကြုံအား ရွာတစ်ရွာမှလွဲ၍ ကျန်ရွာများ အားလုံးမှ တွေ့ကြုံခဲ့ဘူး ကြောင်း ဖြေဆိုခဲ့ကြပါသည်။ ထို့နည်းတူ အတင်းအကြပ် အလုပ်ခိုင်းစေခြင်း၊ ပစ်ခတ်ခြင်းနှင့် ပိုင်ဆိုင်မှုများ အား ဖျက်ဆီးခံရခြင်း များနှင့် ပတ်သက်ပြီး ရွာနှစ်ရွာမှလွဲ၍ ကျန်ရွာများ အားလုံးမှ တွေ့ကြုံခံစားခဲ့ ရကြောင်း တင်ပြခဲ့ကြ ပါသည်"

အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရခြင်း အမျိုးအစား (၂၀) ခုတို့သည် စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ ၇၂ တို့တွင် ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့ကြပါသည် (ဇယား ၃.၉ အား ကြည့်ရန်)။ ပေါ်တာဆွဲခြင်း အတွေ့အကြုံအားရွာတစ်ရွာမှလွဲ၍ကျန်ရွာများအားလုံးမှတွေ့ကြုံခဲ့ဘူးကြောင်းဖြေဆိုခဲ့ကြပါသည်။ ထို့နည်းတူ အတင်းအကျပ်အလုပ်ခိုင်းစေခြင်း၊ ပစ်ခတ်ခြင်းနှင့် ပိုင်ဆိုင်မှုများအား ဖျက်ဆီးခံရခြင်း များနှင့် ပတ်သက်ပြီး ရွာနှစ်ရွာမှလွဲ၍ ကျန်ရွာများအားလုံးမှ တွေ့ကြုံခံစားခဲ့ရကြောင်း တင်ပြခဲ့ကြပါသည်။ မတရားပြုကျင့်ခံရမှု အမျိုးအစားအားလုံးအား အနည်းဆုံး ရွာပေါင်း ၄၆ ရွာမှ (၆၄ ရာခိုင်နှုန်း) ခံစားခဲ့ကြရပြီး အမျိုးအစား ၁၅ ခုလုံးအား ရွာပေါင်း ၆၀ ကျော်မှ (၈၃ ရာခိုင်နှုန်း) ခံစားခဲ့ကြရပါသည်။ ကေအဲန်ယူထိန်းချုပ်သောဒေသများနှင့် GoM အုပ်ချုပ်သော ဒေသများအကြား သတိပြုစရာ ကောင်းသော ခြားနားမှုများ အချို့ရှိနေပြီး ၎င်းတို့အား အခန်း ၃.၃ တွင် ဆက်လက် ဆွေးနွေးထား ပါသည်။

အားလုံးသော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရခြင်း အမျိုးအစား (၂၀) ခုတွင် မြေယာသိမ်းခံရ ခြင်းမှလွဲ၍ ဖြေဆိုသူများ၏ ကိုယ်ပိုင် အတွေ့အကြုံများတွင် အမျိုးသမီးများထက် အမျိုးသားများမှ ပိုမိုခံစားခဲ့ကြရကြောင်း (ဇယား ၃.၁၀) ဖော်ပြထားသော်လည်း အကြောင်းအရာ တော်တော် များများတွင် ခြားနားမှုမှာ ကျဉ်းမြောင်းကြောင်းတွေ့ရပါသည်။[64]

**ပုံ (၃.၉) - ဖြေဆိုသူများမှ ၎င်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်းတို့၏ မိသားစုသော်လည်းကောင်း (သို့) ၎င်းတို့ကျေးရွာရှိသူတစ်ဦးဦးမှ အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုတို့အား တွေ့ကြုံခဲ့ဘူးကြောင်း ဖော်ပြခဲ့သော ကျေးရွာများ အရေအတွက်**




64 The differential displayed in Figure 3.10 shows the difference between the percentage of surveyed men and the percentage of surveyed women who said they had experienced each abuse.

ပုံ (၃.၁၀) - အမျိုးသားနှင့် အမျိုးသမီးအကြား အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှု တို့အား တွေ့ကြုံခံစားခဲ့ရမှု အခြေအနေ (ကွာခြားမှု အလိုက်)




### စာကွက် ၃.၃ အမျိုးသမီးများအား ဦးတည်သည့် ကျား-မအခြေခံသော အကြမ်းဖက်မှု

မြန်မာနိုင်ငံရှိ ပဋိပက္ခအခြေအနေတွင် အမျိုးသမီးများအား ဦးတည်သည့် ကျား-မအခြေခံသော အကြမ်းဖက်မှုများသည် UNနှင့်အခြားသောဒေသခံနှင့်နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များမှ ဆယ်စုနှစ်များစွာအတွက် ကောင်းစွာမှတ်တမ်းပြုလာခဲ့ကြပါသည်။[65] အခြားသော လက်နက်ကိုင်အဖွဲ့များမှလည်း ပါဝင်ပတ်သက်မှုများ ရှိနေခဲ့သော်လည်း၊ ဖြတ်လေးဖြတ် စစ်ဆင်ရေးများ လုပ်ဆောင်သော အခြေအနေများကြောင့် သော်လည်း ကောင်း၊ ပစ်မှုကျူးလွန်သော စစ်သားများအား လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် စစ်တပ်တိုးချဲ့ခြင်း တို့အား မြင့်မားစွာ လုပ်ဆောင်ခဲ့ခြင်းတို့၏ ရလဒ်အဖြစ်သော်လည်းကောင်း တပ်မတော်မှ ကျူးလွန်ခဲ့သော မတရားပြုကျင့်မှုများမှာ ထင်ရှားပေါ်လွင်မှု အရှိဆုံးဖြစ်ခဲ့ပါသည်။[66]

ကရင့်ငြိမ်းချမ်းရေးအကူအညီပေးရေးကွန်ယက်၏ အဖွဲ့ဝင် အဖွဲ့အစည်းများမှ ပဋိပက္ခဖြစ်ပွားသော ကရင်ဒေသများတွင် ၎င်းကဲ့သို့သော အကြမ်းဖက်မှုများအား ပုံမှန်အားဖြင့် မှတ်တမ်းတင်နိုင်ခဲ့ကြပြီး အထူးသဖြင့် ၂၀၁၂ အပစ်ခတ်ရပ်စဲမှု မလုပ်ခင်အချိန်များတွင်ဖြစ်ပွားမှုများသာမက ၎င်းကာလနောက်ပိုင်းအချိန်များတွင် ဖြစ်ပွားခဲ့မှုများလည်း ပါဝင်ပါသည်။ ၂၀၀၄ ခုနှစ်တွင် ကရင့်အမျိုးသမီးအဖွဲ့အစည်းမှ "မုဒိန်းမှုများ [တပ်မတော်မှကျူးလွန်သော] ဖြစ်ပွားခဲ့ပြီး ၎င်းတို့သည် ကရင်လူမျိုးများအား ထိတ်လန့် ကြောင့်ရွံ့စေရန်နှင့် လက်အောက်ခံများဖြစ်စေရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းများ လုံးဝ ပျက်စီးသွားစေရန် စီစဉ်ထားသော ဗျူဟာတစ်ခု၏ အစိတ်အပိုင်းဖြစ်ကြောင်း" အစီရင်ခံစာ ထုတ်ဝေခဲ့ပါသည်။[67] အပစ်ခတ်ရပ်စဲမှု လုပ်ဆောင်သော ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် မတ်လကာလများအတွင်း ဖြစ်ပွားခဲ့သော ကျား-မအခြေခံသော အကြမ်းဖက်မှု ၁၆ ခုအား ဆန်းစစ်လေ့လာမှုပြုထားသော ကရင့်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖြစ်ပွားမှုနှုန်း လျော့ကျလာသော သင်္ကေတများအား တွေ့မြင်ခဲ့ကြရသော်လည်း "အမျိုးသမီးများအနေဖြင့် ကျား-မအခြေခံသော အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး အာဏာရှိသော လူများမှ ကျူးလွန်မှုကြောင့် မလုံခြုံမှုအား ခံစားနေကြရမြဲဖြစ်ပါသည်။ ၎င်းကျူးလွန်သူများတွင် စစ်သားများ [တပ်မတော်၊ နယ်ခြားစောင့်တပ်များ၊ DKBA၊ ကေအဲန်ယူအဖွဲ့များမှ] အပြင် ကျေးရွာအုပ်စု ခေါင်းဆောင်များ၊ အရာရှိများ [GoM]နှင့် သာမန်အရပ်သားများလည်း ပါဝင်ပါသည်။[68]

ယေဘုယျအားဖြင့် အာဏာပိုင်များ၏ အကြမ်းဖက်မှုများအား အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုခံစားခဲ့ကြရကြောင်းနှင့် နိဂုံး မချုပ်သင့်ကြောင်း အကြောင်းပြချက်များစွာ ရှိနေပါသည်။ ပထမဦးစွာအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် အခြားသော ကျား-မအခြေခံသည့် အကြမ်းဖက်မှုစံများဆိုင်ရာ အချက်အလက်များအား ယခုအစီရင်ခံစာတွင် ထည့်သွင်းထားခြင်း မရှိပါ။ သို့သော် ကရင့်ငြိမ်းချမ်းရေးအကူအညီပေးရေးကွန်ယက်၏ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များမှ လုပ်ဆောင်ခဲ့သော ရှိနှင့်ပြီးဖြစ်သည့် အစီရင်ခံစာများမှ တွေ့ရှိချက်များမှာ ၎င်းအကြမ်းဖက်မှုပုံစံများသည် ကရင်ဒေသများနှင့် မြန်မာနိုင်ငံ၏ ပဋိပက္ခထိခိုက်ခံဒေသများတွင် ဖြစ်ပွားနေကြဖြစ်ပြီး အမျိုးသားများထက် အမျိုးသမီးများမှ ပိုမိုခံစားကြရကြောင်း ဖြစ်ပါသည် (စာကွက် ၃.၃ အားကြည့်ရန်)။ လူမှုရေးလိုးလားခြင်းအရ ဘက်လိုက်မှု၊ ရန်တုံ့ပြန်ခြင်းအတွက် ကြောင့်ရွံ့မှု၊ အမည်းစက်များနှင့် ၎င်းကဲ့သို့သော မတရားပြုကျင့်ခံရမှု ပုံစံနှင့် ၎င်းတို့၏ ဖွင့်ဟမှုများကြောင့် ရှိနှင့်သော စိတ်ဒဏ်ရာအား ပြန်လည်ဖြစ်ပေါ်လာစေနိုင်သည့် အခြေအနေ၊ အစရှိသည့်

65 Key recent contributions include Women's League of Burma (2016); KWO (2004); KWO (2007); KHRG (2006); KHRG (2016); SWAN (2002); Gender Equality Network (2015); UN Population Fund (UNFPA) (2017); Amnesty International (2018), pp 88–95; Human Rights Watch (HRW) (2017); UN Flash Report (2017); Redress & Institute for International Criminal Investigations (2018); and International Rescue Committee (2016). See also 'Documents on Myanmar' collated by the UN Office of the High Commissioner for Human Rights.

66 Redress & Institute for International Criminal Investigations (2018), pp 3–4, p 9.

67 KWO (2004), p 6.

68 KHRG (2016), pp 74–75.



နေရပ်စွန့်ခွါထွက်ပြေးနေရသော လူငယ်များမှ အီထူထ နေရပ်စွန့်ခွါသူများစခန်း အဝင်ဆိုင်းဘုတ်နားတွင် ဝိုင်းဖွဲ့ရှိနေကြပုံ © Saferworld

"အမျိုးသမီးများမှ ဖော်ပြသည့် ဖြစ်ပွားမှု အများဆုံးသော မတရားပြုကျင့်ခံရမှု ပုံစံများမှာ ဖြစ်ပွားမှု နှုန်းထား အစဉ်အလိုက်တင်ပြရလျှင် လုံခြုံရေးအတွက် နေရပ်ကို စွန့်ခွါ ထွက်ပြေးခဲ့ရခြင်း (၃၁ ရာခိုင်နှုန်း)၊ ပေါ်တာဆွဲခြင်း (၃၀ ရာခိုင်နှုန်း)၊ အတင်းအကြပ် အလုပ်ခိုင်းစေခြင်း (၂၉ ရာခိုင်နှုန်း)နှင့် ပစ်ခတ်ခြင်း (၂၇ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။ အမျိုးသားများမှ ဖော်ပြသည့် ဖြစ်ပွားမှု အများဆုံးသော မတရားပြုကျင့်ခံရမှု ပုံစံများမှာ ပေါ်တာဆွဲခြင်း (၅၄ ရာခိုင်နှုန်း)၊ အတင်းအကြပ် အလုပ်ခိုင်းစေခြင်း (၄၃ ရာခိုင်နှုန်း)၊ ကြမ်းကြုတ်သော ခြိမ်းခြောက်ခြင်းများ (၃၆ ရာခိုင်နှုန်း) နှင့် ပစ်ခတ်ခြင်း (၃၃ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။"

မြင့်မားလှသသော စိုးရိမ်ရမှု အန္တရာယ်များကြောင့် မတရားပြုကျင့်ခံရမှုဆိုင်ရာ မေးခွန်းမေးမြန်းသည့်အခါ ၄င်း ကျား-မအခြေခံသော အကြမ်းဖက်မှု ပုံဥပမာများအား ထည့်သွင်းဖော်ပြခြင်း မရှိခဲ့ပါ။[69] ဤအချက်များကို ကြည့်ခြင်းအားဖြင့် လွတ်မြောက်ကျန်ရှိနေသူများ အနေဖြင့် ပဋိပက္ခဖြစ်ပွားသော ကရင်ဒေသများအတွက် ပုံမှန်ဖြစ်နေကျဖြစ်သော ကျား-အခြေခံသည့် အကြမ်းဖက်မှုများအပြင် အခြားသော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံများအား တင်ပြနိုင်ခြင်း မရှိခဲ့တာမျိုးဖြစ်ကောင်းနိုင်ကြောင်း တွေ့ရပါသည်။ [70]

အချို့သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံများအား အမျိုးသမီးများထက် အမျိုးသမားမှ ပိုမို တွေ့ကြုံခဲ့ကြရပါသည်။ အကြောင်းမှာ အမျိုးသားများအနေဖြင့် စစ်သားများ ဖြစ်ခဲ့ဘူးနိုင်ခြင်း သို့မဟုတ် ၄င်းကဲ့သို့သံသယဖြစ်ခံခဲ့ကြရခြင်း သို့မဟုတ် ပြင်းထန်သော လုပ်ငန်းများအား တာဝန်ယူရန် ရွေးချယ်ခံခဲ့ကြရခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ သို့သော် အများစုသော ၄င်းမတရားပြုကျင့်ခံရမှု ပုံစံများအား အမျိုးသမီး များစွာမှလည်း ဖော်ပြခဲ့ကြပါသည်။

အမျိုးသမီးများမှ ဖော်ပြသည့် ဖြစ်ပွားမှု အများဆုံးသော မတရားပြုကျင့်ခံရမှု ပုံစံများမှာ ဖြစ်ပွားမှု နှုန်းထား အစဉ်အလိုက်တင်ပြရလျှင် လုံခြုံရေးအတွက် နေရပ်ကို စွန့်ခွါထွက်ပြေးခဲ့ရခြင်း (၃၁ ရာခိုင်နှုန်း)၊ ပေါ်တာဆွဲခြင်း (၃၀ ရာခိုင်နှုန်း)၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်း (၂၉ ရာခိုင်နှုန်း)နှင့် ပစ်ခတ်ခြင်း (၂၇ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။ အမျိုးသားများမှ ဖော်ပြသည့် ဖြစ်ပွားမှု အများဆုံးသော မတရားပြုကျင့်ခံရမှု ပုံစံများမှာ ပေါ်တာဆွဲခြင်း (၅၄ ရာခိုင်နှုန်း)၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်း (၄၃ ရာခိုင်နှုန်း)၊ ကြမ်းကြုတ်သော ခြိမ်းခြောက်ခြင်းများ (၃၆ ရာခိုင်နှုန်း) နှင့် ပစ်ခတ်ခြင်း (၃၃ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။ မြေယာသိမ်းခံရခြင်းအား တင်ပြသော အချိုးအစားတွင် အမျိုးသမီးများ (၁၀.၂ ရာခိုင်နှုန်း)သည် အမျိုးသားများ (၉.၈ ရာခိုင်နှုန်း)ထက် အနည်းငယ် ပိုမြင့်မားနေပြီး အခန်း ၃.၃တွင်ဆွေးနွေးထားသည့်အတိုင်းအမျိုးသမီးနှင့်အမျိုးသားများအကြားတွေ့ကြုံမှုများသည်လည်း ကွဲပြားကြပါသည်။ အမျိုးသမီး၊ အမျိုးသားများအကြားရှိ ကြီးမားသော ကွာခြားမှုများမှာ ပေါ်တာဆွဲခြင်း၊ ကြမ်းကြုတ်သော ခြိမ်းခြောက်ခြင်းများ၊ အတင်းအကျပ်အလုပ်ခိုင်းစေခြင်းနှင့် လှုပ်ရှားမှု/သွားလာမှုကို ကန့်သတ်ခြင်းတို့ဖြစ်ပါသည် (ဇယား ၃.၁၀ အား ကြည့်ရန်)။

ကရင်အိမ်ထောင်စုများသည် ကရင်မဟုတ်သော အိမ်ထောင်စုများနှင့် ယှဉ်လျှင် အကြမ်းဖက်ပုံစံအားလုံးကို တွေ့ကြုံခံစားခဲ့ကြရပြီး အရေအတွက်အားဖြင့်လည်း ပိုမိုမြင့်မားကြကြောင်း တွေ့ရှိခဲ့ရပါသည် (ဇယား ၃.၁၁)။ ကရင်အိမ်ထောင်စုများသည် တပ်မတော်၏ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး များကြောင့်ဖြစ်ပေါ်လေ့ရှိသော ပြဿနာများအား ပိုမိုခံစားခဲ့ကြရပြီး ၄င်းတို့မှာ နေရပ်ကို စွန့်ခွါ ထွက်ပြေးရခြင်း၊ ပိုင်ဆိုင်မှုများ (တိရိစ္ဆာန်နှင့် အစားအစာများအပါအဝင် ဖျက်ဆီးခံရခြင်း၊ ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများ၊ ရွာများအား မီးရှို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊နှင့် အတင်းအကျပ်ပြောင်းရွှေ့စေခြင်းခြင်းတို့ဖြစ်ပါသည်။

69 These factors are all discussed in the context of collecting such data in Myanmar in Redress & Institute for International Criminal Investigations (2018), pp 31–32. As noted by KHRG (2006), p 48, "Traditional notions of propriety lead many rape victims to remain silent about the abuse".

70 The KWO has found that: "the rape of women is often committed in conjunction with other human rights violations such as beating, mutilation, torture, murder, forced labour, denial of rights to food, water and shelter, and denial of the right to legal redress". See KWO (2004), p 6. In other contexts, Saferworld has found a high correlation of sexual abuse and forced recruitment.

**ပုံ (၃.၁၁) - ကရင်လူမျိုးနှင့် ကရင်မဟုတ်သော တိုင်းရင်းသားများအကြား အကြမ်းဖက်မှုများ တွေ့ကြုံခံစားရမှု အခြေအနေ (ကွာခြားမှု အလိုက်)**



ထိုသို့ဖြစ်ရခြင်းမှာ ကရင်လူမျိုးများသည် ကေအဲန်ယူအား ပံ့ပိုးကြသည်ဆိုသည့် သံသယဖြစ်ခံ ကြရခြင်းကြောင့် ဖြစ်နိုင်ပြီး ၎င်းကြောင့်ပင် ဖြတ်လေးဖြတ်စစ်ဆင်ရေးများ၏ ပစ်မှတ်အဖြစ် သတ်မှတ်ခံခဲ့ကြရပါသည်။ ကရင်လူမျိုးများသည် ပေါ်တာများအဖြစ် အသုံးပြုခံရမှုမှာ သိသာထင်ရှားစွာ ပိုမိုများပြားနေသော်လည်း၊ ၅၀ ရာခိုင်နှုန်းထက်ပိုသော ကရင်မဟုတ်သည့် အိမ်ထောင်စုများသည်လည်း တွေ့ကြုံခံစားခဲ့ကြရပါသည်။ အများအားဖြင့် ကေအဲန်ယူအပါဝင် ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ပြုလုပ်သော အတင်းအကျပ် တပ်သားစုဆောင်ခြင်းအား တွေ့ကြုံခံစားခဲ့ကြရမှုမှာ ကရင် အိမ်ထောင်စုများသည် ကရင်မဟုတ်သည့် အိမ်ထောင်စုများထက် သုံးဆကျော် ပိုမိုများပြားသည်ကို တွေ့ရပါသည်။ မြေယာသိမ်းခြင်းများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိရန်မှ ကန့်သတ်ခြင်း တို့အား တွေ့ကြုံခံစားခဲ့ကြရမှု အချို့မှာ ကရင်အိမ်ထောင်စုများသည် ကရင်မဟုတ်သော အိမ်ထောင်စုများထက် အနည်းငယ်သာ ပိုများနေပါသည်။

အမျိုးသမီး၊ အမျိုးသားနှင့် တိုင်းရင်းသားလူမျိုးစုများ ကွဲပြားမှုအလိုက် လေ့လာဆန်းစစ်သည့်အခါ ကရင်အမျိုးသားများသည် အခြားသော လူမျိုးစုများနှင့် ယှဉ်လျှင် အကြမ်းဖက်မှုနှင့် မတရားပြုကျင့် ခံရမှု ပုံစံအားလုံးနီးပါးအား တွေ့ကြုံခံစားခဲ့ကြရကြောင်း တွေ့ရှိရပါသည် (ဇယား ၃.၁၂)။ ဖြေဆိုသူ ကရင်အမျိုးသား အများစု (၅၇ ရာခိုင်နှုန်း) သည် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အာဏာပိုင်အဖွဲ့ တစ်ခုခု၏ အတင်းအကျပ် ပေါ်တာဆွဲခြင်းခံခဲ့ကြရပါသည်။ သို့သော် ကရင်အမျိုးသမီးများသည် နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းတွင် ကရင်အမျိုးသားများထက် အနည်းငယ်ပိုမို ခံစားခဲ့ကြရပြီး အတင်း အကျပ် စွန့်ခွာထွက်ပြေးရခြင်း၊ ရွာများမီးရှို့ ဖျက်ဆီးခြင်းနှင့် အတင်းအကျပ် ပြောင်းရွှေ့ရခြင်းတို့နှင့် ဆက်စပ်သော ပြဿနာများတွင် ပုံမှန်အားဖြင့် ကရင်အမျိုးသမီးများနှင့် ကရင် အမျိုးသားများ၏ တွေ့ကြုံခံစားရမှုမှာ ထပ်တူနီးပါးရှိကြောင်း တွေ့ကြရပါသည်။

**ပုံ (၃.၁၂) - အကြမ်းဖက်မှုနှင့် မတရားပြုကျင့် ခံရမှုများ (တိုင်းရင်းသားလူမျိုးနှင့် ကျား၊မအလိုက်)**



## ၃.၃ အပစ်အခတ် ရပ်စဲရေး မတိုင်ခင် နှင့် အပစ်အခတ် ရပ်စဲပြီး

### အဓိကတွေ့ရှိချက်များ

- ၂၀၁၂ ခုနှစ်မတိုင်မီအထိ အဓိကအများဆုံးတွေ့ရှိခဲ့ရသည့် အကြမ်းဖက်မှုများနှင့် မတရားပြုကျင့်မှုများသည် ပေါ်တာဆွဲခြင်း၊ အတင်းအကျပ် အခမ့ စေခိုင်းခြင်း၊ ပစ်ခတ်ခြင်း၊ ပစ္စည်းများဖျက်စီးခြင်းနှင့် လုံခြုံ စိတ်ချရာသို့ထွက်ပြေးတိမ်းရှောင်ရခြင်း စသည်တို့ ဖြစ်ကြပြီး အိမ်ထောင်စုများအား ယခုစစ်တမ်းကောက်ယူ ခဲ့မှုအရ ၃၅ နှင့် ၆၃ ရာခိုင်နှုန်းအကြား အထက်ပါကိစ္စရပ်များကို ကြုံတွေ့ခံစားခဲ့ရပါသည်။
- ဖြေဆိုသူအများစုသည် အကြမ်းဖက် အနိုင်ကျင့်ခံ့ခဲ့ရမှုများကို တစ်ကြိမ်ထက်ပို၍ (သို့) မကြာခဏပုံမှန် ဆိုသလို ကြုံတွေ့ခဲ့ရပါသည်။
- ပေါ်တာဆွဲခြင်း နှင့် အတင်းအကျပ် အခမ့ စေခိုင်းခြင်းများ သည် ၂၀၁၂ ခုနှစ်မတိုင်မီထိ အလွန်အကျွံ ဖြစ်ပွားမှုများရှိခဲ့ပါသည်။ အထူးသဖြင့် ရောယှက်ထိန်းချုပ်နယ်မြေများတွင်ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင်လည်း အဆိုပါကိစ္စများ ဆက်လက်ဖြစ်ပွားမှုတော့ရှိနေဆဲ ဖြစ်ပြီး ယခုစစ်တမ်းကောက်ယူ ချိန်ထိ အိမ်ထောင်စု ၈၇ စုလျှင် တစ်စုနှုန်း ပေါ်တာဆွဲခံရကြောင်း တွေ့ရပါသည်။
- အာဏာပိုင်များ၏ အိမ်မီးရှို့ခံရခြင်း (သို့) ဖျက်စီးခံရခြင်းများကို ကေအဲန်ယူထိန်းချုပ်နယ်မြေများ တွင် ဖြေဆိုသူများမှ ၄၃ ရာခိုင်နှုန်းသည် တွေ့ကြုံခံစားခဲ့ရကြောင်း ဖော်ပြကြပြီး အားလုံးနီးပါး ထိုလုပ်ရပ်များကို ကျူးလွန်ခဲ့သည့် အာဏာပိုင်မှာ တပ်မတော်နှင့် ၎င်း ထိန်းချုပ်မှုအောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့များဖြစ် ကြောင်း တွေ့ရှိရပါသည်။
- ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် အဓိကအများဆုံး အလွဲသုံး အနိုင်ကျင့်ခံရမှုသည် မြေယာများသိမ်းယူခံရခြင်း ပြဿနာ ဖြစ်ပြီး ယခုစစ်တမ်းကောက်ယူချိန်ထိ အိမ်ထောင်စု ၄၇ စုတွင် တစ်စုနှုန်း ကြုံတွေ့ခဲ့ရပါသည်။
- မြေယာသိမ်းယူမှု ဖြစ်ရပ် ၄၃ မှ အနက်မှ ၄၂ မှုမှာ အစိုးရထိန်းချုပ်နယ်မြေများ (သို့) ရောယှက်ထိန်းချုပ် နယ်မြေများတွင်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှစ၍ အစိုးရ နှင့် စီးပွားရေးလုပ်ငန်းရှင်များ အဆိုပါ ဒေသများသို့ ဝင်ရောက်လုပ်ကိုင်လာရန် အခြေအနေမှာ များစွာပို၍မြင့်မားလာသောကြောင့်ဖြစ်ပါသည်။

စစ်တမ်းဖြေဆိုသူများအား ၂၀၁၂ ခုနှစ် ကေအဲန်ယူအပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီး နောက်ပိုင်းနှင့် ၎င်းမတိုင်မီကာလများ၌ အကြမ်းဖက်မှုများနှင့် မတရားပြုကျင့်ခံရမှုများ ဖြစ်ပွားခဲ့သည့် အတွေ့အကြုံခံစားရမှုများ သိရှိနိုင်ရန် မေးမြန်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် အကြမ်းဖက်မှုများ နှင့် မတရားပြုကျင့်ခံရမှုများ ဆက်လက်ဖြစ်ပွားမှုရှိနေသော်လည်း ယခင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက် အနိုင်ကျင့်မှုပုံစံများလျော့နည်းသွားသည်ကိုတွေ့ရပါသည်။ သို့သော်လည်းတစ်ဘက်မှာ အချို့ မတရားပြုကျင့်ခံရမှုများ ပိုမိုမြင်တွေ့လာရပါသည်။ အခြားသုတေသနပြုချက်များနှင့် အတူ အားလုံး ခြုံကြည့်လျှင် အကြမ်းဖက်မှုများနှင့် မတရားပြုကျင့်ခံရမှုများ လျော့နည်းသွားသည့် တွေ့ရှိချက် များကို မြင်တွေ့ရပါသည်။[71] သို့သော် ယခုလေ့လာမှုမှ အချက်အလက်များသည် ထိုအချက်အပေါ် တုံ့ပြန်ရန် ပုံဖော်ရေးဆွဲ ထားခြင်းတော့မဟုတ်ပေ။ ယခု ၂၀၁၂ ခုနှစ် ရှေ့ပိုင်း နှင့် နောက်ပိုင်း ဆိုသည့် အချိန်ပိုင်းခြားထားသည့် ဘောင်များအတွင်းမှ ဖြစ်ပျက်ခဲ့မှုများကို တိုက်ရိုက်နှိုင်းယှဉ်၍ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၂၀၁၂ ခုနှစ် ရှေ့ပိုင်းအဖြစ်အပျက်များသည် ဖြေဆိုသူများ၏ ဘဝတစ် လျှောက် လုံးဟူ၍ပင်ဆိုနိုင်ပြီး ၂၀၁၂ခုနှစ် နောက်ပိုင်းအဖြစ်အပျက်များသည် ၆ နှစ်တာကာလသာ ရှိသေးသည့်အတွက်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၂ ခုနှစ် ရှေ့ပိုင်း ဖြစ်ပျက်ခဲ့သည့်ပုံစံများ နှင့် ၂၀၁၂ ခုနှစ် နောက်ပိုင်း ဖြစ်ပျက်ခဲ့သည့်ပုံစံများ ဟူ၍တော့ ခွဲခြား နိုင်းယှဉ်လေ့လာမှုပြု နိုင်ပါသည်။ ဥပမာအားဖြင့် အထက်တွင်ဖော်ပြခဲ့သလို ၂၀၁၂ ခုနှစ် ရှေ့ပိုင်းတွင် ပေါ်တာဆွဲခြင်း နှင့် အတင်းအကျပ် အခမ့ စေခိုင်းခြင်းများသည် အဓိကအဖြစ်များသည့် ပုံစံများဖြစ်ပြီး ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် မြေယာသိမ်းယူမှုကဲ့သို့ ပုံစံမျိုး အဖြစ်များသည်ကို ခွဲခြားတွေ့မြင်နိုင်ပါသည်။ အောက်တွင် ခွဲခြားစိစစ်ထားမှုကိုတွေ့နိုင်ပါသည်။

#### ၂၀၁၂ မတိုင်မီ - အကြမ်းဖက်ခံရသည့် ပစ်မှတ်များနှင့် နေ့စဉ် အမြတ်ထုတ်အနိုင်ကျင့်ခံရမှု

လက်နက်ကိုင်ပဋိပက္ခများထိခိုက်ခံစားခဲ့ရသော ဒေသတွင်းမှ ပြည်သူများ၏ အတိတ်က အကြမ်း ဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများ ခံစားခဲ့ရသည့် အတွေ့အကြုံများအပေါ် နားလည်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် အလွန်အရေးပါလှပါသည်။ ထိုခံစားခဲ့ရသည့် အတွေ့အကြုံ များသည် ပဋိပက္ခဒါဏ်ခံခဲ့ရသူတို့အား စိတ်ဒါဏ်ရာများကျန်ရှိခဲ့စေပြီး ၎င်းတို့၏ နိုင်ငံရေးအမြင်၊ အာဏာပိုင်တို့အပေါ် မြင်သည့်သဘောထားနှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းနေမှု အပေါ်ယုံကြည်မှု စသည်တို့ကိုလည်းသွား၍ သက်ရောက်မှုရှိပါသည်။ ယခုလေ့လာမှုသည် မြန်မာနိုင်ငံ အရှေ့တောင် ပိုင်းတွင် ၂၀၁၂ခုနှစ် မတိုင်မီ ဖြစ်ပျက်ခဲ့သည့် အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများကို သုံးသပ်မှုပြုခြင်းမှ မြန်မာနိုင်ငံအတွင်း အခြားနေရာဒေသများတွင် ပဋိပက္ခဖြစ်ပွားနေမှုများ အပေါ်နားလည်နိုင်ရန် သတင်းအချက်အလက်များ ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ရုံဖန်ရံခါ ပြန်လည်ဖြစ်ပေါ်လာတတ်သည့် ပဋိပက္ခအပေါ်တွင်လည်း အထောက် အကူပြုနိုင်မည်ဖြစ်သည်။ အကယ်၍ ကေအဲန်ယူ အပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲမှု ကျိုးပျက်သွားခဲ့ပါက အထက်ဖော်ပြခဲ့သည့် ပြဿနာများပြန်လည် ဖြစ်ပေါ်လာနိုင်ပါသည်။

71 KHRG (2014) and KHRG (2017).

ဇယား (၃.၁) - အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှု အတွေ့အကြုံ ဖြစ်ပွားမှုနှုန်း (၂၀၁၂ မတိုင်ခင်)

| | မိမိကိုယ်တိုင် | | | ကျွန်တော့် အိမ်ထောင်စု | | | ကျွန်တော့်ကျေးရွာအတွင်း | | |
|---|---|---|---|---|---|---|---|---|---|
| | တစ်ကြိမ် | တစ်ကြိမ် ထက်ပို သော | အမြဲပုံမှန် | တစ်ကြိမ် | တစ်ကြိမ် ထက်ပို သော | အမြဲပုံမှန် | တစ်ကြိမ် | တစ်ကြိမ် ထက်ပို သော | အမြဲပုံမှန် |
| ပေါ်တာဆွဲခြင်း | ၈% | ၁၉% | ၁၄% | ၈% | ၃၀% | ၁၈% | ၃% | ၄၀% | ၃၀% |
| အတင်းအကျပ်အလုပ်ခိုင်းစေခြင်း | ၆% | ၁၉% | ၁၁% | ၇% | ၂၃% | ၁၂% | ၄% | ၂၉% | ၁၉% |
| လုံခြုံရေးအတွက်နေ့ရပ်စွန့်ထွက်ပြေး | ၁၂% | ၁၃% | ၇% | ၁၂% | ၁၄% | ၇% | ၁၁% | ၁၈% | ၁၀% |
| အတင်းအကျပ်ပြောင်းရွှေ့စေခြင်း | ၉% | ၈% | ၃% | ၁၀% | ၁၀% | ၃% | ၉% | ၁၂% | ၅% |
| ကျေးရွာများအား မီးရှို့ခြင်း၊ဖျက်ဆီးခြင်း | ၁၁% | ၈% | ၂% | ၁၂% | ၁၀% | ၂% | ၁၄% | ၁၄% | ၅% |
| ပိုင်ဆိုင်မှု၊ အစာ၊ပစ္စည်း၊ တိရိစ္ဆာန်များ ဖျက်ဆီးခြင်း | ၈% | ၁၄% | ၆% | ၉% | ၁၈% | ၇% | ၄% | ၂၆% | ၁၃% |
| ပစ်ခတ်ခြင်း | ၆% | ၁၇% | ၆% | ၉% | ၁၉% | ၇% | ၈% | ၃၄% | ၁၀% |
| သင့်လျော်သောစီရင်မှုမရှိပဲ သေဒဏ်ချ | မရှိ | မရှိ | မရှိ | ၃% | ၂% | ၁% | ၆% | ၉% | ၂% |
| ညင်းဆဲခြင်းသို့ ရုပ်ပိုင်းဆိုင်ရာထိုခိုက်ခြင်း | ၄% | ၅% | ၁% | ၆% | ၉% | ၂% | ၅% | ၂၃% | ၆% |
| ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများ | ၆% | ၁၁% | ၆% | ၅% | ၁၄% | ၆% | ၄% | ၂၀% | ၉% |
| မြေမြှုပ်မိုင်း | ၂% | ၂% | ၁% | ၃% | ၄% | ၂% | ၈% | ၁၅% | ၄% |

ဇယား ၃.၁ သည် စစ်တမ်းဖြေဆိုသူ (သို့) အခြားအိမ်ထောင်စုဝင်များ (သို့) ကျေးရွာမှ အဓိကအားဖြင့် ခံစားခဲ့ရသည့် အကြမ်းဖက် အနိုင်ကျင့်ခံရမှု ပုံစံများကို ဖေါ်ပြထားခြင်း ဖြစ်ပါသည်။ ပေါ်တာဆွဲခံရခြင်းသည် ၂၀၁၂ခုနှစ် မတိုင်မီ ဖြစ်ပျက်ခဲ့သည့် အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများတွင် အဓိကအတွေ့ရဆုံးပြဿနာဖြစ်ပြီး စစ်တမ်းကောက်ယူခဲ့သည့်အိမ်ထောင်စု ၆၃ ရာခိုင်နှုန်း ကြုံတွေ့ခံစားခဲ့ရကာ တစ်ဦးချင်းအနေဖြင့် ၄၂ ရာခိုင်နှုန်း ကြုံတွေ့ခဲ့ပါသည် (ပုံ - ၃.၁၃)။ ဖြေဆိုသူများမှ ၁၄ ရာခိုင်နှုန်းသည် ပုံမှန်ပေါ်တာဆွဲခံ ခဲ့ရပြီး ၁၉ ရာခိုင်နှုန်းမှာ တစ်ကြိမ်ထက်မက ပေါ်တာဆွဲခံရခြင်းကို ကြုံတွေ့ခဲ့ရပါသည် (ဇယား ၃.၁)။ ဖြေဆိုသူ ၃၀ ရာခိုင်နှုန်းမှ အဆိုပါကာလများတွင် ၎င်းတို့ ကျေးရွာသည် ပေါ်တာဆွဲခံရခြင်း ပုံမှန်ကြုံတွေ့လေ့ရှိကြောင်း ဖေါ်ပြကြပြီး ၄၀ ရာခိုင်နှုန်းမှာ ၎င်းတို့ ကျေးရွာသည် တစ်ကြိမ်ထက်မက ပေါ်တာဆွဲခံရခြင်း ရှိခဲ့ကြောင်း ဖေါ်ပြကြပါသည်။ ဤအချက်သည် စစ်ရေးအရ ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ပြည်သူလူထုအပေါ် အမြတ်ထုတ်ဆောင်ရွက်ခဲ့ခြင်းကို ညွှန်ပြနေခြင်းပင်ဖြစ်ပါသည်။ အတင်းအကျပ် အခမဲ့ စေခိုင်းခြင်းကိုလည်း အလားတူပုံစံ ဆောင်ရွက်ခဲ့ပါသည်။ ရောယှက်ထိန်းချုပ်နယ်မြေများတွင် ပေါ်တာဆွဲခြင်း နှင့် အတင်းအကျပ် အခမဲ့ စေခိုင်းခြင်း ပုံစံများသည် အဓိကဖြစ်ပွားခဲ့ပါသည်။ KHRG အပါအဝင် KPSN အဖွဲ့ဝင်များ၏ သုတေသန တွေ့ရှိချက်များနှင့်လည်း ဖေါ်ပြပါအချက်များ ကိုက်ညီနေပါသည်။ KHRG လေ့လာတွေ့ရှိမှု မှတ်တမ်းများအရ အဆိုပါဒေသနေပြည်သူများ ကြီးမားသည့် အမြတ်ထုတ်မှုကို တွေ့ကြုံခံစားခဲ့ရပြီး ကျူးလွန်မှု အများဆုံးမှာ တပ်မတော်နှင့် DKBA (၁၉၉၀ နှောင်းပိုင်းခုနှစ်များနှင့် ၂၀၀၀ ပြည့်နှစ်များအတွင်း) တို့ ဖြစ်ပါသည်။ ယခုလေ့လာခဲ့သည့် ရောယှက်ထိန်းချုပ်နယ်မြေများ ထိုအထဲတွင် အများဆုံးပါဝင်ကြောင်း တွေ့ရှိရပါသည်။[72]

ဖြေဆိုသူများနှင့် ၎င်းတို့အိမ်ထောင်စုများ၏ လုံခြုံမှုအတွက် အိမ်မှ ထွက်ပြေး တိမ်းရှောင်ခဲ့ရခြင်း၊ အတင်းအကျပ် နေရာရွှေ့ပြောင်းခံခဲ့ရခြင်း နှင့် ကျေးရွာမီးရှို့ (သို့) ဖျက်စီးခံခဲ့ရခြင်း စသည့်ပြဿနာများကို တစ်ကြိမ် (သို့) ပုံမှန်ကြုံတွေ့ခဲ့ရသည် ဆိုသည့် ဖြေဆိုခဲ့မှုသည် သတိပြုလောက်သည့် အချိုးအစားရှိနေသည်ကိုတွေ့ရပါသည်(ဇယား ၃.၁)။ ဖြေဆိုသူ ၈ ရာခိုင်နှုန်းသည် အိမ်မီးရှို့ခံရမှု တစ်ကြိမ်ထက်ပို၍ရှိခဲ့ကြောင်း ဖေါ်ပြခဲ့မှုနှင့် အခြား ၈ ရာခိုင်နှုန်းသည် အတင်းအကျပ် နေရာရွှေ့ပြောင်းခံခဲ့ရ ကြောင်းဖေါ်ပြခဲ့မှုများသည် ထိုဒေသများအတွင်း တပ်မတော်မှ ဖြတ်လေးဖြတ် ဗျူဟာကျင့်သုံးခြင်း၏ သက်ရောက်မှုကို ပြသနေခြင်းဖြစ်ပါသည်။ ဖြေဆိုသူများ၏ ၎င်းတို့ တစ်ဦးချင်းစီအရ တစ်ကြိမ်မက ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းကို ဖေါ်ပြမှုသည် ၁၃ ရာခိုင်နှုန်းရှိပါသည်။ ပဋိပက္ခဖြစ်ပွားခဲ့သည့်ကာလအတွင်းအဆိုပါဒေသအားလုံးနီးပါးသည်တပ်မတော်မှ `အနက်ရောင်နယ်မြေ´ အဖြစ်သတ်မှတ်ခဲ့သည့်အတွက် တောများအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ပုန်းခိုဖြင်း (သို့) လုံခြုံသောနေရာဒေသအသစ်များရှာဖွေအခြေချ ခြင်း တို့ ဖြစ်ပေါ်ခဲ့ပါသည်။ ဖြေဆိုသူများမှ ၁၄ ရာခိုင်နှုန်းသည် ၎င်းတို့ ပိုင်ဆိုင်မှုများ၊ အစားအစာများ၊ ပစ္စည်းကိရိယာများ နှင့် အိမ်မွေးတိရိစ္ဆာန်များ တစ်ကြိမ်မက ဖျက်စီးခံရခြင်း ကိုတွေ့ကြုံခဲ့ရကြောင်း ဖေါ်ပြကြပြီး ၃၉ ရာခိုင်နှုန်းသည် အဆိုပါ ပြဿ

72 In particular, see KHRG (2007) and KHRG (2006). See also, KHRG (2002); KHRG (1998); KHRG (2008); KHRG (2009); The Border Consortium (2002 to 2014); Amnesty International (2008).

**ပုံ (၃.၁၃) - ၂၀၁၂ မတိုင်မီ ဖြေဆိုသူများနှင့် ၄င်းတို့၏ မိသားစုများမှ ခံစားခဲ့ရသော မတရားပြုကျင့်ခံရမှုများ (ဖြစ်ပွားမှုအလိုက်)**




> "ဖြေဆိုသူများနှင့် ၄င်းတို့အိမ်ထောင်စု များ၏ လုံခြုံမှုအတွက် အိမ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း၊ အတင်းအကျပ် နေရာရွှေ့ပြောင်းခံခဲ့ရခြင်း နှင့် ကျေးရွာမီးရှို့ (သို့) ဖျက်စီးခံခဲ့ရခြင်း စသည့်ပြဿနာများကို တစ်ကြိမ် (သို့) ပုံမှန်ကြုံတွေ့ခဲ့ရသည် ဆိုသည့် ဖြေဆိုခဲ့မှုသည် သတိပြုလောက်သည့် အချိုးအစားရှိ နေသည်ကိုတွေ့ရပါသည်။ ဖြေဆိုသူ ၈ ရာခိုင်နှုန်းသည် အိမ်မီးရှို့ခံရမှု တစ်ကြိမ်ထက်ပို၍ ရှိခဲ့ကြောင်း ဖေါ်ပြခဲ့မှုနှင့် အခြား ၈ ရာခိုင်နှုန်းသည် အတင်းအကြပ် နေရာရွှေ့ပြောင်းခံခဲ့ရ ကြောင်းဖေါ်ပြခဲ့မှုများသည် ထိုဒေသများအတွင်း တပ်မတော်မှ ဖြတ်လေးဖြတ် ဗျူဟာကျင့်သုံးခြင်း၏ သက်ရောက်မှုကို ပြသနေခြင်းဖြစ်ပါသည်"

နာကိစ္စများကို ၄င်းတို့ကျေးရွာတွင် တစ်ကြိမ်မက (သို့) ပုံမှန် ကြုံတွေ့ခဲ့ရကြောင်း ဖေါ်ပြခဲ့ကြပါသည်။ အထက်တွင် သိရှိခဲ့ရမှုများကဲ့သို့ပင် အဆိုပါပြဿနာကိစ္စ အများစု သည် တပ်မတော်၏ `နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ´နှင့် တွဲဖက်ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ ဤပြဿနာ ကိစ္စရပ်များကို ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် အတွေ့ရဆုံးဖြစ်ပြီး အဆိုပါဒေသအတွင်းမှ စစ်တမ်းကောက်ယူခဲ့သောအိမ်ထောင်စု ၄၃ ရာခိုင်နှုန်းမှာ ၄င်းတို့ကျေးရွာ မီးရှို့(သို့) ဖျက်စီး ခံခဲ့ရကြောင်း ဖြေဆိုကြကာ ဖြေဆိုသူ၄၉ ရာခိုင်နှုန်းသည် ၄င်းတို့၏ ပိုင်ဆိုင်မှုများ ဖျက်စီးခံခဲ့ရကြောင်းဖြေဆိုခဲ့ကြသည်ကို တွေ့ရှိရပါသည်(ပုံ ၃.၁၄)။

အာဏာပိုင်များ၏ ကြမ်းတန်းသော အပြုအမူများ ကျူးလွန်မှုသည်လည်း ၂၀၁၂ ခုနှစ်မတိုင်မီ ကာလတွင် ဖြစ်ပွားလေ့ရှိသည့် ပုံစံဖြစ်ခဲ့ပါသည်(ဇယား ၃.၁)။ ဖြေဆိုသူ ၂၉ ရာခိုင်နှုန်းသည် ပစ်ခတ်မှုများ ကြုံတွေ့ခဲ့ရပြီး ထိုအထဲမှ ၁၇ ရာခိုင်နှုန်းသည် တစ်ကြိမ်မက ကြုံတွေ့ခဲ့ရပါသည်။ ဖြေဆိုသူ ၂၄ ရာခိုင်နှုန်းသည် ၄င်းတို့ကျေးရွာတွင် ပစ်ခတ်မှုများ တစ်ကြိမ်မက ကြုံတွေ့ခဲ့ရပြီး ထိုအထဲမှ ၁၀ ရာခိုင်နှုန်းသည် ပစ်ခတ်မှုများ ပုံမှန် ကြုံတွေ့ခဲ့ရကြောင်း ဖေါ်ပြဖြေဆိုခဲ့ကြပါသည်။ ဖြေဆိုသူ ၇ ရာခိုင်နှုန်းသည် ၂၀၁၂ ခုနှစ်မတိုင်မီကာလအချိန်တစ်ခုခု၌ ၄င်းတို့ အိမ်ထောင်စုဝင်တစ်ဦးဦး သေချာ စစ်ဆေးခြင်းမရှိဘဲ အလောလျှင်စွာ သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း ဖြေဆိုခဲ့ကြပါသည်။ ထိုသို့ဖြေဆိုသူ ၄၁ ဦးမှ တစ်ဦးနှုန်း (၂.၃ ရာခိုင်နှုန်း) သည် ထိုအဖြစ်အပျက်မျိုးကို အိမ်ထောင်စု အတွင်း တစ်ကြိမ်ထက်ပို၍ ကြုံတွေ့ခဲ့ရကြောင်းဖေါ်ပြကြပါသည်။ ဖြေဆိုသူ ၁၁ ရာခိုင်နှုန်းသည် ၄င်းတို့ကျေးရွာတွင် အဆိုပါဖြစ်ပျက်မှုမျိုးကို တစ်ကြိမ်မက (သို့) ပုံမှန် ကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုကြပါသည်။ ဖြေဆိုသူများအားလုံး၏ ၁၀ ရာခိုင်နှုန်းသည် နှိပ်စက်ညှင်းပန်းခံရခြင်း (သို့) ရုပ်ပိုင်းဆိုင်ရာပြင်းထန်စွာထိခိုက်ခြင်း များခံစားခဲ့ရပြီး ၂၃ ရာခိုင်နှုန်းမှာ ကြမ်းတန်းသော ခြိမ်းခြောက်ခံရမှုများ တွေ့ကြုံခံစားခဲ့ရပါသည်။ ဖြေဆိုသူ ၉ ရာခိုင်နှုန်းသည် ကြမ်းတန်းသော ခြိမ်းခြောက်ခံရမှုများမှာ ၄င်းတို့ကျေးရွာတွင် ပုံမှန်ဖြစ်လေ့ရှိခဲ့ကြောင်း ဖေါ်ပြကြသည်ကို တွေ့ရှိခဲ့ရပါသည်။

**ပုံ (၃.၁၄) - နယ်မြေအမျိုးအစားတစ်ခုချင်းစီအတွင်းရှိ စစ်တမ်းကောက်ယူမှုတွင်ပါဝင်သော မိသားစုများမှ တွေ့ကြုံခဲ့ရသော တစ်ချို့သော မတရားပြုကျင့်ခံရမှုများ**




မြေမြှုပ်မိုင်းနှင့် IED များ ထိခိုက်ခံရမှုသည် ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် တွေ့ရှိရမှု အများဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၃ ရာခိုင်နှုန်းရှိကာ ရောယှက်ထိန်းချုပ်နယ်မြေများတွင် ၁၀ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပါသည်။ ထိုဒေသများတွင် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရပ်ရွာပြည်သူများကိုယ်တိုင် အဆိုပါပစ္စည်းများ ကိုင်တွယ်အသုံးပြုမှုများ ရှိပါသည်။ အစိုးရထိန်းချုပ်နယ်မြေတွင် အဆိုပါဖြစ်ရပ် ပို၍နည်းပါးကာ ရာခိုင်နှုန်းအားဖြင့် ၂ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရပါသည်(ပုံ ၃.၁၄)။ ဖြေဆိုသူစုစုပေါင်းမှ ၆ ရာခိုင်နှုန်း (၁၇ ဦးလျှင်တစ်ဦး) နှင့် အိမ်ထောင်စု ၉ ရာခိုင်နှုန်း (၁၁ အိမ်ထောင်စု လျှင် တစ်စု) တိုက်ရိုက် မြေမြှုပ်မိုင်း နှင့် လက်လုပ်မိုင်းများ ထိခိုက်ခံရမှု ရှိခဲ့ပြီး ဖြေဆိုသူ ၁၅ ရာခိုင်နှုန်းမှာ ၎င်းတို့ကျေးရွာအတွင်း အခြားသူများ အဆိုပါ ထိခိုက်ခံရမှုမျိုးကို တစ်ကြိမ်ထက်မက တွေ့ကြုံခဲ့ရကြောင်း ဖော်ပြကြသည်ကို တွေ့ရှိရပါသည်။

## ၂၀၁၂ ခုနှစ်နောက်ပိုင်း - ပျံ့နှံ့လျက်ရှိသော မြေယာသိမ်းယူမှုများနှင့် ဆက်လက်ဖြစ်ပွားနေသော မတရားပြုကျင့်မှုများ

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးချိန်မှ စတင်၍ တပ်မတော်၏ စစ်ဆင်ရေးနှင့် အတူတွဲပါလာတတ်သည့် အကြမ်းဖက်မှု နှင့် မတရားပြုကျင့်ခံရမှုများ သိသာစွာ လျော့နည်းသွား သည်ကို တွေ့မြင်ရသော်လည်း အခြားပုံစံများအားဖြင့် ပျံ့နှံ့မှု ရှိလာသည်ကို တွေ့ရပါသည်။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ပြုပြင်ပြောင်းလဲရေးများနှင့်အတူ တည်ငြိမ်မှုပိုမိုရှိလာကာ တပ်မတော်နှင့် ၎င်းဆက်စပ် လက်နက်ကိုင်အဖွဲ့များ၏ အမြတ်ထုတ် အကြမ်းဖက်အနိုင်ကျင့်မှုများ သိသိသာသာ လျော့ကျသွားခဲ့ပါသည်။ အခြားပြဿနာများ ပိုမိုလွှမ်းမိုးပျံ့နှံ့မှုရှိလာပါသည်။ အမှန်တကယ် မြင့်မားလာမှုကြောင့် သို့မဟုတ် ရိုးရှင်းစွာ တွေ့ကြုံခဲ့ရသည့်အလွဲသုံးအနိုင်ကျင့်ခံရမှု အချိုးပိုမို ကြီးမားလာမှုကြောင့် ဖြစ်နိုင်ပါသည်။ (ပုံ ၃.၁၅)။ ဂုဏ်သိက္ခာရှိစွာ နှင့် လုံခြုံစွာဖြင့် မိမိဆန္ဒအလျောက် ထွက်ပြေးတိမ်းရှောင်သွားသည့် ဒုက္ခသည်များပြန်လာနိုင်မှု အခြေအနေယခုထိမရှိခြင်းသည် လက်ရှိ မလုံခြုံမှုအဆင့်အနေအထားတစ်ခုခုကို ပြသနေခြင်း ဖြစ်ပါသည်။

**ပုံ (၃.၁၅) - ၂၀၁၂ ခုနှစ်မှစတင်ပြီး ဖြေဆိုသူများနှင့် ၎င်းတို့၏ မိသားစုများ တွေ့ကြုံခံစားလာခဲ့ရသော မတရားပြုကျင့်ခံရမှုများ**



> "၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲမှုပြုလုပ်ပြီးချိန်မှ စတင်၍ တပ်မတော်၏ စစ်ဆင်ရေးနှင့် အတူတွဲပါ လာတတ်သည့် အကြမ်းဖက်မှု နှင့် အလွဲသုံးအနိုင်ကျင့်မှုများ သိသာစွာ လျော့နည်းသွားသည်ကို တွေ့မြင်ရသော်လည်း အခြားပုံစံများအားဖြင့် ပျံ့နှံ့မှု ရှိလာသည်ကို တွေ့ရပါသည်၊ အထူးသဖြင့် မြေယာသိမ်းယူခြင်း ကိစ္စရပ်များတွင်ဖြစ်သည်။"

၂၀၁၂ ခုနှစ်နောက်ပိုင်း သိသိသာသာပြောင်းလဲသွားပြီး တွေ့ရှိရမှုအများဆုံး အကြမ်းဖက် အနိုင်ကျင့်မှု ပုံစံမှာ မြေယာသိမ်းယူခြင်းဖြစ်ပါသည်(ပုံ ၃.၁၅)။[73] ၂၀၁၂ ခုနှစ်မတိုင်မီက အဆိုပါပုံစံဖြစ်ပွားခဲ့မှုသည် အဆင့် ၁၄ နေရာတွင်သာရှိခဲ့ပါသည်။ ဖြေဆိုသူ ၄၃ ဦး (၂.၁ ရာခိုင်နှုန်း) သည် ၎င်းတို့ကိုယ်တိုင် (သို့) အိမ်ထောင်စုဝင် တစ်ဦးဦး ၂၀၁၂ ခုနှစ်နောက်ပိုင်း မြေယာသိမ်းယူခြင်းခံခဲ့ရကြောင်း ဖော်ပြကြပြီး ကျေးရွာအားဖြင့် ကြည့်လျှင်ရွာ ပေါင်း ၂၀ မှ ဖြစ်ပါသည်။ ခြောက်နှစ်ကာလအတွင်း အိမ်ထောင်စု ၄၇ စုလျှင်တစ်အိမ်ထောင်စုနှုန်းမြေယာသိမ်းခံခဲ့ရသည်ဟု၍ဆိုနိုင်ပါသည်။မြေယာသိမ်းယူခံရခြင်းကြောင့် ခံစားရမည့် အသက်မွေးဝမ်းကြောင်း အခက်အခဲပြဿနာများကို တွေ့ကြုံရမည့် သူများသိသာများပြားစွာရှိနေမည်ဖြစ်သည်။ (မေးခွန်းအား အချိန်ဘောင် အကန့်အသတ်ဖြင့်သာပေးခဲ့)။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာ ၇၂ ရွာတွင် မြေယာသိမ်းယူခြင်းခံခဲ့ရသည့်ရွာပေါင်း ၃၀ ရှိပါသည်။[74] အခြားသော အကြမ်းဖက်အနိုင်ကျင့်မှု ပုံစံများလည်း ၂၀၁၂ ခုနှစ်နောက်ပိုင်း ဆက်လက်တည်ရှိနေဆဲဖြစ်ကာ အတင်းအကျပ် အဓမ္မစေခိုင်းခံရမှု (အိမ်ထောင်စု ၈၁ စုလျှင် တစ်အိမ်ထောင်စုနှုန်း)၊ အတင်းအကျပ် စုဆောင်းခံရမှု (အိမ်ထောင်စု ၈၄ စုလျှင် တစ်အိမ်ထောင်စုနှုန်း) နှင့် ပေါ်တာဆွဲခြင်း (အိမ်ထောင်စု ၈၇ စုလျှင် တစ်အိမ်ထောင်စုနှုန်း) အသီးသီး တွေ့ရှိခဲ့ရပါသည်။ (ရာခိုင်နှုန်းအားဖြင့် ပုံ ၃.၁၄ တွင် တွေ့နိုင်ပါသည်)။

## စာကွက် ၃.၄ မြေယာအုပ်ချုပ်မှု လုပ်ရှားခြင်း

မြေယာ စီမံခန့်ခွဲမှုနှင့် ပိုင်ဆိုင်မှုသည် မြန်မာနိုင်ငံတွင် အရှုပ်ထွေးဆုံး ပြဿနာရပ်တွင် ပါဝင်ပြီး ပဋိပက္ခနှင့်လည်း ခွဲမရအောင် ချိတ်ဆက်နေတတ်ပါသည်။ ဗဟို အစိုးရ အဆက်ဆက်သည် နိုင်ငံတွင်းရှိမြေယာများနှင့် သဘာဝရင်းမြစ်များ အားထိန်းချုပ်နိုင်ရန် တိုးချဲ့ဆောင်ရွက်ခဲ့ကြသကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်များအား အနိုင်ရရှိရန်ပန်းတိုင်များထား၍ ဗျူဟာချမှတ်ကာ ဆောင်ရွက်ခြင်းနှင့် တစ်နိုင်ငံလုံးတွင် ဗဟိုအားကောင်းမှု ခိုင်မာစေရန် တို့ကိုလည်း ဆောင်ရွက်ခဲ့ကြပါသည်။

အခြေခံအားဖြင့် မြေသိမ်းယူမှုနှင့် ပတ်သက်၍ သေချာသည့်တရားဝင်ဖြစ်သည့်ပုံစံများလိုအပ်သော်လည်း လက်ရှိ မြေယာနှင့်ဆက်စပ်သော ဥပဒေမူဘောင်များကိုကြည့်လျှင် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် မြေလွတ်၊မြေလပ်နှင့် မြေရိုင်း ဥပဒေ (၂၀၁၈ခုနှစ်တွင် ပြန်လည်ပြုပြင်)၊ ၂၀၁၂ ခုနှစ် စိုက်ပျိုးမြေ ဥပဒေ၊ အထူးစီးပွားရေးဇုံဥပဒေ နှင့် ၁၈၉၄ မြေယာသိမ်းဥပဒေ (ပြန်လည်ပြင်ဆင်ဆဲ) တို့သည် နိုင်ငံတော်ပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲခြင်းနှင့်အခွန်ကောက်ခံခြင်း တို့အတွက် ဗဟိုမှသာပို၍လွယ်ကူစွာ ပြင်ဆင်ဆောင်ရွက်နိုင်ခြင်းတို့ကို အားကောင်းစေရန် အတွက်သာ ဖန်တီးပေးနေပါသည်။ အထူးသဖြင့် မြေလွတ်၊မြေလပ် နှင့် မြေရိုင်း ဥပဒေသည် အခြေခံတောင်သူလယ်သမားများ ၎င်းတို့မြေယာနှင့် အသက်မွေးဝမ်းကြောင်း အတွက်ပိုင်ဆိုင်မှု ခက်ခဲသည့် အနေအထားကိုရောက်ရှိစေပါသည်။ တစ်ဖက်မှာတော့ မြေယာသည် ရင်းနှီးမြှုပ်နှံအခွင့်အရေးအဖြစ် မြင့်တင်ခြင်းများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

Land in Our Hand ကွန်ယက်၏ ၂၀၁၅ ခုနှစ်သုတေသနပြုချက်တွင် မြေယာသိမ်းယူမှု အများဆုံးအဖွဲ့သည် တပ်မတော်ဖြစ်ကြောင်းဖော်ပြထားပြီး စစ်တမ်းကောက်ယူမှုအရ မြေသိမ်းယူမှု ၄၇.၇ ရာခိုင်နှုန်းရှိပါသည်။ အစိုးရဌာနများပါဝင်မှု သည် ၁၈.၈ ရာခိုင်နှုန်းရှိပြီး ကုမ္ပဏီများက ၁၃.၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ဤလေ့လာမှုအရ မြေယာသိမ်းမှု ၄၃ မှု တွင် ၄၂ မှုမှာ အစိုးရထိန်းချုပ်နယ်မြေများ နှင့် ရောယှက်ထိန်းချုပ်နယ်မြေများတွင်ဖြစ်ပြီး ထိုနယ်မြေများတွင် ၂၀၁၂ခုနှစ်မှစ၍ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုဝင်ရောက်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ မြင့်လာပါသည်။

GoM မြေယာဆက်စပ်ပေါ်လစီများနှင့် အလေ့အထများသည် ရှိနှင့်ပြီးဖြစ်သည့် ကေအဲန်ယူနှင့် ကရင်ပြည်သူများမှ ပြုစုထားသော မြေယာစီမံခန့်ခွဲမှု စနစ်များနှင့် ကွဲလွဲဆန့်ကျင်နေပါသည်။ ၂၀၁၅ ခုနှစ်တွင် ပြန်လည်မွမ်းမံပြုစုခဲ့သော ကေအဲန်ယူ မြေယာ ပေါ်လစီတွင် ကျေးရွာအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် အလေးပေးထားပြီး ဓလေ့ရိုးရာများအရသောလည်းကောင်း၊ ထုံးတမ်းအစဉ်အလာဆိုင်ရာ မြေယာ စီမံခန့်ခွဲမှု စနစ်များအပေါ် အခြေခံပြီး မြေယာများပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်တို့အား အပ်နှင်းထားပါသည်။

အပစ်အခတ်ရပ်စဲမှုကြောင့် ဒေသအတွင်းတည်ငြိမ်လာကာ ကုမ္ပဏီများစီးပွားရေး လုပ်ငန်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိလာသည့်အတွက် မြေသိမ်းယူမှုများ မြင့်တက်လာခြင်း ဖြစ်နိုင်ပါသည်။ KHRG ၏ ၂၀၁၈ ခုနှစ်အစီရင်ခံစာတွင် ရှင်းလင်းတင်ပြမှုအရ ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပြုလုပ်ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ထိုးခဲ့သည့် ကာလသည် ရင်းနှီးမြှုပ်နှံမှုများကိုအရှိန်မြင့်ဆောင်ရွက်လာရန် တံခါးဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံအရှေ့တောင်ဒေသတွင် အခြေခံအဆောက်အအုံများ တိုးတက်လာပြီးသဘာဝအရင်းအမြစ်များထုတ်ယူမှုလည်းမြင့်မားလာပါသည်။အကျိုးဆက်ရလဒ်မှာ မြေယာအငြင်းပွားမှုများများပြားလာပါသည်။ဒေသခံနှင့်နိုင်ငံတကာကုမ္ပဏီများထိပ်တိုက်တွေ့မှုများ ရှိလာပါသည်။ အကြောင်းရင်းမှာ နိုင်ငံတကာ ကုမ္ပဏီများ ရပ်ရွာ ဒေသခံများလိုအပ်ချက်ကို အနည်းငယ်သာဖြည့်ဆည်းကာ အကျိုးအမြတ်များထုတ်ယူနေ၍ဖြစ်နိုင်ပါသည်။[75] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိဒေသများတွင် ဖွံ့ဖြိုးတိုးတက်လာခြင်း၏ ရလဒ်သည် မြေယာသိမ်းယူမှုများအား တစ်ရှိန်ထိုးမြင့်တက်လာစေပြီး ကျေးလက်ဒေသရပ်ရွာများရှိ အသက်မွေးဝမ်းကြောင်းများကိုလည်း

73 This figure displays the results in numbers of actual cases, as the percentages are very small.
74 As experienced by at least one respondent.
75 KHRG (2018), p 2.

ပြင်းထန်စွာ ထိခိုက်မှုကို ဖြစ်စေပါသည်။[76] ပို့ဆောင်ရေးတိုးမြင့်လာမှု၊ လမ်းများဖေါက်လုပ်မှု နှင့် သဘာဝအရင်းအမြစ်များထုတ်ယူလာနိုင်မှုများမှ ကုမ္ပဏီများ အကျိုးဖြစ်ထွန်းခဲ့သလို ရံဖန်ရံခါ အချို့ ကိစ္စ စာချုပ် ချုပ်ဆိုမှုများသည်ငြိမ်းချမ်းရေးတည်ဆောက်မှု ရံပုံငွေများနှင့် ချိတ်ဆက်နေမှုပင် ရှိနေပါသည်။ ၂၀၁၂ ခုနှစ် နိုင်ငံတကာပိတ်ဆို့မှုများ ဖယ်ရှားချိန်မှစ၍ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများ မြန်မာနိုင်ငံ အတွင်းဝင်ရောက်လာနိုင်သည့်အတွက် ဘဏ္ဍာရေးအသစ် ရရှိမှုများလည်းရှိလာပါသည်။

သိသာထင်ရှားသော ဥပမာတစ်ခုအနေဖြင့်ကြည့်လျှင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖေါက်လုပ်နေသည့် `အာရှလမ်းမကြီး´၏ အပိုင်းတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ နယ်စပ် မြဝတီမြို့မှ ကရင်ပြည်နယ်မြို့တော် ဘားအံမြို့ထိ ဖြတ်သန်းဖေါက်လုပ်ထားသော လမ်းအပိုင်း ဖြစ်ပါသည်။ ထိုလမ်းမကြီးသည် ငြိမ်းချမ်းရေး နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၏ သင်္ကေတ အဖြစ်ကြွေးကြော်နိုင်သော်လည်း အနည်းဆုံးမိသားစု ၁၇ စု ၎င်းတို့မြေများမှ ဖယ်ရှားခံခဲ့ရပါသည်။ ဆိုးကျိုးပြဿနာများထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။[77] သို့သော် မြေသိမ်းမှုအများစုသည် ဒေသတွင်း လုပ်ငန်းများနှင့် အားကောင်းသည့်ဒေသတွင်း ချိတ်ဆက်မှုများအားဖြင့် လူသိထင်ရှားခြင်းမရှိသည့် လုပ်ငန်းများနှင့် ဆက်စပ်နေပါသည်။ ရွှေတူးဖေါ်ခြင်း၊ ကျောက်တူးခြင်း၊ ဟိုက်ဒရိုပါဝါ အတွက် အခြေခံအဆောက် အအုံများဆောက်လုပ်ခြင်း နှင့် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်း စသည်တို့သည် မြေသိမ်းယူခြင်းနှင့် ဆက်စပ်မှုအများဆုံးဖြစ်ပါသည်။

မြေသိမ်းယူခြင်းသည် ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် မရှိသလောက်ရှားပါးသည်ကို တွေ့ရပါသည်။ ဖြေဆိုသူများမှ တစ်ဦးသာ ကေအဲန်ယူထိန်းချုပ်နယ်မြေတွင်မြေသိမ်းယူခြင်းခံ ခဲ့ရသည်ကို တွေ့ရပြီး ရာခိုင်နှုန်းအရ ၀.၂၄ ရာခိုင်နှုန်း (အိမ်ထောင်စု ၄၀၁ စုလျှင် တစ်အိမ်ထောင်စုနှုန်း) သာ ရှိပါသည် (ပုံ ၃.၁၆)။ လက်ရှိအခြေအနေ၌ မြေသိမ်းယူမှုသည် အစိုးရထိန်းချုပ်နယ်မြေများတွင် ၂.၃၆ ရာခိုင်နှုန်း (အိမ်ထောင်စု ၄၂ စုလျှင် တစ်အိမ်ထောင်စုနှုန်း) နှင့် ရောယှက် ထိန်းချုပ်နယ်မြေများတွင် ၂.၆၈ ရာခိုင်နှုန်း (အိမ်ထောင်စု ၈၁ စုလျှင် တစ်အိမ်ထောင်စုနှုန်း) ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာအတွင်းမြေယာသိမ်းယူမှုရှိခဲ့မှုနှင့်ပတ်သက်၍ မေးမြန်းရာတွင် ကေအဲန်ယူထိန်းချုပ်နယ်မြေရှိ ကျေးရွာ ၂၄ ရွာမှ ၄ ရွာသာ ၎င်းတို့၏ ကျေးရွာတွင်းမှ တစ်ဦးဦး မြေယာသိမ်းခံရကြောင်းဖေါ်ပြပြီး အစိုးရထိန်းချုပ်နယ်မြေများရှိကျေးရွာများတွင် ၄၆ ရာခိုင်နှုန်း နှင့် ရောယှက် ထိန်းချုပ်နယ်မြေများကျေးရွာများတွင် ၅၃ ရာခိုင်နှုန်းထိ ရှိသည်ကိုတွေ့ရပါသည်။ ဆိုခဲ့ပါ မြေယာသိမ်းခံရကြောင်းဖေါ်ပြခဲ့သည့် ကေအဲန်ယူထိန်ချုပ်နယ်မြေရှိ ကျေးရွာ ၄ ရွာတွင် အခြားလက်နက်ကိုင်အဖွဲ့များလည်း တည်ရှိနေကြောင်း သိရပါသည်။[78]

"ယခုတွေ့ရှိချက်အရ အစိုးရထိန်းချုပ်မှု များသည့် ဒေသများရှိ ရပ်ရွာများသည် မြေသိမ်းခံရမှု အခြေအနေပိုများနေသည်ကို ပြသနေပါသည်။ ပြင်ပ ကုမ္ပဏီလုပ်ငန်းများ ဝင်ရောက်နိုင်ရန် အခြေ အနေ ပေးသည့်အတွက် ဖြစ်ပါသည်။ အထူးသဖြင့် ထိုကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ အခြားဒေသ များတွင်လည်း လုပ်ငန်းများ လုပ်ဆောင်နေကြပါသည်။"

ယခုတွေ့ရှိချက်အရ အစိုးရထိန်းချုပ်မှုများသည့် ဒေသများရှိ ရပ်ရွာများသည် မြေသိမ်းခံရမှု အခြေအနေပိုများနေသည်ကို ပြသနေပါသည်။ ပြင်ပ ကုမ္ပဏီလုပ်ငန်းများဝင်ရောက်နိုင်ရန် အခြေအနေ ပေးသည့်အတွက်ဖြစ်ပါသည်။ အထူးသဖြင့် ထိုကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ အခြားဒေသများတွင်လည်း လုပ်ငန်းများလုပ်ဆောင်နေကြပါသည်။ လက်ရှိအနေအထားအရ အထူးသဖြင့် ကေအဲန်ယူထိန်ချုပ်နယ်မြေ ဖြစ်သည့် မူထရော်ခရိုင်သည် ကိုယ်ပိုင်ထိန်းချုပ်ထားနိုင်မှုများမြင့်မားသည့် အတွက် မြေသိမ်းယူခြင်း ၏ သက်ရောက်မှု အနည်းဆုံးဒေသဖြစ်ပါသည်။ မြေသိမ်းယူမှု အဆိုးရွားဆုံးဒေသများမှာ ရောယှက် ထိန်းချုပ်နယ်မြေများတွင်ဖြစ်ပြီး ထိုဒေသများတွင် တစ်စိတ်တစ်ပိုင်းအစိုးရထိန်းချုပ်မှုပါသည်။ သို့သော် အာဏာပိုင်တည်ရှိမှုမှာ ခိုင်မာသည့် အနေအထားမရှိသည့် အတွက် ပြည်သူလူထုအား တရားဝင် ကာကွယ်ပေးမှု အလွန်အားနည်းနေသည့်ကြောင့် ဖြစ်နိုင်ပါသည်။ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ထိခိုက်စေနိုင်သည့် စီမံကိန်းများမှ အကျိုး ဖြစ်ထွန်းသော လုပ်ငန်းများတွင်ပါဝင်သည့် ကုမ္ပဏီများသည် ကေအဲန်ယူနှင့် ချိတ်ဆက်မှုကို ထူထောင်ကြပါသည်။ အဆိုပါ ကုမ္ပဏီများသည် ယခင်ကပင် နယ်ခြားစောင့်တပ် နှင့် DKBA တို့နှင့် အချိတ်အဆက်ရှိကြပါသည်။

**ပုံ (၃.၁၆) - ထိန်းချုပ်မှု အမျိုးအစားတစ်ခုချင်းစီအတွင်း ၂၀၁၂မှ စတင်ပြီး မြေယာသိမ်းဆည်း ခံရသော မိသားစုများ**




**ပုံ (၃.၁၇) - ထိန်းချုပ်မှုအမျိုးအစားတစ်ခုချင်းစီ အတွင်း ၂၀၁၂ခုနှစ်မှ စတင်ပြီး မြေယာသိမ်းဆည်း ခံရသော ကျေးရွာများ**




76 KHRG (2018), p 6.

77 [KESAN, KHERG, TCDN] (2016). See also Su Myat Mon and T Kean (2018).

78 Two had village leaders who also reported directly to the GoM's GAD; one is in an area under mostly DKBA control; and the other is near a Tatmadaw camp and receives some GoM services.

ရွေးချယ်ခဲ့သည့်စနစ်သည် ကိုယ်စားပြုမှုအပေါ် သေချာမှုရှိသည်ဟူ၍ ဆို၍မရသည်ကို သတိပြုရမည်ဖြစ်သော်လည်း ပထဝီနယ်မြေအပိုင်းအခြားဒေသများ အကြား ကြီးမားသည့် ကွဲပြားမှု များကို တွေ့ရပါသည်။ မြေယာသိမ်းခံရသည့် အိမ်ထောင်စု ၄၃ စုမှ ၂၉စု (၆၇ ရာခိုင်နှုန်း) သည် တောဦး (တောင်ငူ) ခရိုင်မှ ဖြစ်ပါသည်။ ထိုခရိုင်မှ ၈.၇ ရာခိုင်နှုန်း (စစ်တမ်းကောက်ခဲ့သည့် အိမ်ထောင်စု ၁၂ စုလျှင် တစ်အိမ်ထောင်စုနှုန်း) သည်မြေယာသိမ်းယူခံရကြောင်း ဖော်ပြကြပါသည် (ပုံ ၃.၁၈)။ တွေ့ရှိခဲ့သည့် အနေအထားအရ ဒူးသာထူး (သထုံ)၊ ခလယ်လွယ်ထူး (ညောင်လေးပင်) နှင့် မူတြော် (ဖာပွန်) တို့တွင် မြေသိမ်းယူမှု မရှိခဲ့ပေ။ မြေသိမ်းခံရမှုအများဆုံးကျေးရွာများမှာ ဘလိ-ထားဝယ် (မြိတ်-ထားဝယ်) အတွင်းမှဖြစ်ပါသည်။ ထိုဒေသတွင် ဖြေဆိုသူ အိမ်ထောင်စု ၉၀ ရာခိုင်နှုန်းမှ ၎င်းတို့ကိုယ်တိုင် (သို့) ကျေးရွာတွင်းမှ အခြားသူများ မြေသိမ်းခံရမှုများ ရှိခဲ့ကြောင်း ဖော်ပြကြပါသည် (ပုံ ၃.၁၉)။

တောဦးခရိုင်အတွင်း ယခုစစ်တမ်းကောက်ယူခဲ့သည့်ကျေးရွာ ၁၅ ရွာအနက်မှ ကျေးရွာ ၈ ရွာတွင် မြေသိမ်းခံရမှုများ အများဆုံးသွားစုနေသည်ကိုတွေ့ရပါသည်။ ထို ၈ ရွာအထဲမှ ကျေးရွာ ၂ ရွာတွင် ဖြေဆိုသူ ၂၀ ရာခိုင်နှုန်း ကျော်သည် မြေသိမ်းခံရမှုများ ကြုံတွေ့ခဲ့ရပြီး နှစ်ရွာလုံးသည် ရောယှက်ထိန်းချုပ်နယ်မြေများ အတွင်းမှ ဖြစ်ပါသည်။[79]

### စာကွက် ၃.၅ မြေသိမ်းခံရမှုကြောင့်လူသား နှင့် ကျား‌မ အပေါ်သက်ရောက်မှုများ

မကြာမီက ၂၀၁၈ခုနှစ် Saferworld ၏ ကရင်ပြည်သူများပါဝင်ခဲ့သည့် လေ့လာတွေ့ရှိမှုအရ ၎င်းတို့ ဘဝတွင် ချိုးဖေါက်မှုများစွာ ကြုံတွေ့ခဲ့ရာတွင် မြေသိမ်းခံရမှုသည် အစိုးရိမ်ရဆုံး ရေရှည် ထိခိုက်မှုအကျိုးဆက်ကိုဖြစ်ပေါ်စေပါသည်။ ပါဝင်ခဲ့သူအမျိုးသားတစ်ဦးမှ `မြေသိမ်းခြင်းက သင့်ကို သတ်တာတော့မဟုတ်ဘူး သို့ပေမယ့် သွယ်ဝိုက်ပြီး သတ်တာနဲ့ အတူတူဘဲ… မိမိသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်တယ် မိသားစုကို ကြည့်ရှုရမယ်။ တောင်ပေါ်မှာနေထိုင်ကြသူ မိမိတို့မှာ အခြားအသက်မွေးဝမ်းကြောင်းပြောင်းဖို့မလွယ်ဘူး။ မိမိ မွေးချင်းများရော မိသားစုများပါ မြေသိမ်းခံရတယ်´ ဟူ၍ ဖွင့်ပြခဲ့ပါသည်။ မြေသိမ်းမှုသည် အမျိုးသားရော အမျိုးသမီးပါ ဆိုးကျိုးသက်ရောက်စေသော်လည်း ကျား-မ ကွဲပြားမှုအပေါ် အခြေခံပြီး ကွဲပြားနေသည်ကိုလည်းတွေ့ရပါသည်။ အမျိုးသားများက ၎င်းတို့၏ မိသားစု ထောက်ပံ့ရသည့် လုပ်ဆောင်နိုင်မှု ကျဆုံးသွားသည်ဟူ၍ ခံစားရကြောင်းဖော်ပြမှုသည် ၎င်းတို့ ယောကျာ်းဖြစ်မှု ကျဆုံးသွားကြောင်းကိုဖော်ပြလိုရင်းဖြစ်ပါသည်။ အမျိုးသမီးများမှာမူ မိသားစုဝင်ငွေကျဆင်းသွားမှုကို ဖြည့်တင်းပေးနိုင်ရန် အလုပ်များစွာ ပိုမိုလုပ်ဆောင်ကြရပါသည်။ ထို့အပြင် ထုံးတမ်းဓလေ့အရ အိမ်မှုကိစ္စ သားသမီးစောင့်ရှောက်ပြုစုမှုတာဝန်များလည်း ဆောင်ရွက်ရကာ အိပ်စက်ချိန်များပင် အလွန်နည်းပါးသွားကြပါသည်။

လေ့လာမှုအတွင်းပါဝင်ကြသော ပုဂ္ဂိုလ်အများစုသည် ၎င်းတို့၏ ဓလေ့အရ ကျား မ အခြေခံတာဝန်ယူမှုများ ဆောင်ရွက်နိုင်မှု အားနည်းသွားသည်ကို စိတ်ပျက်ကြပါသည်။ မိသားစုအတွင်း ငွေရေးကြေးရေကိစ္စ နှင့် ဆုံးဖြတ်ချက်ချမှုများတွင် တင်းမာမှုများ မြင့်တက်လာပါသည်။ အိမ်တွင်း အကြမ်းဖက်မှုများ ပိုမိုရှိလာပါသည်။ အမျိုးသမီး တစ်ဦးမှ `အမျိုးသားတွေက သီးနှံစိုက်ပျိုးခြင်းသာ သူတို့၏ တာဝန်ဖြစ်တယ်ဆိုပြီးမှတ်ယူကြတယ်။ မြေယာများ ဆုံးရှုံးသွားတော့ သူတို့ဘာတာဝန်မှ မရှိတော့ဘူး ဆိုပြီး ခံစားကြရတယ်။ ဒါ့ကြောင့် အရက်တွေအသောက်များလာပြီး အိမ်ကိုလည်း ဒုက္ခပြဿနာတွေ ယူလာကြတယ်´ ဟူ၍ ဖွင့်ပြပြောဆိုပါသည်။ လေ့လာမှုအတွင်းပါဝင်ခဲ့သူ အချို့မှာ ၎င်းတို့ မြေယာများပြန်လည်ရရှိခဲ့သော်လည်း အများအပြားမှာ ပြန်လည်ရရှိခြင်း မရှိသေးဘဲ အစိုးရ အပေါ်တွင်သော်လည်းကောင်း မြေယာနှင့် ဆက်စပ်သောဌာနများ၏ မျှမျှတတဖြေရှင်းဆောင်ရွက်ပေးမှု အပေါ်တွင်သော်လည်းကောင်း မယုံကြည်မှုများ နက်နက်ရှိုင်းရှိုင်း ကျန်ရှိနေပါသည်။

အကြမ်းဖက် အနိုင်ကျင့်ခံရမှုပုံစံများထဲမှ မြေသိမ်းခံရမှုတစ်ခုတည်းကိုသာဖော်ပြခဲ့ကြသည့် တစ်ဦးချင်းအနေအထား ကိုကြည့်လျှင် အမျိုးသမီး (၅၁ ရာခိုင်နှုန်း) များသည် အမျိုးသားများ (၄၉ ရာခိုင်နှုန်း)ထက် ပိုမိုများပြားပါသည်။ မြေသိမ်းခံရမှု အိမ်ထောင်မိသားစု တစ်ခုလုံးကို ထိခိုက်သက်ရောက်မှုရှိပါသည်။ အခြား အကြမ်းဖက် အနိုင်ကျင့်ခံရမှုများသည် တစ်ဦးတစ်ယောက်ကိုသာ ထိခိုက်စေမှုများပါသည်။ စာကွက် ၃.၅ သည် အိမ်ထောင်စုအပေါ်မြေသိမ်းခံရမှုကြောင့် လူသားများအပေါ် ထိခိုက်သက်ရောက်မှုကို ရှာဖွေဖော်ပြထားပါသည်။ ကျားမအကြား သက်ရောက်သည့် ကွာခြားချက်များပါ ပါဝင်ပါသည်။

79 Both had two village leaders, one each for the KNU and GoM systems.

# ၃.၄ အကြမ်းဖက်မှုနှင့် မတရားပြုကျင့်မှုတို့၏ တရားခံများ

## အဓိကတွေ့ရှိချက်များ

- ဖြေဆိုသူများသည် ၎င်းတို့၏ ဒေသများအတွင်း ပြဿနာများ ဖြစ်စေခဲ့သော အာဏာပိုင်များအား နာမည်တပ်ဖော်ပြရန် ဆန္ဒအလွန် နည်းကြပြီး ၎င်းတို့၏ အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုဆိုင်ရာ အတွေ့အကြုံများအား မည်သူတို့မှကျူးလွန်သည်ကို နာမည်မတပ်ဘဲ ဖွင့်ဟဖော်ပြလိုကြပါသည်။ ၎င်းသည် အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများအား ကျူးလွန်သူများ ဖော်ပြရန် အချက်အလက်များ အတွက် အကန့်အသတ်ဖြစ်စေခဲ့ပါသည်။
- ဖြေဆိုသူများအနေဖြင့် အခြားသော အာဏာပိုင်များမှ ကျူးလွန်သော ပြဿနာများထက် ၎င်းတို့ဒေသတွင်ဖြစ်ပွားခဲ့သောအတင်းအကျပ်အလုပ်ခိုင်းစေခြင်းအတွက် GoMအားအမည်တပ်ဖော်ပြခဲ့ကြပါသည်။
- ဖြေဆိုသူ ၁၀ ဦးတွင် ၁ ဦးသည် မမျှတသော တပ်သားစုဆောင်းခြင်း အလေ့အထများအတွက် ကေအဲန်ယူအား နာမည်တပ် ဖော်ပြခဲ့ကြပါသည်။
- ပိုမိုသေးငယ်သော အာဏာပိုင်များနှင့် တိုက်ရိုက်ဆက်ဆံမှုပြုကြရသော ဖြေဆိုသူများမှ အထူးသဖြင့် အတင်းအကျပ် အလုပ်ခိုင်းစေခြင်းနှင့် မြေမြှုပ်မိုင်းများနှင့် IED များအသုံးပြုမှုအတွက် DKBA အား အများအားဖြင့် နာမည်တပ်ဖော်ပြခဲ့ကြပါသည်။ နယ်ခြားစောင့်တပ်များသည်လည်း ၎င်းတို့နှင့် ဆက်ဆံရသော အနည်းစုသော ဖြေဆိုသူများတစ်ချို့၏ နာမည်တပ်ဖော်ပြခြင်း ခံရပါသည်။

မေးခွန်းမေးမြန်းသူများ၏ လုံခြုံရေးအား ကာကွယ်ရန်နှင့် ဖြေဆိုသူများအပေါ် လွန်ကဲသော ဖိအားများ မဖြစ်ပေါ်စေရန်တို့အတွက် ဖြေဆိုသူများမှ အကြောင်းအရာများ တစ်ခုစီတိုင်းအတွက် ကျူးလွန်သူများ၏ နာမည်အား မေးမြန်းခြင်းမပြုခဲ့ပါ။ ပြဿနာများအား ဖြစ်စေခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ဖြေဆိုသူများ၏ ထင်မြင်ချက်များကိုမေးသော ပိုမိုယေဘုယျကျသော မေးခွန်းများသည် မည်သည့် ပြဿနာများအတွက် မည်သည့် အာဏာပိုင်များမှ ကျူးလွန်သည်နှင့် တာဝန်ရှိသည်တို့အတွက် အချို့သော ညွှန်ပြမှုများအား ပံ့ပိုးပေးပါသည်။ သို့သော် ၎င်းသည် အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှု အမျိုးအစားများနှင့် တိုက်ရိုက် ဆက်နွယ်နေမှု မရှိပါ။ ယခင်က မှတ်သားခဲ့သည့် အတိုင်း ရှိနှင့်ပြီးသော သုတေသနများနှင့် အတည်ပြုမှုသည် အဓိက ကျူးလွန်သူများအား ဆုံးဖြတ်ရန် အသုံးပြုသည့် အဓိကနည်းစနစ်ဖြစ်ပြီး တပ်မတော်နှင့် ၎င်း၏ အရံတပ်ဖွဲ့များ၏ စနစ်တကျ လုပ်ဆောင်ခဲ့သော အလေ့အထများနှင့် ကြီးမားစွာ ဆက်နွယ်မှုရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။

ဖြေဆိုသူများမှ သက်ဆိုင်ရာအဖွဲ့များနှင့် ပတ်သက်သော စိုးရိမ်မှုများအား ယေဘုယျပြောဆိုနေသည့် အချိန်တွင်ပင် တင်ပြဆွေးနွေးရန် ဝန်လေးနေခဲ့ကြပါသည်။ ဖြေဆိုသူများအနေဖြင့် အာဏာပိုင်များမှ ကျူးလွန်သော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုတို့အား မိမိကိုယ်တိုင်သော်လည်းကောင်း မိမိတို့၏ အိမ်ထောင်စုအတွင်းရှိတစ်ဦးဦးမှသော်လည်းကောင်း ခံစားခဲ့ကြရဘူးသူများ (၅၇ ရာခိုင်နှုန်း) သည် အခြားသော ဖြေဆိုသူများ (၁၀ ရာခိုင်နှုန်း) ထက် သက်ဆိုင်ရာ အာဏာပိုင်များ၏ အမည်များအား ပိုမို ဖော်ပြကြပါသည်။ အကြောင်းမှာ ၎င်းဖြေဆိုသူများတွင် အာဏာပိုင်များအပေါ် အပျက်သဘောအမြင်များ ပိုမိုရှိနေကြပြီး၊ ၎င်းမှာ ယေဘုယျအားဖြင့် အချို့သော ဖြေဆိုသူများသည် အခြားသူများထက် ဖွင့်ဟပြောဆိုရန် ယုံကြည်မှုများ ပိုမို ရှိနေကြကြောင်း ဖော်ပြနေပါသည်။ အခန်း ၃.၂ တွင် ဖော်ပြထားခဲ့သလို ရှိနှင့်ပြီးသော သုတေသနများနှင့် တည်ပြုမှုမှ အများစုသော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှု ပုံစံများသည် တပ်မတော်၏ စနစ်တကျလုပ်ဆောင်ခဲ့သော အလေ့အထများနှင့် ကြီးမားစွာ ဆက်နွယ်မှုရှိနေသည်ကို တွေ့ရှိရပါသည်။ အချို့သော လက်နက်ကိုင်တပ်ဖွဲ့များသည်လည်းအကြမ်းဖက်မှုနှင့်မတရားပြုကျင့်ခံရမှုများအားကျူးလွန်ခဲ့ကြသော်လည်း ၎င်းတို့သည် စနစ်တကျ စီမံလုပ်ဆောင်သော နည်းလမ်းများဖြင့် မဟုတ်သည်ကို တွေ့ရပါသည်။

အာဏာပိုင်များ၏ အကြမ်းဖက်မှု သို့မဟုတ် မတရားပြုကျင့်ခံရမှုများ ပုံစံတစ်ခုခုအား တွေ့ကြုံခံစားခဲ့ကြရဘူးသော အိမ်ထောင်စုများတွင်၊ ၄၃ ရာခိုင်နှုန်းသည် တိကျသော အာဏာပိုင်တစ်ခုမှ ပြဿနာတစ်ခုအား ဖြစ်စေခဲ့သည်ဆိုသည်ကို ဖော်ပြခဲ့ခြင်း မရှိပေ၊ ၎င်းမှာ အစီရင်ခံတင်ပြမှုများမရှိခြင်းမှာ သိသာထင်ရှားကြောင်း ဖော်ပြနေပါသည်။ သိသာထင်ရှားစွာ တွေ့ရသည်မှာ မြေယာသိမ်းခံရခြင်းအား တွေ့ကြုံခဲ့ရသော အိမ်ထောင်စုများမှ ဖြေဆိုသူ ၃၅၇ ဦးထဲတွင် ၁၇ ရာခိုင်နှုန်းသာလျှင် မြေယာပြဿနာအား ဖြစ်စေခဲ့သည့် တိကျသော အာဏာပိုင်တစ်ခုအား နာမည်တပ်ဖော်ပြခဲ့ကြပါသည်။ အတင်းအကျပ် တပ်သားစုဆောင်းခြင်းအား တွေ့ကြုံခံစားခဲ့ ကြရသော အိမ်ထောင်စုများမှ ဖြေဆိုသူ ၃၈၈ ဦးထဲတွင် ၃၄ ရာခိုင်နှုန်းသာလျှင် မမျှတသော တပ်သားစုဆောင်းခြင်း အလေ့အထများအား လုပ်ဆောင်ခဲ့သည့် တိကျသော အာဏာပိုင်တစ်ခုအား နာမည်တပ်ဖော်ပြခဲ့ကြပါသည်။

မည်သို့ပင်ဆိုစေကာမူ ရရှိခဲ့သော အဖြေများသည် လူများမှာ ဖော်ပြလိုကြသော နစ်နာမှုများအား သုံးသပ်နားလည်နိုင်စေရန် ပံ့ပိုးပေးပါသည်။ အများဆုံးဖော်ပြခဲ့ပြီး အာဏာပိုင်တစ်ခုခုမှ ကျူးလွန်ခဲ့သည်ဟုညွှန်ပြခဲ့သော ပြဿနာမှာ အတင်းအကျပ် အလုပ်ခိုင်းစေခြင်းဖြစ်ပြီး တပ်မတော်မှလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်(၂၁ ရာခိုင်နှုန်း)။ အထက်တွင် မှတ်သားခဲ့ရသည်အတိုင်း ၎င်းသည် ယေဘုယျအားဖြင့် အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုပုံစံများထဲမှ ဒုတိယ ဖြစ်ပွားမှု အများဆုံး

သော ပုံစံဖြစ်ပါသည်။ ဤပြဿနာအတွက် ၆ ရာခိုင်နှုန်းသည် ကေအဲန်ယူဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်(ဇယား ၃.၁၈)။

**ပုံ (၃.၁၈) - အာဏာပိုင်တစ်ခုခုမှ သင့်ဒေသအတွင်း အောက်ပါ ပြဿနာများအား ဖြစ်ပေါ်စေခဲ့ပါသလား (ဖြေဆိုသူများအားလုံး)**




ကေအဲန်ယူအနေဖြင့် မမျှတသော တပ်သားစုဆောင်းမှုအလေ့အထများအတွက် (၁၁ ရာခိုင်နှုန်း) နှစ်ဆ ပိုများနေပါသည်။ ရှိနှင့်ပြီးသော သုတေသနများတွင် အတင်းအကျပ် တပ်သားစုဆောင်းမှုအား ပုံမှန်အားဖြင့် တပ်မတော်မှ လုပ်ဆောင်ကြောင်းတွေ့ရှိရသော်လည်း၊ ၄င်းတို့သည် ကေအဲန်ယူအား တိုက်ခိုက်နေသော ဒေသများဖြစ်သည့် ကျေးလက်ဒေသမှ ကရင်လူထုများမှ တိုက်ရိုက် စုဆောင်းမှုပြုခြင်းမှာ အလွန်ရှားပါးခဲ့ပါသည်။ တပ်မတော်သည် ရွာသားများကို မသင့်လျော်သော (သို့) ရန်လိုသော ပုံစံဖြင့် ဆက်ဆံခြင်း အတွက် နှစ်ဆနီးပါး ပိုများကြောင်းတွေ့ရပါသည်။

**ပုံ (၃.၁၉) - ဘယ်အာဏာပိုင်က သင့်ဒေသအတွက် ဘေးကင်းမှုနှင့် လုံခြုံမှုအား ပေးနိုင်မှု အရှိဆုံးလဲ**




ဖြေဆိုသူများအနေဖြင့် မည်သည့် အာဏာပိုင်များမှ ၄င်းတို့အား ဘေးကင်းမှုနှင့် လုံခြုံမှု အပေးနိုင်ဆုံးလဲဟု မေးမြန်းခဲ့ချိန်တွင် နယ်မြေ အမျိုးအစားများအကြား အကြီးမားဆုံးသော ခြားနားမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကေအဲန်ယူထိန်းချုပ်သော ဒေသများတွင် ၈၆ ရာခိုင်နှုန်းသော အမျိုးသားများနှင့် ၈၅ ရာခိုင်နှုန်းသော အမျိုးသမီးများမှ ကေအဲန်ယူသည် ၄င်းတို့အား ဘေးကင်းမှုနှင့် လုံခြုံမှု အပေးနိုင်ဆုံးဖြတ်ခံစားခဲ့ကြပါသည် (ဇယား ၃.၁၉)။ သံသယကင်းစွာဖြင့် ၄င်းတို့၏ ဒေသများသည် ဆယ်စုနှစ်များစွာ တပ်မတော်၏ ပစ်မှတ်ထားခံခဲ့ကြရကြောင်း အမှန်တရားအား လှစ်ဟပြနေပါသည်။ နှိုင်းယှဉ်ကြည့်လျှင် GoM ထိန်းချုပ်သော ဒေသများတွင် ၄၇ ရာခိုင်နှုန်းသော အမျိုးသားများနှင့် ၄၁ ရာခိုင်နှုန်းသော အမျိုးသမီးများမှ GoM သည် ၄င်းတို့အား ဘေးကင်းမှုနှင့် လုံခြုံမှု အပေးနိုင်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့ကြပါသည်။

ယေဘုယအားဖြင့် ၄င်းမေးခွန်းအတွက် ၃၃ ရာခိုင်နှုန်းသော မျိုးသမီးများနှင့် ၂၄ ရာခိုင်နှုန်းသော အမျိုးသားများမှ "မသိပါ"ဟု ဖြေဆိုခဲ့ကြပြီး ၄င်းသည် ကွဲပြားသော အာဏာပိုင်များအား နှိုင်းယှဉ်သော

မေးခွန်းများအားလုံးတွင် အမျိုးသမီး၊ အမျိုးသားအကြား ဒုတိယ ကွဲပြားမှု အကြီးဆုံးဖြစ်ပါသည်။ အထူးသဖြင့် ရောယှက်ထိန်းချုပ်မှုရှိသော ဒေသများတွင် "မသိပါ" ဟုဖြေဆိုသူ အမျိုးသမီးများ၏ အချိုးသည် GoM သို့မဟုတ် ကေအဲန်ယူထိန်းချုပ်သောဒေသများမှာ ဖြေဆိုသူအမျိုးသမီး အရေအတွက်ထက် ပိုမိုမြင့်မားနေပြီး ၎င်းသည် ထိုဒေသများတွင် အာဏာပိုင်များ၏ အကာအကွယ်ပေးမှု လွန်စွာ မရှိကြောင်း ဖော်ပြနေပါသည်။

DKBA၊ နယ်ခြားစောင့်တပ်များနှင့် ကရင့်ငြိမ်းချမ်းရေးကောင်စီအဖွဲ့များအသီးသီးနှင့် တိုက်ရိုက်ဆက်သွယ်မှုပုံစံ အချို့ရှိကြသည်ဟု တွေ့ရသော ဖြေဆိုသူများတွင် DKBA သည် ၎င်း အကြမ်းဖက်သော အလေ့အထများနှင့် ဆက်နွယ်မှု အရှိဆုံးအဖြစ် ထွက်ပေါ်လာခဲ့ပါသည်။ ၂၄ ရာခိုင်နှုန်းသော ဖြေဆိုသူများမှ အတင်းအကျပ်အလုပ်ခိုင်းစေခြင်းနှင့် ဆက်နွယ်သည်ဟု ဖော်ပြကြပြီး၊ ၂၂ ရာခိုင်နှုန်းမှ မြေမြုပ်မိုင်းများနှင့် IED များအသုံးပြုမှုရှိကြောင်းနှင့် ၁၇ ရာခိုင်နှုန်းမှ ရွာသားများကို မသင့်လျော်သော (သို့) ရန်လိုသော ပုံစံဖြင့် ဆက်ဆံခြင်းရှိကြကြောင်း ဖော်ပြခဲ့ကြပါသည်။ ကရင့်ငြိမ်းချမ်းရေးအကောင်စီသည် အများအားဖြင့် မမျှတသော တပ်သားစုဆောင်းမှုနှင့် ဆက်နွယ်နေကြောင်း တွေ့ရှိရသော်လည်း ၎င်းအရေအတွက်သည် ၎င်းအာဏာပိုင်နှင့် ဆက်သွယ်မှုရှိသော လူဦးရေ၏၆ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရပါသည်။ နယ်ခြားစောင့်တပ်များနှင့် ဆက်သွယ်မှုရှိသော ဖြေဆိုသူများ၏ ၁၀ ရာခိုင်နှုန်းမှ ၎င်းတို့သည် အတင်းအကျပ် အလုပ်ခိုင်းစေခြင်း၊ မသင့်လျော်သော ဆက်ဆံမှုများနှင့် မြေမြုပ်မိုင်းနှင့် IED များအသုံးပြုမှုရှိကြောင်း ဖော်ပြကြပြီး၊ ၎င်းတို့အများစုသည် GoM မှ သတ်မှတ်ထားသော မြဝတီမြို့နယ်တွင် ရှိနေကြပါသည်။

၎င်းတွေ့ရှိချက်များသည် ၂၀၁၆ ခုနှစ်တွင် DKBA (ဗုဒ္ဓအဖွဲ့) နှင့် နယ်ခြားစောင့်တပ်များအကြား ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့် ချိတ်ဆက်မှုရှိနေကြောင်း ဖော်ပြနေပါသည်။ မြေမြုပ်မိုင်းများ အသုံးပြုမှုနှင့် ရန်လိုသော လုပ်ရှားမှုများအတွက် DKBA အား နာမည်တပ်ဖော်ပြခဲ့သည့် များစွာသော ဖြေဆိုသူများသည် လှိုင်းဘွဲ့မြို့နယ်ရှိ ဒေသများမှဖြစ်ပါသည်။ လှိုင်းဘွဲ့မြို့၏ ကျေးရွာများအတွင်း နေထိုင်သည့် သတိပြုမိရလောက်သော ဖြေဆိုသူအချို့မှ ၎င်းတို့အား ဘေးကင်းမှုနှင့် လုံခြုံရေး အပေးနိုင်ဆုံးသော အဖွဲ့အား နယ်ခြားစောင့် တပ်များအဖြစ် အမည်တပ်ဖော်ပြခဲ့ပြီး ထိုဒေသမှာ ၂၀၁၆ ခုနှစ်တွင် ၎င်းအဖွဲ့နှစ်ဖွဲ့အကြား အကြိမ်ကြိမ်တိုက်ပွဲဖြစ်ခဲ့သော နေရာအနီးတွင် ဖြစ်ပါသည် (အခန်း ၂.၅ အားကြည့်ရန်)။ ကလိုထူးဘောအဖွဲ့၏ ထိန်းချုပ်ထားသော ဒေသများအတွင်းတွင်လည်း DKBA နှင့် ပတ်သက်သော ၎င်းပြဿနာများအား တွေ့ရှိရပါသည်။

**ပုံ (၃.၂၀) - DKBA၊ BGFနှင့် KPC တို့နှင့် "တိုက်ရိုက်ဆက်သွယ်မှု" ရှိနေသည်ဟု ဖြေဆိုသူများမှ ဖော်ပြသော ပြဿနာများ**



အမျိုးသမီးများမှ ၄င်းတို့ သိမ်းဆည်းခံခဲ့ရသော မြေယာအနီးရှိနေကြပုံ၊ ထိုနေရာတွင် "ဌာနပိုင်မြေ၊ မကျူးကျော်ရ"ဆိုသည့် ဆိုင်းဘုတ်တစ်ခုရှိနေပြီဖြစ်သည်။
© Saferworld



# ၄

# တရားမျှစီရင်ရေး

တရားမျှတရေးစနစ်သည် ပဋိပက္ခခံစားရသော ဒေသများမှ ပြည်သူလူထု၏ အစဉ်အဆက် အဓိကတောင်းဆိုခဲ့သည့်အချက်များအတွင်းမှ အချက်တစ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ယုံကြည်အားထားရသော၊ ထိရောက်သော နှင့် တစ်သမတ်တည်းဖြစ်သော တရားစီရင်ရေးကို တည်ထောင်နိုင်ခြင်းသည် ဒေသခံပြည်သူလူထု၏အမြင်တွင် အာဏာပိုင်၏ တရားဝင်ဖြစ်မှုနှင့် အုပ်ချုပ်မှုအာဏာတည်ဆောက်ရန် အတွက် အဓိကဖြစ်နေပါသည်။ တရားစီရင်ရေး ကိုယ်၌က လူထုကောင်းကျိုးအတွက်အရေးကြီးပြီး အထူးသဖြင့် ငြိမ်းချမ်းရေး ခိုင်မာစေရန်အတွက် အလွန်အရေးပါ လှပါသည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခခံစားရသော ဒေသများအတွင်းမှ တရားစီရင်ရေးဆောင်ရွက်နေပုံများကို ယခင်က ပညာရပ်ဆိုင်ရာ လေ့လာမှု (သို့) မူဝါဒအရ စိတ်ဝင်စားမှု အလွန်နည်းပါးခဲ့ပါသည်။ သို့သော်လည်း မကြာသေးမီကာလမှစ၍ ထိုပျက်ကွက်မှုများကို ဖြည့်စည်းပေးနိုင်ရန် အစပြုမှုများ စတင်လာပါသည်။[80] ပဋိပက္ခခံစားခဲ့ရသော ပြည်သူလူထု၏ အားထားနိုင်မည့် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ တိုက်ရိုက်အားကောင်းလာစေရန်နှင့် ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်လာစေရန် Saferword မှနေ၍ ဆောင်ရွက်နေသည့် စီမံကိန်းများလည်း ပါဝင်ပါသည်။ Karen Women Organization (KWO) သည်တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများအားကောင်းစေရန်နှင့် စွမ်းရည်မြင့်တင် တည်ဆောက်ပေးခြင်းဖြင့် အဓိကနေရာများတွင် ထိရောက်သော ပြုပြင်ပြောင်းလဲမှုများရှိစေရန် ရည်ရွယ်၍ ကေအဲန်ယူ ၏ တရားစီရင်ရေးစနစ်အပေါ် ရေရှည် အစီအစဉ်နှင့် ခြေခြေမြစ်မြစ်ရှိသော သုတေသနများဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ တရားစီရင်ရေးစနစ် သာမက ကေအဲန်ယူ၏ တရားစီရင်ရေးစနစ် တို့သည် ဗြိတိသျှကိုလိုနီကာလအတွင်း ပြဋ္ဌာန်းခဲ့သည့် ဗြိတိသျှဥပဒေစနစ် မှ ဆင့်ကဲပြောင်းလဲလာခြင်း ဖြစ်ပါသည်။ နှစ်ဘက်လုံးတွင် ပြစ်မှုဆိုင်ရာဥပဒေ နှင့် တရားမဥပဒေများရှိကြပါသည်။ ထို့ပြင် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး နှင့် ပို၍အဆင့်မြင့်သော တရားရုံးများကိုလည်းထားရှိသလို ဥပဒေသက်ရောက်မှုအတွက် ရဲတပ်ဖွဲ့ ကိုလည်း ထားရှိကြပါသည်။[81] ကေအဲန်ယူ တရားစီရင်ရေးအဖွဲ့သည် အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးစစ်ဘက် တို့မှ လွတ်ကင်း၍ သီးခြားရပ်တည်နေသည့် လွတ်လပ်သော အဖွဲ့စည်းဖြစ်ပါသည်။ ကရင်အမျိုးသား ရဲတပ်ဖွဲ့ Karen National Police Force (KNPF) ဟုခေါ်တွင်သော ခိုင်မာစွာဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့တွင် ရဲ ၇၀၀ ရှိပြီး အရပ်ဘက်အုပ်ချုပ်မှုဖြစ်သော ပြည်ထဲရေးနှင့် သာသနာရေးဌာနအောက်တွင် ထားရှိပါသည်။ ပြည်ထောင်စု အစိုးရဘက်တွင်မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်ကိုင်တွယ်သည့် ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရှိပြီး မြို့ပြဒေသများတွင်သာ အဓိကလုပ်ရှား ဆောင်ရွက်မှုများ ကိုတွေ့ရပါသည်။ သို့သော် ယခုအခါ နယ်အုပ်ချုပ်ရေးရုံးများတွင် ရဲစခန်းအသစ်များ တွဲဖက်ချထားသည့် ပုံစံဖြင့် ပါဝင်ဆောင်ရွက်မှုကို ဖြည်းဖြည်းချင်း တိုးချဲ့လာပါသည်။

လက်တွေ့တွင် တရားရေးဆိုင်ရာပြဿနာအများစုအား ကျေးရွာ (သို့) ကျေးရွာအုပ်စု ၌သာ ကိုင်တွယ်ဖြေရှင်းကြပါသည်။ ဤကဲ့သို့ကျင့်သုံးလာခဲ့သည်မှာ နှစ်ပေါင်းရာချီ၍ပင် ရှိနိုင်ပါသည်။ အာဏာပိုင်များသည် ရပ်ရွာများအတွင်း သေးငယ်သည့်အမှုပြဿနာများကို အနိမ့်

80 Key works include Saferworld and Overseas Development Institute (2016), McCartan and Jolliffe (2016), Kyed (2018). See also the website of Danish Institute for International Studies' Everjust project and associated publication of Kyed (2018).

81 The founder of the KNU, Saw Ba U Gyi, was a lawyer by training, as were numerous other senior members. The organisation currently uses four books of law, which were compiled in the 1970s, and have been upgraded numerous times since, by the quadrennial congress.

ဆုံးအဆင့်၌သာ ကိုင်တွယ်ဖြေရှင်းကြရန် တိုက်တွန်းကြပါသည်။ မကြာမီက ပြုလုပ်ခဲ့သည့် MyJustice စီမံကိန်းမှ လေ့လာ တွေ့ရှိမှုအရ သာမန် ပြည်သူလူထုအများစုသည် ရပ်ရွာအမှုပြဿနာများ ပြေလည်စေရန် ရပ်ကွက် (သို့) ကျေးရွာအုပ်စုနှင့် ရာအိမ်စု မှူးများ တို့သည်သာ အကောင်းဆုံးလမ်းကြောင်း ဖြစ်ကြောင်း ခံယူကြသည်ကို တွေ့ရပါသည်။[82]

ထို့ကြောင့် တရားစီရင်ရေးကိစ္စရပ်များတွင် ထုံးတမ်းဓလေ့အရ ကိုင်တွယ် ဆောင်ရွက်မှုများသည် အဓိက နေရာမှာရှိနေပါသည်။ ထိုအချက်သည် သေချာခိုင်မာမှုမရှိသည့် ဆုံးဖြတ်ချက်များကို အကြိမ်ကြိမ် ဖြစ်ပေါ်စေတတ်ပြီး ရပ်ရွာအတွင်းတွင်သော်လည်းကောင်း ခံစားခဲ့ရသူများ အကြားတွင်သော်လည်းကောင်း ညီညွတ်မှု ပြန်လည်ရရှိရန် ဂရုစိုက်ဆောင်ရွက်ရလေ့ရှိပါသည်။ ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များသည် အရေးကြီးသော အမှုကိစ္စရပ်များကို ပို၍ အဆင့်မြင့်သော အာဏာပိုင်များထံသို့ လွှဲပြောင်းနိုင်ပါသည်။ ကေအဲန်ယူ တရားရေးစနစ် တွင်ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များအား လိုအပ်သည့် ရှေ့ဆက်ဆောင်ရွက်ရမည့် အသေးစိတ် လမ်းညွှန်မှုများ ထားရှိပြီး မည်သည့် အာဏာရှိ ပုဂ္ဂိုလ် (သို့) အဖွဲ့အစည်း တို့နှင့် အဆင့်ဆင့်အလွှာလိုက်ချိတ်ဆက်လုပ်ဆောင်သွားရမည်ကို တိတိကျကျ ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ဒေသခေါင်းဆောင်များအား အမှုကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရမည့် အဆင့်များကို ရေးဆွဲပေးထားပြီး တရားစီရင်ရေးအားလည်း ပြစ်မှု၏အမျိုးအစား အတိုင်းအတာအခြေအနေအပေါ်မူတည်၍ မည်သည့် အဆင့်တရားစီရင်ရေး (ဥပမာ - မြို့နယ်၊ ခရိုင် နှင့် တရားရုံးချုပ်) သည် မည်မျှအမြင့်ဆုံး တရားစီရင်ရေးအာဏာရှိသည် ဆိုသည်ကို ပြဋ္ဌာန်းထားပါသည်။ သို့သော်ငြားလည်း KWO နှင့် အခြား KPSN အဖွဲ့ဝင် တို့တွေ့ရှိချက်အရ လုပ်ငန်းစဉ်များ အား ယခုထက်ပို၍ တိကျစွာ သက်ရောက်မှုရှိ ရန်လိုအပ်နေကြောင်း တွေ့ရပါသည်။ အထူးသဖြင့် လိင်မှုကိစ္စ အကြမ်းဖက်မှုများကို ဥပဒေတွင်ပါရှိသည့်အတိုင်း ကေအဲန်ယူ တရားရုံးချုပ်သို့လွှဲပြောင်းရေး သေချာစေရန် ဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုကာ တရားဝင် ချုပ်ဆိုထားသည့် NCA တွင် လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ( KNU, DKBA နှင့် KPC တို့အပါအဝင်) သည် သက်ဆိုင်ရာဒေသအသီးသီး တွင် ဖွံ့ဖြိုးရေး နှင့် လုံခြုံရေး အတွက် တာဝန်ရှိသည်ကို အသိအမှတ်ပြုထားသလို ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တို့အတွက်လည်း ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်များ ပါရှိပါသည်။ သို့သော်လည်း လက်ရှိအနေအထားတွင် တရားစီရင်ရေးနှင့်ပတ်သက်၍ အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား တရားဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် ပုံစံများအတွက် ပုံစံတကျသတ်မှတ်ထားသော ယန္တရားများ မရှိသေးပေ။ အပစ်အခတ်ရပ်စဲမှုပြုလုပ်အပြီး ရာဇဝတ်ဆိုင်ရာပြဿနာများ အချို့မြင့်မားလာပါသည်။ အထူးသဖြင့် တရားမဝင် မူးယစ်ဆေး ထုတ်လုပ် ရောင်းချ အသုံးပြုမှုများဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ရပ်ရွာအဆင့် အကြမ်းဖက် ပြစ်မှုများ မြင့်တက်လာမှုနှင့် ဆက်စပ်နေပါသည်။

82 MyJustice (2018), sections 2.3 and 2.4.

သံလွင်မြစ်ပေါ်တွင် ကြီးမားသော ရေအားလျှပ်စစ်ဆည်များ ဆောက်လုပ်မည့် အစီအစဉ်အား ကရင်ပြည်သူများ ဆန္ဒပြနေပုံ၊ ထိရောက်အကျိုးရှိသော တရားမျှတရေးစနစ်တစ်ခု မရှိဘဲ၊ သာမာန်အရပ်သားများအနေဖြင့် ပါဝင်ကြီးသူများ၏ အကျိုးယုတ်စေမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား ပြန်လည်တွန်းလှန်ရန် ရွေးချယ်စရာ အလွန်နည်းလွန်းလှပါသည်။

© ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်




## ၄.၁ တရားစီရင်မှု အပေါ် ရှိသည့် အမြင် သဘောထားများ

### အဓိကတွေ့ရှိချက်များ

- ဖြေဆိုသူအများစုသည် တရားရေးဆိုင်ရာ ပြဿနာများ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပုံနှင့် ပတ်သက်၍ ကေအဲန်ယူအား အခြားအာဏာပိုင်အဖွဲ့အစည်းများထက် သိသာစွာ ပိုမိုနှစ်သက် ကြသည်ကို တွေ့ရှိရပါသည်။ ကေအဲန်ယူထိန်းချုပ် နယ်မြေများ နှင့် ကရင်ပြည်သူလူထုများ အကြားတွင် အများဆုံးဖြစ်သည်။
- ကြီးမားသော ပြဿနာကိစ္စရပ်များကို တာဝန်ရှိသူ (သို့) အာဏာပိုင်များထံသို့ တိုင်တန်းတင်ပြရမည်ဆိုသည့် ခံယူမှုသည် ဖြေဆိုသူများထဲမှ ထက်ဝက်ကျော်ပင်မရှိသည်ကို တွေ့ရပါသည်။
- တရားစီရင်ရေးကိုင်တွယ်မှုများနှင့် ပတ်သက်၍ မည်သည့်အာဏာပိုင်အား လိုလားသနည်း ဆိုသည့် မေးခွန်းအပေါ် ရောယှက်ထိန်းချုပ်နယ်မြေများအတွင်းရှိ အမျိုးသမီးအများစုသည် အစိုးရ (သို့) ကေအဲန်ယူ ဆိုသည့်တိကျစွာရည်ညွှန်းသော ဖြေဆိုမှုကို ဖြေဆိုခြင်းထက် `မသိပါ´ ဆိုသည့် အဖြေကို တုံ့ပြန်ဖြေဆိုကြသည်ကိုတွေ့ရပြီး အမှုကိစ္စရပ်များအတွက်အများစုမှာ တိုင်တန်းလေ့မရှိသည်ကိုတွေ့ရပါသည်။
- တိုင်တန်းတင်ပြကြရာတွင် အများစုမှာ ကျေးရွာခေါင်းဆောင်ထံသို့ ပထမဦးစွာ သွားရောက်လေ့ရှိပါသည်။
- ဖြေဆိုသူများ အမှုကိစ္စရပ်များကို ဦးစွာသွားရောက်တိုင်တန်းတင်ပြမှုနှင့်ပတ်သက်သည့် မေးခွန်းအပေါ် ကျေးရွာခေါင်းဆောင်ထံသို့မဟုတ်ဘဲ ကျေးရွာအုပ်စုအာဏာပိုင်များအပါအဝင် ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF )နှင့် KNU အဖွဲ့စည်းများ ထံသို့ဦးစွာသွားရောက်တိုင်တန်းမှု ကဲ့သို့ အခြားရွေးချယ်ဖြေဆိုမှုများအား ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် အခြားနယ်မြေများထက် ပိုမိုတွေ့ရှိရပါသည်။
- ကုန်ကျစရိတ်မြင့်မားခြင်း၊ ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိမှု အားနည်းခြင်းနှင့် အာဏာပိုင်များနှင့် ဝေးကွာခြင်းတို့သည် တရားရေးဆိုင်ရာများအတွက် အဓိက အတားအဆီးများ ဖြစ်ပါသည်။ အထူးအဖြင့် အစိုးရ ထိန်းချုပ်နယ်မြေများတွင် ဖြစ်သည်။

တရားစီရင်ရေးကိစ္စရပ်များအား မည်သည့်အာဏာပိုင်ကိုင်တွယ်မှုကို လိုလားသနည်း ဆိုသည့် မေးမြန်းမှုအပေါ် ဖြေဆိုသူများမှ ၃၉ ရာခိုင်နှုန်းသည် ကေအဲန်ယူအား ရွေးချယ်ဖြေဆိုကြပြီး အမြင့်ဆုံး အချိုးအစားလည်းဖြစ်ပါသည်။ ၂၃ ရာခိုင်နှုန်း သည် အစိုးရအားရွေးချယ်ကြပြီး ၉.၄ ရာခိုင်နှုန်းမှ မည်သည့်ရွေးချယ်မှုမှ မပြုသည့် `None´ ကိုရွေးချယ်ဖြေဆိုကြပါသည် (ပုံ-၄.၁)။ ဤရလဒ်သည် မကြာမီက တွေ့ဆုံမေးမြန်းလေ့လာခဲ့သည့် (Qualitative Study) တွေ့ရှိချက်နှင့်လည်း ကိုက်ညီနေပါသည်။ ထိုတွေ့ရှိချက်မှာ ကေအဲန်ယူ အပြည့်အဝ (သို့) အစိတ်အပိုင်းထိန်းချုပ်မှုရှိသော ကျေးရွာနစ်ရွာ တွင်နေထိုင်ကြသည့် ပြည်သူများသည် ကေအဲန်ယူ၏ တရားစီရင်ရေးစနစ်ကို အလွန်လိုလား နှစ်သက်မှုရှိပြီး အစိုးရတရားစီရင်ရေးစနစ်နှင့်ယှဉ်လျှင် ပို၍ ထိရောက်သော၊ တရားဝင်မှုရှိသော တရားစီရင်မှုအဖြစ် မြင်ကြပါသည်။ [83]

83 Kyed (2018), Saferworld, forthcoming.

ပုံ (၄.၁) - တရားရေးကိစ္စများနှင့် ပတ်သက်ပြီး မည်သည့် အာဏာပိုင်များနှင့် ဆက်ဆံလိုပါသလဲ




"အစိုးရနှင့် ကေအဲန်ယူတို့သည် ၎င်းတို့ထိန်းချုပ်ရာ နယ်မြေအသီးသီးတွင် ၎င်းတို့အား နစ်သက်လိုလားမှုများ ကိုယ်စီရှိကြပါသည်။ ကြိုက်နှစ်သက်မှု အချိုးအစားအရ ကြည့်လျှင် ကေအဲန်ယူသည် လွန်စွာမြင့်မားပြီး ၈၂ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါသည်။ ရောယှက် ထိန်း ချုပ်နယ်မြေများတွင် ခြုံငုံကြည့်ပါက ကေအဲန်ယူအား ပိုမို နှစ်သက်သူများပြီး ရာခိုင်နှုန်း အားဖြင့် ၃၂ ရာခိုင်နှုန်းရှိကာ အစိုးရမှာ ၂၁ ရာခိုင်နှုန်း ရှိပါသည်။"

အကြီးမားဆုံးကွာခြားချက်ကို ထိန်းချုပ်မှုကွဲပြားသည့်နယ်မြေများအကြားနှင့် လူမျိုးကွဲပြားမှုများအကြား တွင်တွေ့မြင်ရပါသည်။ အစိုးရနှင့်ကေအဲန်ယူတို့သည် ၎င်းတို့ထိန်းချုပ်ရာနယ်မြေအသီးသီးတွင် ၎င်းတို့အား နှစ်သက်လိုလားမှုများ ကိုယ်စီရှိကြပါသည်။ ကြိုက်နှစ်သက်မှုအချိုးအစားအရ ကြည့်လျှင် ကေအဲန်ယူသည် လွန်စွာမြင့်မားပြီး ၈၂ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရပါသည်။ ရောယှက်ထိန်း ချုပ်နယ်မြေများတွင် ခြုံငုံကြည့်ပါက ကေအဲန်ယူအား ပိုမိုနှစ်သက်သူများပြီး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်းရှိကာ အစိုးရမှာ ၂၁ ရာခိုင်နှုန်းရှိပါသည်။ ရောယှက်ထိန်းချုပ်နယ်မြေများမှ ဖြေဆိုသူ ၁၂ ရာခိုင်နှုန်းသည် တရားစီရင်ရေးနှင့်ပတ်သက်၍ မည်သည့်ရွေးချယ်မှုကိုမျှမပြုသည်ကိုလည်း သတိပြု ဖွယ်တွေ့ရှိရပါသည်။ ကရင်လူမျိုးဖြေဆိုသူများမှ ၄၇ ရာခိုင်နှုန်းသည် တရားရေး ပြဿနာများနှင့် ပတ်သက်၍ ကေအဲန်ယူအားလိုလားကြပြီး ၁၅ ရာခိုင်နှုန်းမှ အစိုးရအားလိုလားကြပါသည်။ ကရင်လူမျိုး မဟုတ်သည့် ဖြေဆိုသူများမှ ၅၀ ရာခိုင်နှုန်းသည် အစိုးရအားလိုလားကြပြီး ၁၅ ရာခိုင်နှုန်းမှာ ကေအဲန်ယူကို လိုလားကြပါသည်။ ထိုတွေ့ရှိချက်များသည် တစ်ဦးတစ်ယောက်၏တရားစီရင်ရေးအပေါ်လိုလားမှုအားဆုံးဖြတ်ရန် လူမျိုးဖြစ်မှုသည်ထက်ပို၍ ထိန်းချုပ်နယ်မြေကို ဖော်ပြနေခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အာဏာပိုင်များအနေဖြင့် တရားစီရင်ရေးကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ဒေသတွင်း ထိန်းချုပ်နိုင်မှုနှင့် ဩဇာအခွင့်အာဏာ (တရားဝင်ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ) ပိုင်ဆိုင်ထား ရမည် ဟူ၍ ဆိုနိုင်ပါသည်။ ဤအချက်သည် ရောယှက် ထိန်းချုပ်နယ်မြေများမှ အဘယ်ကြောင့်ဖြေဆိုသူအများ၏ ရွေးချယ် ဖြေဆိုလိုခြင်းမရှိသည့် `None´ ကို တုံ့ပြန်ဖြေဆိုမှု ကြောင့်လည်း ဖြစ်နိုင်ပါသည်။

ပုံ (၄.၂) - တရားရေးကိစ္စများနှင့် ပတ်သက်ပြီး မည်သည့် အာဏာပိုင်များနှင့် ဆက်ဆံလိုပါသလဲ



အထက်ပါမေးခွန်းနှင့် ပတ်သက်၍ အမျိုးသမီးများသည် အမျိုးသားများထက် သိသာစွာ `မသိပါ´ ဆိုသည့်တုံ့ပြန်ဖြေဆိုမှုများကိုတွေ့ရပြီး ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင်နှုန်းရှိကာ အမျိုးသားများမှာမူ ၂၁ ရာခိုင်နှုန်းရှိပါသည်။ ထိုအချက်သည် တရားစီရင်ရေးကိုလက်လှမ်းမီမှုနှင့် အာဏာပိုင်များအား သိရှိနိုင်သည့် ဗဟုသုတ စသည်တို့ ကွာခြားနေမှုအား ဖော်ပြနေခြင်း ဖြစ်ပါသည်။ အာဏာပိုင်များအားနိုင်းယှဉ်သည့်မေးခွန်းများနှင့်ဆက်စပ်နေလျှင် ကျားမအရ ဖြေဆိုတုံ့ပြန်မှုများ ကြီးမားစွာကွာခြားမှုရှိသည်ကို သတိပြုနိုင်ပါသည်။ အလားတူစွာရလဒ်များအားကြည့်လျှင် အမျိုးသမီးများ၏ ကေအဲန်ယူဟု၍တိကျစွာရည်ညွှန်းဖြေဆိုမှုသည် ၃၄ ရာခိုင်နှုန်းရှိပြီး အမျိုးသားများမှာတော့ ၄၃ ရာခိုင်နှုန်းရှိသည်ကိုတွေ့ခဲ့ရပြီး အစိုးရ အားတိကျစွာရည်ညွှန်းဖြေဆိုမှုသည်လည်း အမျိုးသားများအောက် အနည်းငယ်လျော့နည်းနေသည်ကိုတွေ့ရပါသည်။ ပုံ ၄.၂ တွင်ဖော်ပြထားသည်အတိုင်း အမျိုးသမီးများ၏ `မသိပါ´ ဆိုသည့်အဖြေကိုဖြေဆိုမှုသည် အစိုးရထိန်းချုပ်နယ်မြေများတွင် ၃၈ ရာခိုင်နှုန်းနှင့် ရောယှက်ထိန်းချုပ်နယ်မြေများတွင် ၃၄ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရပြီး ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင်တော့ ပိုမိုလျော့နည်းကာ ၁၀ ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရပါသည်။ ရောယှက်ထိန်းချုပ် နယ်မြေများတွင် အမျိုးသမီးများသည် အစိုးရ (သို့) ကေအဲန်ယူ ဆိုသည့် တစ်ခုခုကိုရွေးချယ်ဖြေဆို ခြင်းထက် `မသိပါ´ ဆိုသည့်ဖြေဆိုမှုများပိုမိုများပြာပါသည်။ အမျိုးသားများ၏ ကေအဲန်ယူအား လိုလားမှု အပေါ်ရည်ညွှန်းဖြေဆိုမှုသည် ၃၈ ရာခိုင်နှုန်းရှိသော်လည်း အမျိုးသမီး များမှာမူ ၂၇ ရာခိုင်နှုန်း သာရှိပါသည်။ ကရင်လူမျိုးမဟုတ်သည့် အမျိုးသမီးဖြေဆိုသူများသည် အထက်ပါမေးခွန်းအပေါ် `မသိပါ´ ဆိုသည့်တုံ့ပြန်ဖြေဆိုမှုပိုမိုများပြားပြီး ၃၈ ရာခိုင်နှုန်းရှိကာ ကရင်အမျိုးသမီးများမှာ ၃၀ ရာခိုင်နှုန်းရှိပါသည်။[84] အလားတူ တုံ့ပြန်ဖြေဆိုမှုများကို `မည်သည့်အာဏာပိုင်မှ ရပ်ရွာအပေါ် လုံခြုံမှုနှင့် စိတ်ချမှုကို ထိန်းသိမ်းပေးနိုင်သနည်း´ ဆိုသည့် မေးခွန်းတွင်လည်း တွေ့ရပါသည်။ အခန်း ၃.၄ တွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

ယခုစစ်တမ်းကောက်ယူမှုတွင် တရားရေးကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြမှုမရှိသော အိမ်ထောင်စုများစွာရှိခဲ့ပါသည်။ `အကယ်၍ တစ်စုံတစ်ဦးသည် တရားရေးပြဿနာများကြုံတွေ့လျှင် သေးငယ်သောကိစ္စ (သို့) ကြီးမားသောကိစ္စ ဟူ၍ ဆုံးဖြတ်နိုင်ရန် မည်သို့ အာဏာပိုင်တစ်ဖွဲ့ဖွဲ့ထံ သတင်းပို့တင်ပြသနည်း´ ဆိုသည့်မေးခွန်းအား မေးမြန်းခဲ့ပါသည်။[85] အချက်အလက်ကောက်ခံသူများသည် `သေးငယ်သည်´ (သို့) `ကြီးမားသည်´ ဆိုသည့် စကားလုံးဝေါဟာရ အားအဓိပ္ပါယ်ဖွင့်ဆိုမှု မပြုပေးနိုင်သည့်အတွက် မည်သည့်ပြဿနာသည် သေးငယ်သည် (သို့) ကြီးမားသည် ဆုံးဖြတ်ခြင်းကို တိုင်းတာရန်ထက် ကျွမ်းကျင်လိမ္မာစွာဖြင့် ရိုးရှင်းစွာပင် ဖြေဆိုသူများ၏ အာဏာပိုင်များထံ ချဉ်းကပ်လိုမှုကို စုစည်းမေးမြန်းကောက်ယူခဲ့ပါသည်။ ဖြေဆိုသူ ၅၀ ရာခိုင်နှုန်းသည်သာ ကြီးမားသော ကိစ္စပြဿနာများကို အာဏာပိုင်များထံတင်ပြကြသည်ကို သတိပြုမိစရာ အဖြစ်တွေ့ရှိရပါသည်။ ၂၈ ရာခိုင်နှုန်းသည်အဆိုပါကိစ္စရပ်များအား `တိုင်တန်းလေ့မရှိ´ (သို့) `အလွန်တိုင်တန်းလေ့မရှိ´ကြောင်း ဖော်ပြကြပါသည်။ အဆိုပါတွေ့ရှိချက်အနေအထားများအရ ၄င်းနယ်မြေများတွင်နေထိုင်သည့် ပြည်သူလူထုများ ထဲမှ အများအပြားသည် ကြီးမားသော မကျေနပ်ချက်များ (သို့) အမှုကိစ္စရပ်များကိုပင် တိုင်တန်းတင်ပြမှု မပြုလုပ်သည်ကို တွေ့ရပါသည်။

**ပုံ (၄.၃) 'အမှုအခင်း' တစ်ခုအား အာဏာပိုင်တစ်ခုခု (သို့) တာဝန်ရှိသူတစ်ဦးဦးထံ သတင်းပို့မှု အခြေအနေ**




84 For comparison, 25 per cent of men in GoM-controlled areas, 24 per cent of men in mix-controlled areas, eight per cent of men in KNU-controlled areas, 25 per cent of non-Karen men, and 19 per cent of Karen men, said "I don't know" to this question.

85 It should be noted that in Burmese, the term 'case' is a common word for any problem or issue in general and is commonly used in this context.

အာဏာကြီးသော အဖွဲ့များပါဝင်နေသည့် ကိစ္စပြဿနာရပ်များဆိုလျှင် မတင်ပြခြင်း (သို့) မပြော ဆိုခြင်းများကိုအများဆုံးတွေ့ရနိုင်ပါသည်။ KHRGနှင့် KPSNတို့၏အကြိမ်ကြိမ်တွေ့ရှိမှုမှတ်တမ်းများတွင် အထူးသဖြင့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်တို့သည် ဒေသခံပြည်သူများအား သတ်ဖြတ်ခြင်း၊ လိင်ကိစ္စ စော်ကားခြင်း၊ ဖမ်းစီးခြင်း နှင့် ပြင်းထန်စွာ ထိခိုက်ဒါဏ်ရာရရှိစေခြင်း စသည့် ပြစ်မှုများ ကျူးလွန်ကြောင်း ဖေါ်ပြထားပါသည်။ နယ်ခြားစောင့်တပ်များသည် ၄င်းတို့ ကိုယ်ပိုင် တပ်ဖွဲ့ဝင်များအား အတိအကျပုံစံ ဖြင့် ကိုင်တွယ်ရန် တပ်ဖွဲ့တွင်း လုပ်ထုံးလုပ်နည်းများ အားနည်းသည့် အတွက် တရားစီရင်ရေး ကိစ္စရပ်များကို တရားဝင်ဖွဲ့စည်းထားသောတပ်ပိုင်းစစ်ခုံရုံး အားဖြင့် ဆောင်ရွက်နိုင်မှုမျိုး အားနည်းသည်ကို တွေ့ရပါသည်။ အချို့ကိစ္စရပ်များတွင် ကျူးလွန်မှုခံစားခဲ့ရသူ (သို့) ၄င်း၏ မိသားစုအား လျော်ကြေးပေးဆောင်မှုများ ရှိသော်လည်း သမာသမတ်ကျသော လုပ်ထုံးလုပ်နည်းများမရှိဘဲ ကြုံသလို ပေးဆောင်မှုများသာ ရှိသည်ကိုတွေ့ရပါသည်။

**ပုံ (၄.၄) - တရားရေးဆိုင်ရာ 'အမှုအခင်းကြီး' တစ်ခုအား အာဏာပိုင်တစ်ခုခု (သို့) တာဝန်ရှိသူတစ်ဦးဦးထံ သတင်းပို့မှု အခြေအနေ**






လူတစ်ဦး၏နေအိမ်တွင် ဆန်အရက် ချက်လုပ်နေပုံ၊ အများစုသော လူမှုအသိုင်းအဝိုင်းများအတွင်း ဖြစ်ပေါ်နေသော အိမ်တွင်း အကြမ်းဖက်မှုနှင့် အကြမ်းဖက်သော အငြင်းပွားမှုများနှင့် အရက်ကြောင့် မတရားပြုကျင့်မှုအစရှိသည်တို့ အကြား ချိတ်ဆက်မှုရှိနေပါသည်။
© Kim Jolliffe

အမျိုးသမီးများ၏ အမှုကိစ္စများကိုတိုင်တန်းတင်ပြခြင်းသည် အမျိုးသားများ အောက်လျော့နည်းနေသည်ကို တွေ့ရပြီး အစိုးရထိန်းချုပ်နယ်မြေများတွင် အနည်းဆုံး ဖြစ်သည်ကိုတွေ့ရပါသည် (ပုံ ၄.၄)။ ကြီးမားသောကိစ္စရပ်များအား အမျိုးသမီးများ၏ တိုင်တန်းလေ့မရှိမှု သည် အမျိုးသားများထက် နှစ်ဆပိုနေသည်ကို တွေ့ရပါသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီး ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၄ ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသမီးများ၏ တိုင်တန်းလေ့ရှိသည့် အချိုးအစားမှာလည်း အမျိုးသားအောက်လျော့နည်းသည်ကိုတွေ့ရပါသည်။ ရာခိုင်နှုန်း အားဖြင့် အမျိုးသမီး ၃၄ ရာခိုင်နှုန်း ရှိပြီး အမျိုးသားများမှာ ၃၈ ရာခိုင်နှုန်းရှိပါသည်။ အစိုးရထိန်းချုပ်နယ်မြေများမှ ဖြေဆိုသူအမျိုးသမီး ၅၀ ရာခိုင်နှုန်းသည် ကြီးမားသောကိစ္စရပ်များကို တိုင်တန်းလေ့မရှိကြောင်း တွေ့ရ ပြီး ဖြေဆိုမှုအရ ကြည့်လျှင် အလွန်တိုင်တန်းလေ့မရှိ (၁၂ ရာခိုင်နှုန်း) နှင့် တိုင်တန်းလေ့မရှိ (၃၈ ရာခိုင်နှုန်း)

"အမျိုးသမီးများ၏ အမှုကိစ္စများကို တိုင်တန်း တင်ပြခြင်းသည် အမျိုးသားများ အောက်လျော့နည်းနေသည်ကို တွေ့ရပြီး အစိုးရထိန်းချုပ် နယ်မြေများတွင် အနည်းဆုံး ဖြစ်သည်ကို တွေ့ရပါသည်။ ကြီးမားသောကိစ္စရပ်များအား အမျိုးသမီးများ၏ တိုင်တန်းလေ့ မရှိမှုသည် အမျိုးသားများထက် နှစ်ဆပိုနေသည်ကို တွေ့ရပါသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီး ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၄ ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသမီးများ၏ တိုင်တန်းလေ့ရှိသည့် အချိုးအစားမှာလည်း အမျိုးသားအောက် လျော့နည်းသည်ကို တွေ့ရပါသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီး ၃၄ ရာခိုင်နှုန်းရှိပြီး အမျိုးသား များမှာ ၃၈ ရာခိုင်နှုန်း ရှိပါသည်။"

ရှိသည်ကိုတွေ့ရပါသည်။ အမျိုးသားများမှာ အထက်ပါကိစ္စနှင့် ပတ်သက်၍ ၄၄ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပါသည်။ ကေအဲန်ယူ (သို့) ရောယှက် ထိန်းချုပ်နယ်မြေများနှင့် ယှဉ်လျှင် ပို၍ မြင့်မားနေပါသည်။ အစိုးရထိန်းချုပ်နယ်မြေများမှ ဖြေဆိုသူအမျိုးသမီးနှင့် အမျိုးသား များသည် ကြီးမားသောကိစ္စရပ်များအား `အလွန်တိုင်တန်းလေ့ရှိ´ (သို့) `တိုင်တန်းလေ့ရှိ´ ဆိုသည့် အဖြေကို ဖြေဆိုမှုမှာလည်း အနည်းဆုံး ဖြစ်နေသည်ကို တွေ့ရပါသည်။ ကေအဲန်ယူထိန်းချုပ်နယ်မြေတွင် အမျိုးသား နှင့် အမျိုးသမီး တို့သည် `မသိပါ´ ဆိုသည့်အဖြေကို တူညီသောရလဒ် ၂၄ ရာခိုင်နှုန်းစီဖြင့် မြင့်မားသည့် အချိုးအစား ရှိနေသည်ကို တွေ့ရပါသည်။ ရောယှက်ထိန်းချုပ်နယ်မြေများနှင့်ယှဉ်လျှင် မပြတ်သားမှုကို ချန်လှပ်ခဲ့ပါသည်။ ရောယှက်ထိန်းချုပ်နယ်မြေများမှ ဖြေဆိုသူများသည် ပိုမိုတိကျသည့် အဖြေများကို ပေးခဲ့ကြပါသည်။

တရားရေးကိစ္စရပ်များကြုံတွေ့လာလျှင် ကျေးရွာခေါင်းဆောင်မှုသည် အခြေခံအားဖြင့် ဆောင်ရွက်ပေးနိုင်သည့် အခန်းကဏ္ဍတွင်ရှိနေပါသည်။ အထူးသဖြင့် သေးငယ်သော ကိစ္စများတွင် ဖြစ်ပါသည်။ ဖြေဆိုသူများ၏ ကိစ္စပြဿနာများကို တိုင်တန်းမှု တွင် အလွန်တိုင်တန်းလေ့ရှိ(သို့) တိုင်တန်းလေ့ရှိ (သို့) တိုင်တန်းလေ့ရှိမှု နှင့် တိုင်တန်းမှုမရှိသည့် ကြားနေ ဆိုသည့် ဖြေဆိုခဲ့သူများအား ကိစ္စရပ်များကို တိုင်တန်းရာတွင် မည်သို့ ဦးစွာသွားရောက်လေ့ရှိသည် ကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများသည် အဖြေများစွာကို ပေးနိုင်ရန်စီစဉ်ခဲ့ပါသည်။ အာဏာပိုင်များမှအစ အိမ်ထောင်စုဝင်များနှင့် သက်ကြီးသူများထိ ပါဝင်ပါသည်။ သေးငယ်သောအမှုကိစ္စများအတွက် ဖြေဆိုသူများမှ ၉၈ ရာခိုင်နှုန်းသည် ကျေးရွာခေါင်းဆောင်ထံ သွားရောက်တိုင်တန်းတင်ပြမှုရှိကြောင်း ဖေါ်ပြကြပါသည်။ ထိုသူများထဲမှ ၉၆ ရာခိုင်နှုန်းသည် ကျေးရွာခေါင်းဆောင် ကိုသာ ၎င်းတို့ အဖြေတွင် တစ်ခုတည်း ထည့်သွင်းဖြေဆိုကြပါသည်။ ကြီးမားသောအမှုကိစ္စများအတွက်ကြည့်လျှင် ဖြေဆိုသူ ၉၈ ရာခိုင်နှုန်းသည် ကျေးရွာခေါင်းဆောင်ထံ သွားရောက်တိုင်တန်းတင်ပြမှုရှိကြောင်း ဖေါ်ပြကြပြီး ထိုသူများထဲမှ ၇၆ ရာခိုင်နှုန်းသည် ကျေးရွာခေါင်းဆောင် တစ်ခုတည်း သောအဖြေကိုသာ ထည့်သွင်းဖြေဆိုကြသည်ကို တွေ့ရပါသည်။

ကျေးရွာခေါင်းဆောင်ပြီးလျှင် သေးငယ်သောအမှုကိစ္စများအတွက် သက်ကြီးသူများထံ ဦးစွာသွားရောက်တင်ပြသည်ဆိုသော အဖြေသည် ဒုတိယအများဆုံးဖြစ်ပြီး ကြီးမားသောအမှုကိစ္စများအတွက်ကိုတော့ ကေအဲန်ယူအဖွဲ့စည်း (သို့) အစိုးရ အဖွဲ့စည်း များထံသို့ သွားရောက်မှု ပိုများသည်ကို တွေ့ရပါသည်။ သေးငယ်သောအမှုကိစ္စများအတွက် သက်ကြီးသူများထံသွားရောက်သည်ဆိုသည့် အဖြေအား ဖြေဆိုသူ ၁၉ ဦး (၂.၂ ရာခိုင်နှုန်း) ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ (သို့) အခြားအစိုးရဌာနများထံသို့ ၁၄ ဦး (၁.၃ ရာခိုင်နှုန်း) [86] နှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့ (သို့) အခြားကေအဲန်ယူဌာနများ ထံသို့ ၁၁ဦး (၁.၃ရာခိုင်နှုန်း) ရှိကြောင်းတွေ့ရပါသည်။ [87] ကြီးမားသောအမှုကိစ္စများအတွက် တိုင်တန်းမှုတွင် ကျေးရွာခေါင်းဆောင်ထံ ၉၇.၅ ရာခိုင်နှုန်း၊ ကရင်အမျိုးသားရဲတပ်ဖွဲ့ (သို့) အခြားကေအဲန်ယူ ဌာနထံသို့ ၁၂.၂ ရာခိုင်နှုန်း နှင့် ၈ ရာခိုင်နှုန်း သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (သို့) အခြားအစိုးရဌာန ထံသို့ သွားရောက်ကြောင်း ဖေါ်ပြကြပါသည်။

**ပုံ (၄.၅) - တရားရေးဆိုင်ရာ 'အမှုအခင်းကြီး' အား ဦးဆုံး သတင်းပို့သော နေရာ (အရေအတွက်=၁၀၅၁၊ အဖြေ တစ်ခုထက်မက ဖြေနိုင်သည်)**




86 Eight respondents said MPF, and four said "other GoM body".
87 Two said KNPF, and nine said "other KNU body".

"ကေအဲန်ယူ ထိန်းချုပ် နယ်မြေများမှ ပြည်သူများအတွက် ကြီးမားသော အမှုကိစ္စများတွင် တိုင်တန်း နိုင်ရန် ကျေးရွာ ခေါင်းဆောင် အပြင် အခြားရွေးချယ်စရာ လမ်းကြောင်းများရှိပါသည်"

ကေအဲန်ယူထိန်းချုပ်နယ်မြေများမှ ပြည်သူများအတွက် ကြီးမားသောအမှုကိစ္စများတွင် တိုင်တန်းနိုင်ရန် ကျေးရွာခေါင်းဆောင်အပြင် အခြားရွေးချယ်စရာ လမ်းကြောင်းများရှိပါသည် (ပုံ ၄.၆)။ အဆိုပါနယ်မြေများမှ ဖြေဆိုသူများအား အထက်ပါမေးခွန်းအားမေးမြန်းရာတွင် ၁၄.၄ ရာခိုင်နှုန်းသည် ကြီးမားသောအမှုကိစ္စများအတွက် ကရင်အမျိုးသားရဲတပ်ဖွဲ့ ထံသို့တိုင်တန်းမှုပြုကြောင်း ဖြေဆိုကြပြီး ၁၀.၄ ရာခိုင်နှုန်းသည် အခြားကေအဲန်ယူဌာန/အဖွဲ့များ ထံသို့ တိုင်တန်းမှုပြုကြောင်း ဖြေဆိုသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ၄င်းဒေသမှ ဖြေဆိုသူ ၂၀ ရာခိုင်နှုန်းသည် ကျေးရွာအုပ်စုခေါင်းဆောင်ထံသို့ တိုင်တန်းတင်ပြလေ့ရှိသည်ကို ဖြေဆိုကြပြီး ၇.၅ ရာခိုင်နှုန်းသည် ကျေးရွာ (သို့) ကျေးရွာအုပ်စုလုံခြုံရေး (သို့) တရားစီရင်ရေးအတွက်ခန့်အပ်ခံရသူ (ကေအဲန်ယူဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း တရားဝင်ထည့်သွင်းဖော်ပြထားသော နေရာ) ထံသို့ သွားရောက်တိုင်တန်းကြောင်း ဖော်ပြကြပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်တန်းကြောင်းဖော်ပြမှုကိုကြည့်လျှင် အစိုးရထိန်းချုပ်နယ်မြေများတွင် ၁၀.၈ ရာခိုင်နှုန်း နှင့် ရောယှက်ထိန်းချုပ်နယ်မြေများတွင် ၆.၆ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရပါသည်။ ရောယှက်ထိန်းချုပ်နယ်မြေများတွင် ကရင်အမျိုးသားရဲတပ်ဖွဲ့ (သို့) အခြားကေအဲန်ယူဌာနများကိုထည့်သွင်းဖော်ပြခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (သို့) အခြားအစိုးရဌာနများ ကိုဖော်ပြသည်ထက်ပိုများသည်ကိုလည်းတွေ့ရပါသည်။ ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် ကရင်အမျိုးသား ရဲတပ်ဖွဲ့အား ထည့်သွင်းဖော်ပြမှုသည် အခြားကေအဲန်ယူဌာနများထက်ပိုများပြားပြီး ရောယှက်ထိန်းချုပ်နယ်မြေများတွင်မူ ထိုပုံစံနှင့် ပြောင်းပြန်အနေအထားပြန်လည် တွေ့ရှိရပါသည်။ အဆိုပါတွေ့ရှိမှုကိုကြည့်ခြင်းအားဖြင့် ကရင်အမျိုးသားရဲတပ်ဖွဲ့အား ကေအဲန်ယူလွှမ်းမိုးသောဒေသများတွင် အားကောင်းစွာ တည်ဆောက်ထားနိုင်ပြီး အခြားဒေသများတွင် အားနည်းနေသည်ကိုတွေ့မြင် နိုင်ပါသည်။ ထိုအချက်သည် တရားရေးတာဝန်ယူမှုများသည် အခြားဌာန အဖွဲ့အစည်းများအပေါ်ကြရောက်သွားတတ်သည် ကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

**ပုံ (၄.၆) - တရားရေးဆိုင်ရာ 'အမှုအခင်းကြီး' အား ဦးဆုံး သတင်းပို့သော နေရာ (နယ်မြေအမျိုးအစားအလိုက်)**




ဖြေဆိုသူများအား တရားရေးကိစ္စရပ်များ လက်လှမ်းမီရန်အတွက် မည်သည့်အရာများသည် အတားအဆီးဖြစ်စေခဲ့သနည်း ဆိုသည့် အတွေ့အကြုံများကို မေးမြန်းရာ တုံ့ပြန်ဖြေဆိုမှုနှုန်းမှာ နည်းပါးသည်ကို တွေ့ရပါသည်။ မေးခွန်းအချို့တွင် တွေ့ရှိခဲ့ရသလို အထူးသဖြင့် အာဏာပိုင်များအား ဝေဖန်ရန် တုံ့ဆိုင်းကြသောကြောင့် ဖြစ်နိုင်ပါသည်။ သို့သော် ဖြေဆိုသူအနည်းငယ်သာ ၄င်းတို့ရရှိနိုင်သည့် တရားစီရင်ရေးစနစ်ကို ဖော်ပြနိုင်ရန် ကြိုးစားကြခြင်းကြောင့်လည်းဖြစ်နိုင်သည့်နည်းတူ အဆိုပါကိစ္စရပ်များအတွက် ဖြေဆိုရန်အမြင်နည်းပါးခြင်း (သို့) မေးခွန်းမှာ ၄င်းတို့နှင့် အလှမ်းကွာနေခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

**ပုံ (၄.၇) - အာဏာပိုင်တစ်ခုချင်းစီအလိုက် တရားမျှတမှုရရှိရန် ရှိနေသော အတားအဆီးများ အမျိုးအစား**



> "အစိုးရ တရားရေးစနစ်နှင့် ပတ်သက်၍ အဓိက အတားအဆီး များမှာ ငွေကုန်ကျမှုမြင့်မားခြင်း (၅၆ ရာခိုင်နှုန်းမှ ထည့်သွင်း ဖြေဆို)၊ ပုဂ္ဂိုလ်ရေးရာ ဆက်သွယ်မှု အားနည်းခြင်း (၄၄ ရာခိုင်နှုန်း)၊ သက်ဆိုင်သည့် အာဏာပိုင်ရုံးသို့ ရောက်ရှိရန် ခရီးကွာဝေးစွာ သွားရခြင်း (၄၄ ရာခိုင်နှုန်း)၊ အချိန်ပေးရခြင်း (၃၈ ရာခိုင်နှုန်း)နှင့် အာဏာပိုင်၏ လုပ်ပိုင်ခွင့် သတင်းအချက် အလက် သိရှိမှုအားနည်းခြင်း စသည်တို့ဖြစ်ပါသည်"

စုစုပေါင်းအနေဖြင့်ကြည့်လျှင် အတားအဆီး ၁၀၀၅ ခုကို ဖြေဆိုသူ ၁၂၃ ဦး (အမျိုးသမီး ၆၅ ဦးဖြစ်ပြီး အမျိုးသား ၅၈ ဦး) မှ ထည့်သွင်းဖော်ပြခဲ့ကြပါသည်။ အတားအဆီးများဖော်ပြမှု အကြားတွင် အစိုးရနှင့်ဆက်စပ်၍ ၆၄ ရာခိုင်နှုန်း နှင့် ၃၂ ရာခိုင်နှုန်းသည် ကေအဲန်ယူနှင့် ဆက်စပ်သည်ဟူ၍ မှတ်ယူကြပါသည် (ပုံ ၄.၈)။ သေးငယ်သည့်အနေအထားရလဒ်ကြောင့် ကေအဲန်ယူနှင့်နှိုင်းယှဉ်လျှင် အစိုးရ တရားစီရင်ရေးစနစ်အား လက်လှမ်းမှီမှုအတွက် အတားအဆီးကြီးမားစွာ ပိုမိုရှိနေသည်ဟူ၍ ကောက်ချက်ချဖော်ပြ၍တော့ ရမည်မဟုတ်ပေ။ အာဏာပိုင်အဖွဲ့များနှင့်တွဲလျက် အတားအဆီးများ ပုံစံအမျိုးအစားအလိုက် ကိုယ်စီရှိနေသည်ကို တွေ့ရပါသည်။ အစိုးရ တရားရေးစနစ်နှင့်ပတ်သက်၍ အဓိကအတားအဆီး များမှာ ငွေကုန်ကျမှုမြင့်မားခြင်း (၅၆ ရာခိုင်နှုန်းမှ ထည့်သွင်းဖြေဆို)၊ ပုဂ္ဂိုလ်ရေးရာ ဆက်သွယ်မှုအားနည်းခြင်း (၄၄ ရာခိုင်နှုန်း)၊ သက်ဆိုင်သည့်အာဏာပိုင်ရုံးသို့ ရောက်ရှိရန် ခရီးကွာဝေးစွာ သွားရခြင်း (၄၄ ရာခိုင်နှုန်း)၊ အချိန်ပေးရခြင်း (၃၈ ရာခိုင်နှုန်း)နှင့် အာဏာပိုင်၏ လုပ်ပိုင်ခွင့် သတင်းအချက်အလက် သိရှိမှုအားနည်းခြင်း စသည်တို့ဖြစ်ပါသည် (ပုံ ၄.၈)။ အဆိုပါ အတားအဆီး ပုံစံများသည် အစိုးရနှင့် ကေအဲန်ယူ နှစ်ဘက်လုံးတွင် တွေ့ရှိနိုင်ပါသည်။ သို့သော် အဆိုပါအတားအဆီးများနှင့်ဆက်စပ်၍ အစိုးရအားထည့်သွင်းဖော်ပြကြမှုသည် ကေအဲန်ယူထက် များစွာပိုများသည်ကို တွေ့ရပါသည်။

**ပုံ (၄.၈) - အစိုးရသို့မဟုတ် ကေအဲန်ယူထံမှ တရားမျှတမှုရရှိရန် ရှိနေသော အတားအဆီးများ**




'အာဏာပိုင်များအား အမှုကိစ္စရပ်များတိုင်တန်းတင်ပြရာတွင် အမျိုးသမီးများသည် အမျိုးသားများ ထက်ပိုမိုခက်ခဲသည်' ဆိုသည့် ဖော်ပြချက်နှင့်ပတ်သက်၍ ဖြေဆိုသူ ၈ ရာခိုင်နှုန်းသည် 'သဘောတူ' ကြပြီး ၆၀ ရာခိုင်နှုန်းမှာ 'သဘောမတူ' နှင့် 'အလွန်သဘောမတူ' ဆိုသည့် တုံ့ပြန်မှုကို ဖော်ပြကြပါသည်(ပုံ ၄.၉)။ အမျိုးသားများသည် ထိုဖော်ပြချက်အပေါ် သဘောမတူညီမှုမှာ အမျိုးသမီးများထက် အနည်းပိုသည်ကိုတွေ့ရပါသည်။ အမှန်တကယ်တွင် KWO ၏ အတွေ့အကြုံအရ အမျိုးသမီးများသည် တရားရေးလက်လှမ်းမှီမှု အခက်အခဲများတွေ့ကြုံရလေ့ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ကျားမအခြေပြုအကြမ်းဖက်မှုများတွင် ဖြစ်ပါသည်။ အဆိုပါကိစ္စပြဿနာများအား ကျေးရွာခေါင်းဆောင်များသည် သေးငယ်အောင်ပြုလုပ်တတ်ကြပြီး အရေးမကြီးသည့် ကိစ္စရပ်အဖြစ်လည်း သတ်မှတ် တတ်ကြပါသည်။ အထက်ပါတုံ့ပြန်ဖြေဆိုမှုရလဒ်များပေါ်ထွက်လာခြင်းသည် တရားရေး ကိစ္စရပ်များဆောင်ရွက်နိုင်သည့် အတွေ့အကြုံများနည်းပါးခြင်းကြောင့်ဖြစ်နိုင်သည့်နည်းတူ အာဏာပိုင်များအား အနုတ်သဘောဆောင်သည့် အကဲဖြတ်မှုများမပြုလုပ်လိုခြင်း များကြောင့်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အာဏာပိုင်များထံ တရားရေးကိစ္စရပ်များတိုင်တန်းဆောင်ရွက်ခဲ့သည့် ဖြေဆိုသူအမျိုးသမီး ၇၇ ဦးသည် အထက်ပါပုံစံအသွားအလာ အတိုင်းဖြေဆိုမှုကိုတွေ့ရှိခဲ့ရပါသည်။ ထို ၇၇ ဦးတွင် အထက်ပါဖော်ပြချက်ကို သဘောတူသူမှာ ၅ ဦးသာရှိပြီး သဘောမတူသူမှာ ၄၄ ဦး နှင့် လုံးဝသဘောမတူသူမှာ ၄ ဦး ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ [88]

88 In addition, three were "neutral", six said they "don't know" or "prefer not to answer", and 16 had no recorded response.

ပုံ (၄.၉) - အမှုအခင်းများအား သတင်းပို့ရန် အမျိုးသားများထက် အမျိုးသမီးများတွင် ခက်ခဲမှု ပိုမိုရှိနေသလား




## ၄.၂ အမှန်တကယ်ဖြစ်ခဲ့သော တရားစီရင်ရေးကိစ္စရပ်များ

### အဓိကတွေ့ရှိချက်များ

- ဖြေဆိုသူ ၇ ရာခိုင်နှုန်းသည် တရားရေးကိစ္စရပ်များအား အာဏာပိုင်များထံ တိုင်တန်းတင်ပြခဲ့ပါသည်။ အမျိုးသမီး အနည်းငယ်ပိုများပါသည်။
- ကျယ်ပြန့်စွာပျံ့နှံ့ နေမှု အနေအထားကို ညွှန်းဆို၍မရသော်လည်း မြေယာပြဿနာနှင့် အိမ်တွင်းပြဿနာ (သို့) အကြမ်းဖက်မှု များမှာ အများဆုံးတွေ့ရှိရသည့် ပြဿနာကိစ္စရပ်များဖြစ်သည်။
- ပြဿနာကိစ္စရပ်များ၏ ၈၂ ရာခိုင်နှုန်းသည် ကျေးရွာခေါင်းဆောင်ထံသို့ဦးစွာ သွားရောက် တင်ပြတိုင်တန်းကြပြီးကိစ္စရပ်အများစုသည်ထိုအဆင့်တွင်အပြည့်အ၀(သို့)အခြေအနေတစ်ခုခုရောက်ရှိအောင် ဖြေရှင်းနိုင်ခဲ့သလို အမှုကိစ္စ ပိတ်သိမ်းခြင်းများရှိသည်ကို တွေ့ရပါသည်။
- တင်ပြခဲ့သော အမှုကိစ္စ ၄၂ မှုတွင် အစိုးရအားတင်ပြတိုင်တန်းမှုမှာ အမှုကိစ္စ ၂ မှု သာပါ၀င်ပြီး အများစုမှာ ကေအဲန်ယူ ထိန်းချုပ်နယ်မြေများ နှင့် ကေအဲန်ယူထံတင်ပြတိုင်တန်းခဲ့သည့် အမှုကိစ္စရပ်များ ဖြစ်နေခြင်းသည် ကေအဲန်ယူ၏ အမှုကိစ္စဆိုင်ရာလုပ်ထုံးလုပ်နည်း ပိုမိုကောင်းစွာ ရှိနေသည်ကို ညွှန်ပြနေမှု ဖြစ်ပါသည်။
- အမှုကိစ္စတိုင်တန်းတင်ပြခဲ့သူများမှ အများစုသည် အမှုကိစ္စအတွက် ဆုံးဖြတ်ချက် ထွက်ပေါ်ခဲ့မှုအပေါ် ကျေနပ်မှုရရှိခဲ့သည် (သို့) အလွန်ကျေနပ်မှုရရှိခဲ့သည် ဟူ၍ ဖော်ပြကြပြီး အနည်းငယ်သာ ကျေနပ်မှုမရှိ ဟူ၍ ဖြေဆိုကြပါသည်။

ဤအပိုင်း၏ နိဒါန်းပိုင်းတွင် ပါရှိခဲ့သည်အတိုင်း အစိုးရ နှင့် ကေအဲန်ယူ တို့၏ တရားစီရင်ရေးစနစ်သည် ကျေးရွာခေါင်းဆောင်များအား သေးငယ်သောအမှုကိစ္စရပ်များကို ဖြစ်နိုင်သမျှ ကိုင်တွယ်ဖြေရှင်းမှုကို အားပေးပြီး ဖြေရှင်းရန်ပိုမိုခက်ခဲ၍အရေးကြီးသောအမှုကိစ္စများကို အထက်အာဏာပိုင်များသို့ ဆက်လက် တင်ပြဆောင်ရွက်သွားသည့် ပုံစံဖြစ်ပါသည်။ ကေအဲန်ယူစနစ်တွင် အစိုးရနှင့် မတူညီသည်မှာ ကျေးရွာခေါင်းဆောင်များအား တိတိကျကျ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ပြစ်ဒဏ်ချမှတ်နိုင်သည့် အခွင့်အာဏာ နှင့် အထက်အာဏာပိုင်များထံ အမှုလွှဲပြောင်း ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အထက်အာဏာပိုင်များထံ အမှုလွှဲပြောင်းရာတွင် အမှုအတိုင်းအတာအပေါ်မူတည်၍ မည်သည့်ပြစ်မှုကို မည်သည့်တရားရုံးသို့ လွှဲပြောင်းရမည်ဆိုသည့် သတ်မှတ် ပြဋ္ဌာန်းထားမှုများလည်း ပါ၀င်ပါသည်။ အစိုးရစနစ်တွင် ရှင်းရှင်းလင်းလင်းဖော်ပြထားမှုများမရှိပေ။ ကျေးရွာခေါင်းဆောင်များကိုလည်း ပြစ်ဒဏ်ပေးပိုင်ခွင့် ပေးအပ်ထားခြင်းမရှိသလို အမှုကိစ္စများလွှဲပြောင်းပေးနိုင်ရန် လုပ်ထုံးလုပ်နည်းလည်း ကောင်းစွာမရှိပေ။ နှစ်ဘက်လုံးတွင် ကျေးရွာခေါင်းဆောင်များသည် ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ကို လက်ခံစေခြင်း၊ လျော်ကြေးပေးစေခြင်း နှင့် ထပ်မံကျူးလွန်မှုမရှိရန် ကတိ၀န်ခံချက်ပြုစေခြင်း တို့အတွက် လုပ်ဆောင်နိုင်သည့်သြဇာအာဏာသည် အဓိကပုံစံဖြစ်နေသည့်အတွက် အထက်သို့အမှုလွှဲပြောင်းမည့် ခြိမ်းခြောက်မှု များ အသုံးပြုလိုကြသည်ကိုတွေ့ရသည်။[89]

ပုံ (၄.၁၀) - အမှုအခင်းတစ်ခုအား ရင်ဆိုင်ခဲ့ဘူးသော ဖြေဆိုသူများ (အရေအတွက်=၁၄၇)




ဖြေဆိုသူ ၁၄၇ ဦး ( စုစုပေါင်းဖြေဆိုသူ၏ ၇ ရာခိုင်နှုန်း) သည် `အမှုကိစ္စအတွက် အာဏာပိုင် (သို့) အခြားတာ၀န်ရှိပုဂ္ဂိုလ်တစ်ဦးဦး မှ ဖြေရှင်းပေးရန် လိုအပ်သည့် အတွေ့အကြုံ´ ရှိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုကဲ့သို့ဖော်ပြဖြေဆိုခဲ့သူများမှ ၇၇ဦး (၅၂ ရာခိုင်နှုန်း) သည်အမျိုးသမီးများဖြစ်ကြပြီး (ပုံ - ၄.၁၀) ၇၀ ဦးမှာ အမျိုးသားများ ဖြစ်ကြကာ အမှုကိစ္စ ၁၄၃ မှု အား အသေးစိတ်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။[70] ထိုအမှုကိစ္စများမှ ၄၁ မှု ( ၂၉ ရာခိုင်နှုန်း) သည် အိမ်နီးချင်းများနှင့်မြေယာ

89 Kyed (2018), Saferworld, forthcoming.

90 No further answers were recorded for four of the 147 respondents who stated that they had had to settle some kind of case with an authority.

အငြင်းပွားမှု၊ ၂၆ မှု ( ၁၈ ရာခိုင်နှုန်း) သည် အိမ်တွင်းအကြမ်းဖက်မှု၊ ၂၀ မှု ( ၁၄ ရာခိုင်နှုန်း) သည် မူးယစ်ဆေး (သို့) အရက် နှင့် ၁၄ မှု ( ၉ ရာခိုင်နှုန်း) သည် အကြွေး (သို့) ရပ်ရွာအကြားပြဿနာများ ဖြစ်ကြပါသည်(ပုံ ၄.၁၁)။ အမှု ၁၀ မှု (၇ ရာခိုင်နှုန်း) မှာ အိမ်ထောင်ဖေါက်ပြန်မှု (သို့) လိင်မှုပိုင်း ဆိုင်ရာအမှုများ ဖြစ်ပါသည်။[91] အမှန်တကယ်တွင် ဖြစ်ပျက်ခဲ့သည့်လိင်ပိုင်ဆိုင်ရာ အဓမ္မကျင့်မှုများ သည်တင်ပြခဲ့မှုများထက် ပိုမိုမြင့်မားနိုင်သည်ကို KWO အဖွဲ့မှ ခန့်မှန်းပါသည်။ အဆိုပါပြဿနာ များသည် ထုံးတမ်းစဉ်လာအရ အဓမ္မမှုကျင့်မှုဟူ၍ သတ်မှတ်ခြင်းများမရှိဘဲ သေးငယ်သွားစေခြင်း (သို့) အရေးမကြီးသည့် ပြဿနာအဖြစ် မှတ်ယူကြပါသည်။

“ဖြေဆိုသူ ၁၄၇ ဦးသည် `အမှုအခင်း အတွက် အာဏာပိုင်[11] (သို့) အခြားတာဝန်ရှိ ပုဂ္ဂိုလ် တစ်ဦးဦးမှ ဖြေရှင်းပေးရန် လိုအပ် သည့် အတွေ့အကြုံ´ ရှိခဲ့ကြောင်း ဖေါ်ပြခဲ့ပါသည်။ မှတ်တမ်းတင် ထားသော အမှုကိစ္စများမှ ၄၁ မှု (၂၉ ရာခိုင်နှုန်း) သည် အိမ်းနီးချင်း များနှင့် မြေယာ အငြင်းပွားမှု၊ ၂၆ မှု ( ၁၈ ရာခိုင်နှုန်း) သည် အိမ်တွင်း အကြမ်းဖက်မှု၊ ၂၀ မှု ( ၁၄ ရာခိုင် နှုန်း) သည် မူးယစ်ဆေး (သို့) အရက် နှင့် ၁၄ မှု ( ၉ ရာခိုင်နှုန်း) သည် အကြွေး (သို့) ရပ်ရွာအကြား ပြဿနာများ ဖြစ်ကြပါသည။ အမှု ၁၀ မှု (၇ ရာခိုင်နှုန်း) မှာ အိမ်ထောင်ရေး ဖေါက်ပြန်မှု (သို့) လိင်မှုပိုင်း ဆိုင်ရာအမှုများ ဖြစ်ပါသည်။”

**ပုံ (၄.၁၁) - အမှုအခင်းများတွင် မည်သည့် အကြောင်းအရာများပါဝင်သလဲ၊ (၁၄၃ ခုအား ပြည်စုံစွာ မှတ်တမ်းတင် ခဲ့သည်၊ အဖြေအား တစ်ခုထက်ပိုဖြေနိုင်သည်။)**




ဤလေ့လာတွေ့ရှိမှုသည် ပြစ်မှုကိစ္စတစ်ရပ်တိုင်းစီ၏ အားလုံးခြုံငုံ ပျံ့နှံ့တည်ရှိနေမှု အပေါ် ကိုယ်စားပြုမှု မရှိနိုင်ပေ။ ပထမအချက်အနေဖြင့် ဖြေဆိုသူများ ဖေါ်ပြခဲ့သည့်အတိုင်း အမှုကိစ္စများအား တိုင်းတန်းတင်ပြမှု ရှားပါးခြင်းကြောင့် ယခုတွေ့ရှိမှုသည် အမှန်တကယ် အမှုကိစ္စဖြစ်ပွားခြင်းထက် လျော့နည်းနေမည်ဖြစ်ပြီး ပျံ့နှံ့ ဖြစ်ပွားနေသည့် တိတိကျကျ ပြစ်မှုများ အားလည်း ညွှန်ပြနိုင်မည်မဟုတ်ပေ။ နောက်အချက်အနေဖြင့် အမှုကိစ္စများတိုင်တန်းမှုကိုတိကျစွာတင်ပြခဲ့သည့် ဖြေဆိုသူများအား ပို၍ ကျယ်ပြန့်သော ကိုယ်စားပြုမှုရှိသော ရွေးချယ်မှု နည်းစနစ်များဖြင့် အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါသည်။ သို့သော်ငြားလည်း ယခုတွေ့ရှိမှုသည် ဖြစ်ပျက်နေသည့်ပြ ပစ်မှုအမျိုးအစားများ နှင့် ကိုင်တွယ်ဖြေရှင်းမှုများကိုတော့ လျှပ်တစ်ပြက် ကြည့်ရှုနိုင်ရန် အထောက်အပံ့ပေးနိုင်ပါသည်။

**ပုံ (၄.၁၂) - သင့်အနေနဲ့ အမှုအခင်းတစ်ခုအတွက် ဘယ်နေရာမှာ အဦးဆုံး အစီရင်ခံပါသလဲ၊**




91 Adultery is technically a crime under KNU law, though it is reportedly still often treated by local authorities as like a civil incident by local authorities.




မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စစ်တမ်းကောက်ယူမှုတွင် တွေ့ရသော သတင်းပို့ခဲ့သည် ဆိုသည့် အမှုပေါင်း ၁၄၃ ခုတွင်၊ ၉.၆ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ တိုက်ရိုက်သတင်းပို့ခဲ့ခြင်းဖြစ်သည်။ ၄င်းအမှုအားလုံးအားGoM ၏ တရားဝင် တရားရုံးများသို့ ညွှန်းပို့ခဲ့ခြင်းမရှိပါ။
© 2013; Flickr commons

"အမှုအခင်း ၁၁၇ မှု (၈၂ ရာခိုင်နှုန်း) တွင် ဖြေဆိုသူများသည် အမှုအခင်းအတွက် ကျေးရွာခေါင်းဆောင်ထံ ဦးစွာသွားရောက် တိုင်တန်းတင်ပြကြောင်း ပြောဆိုခဲ့ပါသည်၊ အမှုအခင်းအများစု (၆၁ ရာခိုင်နှုန်း) သည် ပထမအဆင့်မှာပင် အပြည့်အဝ (သို့) အနေအထား တစ်ခုအထိ ဖြေရှင်းနိုင်ခဲ့သည်။ ဆောင်ရွက်ခဲ့ပြီးသော သုတေသန တွေ့ရှိချက်များအရ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက် ဒေသများတွင် အမှုအခင်းများအား တတ်နိုင်သမျှ ကျေးရွာဒေသ အဆင့်၌သာ ဖြေရှင်းကြသည်ကို အတည်ပြုနိုင်ပါသည်။"

အမှုကိစ္စ ၁၁၇ မှု (၈၂ ရာခိုင်နှုန်း) တွင် ဖြေဆိုသူများသည်အမှုကိစ္စအတွက် ကျေးရွာခေါင်းဆောင်ထံ ဦးစွာသွားရောင် တိုင်တန်းတင်ပြကြောင်း ပြောဆိုခဲ့ပါသည် (ပုံ ၄.၁၂)။ အမျိုးသမီးများ၏ ကျေးရွာခေါင်းဆောင်ထံ ဦးစွာသွားရောင် တိုင်တန်းတင်ပြမှုသည် အမျိုးသားများထက် အနည်းငယ်ပိုများပါသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီးများမှာ ၈၃ ရာခိုင်နှုန်းရှိပြီး အမျိုးသားများမှာ ၇၉ ရာခိုင်နှုန်းရှိပါသည်။ အမှုကိစ္စ ၁၁ မှု (၇.၇ ရာခိုင်နှုန်း)သည် တိုက်ရိုက်အစိုးရအဖွဲ့ထံတိုင်တန်းတင်ပြမှုဖြစ်ပြီး ထိုအထဲမှ ၉ မှု (၇ မှုမှာအမျိုးသမီးတိုင်တန်းမှု) မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှင့် ၂ မှုမှာ အခြားအစိုးရဌာနများသို့ တိုင်တန်းခြင်းဖြစ်သည်။ အမှုကိစ္စ ၈ မှု (၅.၆ ရာခိုင်နှုန်း)သည် တိုက်ရိုက် ကေအဲန်ယူအဖွဲ့ထံသို့ တိုင်တန်းတင်ပြမှုဖြစ်ပြီး ထိုအထဲမှ ၂ မှု မှာ ကရင်အမျိုးသား ရဲတပ်ဖွဲ့ နှင့် ၆ မှုမှာ အခြားကေအဲန်ယူဌာနများသို့ တိုင်တန်းခြင်းဖြစ်သည် ကိုတွေ့ရှိရပါသည်။

အမှုကိစ္စအများစု (၆၁ ရာခိုင်နှုန်း) သည် ပထမအဆင့်မှာပင် အပြည့်အဝ (သို့) အနေအထားတစ်ခုအထိ ဖြေရှင်းနိုင်ခဲ့သည်။ သို့သော် ဆက်လက်ဆောင်ရွက်ခြင်းမရှိပေ။ အမှုကိစ္စ ၄ ရာခိုင်နှုန်းမှာတော့ ဖြေရှင်းနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း ဖေါ်ပြကြပါသည်။[92] KPSN လေ့လာဆန်းစစ် နှင့် တည်ရှိနေသည့် သုတေသန ပြုလုပ်ထားမှုများအရ တရားစီရင်ရေးအား ဒေသတွင်းအဆင့်မှာ ကိုင်တွယ်ဖြေရှင်းခြင်းကို အလွန် လိုလားမှုများပြားကြသည်ကို တွေ့ရပါသည်။ နိုင်ငံတစ်ဝှမ်းလုံးတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ သို့သော်လည်း အခန်း ၄.၁ တွင်ဆွေးနွေးခဲ့သည့်အတိုင်း အစိုးရစနစ်တွင် ကျေးရွာများမှ အမှုကိစ္စရပ် များအား တရားဝင်လွှဲပြောင်းသည့် လုပ်ထုံးလုပ်နည်းကောင်းစွာမရှိသလို ကေအဲန်ယူစနစ်တွင်လည်း လက်တွေ့ဆောင်ရွက်သည့်အခါ လုပ်ငန်းစဉ်သတ်မှတ်ထားသည့်အတိုင်း လိုက်နာမှုဆောင်ရွက်မှုအားနည်းသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် အဓမ္မကျင့်မှု ကိစ္စပြဿနာများတွင် ရံဖန်ရံခါ ကျေးရွာခေါင်းဆောင်များမှ လွှဲမှားစွာသတ်မှတ်ခြင်းများရှိသလို ထပ်ဆင့်လွှဲပြောင်းခြင်းများ မပြုလုပ်ဘဲ ကျေးရွာတွင်း၌သာ ကိုင်တွယ်ဖြေရှင်းမှုများလည်းရှိပါသည်။ တစ်ခါတစ်ရံ တွင် ထုံးတမ်းစဉ်လာ အလေ့အထများဖြင့် ဖိနှိပ်မှုများလည်းတွေ့ရပါသည်။ ရပ်ရွာ၏ဂုဏ်သိက္ခာနှင့် ရပ်ရွာအတွင်း မညီညွတ် မှုများဖြစ်ပေါ်မှုကို ကာကွယ်ရန်အကြောင်းပြ၍ အဓမ္မကျင့်ခံရသူအား ကျူးလွန်သူနှင့် လက်ထပ်စေခြင်းကဲ့သို့သောဖြစ်စဉ်များ ရှိသည်ကိုလည်းတွေ့ရပါသည်။

ဆောင်ရွက်ခဲ့ပြီးသော သုတေသနတွေ့ရှိချက်များအရ အထူးသဖြင့်မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင် အမှုကိစ္စများအား တတ်နိုင်သမျှ ကျေးရွာဒေသအဆင့်၌သာ ဖြေရှင်းကြသည်ကို အတည်ပြုနိုင်ပါသည်။[93] ယခုလေ့လာမှုမှ အမှုကိစ္စ ၄၂မှု (၂၉ ရာခိုင်နှုန်း) သည် ကျေးရွာအဆင့်မှ အခြားအဆင့်(အဖွဲ့စည်းနှင့် တရားဝင်ရုံးများ) သို့လွှဲပြောင်းပေးခဲ့သည်ကိုတွေ့ရပါသည်။ ထိုလွှဲပြောင်းပေးခဲ့သည့် အမှုကိစ္စများအနက်မှ ၁၈မှု (၇ မှု မှာ ကရင်အမျိုးသား ရဲတပ်ဖွဲ့ နှင့် ၁၁ မှုမှာ အခြားကေအဲန်ယူဌာနများမှကိုင်တွယ်ခဲ့) သည် ကေအဲန်ယူမှ ကိုင်တွယ်ဖြေရှင်းပေးခဲ့ပြီး ကျေးရွာအုပ်စုခေါင်းဆောင်များမှ ၆ မှု၊ မည်သည့်အဖွဲ့နှင့်မျှချိတ်ဆက်ထားခြင်းမရှိသည့် ဒေသတွင်းတရားသူကြီး (သို့) ရှေ့နေများမှ ၆ မှု နှင့် အစိုးရမှ ၂ မှုသာ ဖြေရှင်းခဲ့ပါသည်။[94] ယခုလေ့လာတွေ့ရှိမှုတွင် ဖြေဆိုသူများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့တိုက်ရိုက် တိုင်တန်းတင်ပြမှုသည် ကရင်အမျိုးသား ရဲတပ်ဖွဲ့ သို့တိုင်တန်းသည်ထက်ပိုများသော်လည်းကျေးရွာနှင့်ကျေးရွာအုပ်စုခေါင်းဆောင်များအမှုကိစ္စလွှဲပြောင်းမှုများတွင် အစိုးရအဖွဲ့စည်းများထက် ကေအဲန်ယူထံသို့ လွှဲပြောင်းမှု ပိုမိုများပြားကြောင်းတွေ့ရှိခဲ့ရပါသည်။

92 Two respondents stopped answering the question at this point, and so these are percentages among the remaining 141 cases.
93 Kyed (2018), Saferworld, forthcoming; Overseas Development Institute (2016); McCartan and Jolliffe (2016).
94 One was ultimately settled by the MPF and the other by another GoM body.

**ပုံ (၄.၁၃) - အာဏာပိုင်များမှ အမှုအခင်းအား ကိုင်တွယ်ဖြေရှင်းမှု အပေါ် စိတ်ကျေနပ်မှု (ကျေးရွာလူကြီးအဆင့်ထက်မြင့်သော)**




အဆိုပါလွှဲပြောင်းမှုအများစု (၂၈မှု သို့မဟုတ် ၆၇ ရာခိုင်နှုန်း) သည် ဖြေဆိုသူများ၏ ကိုယ်တိုင်ရွေးချယ်မှုအရ ဖြစ်ပါသည်။ အမှုပြဿနာအား ဖြေရှင်းကိုင်တွယ်ပေးနိုင်သည့်စွမ်းဆောင်ရည်ကို ယုံကြည်ခြင်းကြောင့် ဆိုသည့် အကြောင်းပြချက်ဖြင့် ၁၈ မှု၊ ဒေသတွင်းဆောင်ရွက်လေ့ ရှိသောကြောင့် ဆိုသည့် အကြောင်းပြချက်ဖြင့် ၄ မှု၊ အာဏာပိုင်မှ မျှမျှတတဆုံးဖြတ်သည် ဆိုသည့် အကြောင်းပြချက်ဖြင့် ၃ မှု နှင့် ပုဂ္ဂိုလ်ချင်းဆက်သွယ်မှုရှိသောကြောင့် ဆိုသည့် အကြောင်းပြချက်ဖြင့် ၃ မှု စသည်ဖြင့် အသီးသီး တွေ့ရှိခဲ့ရပါသည်။

အမှုကိစ္စများလွှဲပြောင်းခြင်းများကို ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် (၆၃ ရာခိုင်နှုန်း) အစိုးရထိန်းချုပ် နယ်မြေများ (၂၈ ရာခိုင်နှုန်း) နှင့် ရောယှက်ထိန်းချုပ်နယ်မြေများ ( ၂၅ ရာခိုင်နှုန်း) ထက် ပို၍ တွေ့ရှိရပါသည်။ ထိုရလဒ်သည် ကေအဲန်ယူ၏ တရားရေးစနစ်တွင် ကျေးရွာခေါင်းဆောင်များ (သို့) တာဝန်ရှိသူများ အတွက် တိကျသော လုပ်ငန်းစဉ် လမ်းညွှန်ချက်များ သတ်မှတ်ပေးထားခြင်းနှင့် အမှုလွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိပေးထားခြင်းများကြောင့် ဖြစ်နိုင်ပါသည်။[95] ရောယှက်ထိန်းချုပ်နယ်မြေများမှ အမှုကိစ္စ ၂၇ မှုတွင် ကေအဲန်ယူအားလွှဲပြောင်းပေးမှုသည် ၁၂ မှု ( ၅ မှု မှာ ကရင်အမျိုးသား ရဲတပ်ဖွဲ့ နှင့် ၇ မှုမှာ အခြားကေအဲန်ယူဌာနများသို့) ရှိခဲ့ပြီး အစိုးရအာဏာပိုင်အဖွဲ့များအားလွှဲပြောင်းမှုမှာ ၂ မှု (မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တစ်မှု နှင့် အခြားအစိုးရဌာန များသို့ တစ်မှု) သာရှိသည်ကို တွေ့ရှိရပါသည်။ သတိပြုမိသည်မှာ အစိုးရထိန်းချုပ်နယ်မြေများအတွင်း ကျေးရွာအဆင့်မှ အခြားအဆင့်မြင့်အာဏာပိုင်အဖွဲ့အစည်းများထံ အမှုကိစ္စလွှဲပြောင်းမှု လုံးဝမပါရှိခဲ့ခြင်းပင်ဖြစ်ပါသည်။ သို့သော် တရားဝင်ခန့်အပ်ထားခြင်းမဟုတ်သည့်ဒေသတွင်းတရားသူကြီးထံသို့ ၂ မှု၊ ရပ်မိရပ်ဖ လူကြီးထံသို့တစ်မှု နှင့် ရှေ့နေထံသို့တိုက်ရိုက် တစ်မှု နှင့် ကျေးရွာအုပ်စုရုံးသို့ တစ်မှုရှိခဲ့သည်ကိုတော့ တွေ့ရပါသည်။ တရားဝင်ခန့်အပ်ထားခြင်းမဟုတ်သည့် ဒေသတွင်းတရားသူကြီးထံသို့ လွှဲပြောင်းခဲ့သည့် အထက်ဖော်ပြပါ အမှုကိစ္စ ၂ မှုကိုတော့မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဖြေဆိုသူများ၏ စုစုပေါင်းဖော်ပြခဲ့သည့် အမှုကိစ္စ ၁၄၃ မှုတွင် ဖြေဆိုသူ ၁၁ ရာခိုင်နှုန်းသည် ၎င်းတို့အမှုကိစ္စများအပေါ် ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို အလွန်ကျေနပ်ကြောင်း နှင့် ၅၇ ရာခိုင်နှုန်းသည်ကျေနပ်ကြောင်းဖြေဆိုခဲ့ကြပြီး ၁၃ ရာခိုင်နှုန်းမှာ ကျေနပ်မှုမရှိကြောင်း နှင့် ၃ ရာခိုင်နှုန်းမှာ အလွန်ကျေနပ်မှုမရှိကြောင်း တုံ့ပြန်ဖြေဆိုခဲ့ကြပါသည်။[96] ပုံ ၄.၁၃ တွင် ဖော်ပြထားသည့်အတိုင်း ၂၄ မှုသည် ကေအဲန်ယူမှ ကိုင်တွယ်ခဲ့ပြီး တစ်မှုအပေါ် တွင် အလွန်ကျေနပ်ကြောင်း (၈ ရာခိုင်နှုန်း)၊ ၆ မှုတွင် ကျေနပ်ကြောင်း (၅၀ ရာခိုင်နှုန်း) နှင့် ၄ မှုတွင် ကျေနပ်မှုမရှိကြောင်း (၁၇ ရာခိုင်နှုန်း) ဖြေဆိုသူများမှဖော်ပြခဲ့ကြပါသည်။အစိုးရမှ၁၂မှုအားကိုင်တွယ်ခဲ့ပြီး၄မှုအပေါ်အလွန်ကျေနပ်ကြောင်း (၁၇ ရာခိုင်နှုန်း)၊ ၁၂ မှုတွင် ကျေနပ်ကြောင်း (၅၀ ရာခိုင်နှုန်း)၊ ၂ မှုတွင် ကျေနပ်မှုမရှိကြောင်း (၁၇ ရာခိုင်နှုန်း) နှင့် တစ်မှုအပေါ်တွင် အလွန်ကျေနပ်မှုမရှိကြောင်း (၈ ရာခိုင်နှုန်း) ဖြေဆိုသူများမှ အသီးသီး တုံ့ပြန်ဖြေဆိုခဲ့သည်ကို တွေ့ရပါသည်။ အလွန်ကျေနပ်မှုမရှိကြောင်းဖော်ပြခဲ့သည့် အမှုသည် တနင်္သာရီတိုင်းဒေသကြီးမှ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦး၏ အိမ်တွင်အကြမ်းဖက်ခံရမှု အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုက်ရိုက်တိုင်တန်းခဲ့သည့်အမှုဖြစ်ပြီး အဆိုပါအမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားဝင်ခန့်အပ်ထားခြင်းမဟုတ်သည့် ဒေသတွင်းတရားသူကြီးထံသို့ တဆင့် ဆက်လက် လွှဲပြောင်းခဲ့ပါသည်။ ကျေးရွာအုပ်စု ခေါင်းဆောင်များထံသို့ လွှဲပြောင်းပေးခဲ့သည့် အမှုကိစ္စ ၉ မှု အပေါ်တွင်တော့ ကျေနပ်ကြောင်း (၈ မှု) နှင့် အလွန်ကျေနပ်ကြောင်း တစ်မှု တို့ကို ဖြေဆိုသူများမှ ဖော်ပြခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါသည်။

95 Four of these cases were solved by the village tract leader, three by another KNU body, two by the KNPF and two by another village leader.

96 In 15 of the cases (ten per cent), answers were not recorded, and in seven (five per cent), the respondent said they would prefer not to answer, which possibly signified a lack of satisfaction.



၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင်ပြုလုပ်သော
တတိယအကြိမ် ပင်လုံ
အစည်းအဝေးတွင်
ကရင်အမျိုးသားအစည်းအရုံး၏ ဥက္ကဋ္ဌ
ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ
မြန်မာသမ္မတ ဦးဝင်းမြင့်နှင့်
လက်ဆွဲနှုတ်ဆက်နေပုံ၊ ပုံတွင်
မြန်မာနိုင်ငံ တပ်မတော်ကာကွယ်ရေး
ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်နှင့် နိုင်ငံတော်အတိုင်ပင်ခံ
ဒေါ်အောင်ဆန်းစုကြည်အား
လည်းတွေ့မြင်ရပါသည်၊
© Prachatai

# ၅

# ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ

### အဓိကတွေ့ရှိချက်များ

- ၂၀၁၂ ခုနှစ် အပစ်ခတ်ရပ်စဲရေး မှစပြီး အာဏာပိုင်များအားလုံး၏ အခြေအနေအပေါ်ပြည်သူလူထုတို့၏ အမြင်များတိုးတက်လာသည်။
- သို့သော်လည်း ငြိမ်းချမ်းရေးဖြစ်စဉ် (အထူးသဖြင့် ကေအဲန်ယူ ထိန်းချုပ်နယ်မြေဒေသများတွင်) ယုံကြည်မှု လျော့နည်း နေသေးသည်။
- ဖြေဆိုသူအများစုမှာ လာမည့် ငါးနှစ် အတွင်း တိုက်ပွဲထပ်မံ ဖြစ်ပွားမည်ကို စိုးရိမ် သို့မဟုတ် အလွန်စိုးရိမ်ကြသည်။
- ကေအဲန်ယူထိန်းချုပ်နယ်မြေများတွင် နေထိုင်ကြသော ဖြေဆိုသူများမှာ ပို၍ စိုးရိမ်ကြသည်။ ၎င်းတို့တွင် ဤအချက်အလက်များကို စစ်တမ်းကောက်ပြီး နောက်တစ်လတွင် တိုက်ပွဲဖြစ်သော နေရာများရှိ ဖြေဆိုသူများပါဝင်သည်။
- စစ်တပ်အာဏာပိုင်များနှင့် အဓိကပြောဆို ဆက်ဆံနေရသော ဖြေဆိုသူများမှာ ပဋိပက္ခများ ထပ်မံဖြစ်ပွားမည်ကို ပို၍ကြောက်လန့်သည်ကို တွေ့ရသည်။

**ပဋိပက္ခဖြစ်ခဲ့သော နေရာဒေသအများစုတွင်** ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပို ကောင်းလာစေရန်အတွက် လုံခြုံရေး၊ တရားရေးနှင့် အုပ်ချုပ်စီမံမှုများကို တိုးမြှင့်မှုများသည် အဓိပ္ပာယ်ရှိသော နိုင်ငံရေး စကားဝိုင်းပေါ်တွင် အခြေခံသည့် အားလုံးပါဝင်မှုရှိသော ငြိမ်းချမ်းရေး သဘောတူညီမှု တစ်ရပ်ဆီသို့ ခရီးမည်မျှရောက်လာသည် ပေါ်တွင် မူတည်နေပေသည်။ အမှန်စစ်စစ်တွင် ကေအဲန်ယူအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် စတင်ပါဝင်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ ဖက်ဒရယ်နှင့် ဒီမိုကရက်တစ်ဖြစ်သော အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုလုံးဆိုင်ရာ ဆွေးနွေးမှုတွင် ပါဝင်ရန်ဖြစ်သည်ဟု မကြာခဏ ဖော်ပြခဲ့သည်။ ၂၀၁၆ မှစ၍ ယနေ့ထိ သုံးကြိမ်တိုင်တိုင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့ပြီးဖြစ်သော်လည်း လုံးဝအခြေခံကျသော



International Peace Day တွင် လူငယ် အမျိုးသမီးများပါဝင် နေကြပုံ
© Saferworld

"အပစ်ခတ်ရပ်စဲ သဘောတူ စာချုပ်ကို လက်မှတ်ထိုး ပြီးနောက်ပိုင်းတွင် အာဏာပိုင်များအပေါ် ပြည်သူလူထု၏ အမြင်များ သိသိသာသာ တိုးတက်ကောင်း မွန်လာခြင်းပင် ဖြစ်သည်၊ ၎င်းတို့မှ အများပြည်သူ ရှေ့တွင် ပဋိပက္ခကို အဆုံးသတ်ရန် ခိုင်မာသော ကတိကဝတ်များ ချပေးခြင်းသည် ၎င်းတို့၏ ကောင်းမွန်သော ပုံရိပ်များကို ဆက်လက် ထိန်းသိမ်း တည်ဆောက်ရန် အဓိကသော့ ချက်ဖြစ်ကြောင်း ညွှန်ပြနေပေသည်၊"

ကိစ္စရပ်များတွင် ရှင်းလင်းသော သဘောတူညီမှု မရရှိခဲ့သည်သာမက ယုံကြည်မှုလည်း လျော့နည်းလာပေသည်။ ထို့အပြင် စကားဝိုင်းများ၏ ဦးတည်ချက်ကို ထိရောက်မှု ရှိစေရန်လည်း ပဋိပက္ခဖြစ်ရာ ဒေသများရှိလူများအပါအဝင် ပြည်သူများ ၏ ပါဝင်မှုများမှာ သိသိသာသာ မရှိခြင်းကိုတွေ့ရသည်။ ထိုမျှသာမက အပစ်အခတ်ရပ်စဲရေးကို ပုံစံချခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ပုံစံချခြင်း အားနည်းသောကြောင့် လက်နက်ကိုင် ပဋိပက္ခများသည်လည်း ရံဖန်ရံခါ ဆက်လက်ဖြစ်ပေါ် နေပေသည်။

အံ့သြစရာတွေ့ရှိချက်များအနက်မှ တစ်ခုမှာ အပစ်ခတ်ရပ်စဲ သဘောတူ စာချုပ်ကို လက်မှတ်ထိုး ပြီးနောက်ပိုင်းတွင် အာဏာပိုင်များအပေါ် ပြည်သူလူထု၏အမြင်များ သိသိသာသာ တိုးတက်ကောင်း မွန်လာခြင်းပင်ဖြစ်သည် (ပုံ ၅.၁၊ ၅.၂၊ ၅.၃)။ ၅၅ ရာခိုင်နှုန်းနှင့် ၄၈ ရာခိုင်နှုန်းသော ဖြေဆိုသူများမှာ ကေအဲန်ယူနှင့် အစိုးရ နှစ်ဖွဲ့လုံးအပေါ် ၎င်းတို့ အနေဖြင့် ပိုကောင်းလာသည်ဟု မြင်ပြီး ၎င်းတို့ နှစ်ဖွဲ့စလုံးအပေါ် သိသိသာသာ ပိုကောင်းလာသည် ဟုဖြေဆိုသောသူမှာမူ ဖြေဆိုသူအားလုံး အနက် ၈ % စီရှိသည်။ ၁၀% နှင့် ၁၂ % တို့သာ မထူးခြားလာပါ ဟု ဖြေဆိုပြီး အနည်းငယ်သော ဖြေဆိုသူများမှာ ဆုတ်ယုတ်လာသည် သို့မဟုတ် သိသိသာသာ ဆုတ်ယုတ်လာသည် ဟုမြင်သည်ဟု ဖြေဆိုခဲ့ကြသည်။ ၎င်းတွေ့ရှိမှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ မပြည့်စုံမှုများစွာ ရှိနေသည့်ကြားမှ စစ်တမ်းကောက်ခဲ့သည့် ဒေသများရှိ ပြည်သူများသည် ပဋိပက္ခများ အဆုံးသတ်ရန် အားစိုက်ထုတ်မှု များကြားမှ အထောက်အပံ့များဖြစ်နေသည် ဟုဖော်ပြနေပေသည်။ ၎င်းသည် ပဋိပက္ခများကို ကိုယ်တိုင်အားဖြင့် ကြီးကြီးမားမားတွေ့ကြုံခဲ့ရသော သူများအနေဖြင့် အံ့အားသင့်စရာတော့ မဟုတ်ပေ။ ၎င်းသည် အာဏာပိုင်နှစ်ဖက်စလုံးမှ အုပ်ချုပ်စီမံမှု ကောင်းမွန်စွာ ပေးနိုင်သော အရည်အချင်းများ တိုးတက်လာသည်ကိုလည်း ဖော်ပြနေပေသည်။ ထိုမှအပ အာဏာပိုင်များသည် အများပြည်သူ ရှေ့တွင် ပဋိပက္ခကို အဆုံးသတ်ရန် ခိုင်မာသော ကတိကဝတ်များချပေးခြင်းသည် ၎င်းတို့၏ ကောင်းမွန်သော ပုံရိပ်များကို ဆက်လက်ထိန်းသိမ်းတည်ဆောက်ရန် အဓိကသော့ချက်ဖြစ်ပေသည်။

**ပုံ (၅.၁) - ၂၀၁၂ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း အာဏာပိုင်များ၏ ပြောင်းလဲမှုအပေါ် အမြင်သဘောထား**




သိသာထင်ရှားမှုတစ်ခုအနေဖြင့် (ပုံ ၅.၃) တွင် ဖော်ပြထားသည့်အတိုင်း အစိုးရနှင့် ကေအဲန်ယူ တို့ သီးခြားစီအုပ်ချုပ်သော ဒေသများတွင် ၎င်းတို့အပေါ်ဖြေဆိုသူတို့၏ အမြင်များမှာ ကျယ်ကျယ် ပြန့်ပြန့်ကောင်းမွန်လာသည်ကိုတွေ့ရသည်။ ကေအဲန်ယူအုပ်ချုပ်ရာ နယ်မြေများ တွင် နေထိုင်သော ၇၈% သောဖြေဆိုသူများမှာ ကေအဲန်ယူ အပေါ် ၎င်းတို့၏ အမြင်များ ပိုကောင်းလာသည်ဟု ဖြေဆိုကြသည်။ ၂၅% သော အစိုးရအုပ်ချုပ်နယ်မြေအတွင်း နေထိုင်ကြသော ဖြေဆိုသူများမှာ အစိုးရမှာ ကောင်းလာသည် ဟု မြင်ကြသည် (အများစုမှာ အစိုးရနှင့် အဆက်အသွယ် အနည်းငယ်သာရရှိပုံရသည်)။ အစိုးရ အုပ်ချုပ်နယ်မြေတွင် နေထိုင်ကြသော ဖြေဆိုသူများမှာ ကေအဲန်ယူနှင့် ယှဉ်လျှင် အစိုးရက ပို၍ကောင်းလာသည်ဟု မြင်ကြကြောင်း ပိုပြောကြသည်။

**ပုံ (၅.၂) - ၂၀၁၂ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း အာဏာပိုင်များ၏ ပြောင်းလဲမှုအပေါ် အမြင်သဘောထား (သေးငယ်သော လက်နက်ကိုင်အဖွဲ့များ )**




**ပုံ (၅.၃) - ၂၀၁၂ နောက်ပိုင်းနယ်မြေအမျိုးအစား တစ်ခုချင်းစီတွင် အစိုးရနှင့် ကေအဲန်ယူတို့မှ "တိုးတက်လာသည်" သို့ "သိသာထင်ရှားစွာ တိုး တက်လာသည်" ဆိုသည့် ထင်မြင်ယူဆသူအချိုး**





ဒုတိယ သမ္မတ ဟန်နရီ ဗန် သီအို (အယ်)၊ ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဟောင်း ဦးထင်ကျော် နှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ တို့အား လွှတ်တော်၏ အရှေ့ဆုံးတန်းတွင် တွေ့ရပုံ
© Saferworld

"ဖြေဆိုသူ အားလုံးထဲမှ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ဖြစ်လာလိမ့်မည် ဟု ဖြေဆိုသူမှာ ၁၂ ရာခိုင်နှုန်း သာရှိပြီး၊ ၂ ရာခိုင်နှုန်းမှာ အလွန်ယုံကြည်မှုရှိကြောင်း ပြောနေသော်လည်း၊ ၂၃ ရာခိုင်နှုန်း မှာမူ လုံး၀ ယုံကြည်မှု မရှိဟု ဖြေဆိုခဲ့ကြသည်"

## စာကွက် ၅.၁ မူတြော်ခရိုင်တွင် အသစ်ဖြစ်ပေါ်သော ပဋိပက္ခ

၂၀၁၈ ခုနှစ် မတ်လ တွင် ကေအဲန်ယူဖက်မှ သတ်မှတ်ခေါ်ဆိုသော မူတြော်ခရိုင် (ဖာပွန်ခရိုင်) တွင် တပ်မတော်မှ ၎င်းနယ်မြေအတွင်းသို့ ရွေ့လျားလာမှုနှင့် နောက်ဆက်တွဲ အနေဖြင့် ကေအဲန်ယူနှင့် ပဋိပက္ခများဖြစ်ပွားမှုကြောင့် ကျေးရွာ ၁၂ ရွာမှ လူပေါင်း ၂၂၉၅ ဦး တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။[97] ကေအဲန်ယူမှ လုံး၀အုပ်ချုပ်စီမံနေသော နယ်မြေအစွန်းတွင် တပ်မတော်မှ တောလမ်းကြမ်းကို ကားလမ်း ဖောက်လုပ်ရန် စီစဉ်ခဲ့သော ၂၀၁၇ ဒီဇင်ဘာလ မှစ၍ တင်းမာမှုများ စတင်မြင့်တက်လာသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော် စစ်သား ၈၀၀ သည် ၎င်းနယ်မြေသို့ ရွေ့လျားလာရာ သုံးပတ်အတွင်း တိုက်ပွဲ၃၇ပွဲဖြစ်ပွားခဲ့ပြီးဌာနေကရင်တိုင်းရင်းသားတို့၏မြေယာအတွက်ဆန့်ကျင်ကာကွယ်သူတစ်ဦးသည် ကေအဲန်ယူစစ်သားတစ်ဦးအား ပို့ဆောင်နေစဉ်တွင် တပ်မတော်မှ ၎င်းအား သတ်ခဲ့သည်။

ကေအဲန်ယူမှ တပ်မတော်၏ ဆောင်ရွက်မှုများသည် NCA ကိုလုံး၀ အလေးမထားခြင်းဖြစ်ရာ ကေအဲန်ယူ ကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးမှု တွင် ပါဝင်သူထဲမှ အဖွဲ့ဝင်တစ်ဖွဲ့အဖြစ် လေးစားခြင်းမရှိကြောင်း ပုံဖော်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[98] တပ်မတော်ဖက်မှလည်း လမ်းပြုပြင်ခြင်းသည် ဖွံ့ဖြိုးရေး အတွက် သက်သက်သာဖြစ်ကြောင်းနှင့် နယ်ခံပြည်သူလူထုတို့အသုံးပြုရန်ဖြစ်သည်ဟု အစဉ်ပြောဆိုကာ ကေအဲန်ယူ၏ တပ်မဟာမှ ဤကဲ့သို့ ဆန့်ကျင်နေမှုများအားလည်း စွပ်စွဲခဲ့ပေသည်။[99]

၂၀၁၈ ခုနှစ် မေလ တွင် ထိုကိစ္စရပ်အား ဖြေရှင်းရန် ဆွေးနွေးမှုများဖြစ်လာခဲ့ပြီး တပ်မတော်ဖက်မှ လမ်းဖောက်လုပ်ခြင်း အစီအစဉ်ကို ရပ်ဆိုင်းထားရန်နှင့် ၎င်းတို့၏ စစ်တပ်များပြန်ရုပ်သိမ်းရန် ကေအဲန်ယူ ၏ ဆန္ဒအရ သဘောတူညီ ခဲ့ကြသည်။ သို့သော်လည်း ရပ်ဆိုင်းမှုမှာ အချိန်တိတိကျကျဖော်ပြထားခြင်းမရှိ မှုနှင့် ပြည်သူများအနေဖြင့် မိမိတို့ နေရပ်သို့ပြန်လာရာတွင် မည်မျှအထိ လုံခြုံနိုင်မလဲ ဆိုသည့် ရှင်းလင်းမှု များ မရှိသောကြောင့် တိုက်ပွဲများ အနည်းငယ်ဆက်လက်ဖြစ်ပွားခဲ့သည်။ ဤကဲ့သို့ တင်းမာမှုများသည် NCA တွင် ဖော်ပြထားသော အပစ်အခတ်ရပ်စဲရေးအား အဓိပ္ပာယ်သတ်မှတ်မှု အားနည်းနေကြောင်း သတိပေးခြင်း တစ်ခုဖြစ်ပေသည်။ နှစ်ဖက် စစ်တပ်များမှ ၎င်းတို့ကိုင်တွယ်နိုင်သည့် နယ်မြေများကို သတ်မှတ်ကာ သဘောတူချက်များ မရရှိသရွေ့၊ ၎င်းသဘောတူညီ ချက်များရရှိလာသည့်တိုင် မိမိတို့ အသီးသီး၏ နိုင်ငံရေးအရ ကမ်းလှမ်းမှုများကို ပွင့်ပွင့်လင်းလင်းဖော်ပြမှုမရှိသရွေ့ တိုက်ခိုက်မှုများ ပုံမှန်ထက်ပို၍ မြင့်မားလာနိုင်ခြေရှိပေသည်။

ကရင့်လက်နက်ကိုင်အဖွဲ့ငယ်များအပေါ် ဖြေဆိုသူတို့၏အမြင်များကိုကြည့်လျှင်၎င်းလက်နက်ကိုင် အဖွဲ့ငယ်များနှင့် အဆက်အသွယ် ရှိသော သူများက ၂၀၁၂ နောက်ပိုင်း ၎င်းတို့၏အခြေအနေ ပိုတိုးတက်လာသည်ဟု ပြောသည်။ သို့သော်လည်း သိသိသာသာတော့မဟုတ်ပေ ပုံ (၅.၂)။ BGFs နှင့် DKBA တို့နှင့် အဆက်အသွယ်ရှိသော ဖြေဆိုသူများထဲမှ ၁၆% နှင့် ၃၁% တို့မှာ ၎င်းနှစ်ဖွဲ့အား တိုးတက်လာသည် သို့မဟုတ် သိသိသာသာ တိုးတက်လာသည် ဟု အသီးသီး မြင်ကြသည်။ DKBA နှင့် အဆက်အသွယ်ရှိသော ဖြေဆိုသူများအနက် အများစုမှာ DKBA သည် မည်သည့် တိုးတက်မှုမှ မရှိဟု ဖြေဆိုကြသည်။

ဖြေဆိုသူများသည် အာဏာပိုင်များမှ ယေဘုယျအားဖြင့် ပဋိပက္ခများ ရပ်တန့်ရန် ကြိုးပမ်းမှုများ တွေ့နေရသော်လည်းငြိမ်းချမ်းရေးဖြစ်စဉ်တွင်၎င်းတို့အနေဖြင့်အလွန်ယုံကြည်မှုအားနည်းကြောင်း ဖော်ပြကြသည်။ ခြုံငုံပြောရလျှင် ဖြေဆိုသူ အားလုံးထဲမှ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ဖြစ်လာလိမ့်မည် ဟု ဖြေဆိုသူမှာ ၁၂% သာရှိပြီး၊ ၂ % မှာ အလွန်ယုံကြည်မှုရှိကြောင်း ပြောနေ သော်လည်း၊ ၂၃% မှာမူ လုံး၀ ယုံကြည်မှုမရှိဟု ဖြေဆိုခဲ့ကြသည် (ပုံ ၅.၄)။

97 KPSN (2018), 'The Nightmare Returns: Karen hopes for peace and stability dashed by Burma Army's actions', April, https://karenwomen.files.wordpress.com/2018/04/the-nightmare-returns-english-version.pdf
98 KNU (2018).
99 *Myanmar Times* (2018).




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တွေ့ရသော အကြီးတန်း ကိုယ်စားလှယ်များ
© Saferworld

ပုံ (၅.၄) - သင့်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မည် ဆိုသည့် အပေါ် ဘယ်လောက် ယုံကြည်မှုရှိပါသလဲ




"လာမည့် ၅ နှစ်အတွင်း တိုက်ပွဲထပ်မံ ဖြစ်ပွားမည်ကို စိုးရိမ်ပါသလား ဟူသည့် မေးခွန်းအတွက် ၅၀ ရာခိုင်နှုန်း အထက်ရှိသော ဖြေဆိုသူများမှာ စိုးရိမ် (သို့မဟုတ်) အလွန်စိုးရိမ် ကြကြောင်းနှင့် ၁၃.၅ ရာခိုင်နှုန်းမှာ လုံးဝမစိုးရိမ်ကြကြောင်း ဖြေဆိုသည်ကို တွေ့ရပါသည်။"

ကေအဲန်ယူအုပ်ချုပ်ရာ နယ်မြေများတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတစ်ခုရရှိရန် စိတ်ချယုံကြည်မှုများ အနည်းဆုံးဖြစ်လာသည်ကို တွေ့ရသည်။ ဖြေဆိုသူ ၃၃% မှာ လုံးဝမယုံကြည်ပါဟု ဖြေဆိုခဲ့ကြပြီး ၅% နှင့် ၁% သာလျှင် ယုံကြည်မှုရှိ (သို့မဟုတ်) အလွန်ယုံကြည်မှုရှိ သည်ဟု အသီးသီး ဖြေဆိုခဲ့ကြသည်။ ကရင်မဟုတ်သော သူများထက် ပို၍ အစိုးရမှ မတရားပြုကျင့် မှုများကို မြင့်မားစွာခံစားရသောအတွေ့အကြုံများကြောင့်ကရင်မဟုတ်သောသူများထက်ကရင်လူမျိုးများမှာ လုံးဝမယုံကြည်ကြောင်း ပိုတွေ့ရသည်။ အမျိုးသမီးများအနေဖြင့် မသိပါ ဟု ဖြေဆိုမှုများသော်လည်း ရလဒ်များကိုကြည့်လျှင် အမျိုးသား အမျိုးသမီး ဖြေဆိုမှုများ ဆင်တူနေကြောင်းတွေ့ရသည်။

လာမည့် ၅ နှစ်အတွင်း တိုက်ပွဲထပ်မံဖြစ်ပွားမည်ကို စိုးရိမ်ပါသလား ဟူသည့် မေးခွန်းအပေါ် ဖြေဆိုမှုများမှာ မည်သည့် နယ်မြေတွင် ဖြစ်စေ ဆင်တူသော ရလဒ်များကို တွေ့ရှိရသည် (ဇယား ၅.၅)။ ၅၀% အထက်ရှိသော ဖြေဆိုသူများမှာ စိုးရိမ် (သို့မဟုတ်) အလွန်စိုးရိမ် ကြပြီး ၁၃.၅% မှာ လုံးဝမစိုးရိမ်ကြပေ။ ကေအဲန်ယူ အုပ်ချုပ်ရာ နယ်မြေတွင် နေထိုင်သော ၆၈% မှာ စိုးရိမ် (သို့မဟုတ်) အလွန်စိုးရိမ် ကြပြီး ၎င်းတို့အများစုမှာ ဤစစ်တမ်းကောက်ပြီးပြီးချင်း တိုက်ပွဲဖြစ်ပွားခဲ့သော၊ လူပေါင်း ၂၀၀၀ ကျော် ပြောင်းရွှေ့နေထိုင်ခဲ့ရသော မူတြောခရိုင်တွင် နေထိုင်သူများ ဖြစ်သည်။ အပစ်ရပ်စာချုပ်ချုပ်ဆိုပြီး ၂၀၁၂ ခုနှစ်မှစ၍ တိုက်ပွဲအနည်းငယ် ဆက်လက်ဖြစ်ပွားခဲ့ခြင်းသည် ပိုမိုကျယ်ပြန့်သော ပဋိပက္ခ ဖြစ်ပွားရန် ကြောက်ရွံ့မှုများ ဖြစ်စေကြောင်း KPSN အနေဖြင့် သတိပြုမိပေသည်။




**ပုံ (၅.၅) - နောင်လာမယ့် (၅) နှစ်အတွင်း တိုက်ပွဲ (လက်နက်ကိုင် ပဋိပက္ခ)တွေ ပြန်လည် ဖြစ်လာနိုင်မယ်လို့ စိုးရိမ်မိပါသလား**




အပစ်ရပ်ဒေသများတွင် စစ်တပ်များတိုးချဲ့ခြင်းသည် ၄င်းကြောက်ရွံ့မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း အကြောင်းတရားဖြစ်သည်။ ဖြေဆိုသူများ အနေဖြင့် ၄င်းတို့၏ အာဏာပိုင်များအား အရပ်သား သို့မဟုတ် စစ်သားစသည့် သတ်မှတ်မှုနှင့် ပဋိပက္ခအသစ်များ ထပ်ဖြစ်လာနိုင်မည်ဟူသော ကြောက်ရွံ့မှုများအကြား သိသိသာသာဆက်နွယ်မှုရှိကြောင်း တွေ့ရှိရသည်။ ပုံ ၅.၆ ကိုကြည့်ပါ။ စစ်တပ်အာဏာပိုင်များနှင့် အဓိက ပြောဆိုဆက်ဆံမှုပြုရသော ဖြေဆိုသူ ၇၃% နှင့်ယှဉ်လျှင် ၂၀၁၂ မှစ၍ အရပ်သားအာဏာပိုင်များနှင့် အဓိက ပြောဆိုဆက်ဆံမှုပြုရသော ဖြေဆိုသူ ၅၀% မှာ ပို၍ စိုးရိမ် (သို့မဟုတ်) အလွန်စိုးရိမ်ကြသည်။ ကေအဲန်ယူ၏ စစ်တပ်အာဏာပိုင်များနှင့် အဓိက ပြောဆိုဆက်ဆံမှုပြုရသော ဖြေဆိုသူများသည် ကေအဲန်ယူ၏ အရပ်သား အာဏာပိုင်များနှင့် အဓိက ပြောဆိုဆက်ဆံရသော ဖြေဆိုသူများထက် ၃ဆ ပို၍စိုးရိမ်ကြကြောင်း တွေ့ရှိရသည်။

**ပုံ (၅.၆) - နောင်လာမယ့် (၅) နှစ်အတွင်း တိုက်ပွဲ (လက်နက်ကိုင် ပဋိပက္ခ)တွေ ပြန်လည် ဖြစ်ပေါ်လာမည်ကို စိုးရိမ်ခြင်း (အဓိက အားဖြင့် KNU-အရပ်သား၊ စစ်တပ် သို့နှစ်ခုလုံး အကြား ရှိ အပြန်အလှန်တုံ့ပြန်မှုများကြောင့် - ၂၀၁၂ မှစတင်ကာ)**




**ပုံ (၅.၆) - နောင်လာမယ့် (၅) နှစ်အတွင်း တိုက်ပွဲ (လက်နက်ကိုင် ပဋိပက္ခ)တွေ ပြန်လည် ဖြစ်ပေါ်လာမည်ကို စိုးရိမ်ခြင်း (အဓိက အားဖြင့် GoM-အရပ်သား၊ စစ်တပ် သို့နှစ်ခုလုံး အကြား ရှိ အပြန်အလှန်တုံ့ပြန်မှုများကြောင့် - ၂၀၁၂ မှစတင်ကာ)**




**ပုံ (၅.၈) - သင့် ဒေသအတွင်းရှိ အာဏာပိုင်များက...**




မတူညီသော အာဏာပိုင်များမှ ဝန်ဆောင်မှုအမျိုးမျိုးအကြောင်း မေးမြန်းရာတွင် ၄၃% မှာ ကေအဲန်ယူသည် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းနေသည်ဟု ဖြေဆိုပြီး ၂၈% မှာ အစိုးရက ငြိမ်းချမ်းရေးတည်ဆောက်ရန်ကြိုးပမ်းနေကြသည်ဟု ဖြေဆိုကြသည်။ ၁၁% နှင့် ၁၀% မှာမူ အစိုးရနှင့် ကေအဲန်ယူမှ လက်နက်ကိုင် ပဋိပက္ခများ အစပျိုးလုပ်ဆောင်ခြင်းများကို ပြဿနာတစ်ရပ် အဖြစ် အသိအမှတ်ပြု ကြပေသည်။

ထားဝယ်မှ လူတစ်ဦး ၄င်း၏
ငါးဖမ်းလှေအား ပြင်ဆင်နေပုံ
© Theo Hollander



# ၆

# နိဂုံးချုပ်ခြင်းနှင့် အကြံပြုချက်များ

## ၆.၁ နိဂုံးချုပ်ခြင်း

ဤစစ်တမ်းကောက်မှုမှ ရှာဖွေတွေ့ရှိခဲ့မှုများသည် ကရင်လူမျိုးတို့နေထိုင်ရာ အပစ်ခတ်ရပ်စဲထားသော ဒေသများ တွင် လက်နက်ကိုင် ပဋိပက္ခများ၊ ပုံမှန်ဖြစ်နေသော အကြမ်းဖက်မှုများ၊ နှင့် ခေါင်းပုံဖြတ်မှုများ စသည့် နောက်ခံအကြောင်းအရင်းများကြောင့် အလွန်ဆိုးရွားသော မလုံခြုံမှုများကို ဆက်လက်ရင်ဆိုင်နေရကြောင်းကို ဖော်ပြထားပါသည်။ ဤတွေ့ရှိမှုသည် ပဋိပက္ခဖြစ်လာရန် အလိုလိုကြိုးပမ်းနေသလိုဖြစ်သော ရုပ်ထွေးလွန်းသည့် အစိုးရ၏ ဆောင်ရွက်ချက်များကို သရုပ်ဖော်နေသည်။ လွတ်လပ်ရေးရပြီး ၁၉၄၉ ခုနှစ်ကတည်းက နိုင်ငံ၏ ပြည်နယ်အချို့ကို အစဉ်မပြတ် အုပ်ချုပ်လာသော ကေအဲန်ယူသည် ထိုင်းနိုင်ငံနယ်စပ်နှင့် အလွန်ဝေးကွာလျက်ရှိသော ဒေသများစွာ အပါအဝင် နေရာဒေသများစွာကို အစိုးရတစ်ရပ်အနေဖြင့် ယခုအချိန်ထိ အုပ်ချုပ်နေဆဲဖြစ်သည်။ စစ်တမ်းကောက်ခဲ့သော ရွာအများစုမှာ ကေအဲန်ယူနှင့် အစိုးရ နှစ်ဖွဲ့စလုံးမှ အုပ်ချုပ်သောကျေးရွာများအဖြစ် တွေ့ရပြီး အချို့သောရွာများတွင် ၄င်းတို့အပြင် နယ်မြေပိုင် သတ်သတ်မှတ်မှတ် ပိုင်းခြားခြင်းမရှိသော (သို့မဟုတ်) လုပ်ပိုင်ခွင့်အာဏာတိတိကျကျမရှိသော အခြားသော သေးငယ်သည့် လက်နက်ကိုင်အဖွဲ့များပါ ရော၍ အုပ်ချုပ်နေသည်ကို တွေ့ရသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုဆက်လက်လိုက်နာကျင့်သုံးရန် ရည်မှန်းချက်အား မပြောင်းလဲနိုင်ကြောင်း တပ်မတော်ဖက်မှအလေးအနက်ပြောဆိုခြင်းကြောင့် ဖက်ဒရယ်စနစ်ဆီသို့ ချီတက်နိုင်မည့် အဓိပ္ပာယ်ရှိသော နိုင်ငံရေးစကားဝိုင်းကို အဟန့်အတားဖြစ်စေခဲ့ရာ ဤအစီရင်ခံစာမှ တွေ့ရှိမှုများသည် အခြေခံကျသည့် လက်တွေ့ကျသော စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းရန် ကာလကြာကြာ ပိုတိုး၍ဆက်လက်အားထုတ်ရန် လိုအပ်ကြောင်း ဖော်ပြပေးပါသည်။

ဤအစီရင်ခံစာအရ ကေအဲန်ယူသည် ကရင်လူမျိုးများနေထိုင်ရာ အပစ်ရပ်ဒေသများရှိ လူထုများစွာကြား အထူးသဖြင့် ကရင်လူမျိုးများ အကြားတွင် အုပ်ချုပ်သူတစ်ရပ်အဖြစ် သိသိသာသာ တရားဝင်သတ်မှတ်ခြင်းကို လက်ခံရရှိထားကြောင်း ဖော်ပြနေသည်။ ကေအဲန်ယူကို အမှန်တကယ် သဘောကျသော ၄င်းဧရိယာတွင်နေထိုင်သော လူများစွာတို့သည် အစိုးရနှင့် အခြားသော လက်နက်ကိုင် အဖွဲ့များနှင့် ယှဉ်လျှင် ကေအဲန်ယူအား ၄င်းတို့နေထိုင်ရာဒေသကို အုပ်ချုပ်စီမံပေးရန်နှစ်သက်ပြီး ၄င်းတို့၏ အကာအကွယ်၊ လုံခြုံရေးနှင့် တရားရေးတို့တွင် အသင့်တော်ဆုံး ထောက်ပံ့ပေးနိုင်သူအဖြစ်မြင်ကြသည်။ ကေအဲန်ယူ အုပ်ချုပ်နယ်မြေတွင် နေထိုင်ကြသော လူများအနေဖြင့် ၄င်းအမြင်ကို တစ်ခဲနက် သဘောတူလုလုဖြစ်ပြီး အနည်းအကျဉ်းသာလျှင် အစိုးရအပေါ် နှစ်သက်မှုအချို့ကို ဖော်ပြကြသည်။ သို့သော်လည်း တစ်ချိန်ထဲမှာပင် ဖြေဆိုသူ လူနည်းစု (ဖြေဆိုသူ ၂၀% အောက်)ထံမှ ကေအဲန်ယူသည် အဖွဲ့ဝင်အသစ်များကို မျှတမှုမရှိစွာခန့်အပ်ခြင်းလုပ်ရိုးလုပ်စဉ်များ၊ ကိုယ်တိုင်လုပ်ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုခြင်း နှင့် အခွန်မတန်တဆ တောင်းခံခြင်းများ စသည့် များစွာသော ကိစ္စရပ်များအားဖြင့် ပြစ်တင်ဝေဖန်မှုခံနေရသည်။ တစ်ချိန်ထဲမှာပင် အခြားသော ကိစ္စရပ်များထက် အတင်းအကျပ်အလုပ်ခိုင်းစေခြင်းများ၊ ရန်မူသော သို့မဟုတ် မသင့်တော်သော ဦးဆောင်မှုများနှင့် ခြောက်လှန့်



**ဘားအံမြို့နယ်ရှိ ဇွဲကပင်တောင် (ခွယ်ကဘော)ထိပ်မှ တွေ့မြင်ရသော မြင်ကွင်း**

© program monkey/Flickr (https://bit.ly/2pNggrk)

တောင်းယူခြင်းများကြောင့် အခြားသော အာဏာပိုင်များထက် အစိုးရကိုလည်း အပြစ်တင်ကြသည်။

၎င်းဒေသအတွင်းရှိ ပြည်သူလူထုများစွာတို့အပေါ် သက်ရောက်လျှက်ရှိသော ကျယ်ပြန့်ပြီး စနစ်ကျသည့် တပ်မတော်၏ လုပ်ရပ်တစ်ခုချင်းစီအပါအဝင် အကြမ်းဖက်မှုများနှင့် မတရားပြုမှုများကို ချဲ့ထွင်ကျယ်ကျယ်ပြန့်ပြန့်တော့ မဖော်ပြတော့ပါ။ စစ်တမ်းကောက်မှုမှ ၇၉ ရာခိုင်နှုန်းသော (၃၀% ထက်ပိုသော) အိမ်ထောင်စုများမှာ ပစ်ခတ်ခြင်းနှင့် ကျေးရွာများအား မီးရှို့ခြင်းစသည့် အကြမ်းဖက်မှုများ၊ မတော်မတရားပြုမှုများနှင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုများအား ကြုံတွေ့ခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် ၎င်းအတွေ့အကြုံများကြောင့်ဖြစ်သော နာတာရှည် ပြင်းထန်သော စိတ်ဒဏ်ရာများ ကျန်ရစ်နိုင်ချေများ ရှိကြောင်း တွေ့ရပေသည်။

ကျေးရွာများသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကို ကြုံတွေ့ရမှုနည်းလာသော်လည်း စစ်တပ်တိုးအလွန်အကျွံတိုးချဲ့မှုများ၊ အကြမ်းဖက်မှုများ၊ မြေမြှုပ်မိုင်းများအန္တရာယ်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှ တစ်ဆင့်ဖြစ်လာနိုင်သော အန္တရာယ်များနှင့် အသစ်သော သို့မဟုတ် အသစ်ဖြစ်လာနိုင်သော ပဋိပက္ခများနှင့် တိမ်းရှောင်မှုများကြားတွင် ဓားစာခံများအဖြစ် ရှိနေဆဲဖြစ်သည်။

ကေအဲန်ယူအား အပစ်ရပ်ဒေသရှိ ကရင်လူမျိုးတော်တော်များများက ထောက်ခံခြင်းသည် ဒေသဆိုင်ရာအုပ်ချုပ်မှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များ၏ အခြေခံသဘောတရားများကို ထောက်ခံခြင်းဖြစ်သည်ကို ရည်ညွှန်းနေသလိုဖြစ်နေပါသည်။ ကရင့်နိုင်ငံရေးခေါင်းဆောင်များမှ ဖက်ဒရယ်ဆန်သော အစိုးရတစ်ရပ်ရရှိရန်နှင့် ကေအဲန်ယူ၏ မြေယာမူဝါဒ ကဲ့သို့သော မိမိအုပ်ချုပ်ရာဒေသတွင် ကျင့်သုံးနိုင်မည့် မူဝါဒများကို ရေးဆွဲနိုင်ရန်တို့ကို ကာလကြာရှည်စွာ တောင်းဆိုခြင်းသည် အဓိကအကြောင်းအရင်းဖြစ်သောကြောင့် ၎င်းထောက်ခံမှုသည် သိသာထင်ရှားမှုရှိပါသည်။ ကရင်လူမျိုးများအကြားတွင် ကေအဲန်ယူအား ထောက်ခံရခြင်းသည် လူမျိုးနှင့် ဘာသာစကား တူညီမှုများကြောင့်လည်းကောင်း၊ ကေအဲန်ယူ၏ အဖွဲ့အစည်းများသည် လူထုများကြားတွင် အခြေစိုက်နေပြီ ဖြစ်သောကြောင့် လည်းကောင်း၊ ကရင်လူမှုအဖွဲ့အစည်း တစ်ခုလုံးကို နှစ်ပေါင်းများစွာ ဦးဆုံးကိုယ်စားပြုရပ်တည်လာခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့်လည်းကောင်း၊ ကရင်လူမျိုးများသည် ၎င်းတို့ဘိုးဘွားမိဘပိုင်နယ်မြေတွင် အခြေကျနေပြီဖြစ်သောကြောင့်လည်းကောင်း ဖြစ်နိုင်ပေသည်။

၎င်းကဲ့သို့နှစ်သက်မှုများသည် ဖြေဆိုသူကရင်လူမျိုးများထံသို့ အစိုးရနှင့် ကေအဲန်ယူတို့နှစ်ဖွဲ့လုံးမှ လူမှုဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ညီမျှစွာ လုပ်ပေးနိုင်ခြင်းပေါ်တွင် မူတည်မနေကြောင်းထင်ရှားနေပေသည်။ လူဦးရေမည်မျှက ၎င်းတို့၏ တရားဝင်အစိုးရ မည်သူဖြစ်ကြောင်းသတ်မှတ်မှုသည် လူထုဝန်ဆောင်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများပေးခြင်းစသည့် ရင်းနှီးမြှုပ်နှံပေးခြင်းများပေါ်တွင် တိုက်ရိုက် သက်ရောက်မှုမရှိကြောင်း ၎င်းတွေ့ရှိမှုက ရှင်းရှင်းလင်းလင်းဖော်ပြနေပေသည်။ ၎င်းရင်းနှီးမြှုပ်နှံပေးခြင်းများကို အောင်မြင်အောင်လုပ်ဆောင် နေသော အစိုးရအုပ်ချုပ်ရေးသည် ငြိမ်းချမ်းရေး အတွက်ဆိုသော အသုံးအနှုန်းပေါ်ဗဟိုပြုနေသယောင်ရှိသော်လည်း နယ်မြေနှင့်လူထု နှစ်ခုစလုံး



အပေါ် ဗဟိုအုပ်ချုပ်မှုရရှိရန် နည်းဗျူဟာချဲ့ထွင်မှု နှင့်လုံးဝ ဆက်နွယ်နေပေသည်။ အစိုးရက ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြုပ်နှံပေးခြင်းသည် လူနည်းစုနှင့် နယ်စပ်ဒေသဟုခေါ်သော နေရာများတွင် နေထိုင်သော လူမှုအဖွဲ့များကို ပြန်လည်၍ မှန်ကန်သောကုစားမှုပြုလုပ်ပေးသည့် သက်သေတစ်ခုအနေဖြင့် အသုံးပြုကာ တပ်မတော်သည် တိုင်းရင်းသား လူမျိုးများအား အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည်ဆိုသော အဆိုကို အစဉ်မပျက် မေးမှိန်အောင် ဆောင်ရွက်နေပေသည်။

ဤစစ်တမ်းကောက်ယူမှုသည် ကရင်ဒေသ ပဋိပက္ခဖြစ်ရာနေရာများတွင်နေထိုင်သော လူထုများက လက်နက်ကိုင်ပဋိပက္ခမှာကို အဆုံးသတ်ရန် ထောက်ခံနေကြသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အပစ်အခတ်ရပ်စဲမှုရေရှည်တည်တံ့ရန်အလို့ငှာ ယုံကြည်မှုများ နည်းနေကြောင်း ခိုင်မာစွာသက်သေပြနေသည်။ အမှန်စင်စစ် ကရင်ဒေသများတွင် စစ်တပ်ချဲ့ထွင်မှုများ ဆက်လက်ရှိနေသေးသည်က တစ်ကြောင်း၊ ဗဟိုအဆင့်တွင် ယခုအချိန်ထိ အပြိုင်အဆိုင် ခုခံဆွေးနွေးနေကြသေးသည်ကတစ်ကြောင်း၊ နိုင်ငံတော်အဆင့်တွင် နိုင်ငံရေး အရဖြေရှင်းခြင်းအဆင့်သို့ရောက်ရန် တိုးတက်မှု အလွန်နှေးကွေးနေခြင်းကတစ်ကြောင်း စသည်တို့ကြောင့် ငြိမ်းချမ်းရေးအမြဲရရှိနိုင်မည့် ဒေသဖြစ်မည်ကို လုံးဝအာမခံချက်မရှိပေ။

ပထမဦးဆုံးအနေဖြင့် ပြည်သူလူထုတို့ အခြေခံလုံခြုံရေးကို အမှန်တကယ်ရရှိရန် လုပ်ဆောင်ရမည့် အရေးပေါ်အဆင့်များစွာလိုအပ်ပါသည်။ ၎င်းတို့တွင် အပစ်ရပ်ဒေသများတွင် ချက်ချင်းစစ်တပ်ရုပ်သိမ်းရေး၊ တင်းမာမှုများလျော့ချခြင်းနှင့် လူ့အခွင့်အရေးကို လေးစားသောအားဖြင့် လုံခြုံရေးတပ်ဖွဲ့များအားလုံးကို တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများနှင့် တာဝန်ယူတာဝန်ခံမှု စနစ်များချမှတ်ရန် အဆိုပြုခြင်း စသည်တို့ပါဝင်သည်။ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အထောက်အပံ့သည် ဒုက္ခသည်များနှင့် ပြည်တွင်းစစ်ပြေးရှောင် ဒုက္ခသည်များအတွက်သာမက ကာကွယ်ရေး အထောက်အပံ့အဖြစ် တိုးမြှင့်ထောက်ပံ့ပေးရန်လိုအပ်ပေသည်။ မြေယာလုယူခြင်းနှင့် မြေယာသိမ်းယူခြင်းများအားလုံးအတွက် ဥပဒေများချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်မှုများလုပ်ဆောင်နိုင်မည့် ယန္တယားတစ်ခုကိုရေးဆွဲပေးရန် အာဏာပိုင်များအားလုံး အထူးသဖြင့် အစိုးရနှင့် ၎င်း၏ လက်အောက်ခံနိုင်ငံရေးအုပ်စုများ၏ အရေးတယူဆောင်ရွက်ပေးမှုများလိုအပ်သည်။ တပ်သားများ၏ ရွေ့လျားသွားလာမှုကို ကန့်သတ်မှုပြုနိုင်သည့် အပစ်အခတ် ရပ်စဲ နယ်မြေကို ပိုင်းခြားသတ်မှတ်ခြင်းမရှိပါက၊ မည်သည့်လုပ်ဆောင်မှုများသည် အကြမ်းဖက်မှု ဖြစ်သည်ကို အဆုံးအဖြတ်ပေးနိုင်မည့် အခြေခံအချက်များနှင့် ပို၍ ထိရောက်မှုရှိသော စောင့်ကြည့်လေ့လာခြင်းများကို ခွင့်ပြုပေးခြင်းမရှိပါက မကြာခဏဖြစ်သော လက်နက်ကိုင် ပဋိပက္ခများသည် ဆက်လက်တည်ရှိနိုင်ပြီး များစွာသော အကြမ်းဖက်မှုများဆီသို့ပြန်လည်ဦးတည်လာကာ အတောမသတ်နိုင်သော အန္တရာယ်များစွာ ကျရောက်နိုင်ပါလိမ့်မည်။

ငြိမ်းချမ်းရေးကို ပို၍ခိုင်မာအောင်လုပ်ဆောင်ခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များ၏ အပြင်မှ ချမှတ်ရန်လိုသည့် ပြဿနာဖြေရှင်းချက်များကို ဦးတည်နိုင်မည့် အားလုံးပါဝင်မှုရှိသော ဒီမိုကရက်တစ်ဆန်သော နိုင်ငံရေးစကားဝိုင်း မူဘောင်တစ်ခုကို



စပါးခင်းအတွင်း အလုပ်လုပ်နေသော အမျိုးသမီးများ
© Julie Debuire

> "အမျိုးသမီးများ လုံခြုံမှုရှိပြီး အခွင့်အရေးအပြည့်အဝရရှိကာ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာတွင်လည်း တန်းတူညီစွာ ပါဝင်မှုရှိစေရန်သည် အာဏာပိုင်များအတွက် ရှည်လျားစွာ သွားရအုံးမည့် ခရီးစဉ်ပင်ဖြစ်သည်။ ၎င်းသည် အုပ်ချုပ်ရေးအဆင့်အဆင့်တိုင်းတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် မိမိတို့ဒေသတွင် မဲဆန္ဒဝင်ပြိုင်ခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ် မှုတွင် အမျိုးသမီးများ အားတက်သရော ပို၍ပါဝင်မှု ရှိလာရန်လိုအပ်သည်။ ၎င်းအပြင် အမျိုးသမီးများမှ တွေ့ကြုံနေရသော မလုံခြုံမှုများနှင့် ဖယ်ကြဉ်ခြင်း ခံရမှုများ၏ အဓိက အကြောင်းအရင်းဖြစ်သည့် ကျားမစံချိန်စံညွှန်းများကို ကိုင်တွယ်ဖြေရှင်း နိုင်ရန်သည် အဓိက မူဝါဒများနှင့် အဖွဲ့အစည်းများကို ပြုပြင် ပြောင်းလဲခြင်းများ ပေါ်မူတည် နေပေသည်။"

ချမှတ်နိုင်ခြင်းပေါ်တွင် မူတည်နေပါလိမ့်မည်။[100] ၎င်းလုပ်ငန်းစဉ်နှင့် အတူ အားလုံးပါဝင်မှုရှိသော၊ ကိုယ်စားပြုမှုရှိသော၊ တာဝန်ယူတာဝန်ခံမှုရှိသော လက်နက်ကိုင် တပ်ဖွဲ့နှင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံး၏ လုံခြုံရေးကို အာမခံပေးနိုင်သောတရားရေးအဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရန် လုံခြုံရေးကဏ္ဍပေါင်းစည်းခြင်းသည်လည်း လိုအပ်ပေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လူထုတို့မှ စီမံခန့်ခွဲမှုများပြုလုပ်ပြီး လူမှုရေးဝန်ဆောင်မှုများပေးနိုင်သော စနစ်များကို အသိအမှတ်ပြုသည့် နိုင်ငံရေးတစ်ခု အခြေတကျရှိမလာခင် ကာလတစ်ခုဖြစ်သော ကြားကာလအစီအစဉ်သည် အပစ်အခတ်ရပ်စဲမှုကို ပို၍တည်ငြိမ်စေကာ ပဋိပက္ခများ တွေ့ကြုံခဲ့ရသည့် လူထုများ၏ ကျန်းမာချမ်းသာမှုများကို တိုးတက်စေပြီးအုပ်ချုပ်စီမံမှုပိုကောင်းလာစေရန်စသည့် လူသားအားလုံး၏ဖွံ့ဖြိုးတိုးတက်မှုများ အတွက် နေရာတစ်ခုကို ထောက်ပံ့ပေးနိုင်လိမ့်မည်။

ကြီးမားသောဖွံ့ဖြိုးရေးစီမံကိန်းများကို ကာလတစ်ခုထိ ဆိုင်းငံ့ထားဖို့တိုက်တွန်းရန်၊ မြေယာသိမ်းယူမှုများကို အဆုံးသတ်ဖို့ရန်၊ စီးပွားရေးလုပ်ငန်းများကို တာဝန်ရှိစွာနှင့် ပွင့်လင်းမြင်သာစွာ လည်ပတ်ရန် တာဝန်ရှိသူများအားလုံးအတွက် ခြေလှမ်းများစွာ လိုအပ်ပါသည်။ တိုင်းရင်းသားများနေထိုင်ရာဒေသများတွင် ၎င်းတို့၏စည်းစိမ်ဥစ္စာများနှင့် အရင်းအမြစ်များကို အဓမ္မသိမ်းယူခြင်း သို့မဟုတ် တပ်မတော်နှင့် အစိုးရတို့နှင့်ဆက်နွယ်လျက်ရှိသည့် နှစ်ပေါင်းများစွာ ကြာလှပြီဖြစ်သော မကျေနပ်ချက်များကို အဆုံးသတ်ရန် ပို၍ပါဝင်မှုရှိသော၊ တန်းတူညီမျှမှုရှိသော နှင့် ဗဟိုချုပ်ကိုင်မှု ပို၍လျော့နည်းသော စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ရန် အသွင်ကူးပြောင်းအစိုးရ ပြန်လည်ဖွဲ့စည်းခြင်းများ လိုအပ်ပေသည်။

ကြားကာလအတောအတွင်းတွင် အနာဂါတ် ဖက်ဒရယ်နှင့် ဒီမိုကရေစီဖြစ်သော ပြည်ထောင်စုတစ်ခု တည်ထောင်နိုင်ရန် လိုအပ်သည့် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများအတွက် နိုင်ငံရေးစကားဝိုင်းပြုလုပ်နိုင်ဖို့ရာ ကေအဲန်ယူ၏ ဥပဒေ များ၊ မူဝါဒများနှင့် စီမံကွပ်ကဲမှုများကို တရားဝင်အသိအမှတ်ပြုခြင်းသည် အလွန်အရေးပါ နေပေသည်။ တစ်ချိန်ထဲမှာပင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများနှင့် လူသားချင်း စာနာမှု အထောက်အပံ့များပေးခြင်းသည် အစိုးရ၏ ထိန်းချုပ်နယ်မြေချဲ့ထွင်နိုင်ရန် သို့မဟုတ် လူပေါင်းများစွာပေါ်တွင် လွှမ်းမိုးမှုရှိလာနိုင်ရန်ဖြစ်စေသဖြင့် ပဋိပက္ခများ ထပ်မံဖြစ်ပွားရန်ကို အားပေးနေလိမ့်မည်။ အမျိုးသမီးအခွင့်အရေးများနှင့် တိုးတက်ရေးများ စသည့် ဗဟုသုတများနှင့် အရည်အချင်းများရရှိရန်၊ တာဝန်ယူမှုရှိသော ဖွံ့ဖြိုးရေး လုပ်ငန်း များဖြစ်ရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်၊ လူ့အခွင့်အရေးကို တိုးမြှင့်ရန်နှင့် စစ်ဘေးရှောင်သူများနှင့် ပြောင်းရွှေ့နေထိုင်သူများအား အထောက်အပံ့ပေးနိုင်ရန် စသည့် အကျိုးကျေးဇူးများရရှိရန် ကေအဲန်ယူသည် ၎င်း၏အုပ်ချုပ်မှုနှင့်လူထုဝန်ဆောင်မှုများကို တိုးမြှင့်ခြင်းနှင့် ကျေးရွာအခြေပြုအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်ခြင်းတို့ကို သေသေချာချာတစ်ဆင့်ချင်းတစ်ဆင့် လုပ်ဆောင်နိုင်ပါသည်။

အမျိုးသမီးများ လုံခြုံမှုရှိပြီး အခွင့်အရေးအပြည့်အဝရရှိကာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင်လည်း တန်းတူညီစွာ ပါဝင်မှုရှိစေရန်သည် အာဏာပိုင်များအတွက် ရှည်လျားစွာ သွားရ

100 KPSN (2018), 'Burma's Dead-End Peace Negotiation process: a case study of the land sector', July, https://progressivevoicemyanmar.org/wp-content/uploads/2018/07/Eng-Burmas-Dead-End-Peace-Negotiation-Process-KPSN-report-web.pdf

ဦးမည့် ခရီးစဉ်ပင်ဖြစ်သည်။ ၎င်းသည် အုပ်ချုပ်ရေးအဆင့်အဆင့်တိုင်းတွင် အမျိုးသမီးများ ၏ ပါဝင်မှုနှင့် မိမိတို့ဒေသတွင် မဲဆန္ဒဝင်ပြိုင်ခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ် မှုတွင် အမျိုးသမီးများ အားတက်သရော ပို၍ပါဝင်မှုရှိလာရန်လိုအပ်သည်။ ၎င်းအပြင် အမျိုးသမီးများမှ တွေ့ကြုံနေရသော မလုံခြုံမှုများနှင့် ဖယ်ကြဉ်ခြင်းခံရမှုများ၏ အဓိက အကြောင်းအရင်းဖြစ်သည့် ကျားမစံချိန်စံညွှန်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်သည် အဓိက မူဝါဒများနှင့် အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲခြင်းများပေါ်မူတည်နေပေသည်။

## ၆.၂ အကြံပြုချက်များ

ဤအကြံပြုချက်များသည် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်နှင့် Saferworld တို့ အကြားပူးပေါင်းလုပ်ဆောင်မှုဖြင့်ပြုစုခဲ့ခြင်းဖြစ်ပြီးကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်၏ ကျယ်ပြန့်သော ကဏ္ဍများအတွင်း ရှိနှင့်ပြီးသော လုပ်ငန်းများနှင့် အတွေ့အကြုံများအား ထည့်သွင်းခဲ့ပါသည်။ အကြံပြုချက်များအား GoM၊ ကေအဲန်ယူနှင့် နိုင်ငံတကာ အကူအညီပေးရေး အသိုင်းအဝန်းများ အသီးသီးအတွက် ပိုင်းခြားပြုစုခဲ့ကြပါသည်။

### ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရထံ

#### (က) အရပ်သားများအားလုံး၏ အခြေခံဘေးကင်းလုံခြုံမှုအား သေချာစေရန် လုပ်ဆောင်သင့်သော အရေးတကြီးလုပ်ဆောင်သင့်သော လုပ်ငန်းများ

၁. အပစ်အခတ်ရပ်စဲထားသော ဒေသများအတွင်း ခြေလျင်တပ်သားများ၊ နယ်ခြားစောင့်တပ်များနှင့် အခြားသော စစ်တပ်ဆိုင်ရာ ပစ္စည်းပစ္စယများအား ဒေသခံပြည်သူများနှင့် ဝေးရာသို့ရွှေ့ခြင်းဖြင့် စစ်တပ်တိုးချဲ့အား လျှော့ချရန် - ထိုးစစ်များအား အားဖြည့်နိုင်ရန်အတွက် အရှိန်မြင့် လုပ်ဆောင်မှုများနှင့် ပြင်ဆင်မှုများအား ရပ်စဲရန်၊ တပ်သားအရေအတွက်များအား လျှော့ချရန်နှင့် အရေးပေါ် အခြေအနေများအတွက် အရပ်သားများနှင့် စစ်တပ်ဆိုင်ရာ ဆက်သွယ်မှုများအား ကန့်သတ်ရန်၊

၂. လူ့အခွင့်အရေးများအား အကာအကွယ်ပေးမှုအားသေချာစေရန် လွတ်ငြိမ်းချမ်းသာခွင့်များအား အဆုံးသတ်ရန်နှင့် အရပ်သားဝန်ထမ်းများနှင့် နယ်ခြားစောင့်တပ်များ အပါအဝင် လုံခြုံရေးတပ်ဖွဲ့များ အားလုံး၏ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား တင်းကြပ်စွာကိုင်တွယ်လုပ်ဆောင်ရန်၊

၃. လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ်တွင်ရှိသော ကန့်သတ်မှုများ အားလုံးအား ရုတ်သိမ်းရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများ၏ ဘေးကင်းလုံခြုံမှုအား အာမခံပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိသော ဒေသများအတွင်းပါမကျန် သို့မဟုတ် ကြီးကြပ်ခြင်း၊ ပံ့ပိုးမှုများ ရရှိစေရန် လုပ်ဆောင်ပေးခြင်း၊

၄. ဒုက္ခသည်များအား အပစ်အခတ်ရပ်စဲထားသော ဒေသများသို့ ပြန်သွားစေရန် အားပေးမြင့်တင်မှုအား ရှောင်ရှားရန်၊ ၎င်းဒေသများသည် ဘေးကင်းမှုနှင့် လုံခြုံများ မရှိသေးသည်ကို လက်ခံသိမှတ်ပြီး မိမိဆန္ဒအလျောက်ပြန်လာကြသောသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအား အပြည့်အဝ ရရှိစေမှုအား သေချာစေရန်၊

၅. ပိုင်နက်နယ်မြေ နယ်နိမိတ်များအား ပိုင်းခြားနိုင်ရန် ကေအဲန်ယူနှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက် လုပ်ဆောင်သွားရန်နှင့် လက်နက်ကိုင်အဖွဲ့များမှ ခွင့်ပြုသော ဒေသများအတွင်းသာ လှုပ်ရှားမှုများပြုလုပ်ရေး ကန့်သတ်ရန်၊ ပိုမို အကျိုးထိရောက်မှုရှိသော စဉ်ဆက်မပျက် စောင့်ကြည့်လေ့လာမှုများနှင့် အပစ်အခတ်ရပ်သဘောတူညီမှု ချိုးဖောက်မှုများအား ဆုံးဖြတ်ရန် အခြေခံများအား ခွင့်ပြုရန်နိုင်ရန် ကျင့်ဝတ်စည်းမျဉ်းများ ပြုစုသွားရန်

၆. မြေယာသိမ်းဆည်းခြင်းများအား အဆုံးသတ်ရန်၊ ရိုးရာဓလေ့ဆိုင်ရာ အလေ့အထများနှင့် ရှိနှင့်ပြီးသော မြေယာစီမံခန့်ခွဲမှု ဖွဲ့စည်းပုံများနှင့် အညီ မြေယာဥပဒေများအား ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရန်နှင့် အသိမ်းအဆည်းခံထားရသော မြေယာများ ပြန်လည်ရရှိနိုင်ရန်အတွက် ဥပဒေများ တည်ဆောက်ရန်နှင့် စနစ်ယန္တရားများအား အကောင်အထည်ဖော် လုပ်ဆောင်ရန်၊

#### (ခ) ငြိမ်းချမ်းရေးအား ပိုမိုကျစ်လစ်ခိုင်မာစေရန်အတွက် လုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းများ

၁. စစ်မှန်သော ဖက်ဒရယ်နှင့် ဒီမိုကရက်တစ် စနစ်တစ်ခုအား တည်ဆောက်ရန်၊ ၎င်းမှ အုပ်ချုပ်ရေး၊ မြေယာစီမံခန့်ခွဲမှုနှင့် လူမှုရေးရာဝန်ဆောင်မှုများအား ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အာဏာပိုင်များသို့ သင်လျော်သလို လွှဲပြောင်းအပ်နှင်းရန်၊ ပေါ်လစီများနှင့် လုပ်ဆောင်မည့် လုပ်ငန်းများအား နိုင်ငံအတွင်းရှိ အမျိုးကွဲပြားလှသော တိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့များနှင့် သီးခြားလိုအပ်မှုများနှင့် ကိုက်ညီမှုရှိစေရေး လုပ်ဆောင်ရန်

၂. လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့များနှင့် တရားရေးအဖွဲ့အစည်းများသည် ဘက်စုံလွှမ်းခြုံမှု၊ ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုတာဝန်ယူမှုများ ပိုမိုအားကောင်းလာစေရေး လုပ်ဆောင်ရန် ဝန်ခံကတိပြုပြီး၊ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအားလုံး၏ ဘေးကင်းလုံခြုံမှုအား အာမခံမှုပေးနိုင်ခြင်းနှင့် ဖက်ဒရယ်နှင့် ဒီမိုကရက်တစ် အစိုးရ စနစ် တစ်ခုနှင့် ကိုက်ညီမှုရှိစေရန် သေချာစေရပါမည်။

၃. ကြားကာလအစီအမံများအား တည်ဆောက်ပြီး ၎င်းတွင် ကေအဲန်ယူ၏ အာဏာနှင့် တရားဝင်ဖြစ်မှုအား ဥပဒေအရသော်လည်းကောင်း၊ တရားဝင်အရသော်လည်းကောင်း အသိအမှတ်ပြုရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖက်ဒရယ်နှင့် ဒီမိုကရက်တစ် အစိုးရစနစ် တစ်ခုတည်ဆောက်မှု မပြုခင်အချန်အတွင်း ထိခိုက်ခံစားခဲ့ရသော ပြည်သူများအားလုံး ဘက်စုံလွှမ်းခြုံမှုရှိစွာ ပါဝင်နိုင်ရန် သေချာစေရမည်။

၄. ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်မှုတွင် ကေအဲန်ယူ၏ အခန်းကဏ္ဍအား ဆုံးဖြတ်ရန် ၎င်းတို့နှင့် အတူ လုပ်ဆောင်ပြီး၊ ၎င်းတို့သည် လွတ်လပ်ရေးရရှိချိန် ကတည်းက စတင်ကာ နိုင်ငံ၏ နိုင်ငံသားပေါင်း သန်းပေါင်းများစွာအား အုပ်ချုပ်မှုပြုခဲ့သည် ဆိုသည့် အချက်နှင့် ၎င်းတို့၏ တရားဝင်ဖြစ်မှုသည် ဆက်လက်တည်ရှိနေသေးကြောင်းနှင့် မြန်မာအစိုးရအား တိုးချဲ့ခြင်းဖြင့် လွယ်ကူစွာ အစားထိုးသွားနိုင်မည် မဟုတ်ကြောင်းတို့ကို အသိအမှတ်ပြုလက်ခံရန်

၅. အသွင်ကူးပြောင်းသော ပြုပြင်ပြောင်းလဲမှုများအား အစပြုလုပ်ဆောင်ခြင်းမှ စီးပွားရေးတွင် ပိုမိုလွှမ်းခြုံမှု၊ သာတူညီမျှမှုရှိစေရန်နှင့် တပ်မတော်နှင့် GoM တို့ပိုင်ဆိုင်သော သို့မဟုတ် ဆက်နွယ်နေသော ကုမ္ပဏီများသို့မဟုတ် တစ်ဦးတစ်ယောက်ချင်းမှ တိုင်းရင်းသားဒေသများအတွင်းရှိ ကြွယ်ဝမှုနှင့် အရင်းအမြစ်များအား ထုတ်ယူခြင်းများနှင့် ဆက်နွယ်နေသည့် ဆယ်စုနှစ်များကြာခဲ့ပြီဖြစ်သော နစ်နာမှုများအား အဆုံးသတ်နိုင်ရေး ဗဟိုထိန်းချုပ်မှု လျှော့ချရန်

၆. ကြားကာလအချိန်အတွင်း အပစ်ခတ်ရပ်စဲထားသော ဒေသများတွင် အလွန်ကြီးမားသော စီမံကိန်းများအား တရားဝင်ဆိုင်းငံ့မှုအား သေချာစေရေးလုပ်ဆောင်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားလုံးသည် လွတ်လပ်မှု၊ ကြိုတင်အသိပေးမှုနှင့် သဘောတူညီမှုများရရှိခြင်းဆိုသည့် နိယာမသဘောတရားများအား လိုက်နာဆောင်ရွက်မှုရှိရေး သေချာစေရန်

၇. စီးပွားရေးဖွံ့ဖြိုးမှုထက် ပဋိပက္ခဖြစ်ပေါ်စေသည့် နိုင်ငံရေးဆိုင်ရာ တွန်းပို့မှုများအား ဖြေရှင်းခြင်း၊ စစ်တပ်တိုးချဲ့ခြင်းနှင့် အကြမ်းဖက်မှုများအား လျှော့ချခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် လူမှုရေးရာ ဝန်ဆောင်မှုများသည်သာ ငြိမ်းချမ်းရေးကို ယူဆောင်လာနိုင်မည်မဟုတ်သလို၊ ပြည်သူများမှ GoM သည် ပိုမို တရားဝင်မှုရှိသည်ဟု ပြောင်းလဲရှုမြင်လာမည် မဟုတ်ကြောင်း အသိအမှတ်ပြုခြင်း၊ အစရှိသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ အားစိုက်ထုတ်မှုများအပေါ် အလေးပေးလုပ်ဆောင်ခြင်း

၈. ပဋိပက္ခထိခိုက်ခံစားခဲ့ရသော လူမှုအသိုက်အဝန်းများမှ ရင်ဆိုင်နေရသော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုဆိုင်ရာ အမွေအနှစ်များအား ဖြေရှင်းပေးနိုင်ရေး လူ့အခွင့်အရေးချိုးဖောက်မှု ခံစားခဲ့ရသူများအတွက် ကုစားပေးမှုအခွင့်အရေး၊ အတိတ်ကာလမှ ရာဇဝတ်မှုများအတွက် အများပြည်သူရှေ့ အသိအမှတ်ပြုပေးခြင်းနှင့် တရားမျှတရေးများ သေချာစေရေး၊ ပြတိုက်များနှင့် အထိမ်းအမှတ်များ ဆောက်လုပ်နိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများအပေါ် ရင်းနှီးမြုပ်နှံမှုများ လုပ်ဆောရန် အစရှိသည်တို့အား အသိအမှတ်ပြုလုပ်ဆောင်သွားရန်

၉. ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုဆင့်များရှိ အုပ်ချုပ်စီမံမှု၊ တရားရေးဆိုင်ရာ ပံ့ပိုးမှုနှင့် လုံခြုံရေးကဏ္ဍ အုပ်ချုပ်မှုအစရှိသည်တို့တွင် အမျိုးသမီးများ၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများမှ ပိုမိုထိရောက်စွာ ပါဝင်နိုင်ရန်နှင့် ပူပေါင်းလုပ်ဆောင်နိုင်ရန် တက်ကြွစွာ အားပေးမြှင့်တင်ရပါမည်၊ ၎င်းတို့တွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၊ အထူးအသဖြင့် အပိုဒ် ၁၃နှင့် ၁၄ တို့အား အကောင်အထည်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် (CEDAW)အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့အတွက် ဝန်ခံကတိပြုထားသော အစိုးရအပေါ် ဂုဏ်ပြုခြင်းတို့ပါဝင်သင့်ပါသည်။

## ကရင့် အမျိုးသား အစည်းအရုံး (KNU)ထံ

### (က) အရပ်သားများအားလုံး၏ အခြေခံဘေးကင်းလုံခြုံမှုအား သေချာစေရန် လုပ်ဆောင်သင့်သော အရေးတကြီးလုပ်ဆောင်သင့်သော လုပ်ငန်းများ

၁. ပြည်သူများမှ ၎င်းတို့၏လုံခြုံအရေးအား အဓိကခြိမ်းခြောက်မှုများအတွက် ၎င်းတို့နှင့် ဆွေးနွေးဖော်ထုတ်ရန်နှင့် ရှေ့ဆက်ပြည်သူများ၏ ဘေးကင်းလုံခြုံသေချာစေရန်နှင့် ကေအဲန်ယူ၏ အမျိုးသမီးများကာကွယ်ရေး ဥပဒေအား အကောင်အထည်ဖေါ်ရေး ဦးစားပေးနိုင်ရန် ပေါ်လစီများနှင့် အလေ့အထများအား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်၊

၂. လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကျင့်ဝတ်များအပေါ် အပြည့်အဝ အခြေခံသော ပေါ်လစီများ ဖြစ်စေရေး သေချာစေရန်၊ ဥပမာ အသက်မပြည့်သေးသူများအား တပ်သားစုဆောင်မှုအား တားမြစ်ပိတ်ပင်ရန်၊ လက်ဖြင့်လုပ်သော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၏ တည်နေရာများအား ဒေသခံအရပ်သားပြည်သူများအား အသိပေးခြင်းအား သေချာစေရန်တို့ ဖြစ်ပါသည်။

၃. ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများကိုယ်စား တင်ပြတောင်းဆိုခြင်းအတွက် ဘက်စုံလွှမ်းခြုံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော အစီအစဉ်အား ပြုစုရန်နှင့် အကောင်အထည်ဖော်ရန် INGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်ပါသည်၊ ၄င်းအစီအစဉ်သည် နိုင်ငံတကာ အကူအညီများ ဆက်လက်ရရှိရေးအတွက် လုံခြုံမှုရှိစေရန်၊ မှန်ကန်ပြီး၊ တာရှည်ခံသော ဖြေရှင်းမှုများအား ရှာဖွေဖော်ထုတ်မည်ဆိုသည့်အပေါ် ကြီးမားကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝန်ခံကတိပြုမှုရရှိရန်နှင့် အချိန်မတိုင်ခင် နေရပ်ပြန်ပို့ခြင်းအပေါ် အားပေးမှုအား ရှောင်ရှားရန်အစရှိသည်တို့ ပါဝင်ပါသည်။

၄. လူ့အခွင့်အရေးများအား ကာကွယ်နိုင်ရေး သေချာစေရန် ကေအဲန်ယူ၏ ဝန်ထမ်းများအားလုံးသည် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပိုမိုအားကောင်းစေရေးနှင့် လိုက်နာလုပ်ဆောင်မှုအား သေချာစေရေးလုပ်ဆောင်ရန်

၅. အရပ်သားပြည်သူများအားလုံးသည် တိကျသော အကူအညီများအား သင့်တော်ပြီး စနစ်ကျသော စနစ်တစ်ခုဖြင့် လက်လှမ်းမှီမှုရှိစေရေးသေချာစေရန် (အန်ဂျီအိုများနှင့် ထပ်နေခြင်း သို့မဟုတ် တာဝန်မဲ့သော လုပ်ငန်းစီမံကိန်းများအား ရှောင်ရှားနိုင်ရန်) ကေအဲန်ယူ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပေါ်လစီအား ပြန်လည်သုံးသပ်မှုပြုခြင်း၊ အချိန်နှင့် အညီမွမ်းမံခြင်းနှင့် အပြည့်အဝလိုက်နာဆောင်ရွက်မှုရှိစေရေး လုပ်ဆောင်ရန်ဖြစ်ပါသည်။

၆. ပိုင်နက်နယ်မြေနယ်နိမိတ်များအားပိုင်းခြားနိုင်ရေးတပ်မတော်နှင့်ဆက်လက်လုပ်ဆောင်သွားရန်နှင့် လက်နက်ကိုင်အဖွဲ့များမှ ခွင့်ပြုသော ဒေသများအတွင်းသာ လှုပ်ရှားမှုများပြုလုပ်ရေး ကန့်သတ်ရန်၊ ပိုမို အကျိုးထိရောက်မှုရှိသော စဉ်ဆက်မပျက် စောင့်ကြည့်လေ့လာမှုများနှင့် အပစ်အခတ်ရပ်သဘောတူညီမှု ချိုးဖောက်မှုများအား ဆုံးဖြတ်ရန် အခြေခံများအား ခွင့်ပြုရန်နိုင်ရန် ကျင့်ဝတ်စည်းမျဉ်းများ ပြုစုသွားရန်

၇. ကေအဲန်ယူမှ လွှမ်းမိုးသော ဒေသများတွင် မြေယာသိမ်းဆည်းခြင်းများအား အဆုံးသတ်ပြီး လွတ်လပ်သော လုပ်ငန်းများ သို့မဟုတ် ကေအဲန်ယူနှင့် ဆက်နွယ်သော ပုဂ္ဂလိကလုပ်ငန်းများနှင့် ကုမ္ပဏီများအားလုံးအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုပြုရန်၊ ဖွံ့ဖြိုးရေးစီမံကိန်းများအား ၄င်းတို့အတွက် လိုအပ်သော ဘေးကင်းလုံခြုံရေးအစီအစဉ်များအားလုံးရှိမှသာ ခွင့်ပြုပေးရေးတို့အား သေချာစေရန်

### (ခ) ငြိမ်းချမ်းရေးအား ပိုမိုကျစ်လစ်ခိုင်မာစေရန်အတွက် လုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းများ

၁. ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ညှိနှိုင်းဆွေးနွေးမှုများတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအား ဦးစားပေးလုပ်ဆောင်ပြီး၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် တရားရေးအဖွဲ့အစည်းများသည် ဘက်စုံလွှမ်း ခြုံမှု၊ ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုတာဝန်ယူမှုများ ပိုမိုအားကောင်းလာစေရေးလုပ်ဆောင်ရေး ဝန်ခံကတိပြုရန်နှင့် ၄င်းတို့သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအားလုံး၏ ဘေးကင်း လုံခြုံမှုအား အာမခံမှုပေးနိုင်ခြင်းနှင့် ဖက်ဒရယ်နှင့် ဒီမိုကရက်တစ် အစိုးရ စနစ်တစ်ခုနှင့် ကိုက်ညီမှု ရှိစေရေး သေချာစေရပါမည်။

၂. NCA စာသားများနှင့် ကိုက်ညီသော ကြားကာလအစီအမံများအား လုံခြုံမှုရှိစေရေး အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ GoM၊ တပ်မတော်တို့နှင့် အတူလုပ်ဆောင်ပြီး၊ ကေအဲန်ယူ၏ အာဏာနှင့် တရားဝင်ဖြစ်မှုအား ဥပဒေအရသော်လည်းကောင်း၊ တရားဝင်အရသော်လည်းကောင်း အသိအမှတ်ပြုရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖက်ဒရယ်နှင့် ဒီမိုကရက်တစ် အစိုးရစနစ်တစ်ခုတည်ဆောက်မှု မပြုခင်အချိန်အတွင်း ထိခိုက်ခံစားခဲ့ရသော ပြည်သူများအားလုံး ဘက်စုံလွှမ်းခြုံမှုရှိစွာ ပါဝင်နိုင်ရန် သေချာစေရမည်။

၃. ကရင့်နိုင်ငံရေးလုပ်ငန်းများနှင့် ဒေသတွင်းအုပ်ချုပ်ရေးလုပ်ငန်းများတွင် ကရင်အမျိုးသမီးများ၏ ပါဝင်မှုအား မြင့်တင်နိုင်ရေး ကြိုးပမ်းမှုများအား ဆက်လက်လုပ်ဆာင်သွားရန်နှင့် ၄င်းတို့အား ကျားမရေးရာ နိုးကြားသတိရှိမှုဆိုင်ရာ ပေါ်လစီများပြုစုခြင်း၊ အခြားသော ပေါ်လစီများအားလုံးတွင် ကျားမရေးရာအား ထည့်သွင်းလုပ်ဆောင်မှုပြုခြင်း၊ ဒေသတွင်း ရွေးကောက်ပွဲများတွင် အမျိုးသမီးများ၏ ပါဝင်မှုအား ပိုမိုမြင့်မာလာစေရန် အားပေးခြင်းနှင့် အုပ်ချုပ်စီမံမှုအဆင့်များအားလုံးတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုအချိုးသည် အနည်းဆုံး ၃၀ ရာခိုင်နှုန်းအထိ တိုးမြင့်ခြင်းနှင့် အတူ အမျိုးသမီးခေါင်းဆောင်များ အရေအတွက် တိုးမြင့်စေရေး လုပ်ဆောင်ခြင်းတို့ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်သွားရန်ဖြစ်သည်။

၄. ကေအဲန်ယူ၏ စီးပွားရေးပေါ်လစီအား အပြည့်အဝ အကောင်အထည်ဖော်ရန်၊ အထူးသဖြင့်

လွတ်လပ်မှု၊ ကြိုတင်အသိပေးမှုနှင့် သဘောတူညီမှုရယူခြင်းတို့အား ဒေသခံပြည်သူများမှ ရရှိမှု သေချာစေရေး အလေးပေးလုပ်ဆောင်ရန်နှင့် အဆိုပါစီမံကိန်းများအားလုံးသည် ပွင့်လင်းမြင်သာမှု ရှိသော စနစ်ယန္တရားများမှ တစ်ဆင့် စည်းမျဉ်းစည်းကမ်းများအတိုင်း မှန်ကန်စွာ လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

၅. ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အရေးပါသော လက်တွဲလုပ်ဆောင်သူ အဖွဲ့တစ်ခုအနေဖြင့် ကေအဲန်ယူသည် မိမိ၏ လွှမ်းမိုးမှုအား အသုံးပြုပြီး ကြားကာလအချိန်အတွင်း အပစ်ခတ် ရပ်စဲထားသော ဒေသများတွင် အလွန်ကြီးမားသော စီမံကိန်းများအား တရားဝင်ဆိုင်းငံ့မှုအား သေချာစေရေးလုပ်ဆောင်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးသည် လွတ်လပ်မှု၊ ကြိုတင်အသိပေး မှုနှင့် သဘောတူညီမှုများရရှိခြင်းဆိုသည့် နိယာမသဘောတရားများအားလိုက်နာဆောင်ရွက်မှုရှိရေး သေချာစေရန်

၆. လက်ရှိ အခွန်ကောက်ခံမှုဆိုင်ရာ ပေါ်လစီများနှင့် ပတ်သက်ပြီး စိုးရိမ်မှုများရှိနေလားဆိုသည်ကို ဒေသခံပြည်သူများနှင့် ဆွေးနွေးဖော်ထုတ်ရန်နှင့် အထူးသဖြင့် ရောယှက်ထိန်းချုပ်သော ဒေသများ တွင် လိုအပ်မည်ဆိုပါက ဒေသခံပြည်သူများအပေါ် ဝန်ထုတ်ဝန်ပိုးဖြစ်မှုအား လျှော့ချနိုင်ရေး လိုအပ် သည့် ပြုပြင်ပြောင်းလဲမှုများအား အစပြုလုပ်ဆောင်နိုင်ရန်၊

၇. တရားရေးနှင့် ရဲလုပ်ငန်း စနစ်များအား အားကောင်းစေရန်နှင့် တိုးမြင့်လုပ်ဆောင်မှုများအား ဆက်လက်လုပ်ဆောင်သွားရန်နှင့် နိုင်ငံတကာ စံနှုန်းများနှင့် အညီ စစ်တပ်ယူနစ်များနှင့် အရပ်သားပြည်သူများအကြား တိုက်ရိုက်ဆက်သွယ်မှုများအား လျှော့ချသွားရန်၊

၈. အဆင့်တိုင်းတွင် တရားရေးလုပ်ငန်းလုပ်ငန်းများအား အပြည့်အဝ လိုက်နာဆောက်ရွက်မှုရှိရေးသေ ချာစေခြင်းမှ ရာဇဝတ်မှုများသည် အမြဲတစေ သင့်လျော်သော အဆင့်များသို့ ညွှန်ပို့နိုင်ပြီး၊ အထူးသဖြင့် ကျား-မအခြေခံသော အကြမ်းဖက်မှုများသည် တာဝန်ရှိသော အာဏာပိုင်များ၏ လျှော့ပေါ့လုပ်ဆောင်ခြင်းများ မရှိစေရန်ဖြစ်ပါသည်။

၉. ပေါ်လစီများပြုစုခြင်း၊ အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဒေသခံပြည်သူများအား ပံ့ပိုးကူညီခြင်းတို့အတွက် အဖွဲ့အစည်း၏ စွမ်းရည်များအား မြင့်တင်ပြီး ဒေသအခြေပြုအဖွဲ့များ (CBO)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် ပူးပေါင်းလုပ်ဆောင်ပြီး ၎င်းတို့၏ အမျိုးသမီး များ၏ အခွင့်အရေးများနှင့် စွမ်းရည်မြင့်တင်ပေးခြင်းများ၊ တာဝန်ယူမှုရှိသော ဖွံ့ဖြိုးရေး အလေ့အထ များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ လူ့အခွင့်အရေးများ မြင့်တင်ခြင်း၊ နေရပ်စွန့်ခွာသူများ၊ ရွှေ့ပြောင်းအလုပ်သမားများပံ့ပိုးခြင်းနှင့် အခြားသော အဓိကအကြောင်းအရာများ အစရှိသည်တို့မှ စွမ်းဆောင်ရည်များနှင့် အသိပညာများအား အကျိုးရှိစွာ အသုံးပြုရန်ဖြစ်သည်။

၁၀. ကေအဲန်ယူတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်စီမံမှု အဖွဲ့အစည်းများကို အားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်းအား ဆက်လက် လုပ်ဆောင်ရန်နှင့် ကေအဲန်ယူထိန်းချုပ်သောဒေသများနှင့် ရောယှက်ထိန်းချုပ်မှုရှိသော ဒေသများမှ ပြည်သူများအားလုံးအတွက် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ တရားမျှတရေးအား လက်လှမ်းမှီရေးနှင့် လူမှုလုံခြုံရေးများ ပံ့ပိုးပေးနိုင်ရန် ဒေသ အခြေပြုအဖွဲ့များ (CBO)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် ပူးပေါင်းလုပ်ဆောင်သွားရန် ဖြစ်ပါသည်။

၁၁. ကေအဲန်ယူထိန်းချုပ်သောဒေသများနှင့် ရောယှက်ထိန်းချုပ်မှုရှိသော ဒေသများအတွင်းတွင် ခွဲခြား ဆက်ဆံမှုများ မရှိစေရေးနှင့် ဖယ်ကျဉ်ခြင်းများ မရှိစေရေးသေချာစေရန် သက်ဆိုင်ရာ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CSOs)နှင့် ပူးပေါင်းလုပ်ဆောင်ပြီး၊ ဒေသအတွင်းရှိ အားလုံးသော တိုင်းရင်း သားလူမျိုးစုများနှင့် ဘာသာဝင်များအားလုံးနှင့် တိုင်ပင်ဆွေးနွေးမှုအား အာပေးသော အဖွဲ့အစည်းတစ်ခုလုံးအား လွှမ်းခြုံသော ပေါ်လစီတစ်ခုအားပြုစုရန်နှင့် အကောင်အထည် ဖော်လုပ် ဆောင်ရန်။

၁၂. ပဋိပက္ခထိခိုက်ခံစားခဲ့ရသော လူမှုအသိုက်အဝန်းများမှ ရင်ဆိုင်နေရသော အကြမ်းဖက်မှုနှင့် မတရား ပြုကျင့်ခံရမှုဆိုင်ရာ အမွေအနစ်များအား ဖြေရှင်းပေးနိုင်ရေး အတိတ်ကာလမှ ရာဇဝတ်မှုများအတွက် အများပြည်သူရှေ့ အသိအမှတ်ပြုပေးခြင်းနှင့် တရားမျှတရေးများ သေချာစေရေး၊ လွတ်လပ်သော ဆွေးနွေးပွဲများ၊ ပြတိုက်များနှင့် အထိမ်းအမှတ်များ ဆောက်လုပ်နိုင်ရေးခွင့်ပြုရန်နှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများအပေါ် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် လွတ်လပ်သော လုပ်ငန်းစဉ်များအား အစပြုလုပ်ဆောင်ရန်နှင့် GoM မှ နိုင်ငံတစ်ဝန်းလုပ်ငန်းစဉ်များချမှတ်လုပ်ဆောင်ရေး တောင်းဆိုရန် တို့ဖြစ်ပါသည်။

## နိုင်ငံတကာ အသိုင်းအဝန်းများထံ

### (က) အရပ်သားများအားလုံး၏ အခြေခံဘေးကင်းလုံခြုံမှုအား သေချာစေရန် လုပ်ဆောင်သင့်သော အရေးတကြီးလုပ်ဆောင်သင့်သော လုပ်ငန်းများ

၁. ထိုင်းနိုင်ငံရှိ ဒုက္ခသည်များနှင့် မြန်မာနိုင်ငံအရှေ့တောင်းပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွါထွက်ပြေးသူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများဖြတ်တောက်နေခြင်းအား အဆုံးသတ်ပေးရန်နှင့် အသစ်တစ်ဖန် ပြန်လည်ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခ အခြေအနေတွင် ဖြစ်လာနိုင်သည့် အသစ်သော နေရပ်စွန့်ခွါထွက်ပြေးရမှုများအတွက် အဆင်သင့်ဖြစ်စေရေး သေချာစေရန်။

၂. ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပံ့ပိုးနေသော လက်ရှိ နည်းလမ်းများအား ပြန်လည်သုံးသပ်မှုပြုရန်နှင့်အတူ တပ်တော်နှင့် GoM အား အလေးပေးနေသော အချိုးမညီသည့် လွှမ်းမိုးမှုအား ဖြေရှင်းနိုင်ရန် သီးခြားအားထုတ်မှုများလုပ်ဆောင်ရန်၊ အင်အားပိုနည်းသော လက်တွဲလုပ်ဆောင်သူအဖွဲ့များအား နည်းပညာဆိုင်ရာ စွမ်းအားများနှင့် ရရှိနိုင်သော အရင်းအမြစ်များအား ပံ့ပိုးရန်နှင့် GOMမှ ဖက်ဒရယ်စနစ်များသို့ ခြေလှမ်းမှု စတင်ရန်နှင့် ညှိနှိုင်းမှုများအတွက် ကြီးမားသော ဝန်ခံကတိပြုရေးအားပေးရန် သံတမန်ရေး ဖိအားများအား အသုံးပြုခြင်းတို့ဖြစ်ပါသည်။

၃. ပဋိပက္ခဒေသများတွင် အကူအညီပေးရေးဆိုင်ရာ အစပြုလုပ်ဆောင်မှုများ အားလုံးသည် ဒေသခံပြည်သူများ၏ အပြည့်အဝယုံကြည်မှု ရရှိသော ဒေသခံလုပ်ဆောင်သူများအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေပြီး၊ ၄င်းတို့၏ ပံ့ပိုးမှုများဖြင့် ၄င်းအစီအစဉ်များအား လက်ခံရန်၊ အကောင်အထည်ဖော်လုပ်ဆောင်ရန်နှင့် စဉ်ဆက်မပျက် စောင့်ကြည့်လေ့လာခြင်းများအား သေချာစေရမည်ဖြစ်သည်။

### (ခ) ငြိမ်းချမ်းရေးအား ပိုမိုကျစ်လစ်ခိုင်မာစေရန်အတွက် လုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းများ

၁. အပစ်ခတ်ရပ်ဆဲထားသော ကရင်ဒေသများကို ပဋိပက္ခလွန်အခြေအနေတစ်ခု သို့မဟုတ် အဓိကအားဖြင့် ဖွံ့ဖြိုးရေး စိန်ခေါ်မှုရှိနေသည့် အခြေအနေတစ်ခုအဖြစ် ဆက်ဆံနေခြင်းအား ရပ်တံ့ရန်ဖြစ်သည်။ အပစ်ခတ်ရပ်ဆဲထားသောဒေသများအတွင်းသို့ အစိုးရ၏ အကြောင်းမဲ့တိုးချဲ့ခြင်း သို့မဟုတ် အစိုးရအပေါ် ယုံကြည်မှုနည်းနေသော ဒေသများတွင် အစိုးရအဖွဲ့အစည်းများအား အားကောင်းအောင် လုပ်ဆောင်နေခြင်းတို့အား ကူညီသော ဖွံ့ဖြိုးရေးအစီအစဉ်များအား ရှောင်ကျဉ်ရန် ဖြစ်သည်။ ၄င်းအခြေအနေတွင် အစိုးရ၏ လက်လှမ်းမှီမှုရှိခြင်း သို့မဟုတ် အစိုးရနှင့် ဆက်နွယ်သော ကျေးရွာခေါင်းဆောင်များရှိခြင်းတို့သည် အစိုးရထိန်းချုပ်နယ်မြေများ ဖြစ်ကြောင်း အာမခံမှုမရှိသည်ကို အသိအမှတ်ပြု လက်ခံရပါမည်။

၂. ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးသည် လွတ်လပ်မှု၊ ကြိုတင်အသိပေးမှုနှင့် သဘောတူညီမှုများ ရရှိခြင်းဆိုသည့် နိယာမသဘောတရားများအား လိုက်နာဆောင်ရွက်မှုရှိရေး သေချာစေရန်နှင့် အပစ်ခတ်ရပ်စဲထားသော ဒေသများအတွင်းရှိ အကြီးစား စီးပွားရေးစီမံကိန်းများအား အပြည့်အဝသော ပွင့်လင်းမြင်သာမှု၊ ဘက်စုံလွှမ်းခြုံမှုများအတွက် အာမခံသော ကြားကာလအစီအစဉ်များ တည်ငြိမ်သွားသည့် အချိန်နှင့် အမျိုးသားအဆင့်ခွဲ အဆင့်များအတွင်း ပဋိပက္ခနှိုးကြားသတိရှိမှု လုပ်ငန်းစဉ်များ အဆင်သင့်ဖြစ်သည့် အချိန်များအထိ ရပ်တံ့ထားရန်ဖြစ်သည်။

၃. ပစ္စည်းအခြေပြု စီးပွားရေးဖွံ့ဖြိုးမှုများအပေါ် အလေးပေးသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ အစီအစဉ်များအား ရှောင်ရှားပြီး၊ ၄င်းအစား ပဋိပက္ခအားဖြစ်ပေါ်စေသည် အကြောင်းရင်းများအား တုံ့ပြန်ဖြေရှင်းမှုဆိုင်ရာ မဟာဗျူဟာများအပေါ် အခြေခံရန်ဖြစ်ပါသည်၊ ၄င်းတွင် ဒေသခံ အုပ်ချုပ်ရေးနှင့် ဗဟိုထိန်းချုပ်မှု လျှော့ချခြင်းကို အားပေးရန်၊ လက်ရှိရှိနေသော လူမှုရေးရာ ဝန်ဆောင်မှု စနစ်များအား ပိုမိုအားကောင်းလာစေရေး လုပ်ဆောင်ရန်၊ အသိမ်းဆည်းခံမြေယာများပြန်လည်ရရှိရေးပံ့ပိုးရန် သို့မဟုတ် အသွင်ကူးပြောင်းမှုကာလ တရားမျှတရေး ကြိုးပမ်းမှုများအား အကူအညီအပေးရန်အစရှိသော လုပ်ငန်းများပါဝင်ပါသည်။

၄. ကေအဲန်ယူသည် အပစ်ခတ်ရပ်စဲထားသော ဒေသများတွင် အရေးကြီးသော အုပ်ချုပ်ရေးအဖွဲ့တစ်ခုအဖြစ် ၄င်းတို့၏ တရားဝင်ဖြစ်မှုအား အသိအမှတ်ပြုရမည်ဖြစ်ပြီး ၄င်းလွှမ်းမိုးလျက်ရှိသော နယ်မြေများအတွင်းလုပ်ဆောင်မည့် အကူအညီအပေးရန် အစီအစဉ်များနှင့် လုပ်ငန်းများအားလုံးအတွက် ကေအဲန်ယူနှင့် ဆွေးနွေးတိုင်ပင်ရမည်ဖြစ်သည်။

၅. ကြားကာလအစီအစဉ်များ တည်ဆောက်နိုင်ရေးပံ့ပိုးရန် အကူအညီများထောက်ပံ့ရန်ဖြစ်ပြီး အဓိကလုပ်ငန်းများဖြစ်သော အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဝန်ဆောင်မှုပံ့ပိုးခြင်းတို့တွင် ကေအဲန်ယူနှင့် ၄င်းနှင့်ဆက်နွယ်လျက်ရှိသော ဒေသအခြေပြုအဖွဲ့များ (CBO)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)မှ ၄င်းတို့၏ စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များအား ပိုမိုအားကောင်းစေရေးနှင့် တိုးမြှင့်လုပ်ဆောင်နိုင်ရေး ပံ့ပိုးသွားရန်ဖြစ်ပါသည်။

၆. ဒေသခံများ၏ ကြံ့ကြံ့ခံနိုင်မှုအား အားကောင်းလာစေရေး ဒေသခံပြည်သူများမှ ဦးဆောင်သော ငြိမ်းချမ်းရေးတည်ဆောက်ရေး အစပြုလုပ်ဆောင်မှုများအပေါ် ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ပဋိပက္ခအား

တုံ့ပြန်ဖြေရှင်းနိုင်ရန်နှင့် သာမာန်ပြည်သူများအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပေးသွားရန်ဖြစ်ပါသည်။

၇. လူ့အခွင့်အရေးဆိုင်ရာ သုတေသန၊ မှတ်တမ်းပြုစုခြင်းနှင့် တင်ပြတောင်းဆိုခြင်းလုပ်ငန်းများအပေါ် ပံ့ပိုးမှုအား ဆက်လက်ထားရှိရန်နှင့် အထူးသဖြင့် ပဋိပက္ခဒေသများအတွင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အဖွဲ့များအားလုံးအတွက် ဖြစ်ပါသည်။

၈. ပြည်တွင်းလုပ်ရှားသူများမှ သက်ဆိုင်ရာ ပြဿနာများအပေါ်တွင် လုပ်ဆောင်နေမှုတို့အား ပိုမိုအားကောင်းစေခြင်းဖြင့် သော်လည်းကောင်း၊ လွန်ခဲ့သော ကာလမှ အတွေ့အကြုံများအပေါ် အများပြည်သူရှေ့ အသိအမှတ်ပြုခြင်းအား ရည်ရွယ်ပြီး အစပျိုးလုပ်ဆောင်မှုများအား စမ်းသတ်လုပ်ဆောင်ခြင်းဖြင့် သော်လည်းကောင်း၊ တရားမျှတရေးနှင့် တာဝန်ခံမှု တာဝန်ယူမှုတို့အား အားပေးပံ့ပိုးခြင်းအားဖြင့်သော်လည်းကောင်းအစရှိသည့်လုပ်ငန်းများမှအသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး ပံ့ပိုးသွားရန်ဖြစ်သည်။

၉. အထူးသဖြင့် အပစ်ခတ်ရပ်စဲထားသော ဒေသများရှိ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ၊ တရားဝင်နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများအပါအဝင်၊ အဆင့်တိုင်းရှိဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ကဏ္ဍများတွင် အမျိုးသမီးများ၏ ပါဝင်မှု ပိုမိုမြင့်မားလာစေရေးနှင့် ကျားမရေးရာ နိုးကြားသတိရှိသော ပေါ်လစီများအား အားပေးမြှင့်တင်ရန် အမျိုးသမီးအဖွဲ့အစည်းများအား ပံ့ပိုးမှုပြုရန်ဖြစ်ပါသည်။

## ၆.၃ ရှေ့ဆက်လုပ်ဆောင်ရန် သုတေသန အစီအစဉ်များ

ဤသုတေသနမှ လေ့လာတွေ့ရှိခဲ့ရသော အကြောင်းအရာများအား ပိုမို အသေးစိတ်နားလည်နိုင်ရန်နှင့် ဖြေရှင်းမှုများအား ရှာဖွေနိုင်ရေး ပံ့ပိုးမှုများလုပ်ဆောင်နိုင်ရန် သုတေသနများစွာ ဆက်လက် လုပ်ဆောင်သွားရန် လိုအပ်နေပါသေးသည်။ ယခုအစီရင်ခံစာတွင် မေးခွန်းများ များစွာ ပေါ်ပေါက်လာသလိုအဖြေများလည်းတွေ့ရပါသည်၊၎င်းသည်နောက်ခံအခြေအနေတစ်ခုအပေါ်တွင် ယုံကြည်ရသော သတင်းအချက်အလက်များ မရှိခြင်းနှင့် အလွန့်အလွန်ရှုပ်ထွေးမှုများရှိနေကြောင်း ဖော်ပြနေပါသည်။ အောက်တွင်ဖော်ပြထားသော မေးခွန်းများသည် ရှေ့ဆက်လေ့လာမှုများအတွက် အသုံးပြုသင့်ကြောင်း အကြံပြုလိုပါသည်။ -

- အပစ်ခတ်ရပ်စဲထားသော ဒေသများတွင် အမျိုးသမီးများနှင့် အမျိုးသားများမှ ဖြစ်ပွားမှု အများဆုံးနှင့် အစိုးရိမ်ရဆုံးသော လုံခြုံရေးနှင့် တရားရေးဆိုင်ရာ ပြဿနာများမှာ ဘာတွေလဲ၊ ၎င်းတို့သည် အမျိုးသမီး၊ အမျိုးသားကွဲပြားမှုများအရသော်လည်းကောင်း အခြားသော ပါဝင်အုပ်စုများအရ သော်လည်းကောင်း မည်သို့ ကွာခြားမှုရှိနေသလဲ၊ ၎င်းတို့အနေဖြင့် ပြဿနာများအတွက် သက်ဆိုင်ရာ ဖြေရှင်းမှုများအား အာဏာပိုင်များထံမှ မည်သို့ လက်ခံရရှိနေကြသလဲ၊ အပစ်ခတ်ရပ်စဲထားသော ဒေသများပိုမိုလုံခြုံမှုရှိစေရေး၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၊ အမျိုးသားနှင့် ယောကျ်ားလေးငယ်များ ပိုမိုလုံခြုံမှုရှိစေရေးနှင့်၊ ပေါ်ထွက်လာသော ကျားမရေးရာ ပြဿနာများအတွက် ပိုမိုကောင်းမွန်သော တုံ့ပြန်မှုများ လုပ်ဆောင်နိုင်ရေး ဒေသခံပြည်သူများနှင့် အာဏာပိုင်များအား ပံ့ပိုးနိုင်ရန် မည်သို့သော ပေါ်လစီများ၊ လုပ်ငန်းများ သို့မဟုတ် စီမံကိန်းများ လိုအပ်ပါသလဲ၊
- ဒေသတွင်း နိုင်ငံရေး၊ လုံခြုံရေး၊ တရားမျှတရေးနှင့် အုပ်ချုပ်ရေးတို့အား ပိုမို ဘက်စုံလွှမ်းခြုံမှုရှိစေရန်၊ အထူးသဖြင့် အမျိုးသမီးများပါဝင်ခွင့် ပိုမိုရရှိစေရန်၊ မည်သို့လုပ်ဆောင်နိုင်မည်နည်း၊ အထူးသဖြင့် GoM နှင့် ကေအဲန်ယူ နှစ်ဘက်လုံးမှ ကျေးရွာခေါင်းဆောင်များ ရှိနေသော ဒေသများတွင် ဒေသအဆင့် ရွေးကောက်ပွဲများအတွင်း အမျိုးသမီးများ၏ ပါဝင်ခွင့်နှင့် အတူ ဘက်စုံလွှမ်းခြုံမှုအား ပိုမိုရရှိစေရန် မည်သို့ လုပ်ဆောင်နိုင်မည်နည်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးများဖြင့် ၎င်းတို့၏ လိုလားမှုများအား ဖော်ပြရန် ဘာကြောင့် ဆန္ဒနည်းနေကြသလဲ၊ ၎င်းသည် အခြားသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ကဏ္ဍများတွင် ဖယ်ကျဉ်ခံနေရခြင်းများနှင့် မည်သို့သော ချိတ်ဆက်မှုရှိနေသလဲ၊
- အာဏာရှိသူများမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်ခြင်းများ၊ ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များ၏ အကြမ်းဖက်မှုများနှင့် မိန်းကလေးငယ်များအား ပစ်မှတ်ထားသော ကျား-မအခြေခံသည့် အကြမ်းဖက်မှုများ အပါအဝင်၊ ကျား-မအခြေခံသော အကြမ်းဖက်မှုပုံစံ အမျိုးမျိုးအား အာဏာပိုင်များနှင့် ဝန်ဆောင်မှု ပံ့ပိုးသူများမှ မည်သို့ ကာကွယ်နေကြသလဲ၊ တုံ့ပြန်ဖြေရှင်းနေကြသလဲ၊ ၎င်းကဲ့သို့သော မတရားပြုကျင့်ခံရမှုများမှ လွတ်မြောက်ကျန်ရှိသူများအတွက် ကာကွယ်ခွင့်၊ တရားမျှတမှုနှင့် အခြားသော ပံ့ပိုးမှုများ လက်လှမ်းမီစေရန် မည်သို့သော အခွင့်အရေးများ ရှိနေပါသလဲ၊ ကွဲပြားလှသော ကျား-မအခြေခံသည့် အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်ရန်အတွက် လွတ်မြောက်ကျန်ရှိသူများတွင် အဓိကအားဖြင့် မည်သို့သော အတားအဆီးများ ရှိနေပါသလဲ၊ ကွဲပြားလှသော မြန်မာနိုင်ငံ၏ အခြေအနေများထဲတွင် ကျားမအခြေခံသည့် အကြမ်းဖက်မှုများအား ကာကွယ်ရန် ဘာတွေ လုပ်ဆောင်နိုင်သလဲ၊ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများတွင် မည်သို့ ထည့်သွင်းလုပ်ဆောင်သွားနိုင်မည်နည်း၊ ၎င်းကဲ့သို့သော အကြမ်းဖက်မှုများအား

အဆုံးသတ်ရန်နှင့် လွတ်မြောက်ကျန်ရှိသူများအား တိကျသော ဝန်ဆောင်မှုများပံ့ပိုးနိုင်ရန် အာဏာပိုင်များ အနေဖြင့် မည့်သည့် လုပ်ငန်းများအား လုပ်ဆောင်သွားနိုင်မည်နည်း၊

- သေးငယ်သော လက်နက်ကိုင်အဖွဲ့များနှင့် ၄င်းတို့၏ တိုက်ရိုက်လွှမ်းမိုးမှုအောက်နေထိုင် နေကြသော ပြည်သူများအကြားအတွင် မည်သို့သော အတွေ့အကြုံများနှင့် အမြင်သဘောထားများ ရှိနေကြပါသလဲ၊ ၄င်းပြည်သူများအတွက် ကာကွယ်ရေးလိုအပ်ချက်များမှာ ဘာတွေ ဖြစ်မလဲ၊ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွင်း ၄င်းလက်နက်ကိုင်အဖွဲ့များ၏ အခန်းကဏ္ဍမှာ မည်သို့ ဖြစ်နေမလဲ။
- ပဋိပက္ခဒေသများတွင် ဒေသခံပြည်သူများတွင် မြင့်မားသော အကြမ်းဖက်မှုနှင့် မတရားပြုကျင့်ခံရမှုများကြောင့် မည်သို့သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ရလဒ်များ ရှိနေမလဲ၊ ၄င်းတို့သည် အမျိုးသမီးနှင့် အမျိုးသားများအသီးသီးအတွက် မည်သို့သော ကွဲပြားမှု ရှိနေလဲ၊ စိတ်ဒဏ်ရာဖြစ်ပွားမှုအလွန် စိတ်ဖိစီးမှုနှင့် စိတ်ကစဉ့်ကလျားဖြစ်မှုများနှင့် အခြားသော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆက်စပ်အခြေအနေများ ဖြစ်ပွားနှုန်းဘယ်လိုရှိသလဲ၊ ၄င်းတို့အား နားလည်နိုင်ရန်နှင့် စီမံမှုပြုနိုင်ရန် မည်သို့သော ဒေသတွင်း နည်းလမ်းများအား အသုံးပြုခဲ့ပြီးပြီလဲ၊ ဒေသခံပြည်သူများ ပြန်လည်သက်သာမှုရရှိလာစေရေး ကူညီရန် မည်သို့သော တရားဝန် ဝန်ဆောင်မှုများ လိုအပ်ပါသလဲ၊ ၄င်းတို့အား ကျားမန္နီးကြားသတိရှိစွာ မည်သို့ လုပ်ဆောင်နိုင်မလဲ၊
- နိုင်ငံ၏ လုံခြုံရေးကဏ္ဍအား ယေဘုယျအားဖြင့် စီမံခန့်ခွဲမှုပြုရန်အတွက် ပြည်သူများ၏ ဦးစားပေးများက ဘာတွေဖြစ်မလဲ၊ ၄င်းဦးစားပေးများအား ဖြစ်ပေါ်လျက်ရှိသော ငြိမ်းချမ်းရေးစကားဝိုင်းများအတွင်း မည်သို့ ထည့်သွင်းသွားနိုင်မလဲ၊
- အပစ်ခတ်ရပ်စဲထားသော ဒေသများအတွင် ဖြစ်ပွားမှု အများဆုံးသော တရားရေးနှင့် ရာဇဝတ်မှုဆိုင်ရာ ပြဿနာများမှာ ဘာတွေဖြစ်မလဲ၊ တရားမဝင် မူးယစ်ဆေးဝါးပြဿနာများရှိနေသလား၊ ၄င်းတို့သည် သာမာန်ပြည်သူများအား မည်သို့ ထိခိုက်မှုရှိနေသလဲ၊ ၄င်းခြိမ်းခြောက်မှုများအား တားဆီးနိုင်ရန် အာဏာပိုင်များမှာ မည်သို့ လုပ်ဆောင်နိုင်မည်နည်း၊
- အပစ်ခတ်ရပ်စဲထားသော ဒေသများမှ လူငယ်မိန်းကလေးများနှင့် လူငယ်ယောကျ်ားလေးများသည် အလုပ်အတွက်သို့မဟုတ် အခြားသော အကြောင်းပြချက်များဖြင့် ရွှေ့ပြောင်းသွားလာမှုအခြေအနေ ဘယ်လိုရှိပါသလဲ၊ သူတို့ ဘယ်နေရာကို သွားကြတာလဲ၊ ပြန်လာကြသော နှုန်း ဘယ်လောက်ရှိသလဲ၊ ၄င်းသွားလာလှုပ်ရှားမှုများသည် အပစ်ခတ်ရပ်စဲထားသော ဒေသများအတွင်းရှိ နိုင်ငံရေးဆိုင်ရာ စီပွားရေးအား ဘယ်လိုအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသလဲ၊
- အပစ်ခတ်ရပ်စဲထားသော ဒေသများရှိ ကရင်လူမျိုးနှင့် ကရင်မဟုတ်သူများအကြားရှိ ကြီးမားစွာကွဲပြားနေသော အတွေ့အကြုံများနှင့် အမြင်သဘောထားများသည် မည်သို့သော အကျိုးသက်ရောက်မှုများရှိနေပါသလဲ၊ ရှိနေသော ပြည်သူများအကြား တင်းအားများ ရှိနေသလား၊ ၄င်းတို့သည် ယေဘုယျ ပဋိပက္ခအခြေအနေများနှင့် မည်သို့ ဆက်နွယ်မှုရှိနေပါသလဲ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်ရန် ရည်ရွယ်ချက်အတွက် ၄င်းကွဲပြားမှုများအပေါ်တွင် မည်သို့သော သက်ရောက်မှုများ ရှိနေပါသလဲ၊ ရွေးကောက်တင်မြောက်မှုဆိုင်ရာ နိုင်ငံရေး၏ အကျိုးသက်ရောက်မှုများသည် တစ်ကြိမ်ပြီးတစ်ကြိမ် ဒေသအတွင်း ပိုမိုကျယ်ပြန့်လာပြီး လွှမ်းမိုးမှု ရှိလာနိုင်မလား၊
- ရောယှက်အုပ်ချုပ်မှုရှိသော ဒေသများတွင် အမျိုးမျိုးသော အာဏာပိုင်များ ဘယ်လိုတွဲဖက်တည်ရှိနေနိုင်မလဲ၊ ၄င်းအခြေအနေမျိုးတွင် နိုင်ငံတကာအဖွဲ့အစည်းများ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းများမှ မည်သို့သော အကျိုးသက်ရောက်မှုများ ဖြစ်စေမလဲ၊ ၄င်းအကူအညီများသည် ပဋိပက္ခနှင့် ကျားမ နှီးကြားသတိရှိစွာ မည်သို့ ပံ့ပိုးလုပ်ဆောင်နိုင်မလဲ၊
- ဒေသအတွင်းတွင် နိုင်ငံတကာအကူအညီများသည် တစ်ချိန်ပြီး တစ်ချိန် မည်သို့ ပြောင်းလဲမှုရှိနေသလဲ၊ ကေအဲန်ယူနှင့် နိုင်းယှဉ်လျင် အစိုးရနှင့် ဆက်နွယ်သော အစိုးရစနစ်များသို့ လက်ရှိတွင် အကူအညီများ ဘယ်လောက်သွားနေသလဲ၊ ရေရှည်အားဖြင့် နိုင်ငံရေးဆိုင်ရာ စီးပွားရေးအား မည်သို့သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သလဲ၊ ပဋိပက္ခဖြစ်စေသော အရာများထက် ငြိမ်းချမ်းရေးအား ပံ့ပိုးမှု လုပ်ဆောင်နိုင်ရန် အကူအညီပေးရေး ပေါ်လစီများအား မည်သို့ ရေးဆွဲနိုင်မလဲ၊
- အပစ်ခတ်ရပ်စဲထားသော ဒေသများသို့ ပြန်လည်နိုင်ချေရှိသည့် ရာပေါင်း၊ ထောင်ပေါင်းများစွာသော ကရင်ဒုက္ခသည်များအတွက် မည်သို့သော အန္တရာယ်များနှင့် အခွင်အလမ်းများ ရှိနေသလဲ၊ ဘယ်လိုနယ်မြေများသို့ ၄င်းတို့ ပြန်ကြမှာလဲ၊ ၄င်းတို့၏ ကာကွယ်ရေးအား ဘယ်လို သေချာစေနိုင်မလဲ၊ဒေသအဆင့်ရှိပဋိပက္ခအခြေအနေမျိုးတွင်၄င်းကဲ့သို့ရွှေ့ပြောင်းသွားလာမှုသည် မည်သို့သော အကျိုးသက်ရောက်မှုအား ဖြစ်စေမလဲ၊ ပြဿနာများအား မည်သို့ လျှော့ချနိုင်မလဲ။

# ကျမ်းကိုးစာရင်း


Amnesty International (2008), 'Crimes against humanity in eastern Myanmar', June

Amnesty International (2018), '"We will destroy everything" Military responsibility for crimes against humanity in Rakhine State, Myanmar', June

Burma Link (2018), 'Karen National Union (KNU) statement regarding the Tatmadaw's reinforcement and activities in KNU Brigade-5 Area, Mudraw (Papun) District', 10 May (https://www.burmalink.org/karen-national-union-knu-statement-regarding-the-tatmadaws-reinforcement-and-activities-in-knu-brigade-5-area-mudraw-papun-district/)

Cathcart G, Phyusin Ngwethaw, Nay Thar, Ye Paing Soe and Kyaw Toe Hlaing (translator) (2016), 'Knowledge, attitudes and practices survey: the impact of landmines and other explosive remnants of war in south eastern region of Myanmar', Danish Church Aid

Davis B, Jolliffe K (2016), 'Achieving health equity in contested areas of southeast Myanmar', The Asia Foundation, May (http://asiafoundation.org/publication/achieving-health-equity-contested-areas-southeast-myanmar/)

Denney L, Bennet B, Khin Thet Sann (2016), 'Making big cases small and small cases disappear: experiences of local justice in Myanmar', November, MyJustice

Gallup (2018), 'Taxes' (http://news.gallup.com/poll/1714/taxes.aspx)

Gender Equality Network (2014), 'Behind the silence: violence against women and their resilience, Myanmar', October (http://www.burmalibrary.org/docs20/GEN-2014-11-Behind_the_Silence-en.pdf)

Human Rights Watch (2017), '"All of my body was pain" Sexual violence against Rohingya women and girls in Burma', November

International Human Rights Clinic (IHRC) (2014) 'Preventing indiscriminate attacks and wilful killings of civilians by the Myanmar military, Human Rights Program at Harvard Law School, April (http://hrp.law.harvard.edu/wp-content/uploads/2014/03/2014.03.24-IHRC-Military-Policy-Memorandum-FINAL.web_.pdf)

International Rescue Committee (2016), 'Gender based violence among displaced communities in Sittwe Township, Rakhine State: A knowledge, attitudes and practices study', September (https://reliefweb.int/sites/reliefweb.int/files/resources/IRC%20GBV%20%202016.pdf)

IRIN (2011), 'Military porters worked to death', 13 July (http://www.irinnews.org/report/93220/myanmar-military-porters-worked-death)

Jolliffe K (2015), 'Ethnic armed conflict and territorial administration in Myanmar', The Asia Foundation, July (https://asiafoundation.org/resources/pdfs/ConflictTerritorialAdministrationfullreportENG.pdf)

Jolliffe K (2016), 'Ceasefires, governance and development: the Karen National Union in times of change', The Asia Foundation, December

Jolliffe K, Speers Mears E (2016), 'Strength in diversity: towards universal education in Myanmar's ethnic areas', The Asia Foundation, October (http://asiafoundation.org/publication/strength-in-diversity/)

Karen Environmental and Social Action Network, Karen Human Rights Group, Thwee Community Development Network (2016), 'Beautiful words, ugly actions: the Asian highway in Karen State, Burma, August (http://khrg.org/2016/08/beautiful-words-ugly-actions-0)

Karen Human Rights Group (KHRG) (1998) 'Wholesale destruction: the SLORC/SPDC campaign to obliterate all hill villages in Papun and Eastern Nyaunglebin districts', April, (http://khrg.org/1998/02/khrg9801/wholesale-destruction)

Karen Human Rights Group (KHRG) (2002), 'Consolidation of control: The SPDC and the DKBA in Pa'an District', 7 September (http://khrg.org/2014/08/khrg02u4/consolidation-

control-spdc-and-dkba-paan-district)

Karen Human Rights Group (KHRG) (2006), 'Dignity in the shadow of oppression: the abuse and agency of Karen women under militarisation', November

Karen Human Rights Group (KHRG) (2007), 'Development by decree: the politics of poverty and control in Karen State', April

Karen Human Rights Group (KHRG) (2008), 'Village agency: rural rights and resistance in a militarized Karen State', November

Karen Human Rights Group (KHRG) (2009), 'Cycles of displacement: forced relocation and civilian responses in Nyaunglebin District', January

Karen Human Rights Group (2014), 'Truce or transition: trends in human rights abuses and local response in southeast Myanmar since the 2012 ceasefire', May

Karen Human Rights Group (2016), 'Hidden strengths, hidden struggles: women's testimonies from southeast Myanmar', July

Karen Human Rights Group (2017), 'Foundation of fear: 25 years of villagers' voices from southeast Myanmar', October (http://khrg.org/sites/default/files/khrg_foundation_of_fear_english_full_report_october_2017_w2.pdf)

Karen Human Rights Group (2018), 'Development without us': Village Agency and Land Confiscations in Southeast Myanmar', August

Karen Peace Support Network (2018), 'Nightmare Returns: Karen Hopes for Peace and Stability Dashed by Burma Army's Actions', April, (https://kesan.asia/index.php/resources/download/13-reports/122-the-nightmare-return-karen-hopes-for-peace-and-stability-dashed-by-burma-army-s-actions)

Karen National Union (2018), 'Statement regarding the Tatmadaw's reinforcement and activities in KNU Brigade-5 Area, Mudraw (Papun) District', 10 May 2018

Karen Women's Organisation (2004), 'Shattering silences: Karen women speak out about the Burmese military regime's use of rape as a strategy of war in Karen State', April

Karen Women's Organisation (2007), 'State of terror: the ongoing rape, murder, torture and forced labour suffered by women living under the Burmese military regime in Karen State', February

Karen Women's Organisation (2010), 'Walking amongst sharp knives: the unsung courage of Karen women village chiefs in conflict areas of Eastern Burma', February (https://karenwomen.files.wordpress.com/2011/11/walkingamongstsharpknives.pdf)

Kempel S, Aung Tun (2016), 'Myanmar ward and village tract administrator elections 2016: an overview of the role, the laws and the procedures', Norwegian People's Aid

Kyed H M, Pohl Harrisson A, McCarthy G (2016), 'Local democracy in Myanmar: reflections on ward and village tract elections in 2016', Danish Institute of International Studies, September

Kyi Pyar Chit Saw, Arnold A (2014), 'Administering the state in Myanmar: an overview of the General Administration Department', The Asia Foundation

Land in Our Hands Network (2015), 'Destroying People's Lives: The Impact of Land Grabbing on communities in Myanmar', December, (https://www.tni.org/files/article-downloads/lioh_research_report_eng_0.pdf)

McCartan B, Jolliffe K (2016) 'Ethnic armed actors and justice provision in Myanmar', The Asia Foundation, October

Myanmar Times (2018), 'KNU, Tatmadaw 'ready to end clashes'', 4 May 2018, https://www.mmtimes.com/news/knu-tatmadaw-ready-end-clashes.html

MyJustice (2018), 'Searching for justice in the law', March (https://www.myjusticemyanmar.org/sites/default/files/Policy%20Brief_20042018_Screen_fit_0.pdf)

Oregon State University (2009), 'Field methods in vegetation science. Locating quadrats using the grid system' (http://oregonstate.edu/instruct/bot440/wilsomar/Content/SRS.htm)

REDRESS (2018), 'Supplement to the international protocol on the documentation and investigation of sexual violence in conflict: Myanmar-specific guidance for practitioners', March

Saferworld (2018), 'Gendered experiences of land confiscation in Myanmar: Insights from eastern Bago Region and Kayin state', May (https://www.saferworld.org.uk/resources/publications/1175-gendered-experiences-of-land-confiscation-in-myanmar-insights-from-eastern-bago-region-and-kayin-state)

Selth A (2001), *Burma's Armed Forces: Power without Glory* (Norwalk: East Bridge)

Smith M (1999), *Burma: Insurgency and the Politics of Ethnicity* (London: Zed Books)

South A (2011), 'Burma's longest war: Anatomy of the Karen conflict', March, Transnational Institute, Burma Center Netherlands

South A (2012), 'The politics of protection in Burma', *Critical Asian Studies* 44 (2), pp 175–204

South A, Perhult M, Carstensen N (2010), 'Conflict and survival: self-protection in South-East Burma', September (https://www.chathamhouse.org/publications/papers/view/109464)

Su Myat Mon, Kean T (2018), 'ADB puts brakes on Kayin State quarry', *Frontier Myanmar*, 2 January (https://frontiermyanmar.net/en/adb-puts-brakes-on-kayin-state-quarry)

Shan Women's Action Network (SWAN) (2002), 'License to rape: the Burmese military regime's use of sexual violence in the ongoing war in Shan State', May

Thawnghmung A (2007), *The Karen Revolution in Burma: Diverse Voices, Uncertain Ends* (Washington: East West Center)

The Border Consortium (2002-2014), Central Karen State sections of 'IDPs Reports' (http://www.theborderconsortium.org/resources/key-resources/)

The Nobel Foundation (2012), 'Aung San Suu Kyi Nobel lecture', 16 June, (https://www.nobelprize.org/nobel_prizes/peace/laureates/1991/kyi-lecture_en.html)

The Office of the United Nations High Commissioner for Human Rights (OHCHR) (2017), 'Report of OHCHR mission to Bangladesh: interviews with Rohingyas fleeing from Myanmar since 9 October 2016', February (https://www.ohchr.org/Documents/Countries/MM/FlashReport3Feb2017.pdf)

The Office of the United Nations High Commissioner for Human Rights (OHCHR) (2016), 'Situation of human rights of Rohingya Muslims and other minorities in Myanmar', 28 June (http://www.ohchr.org/EN/HRBodies/HRC/RegularSessions/Session32/_layouts/15/WopiFrame.aspx?sourcedoc=/EN/HRBodies/HRC/RegularSessions/Session32/Documents/A_HRC_32_18_AEV.docx&action=default&DefaultItemOpen=1)

The Office of the United Nations High Commissioner for Human Rights (OHCHR), 'Documents on Myanmar' (http://ap.ohchr.org/documents/dpage_e.aspx?c=125&su=129)

United Nations Population Fund (2017), 'Powerful myths hidden secrets' (http://myanmar.unfpa.org/sites/default/files/pub-pdf/PowerfulMythsHiddenSecrets_EDITED.pdf)

United Nations Human Rights Council (2018), 'Report of the independent international fact-finding mission on Myanmar', September (https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx)

Women's League of Burma (2016), 'Shadow report on Burma for the 64th session of the committee on the elimination of discrimination against women', July (https://tbinternet.ohchr.org/Treaties/CEDAW/Shared%20Documents/MMR/INT_CEDAW_NGO_MMR_24233_E.pdf)

Saferworld အဖွဲ့သည် အကြမ်းဖက်မှုနှင့် ပဋိပက္ခများအား လျော့ချကာကွယ်ရန်နှင့် ပိုမိုလုံခြုံသော ဘဝများ တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများလုပ်ဆောင်နေသော လွတ်လပ်သည့် နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့အနေဖြင့် ပဋိပက္ခများခံစားနေရသော ဒေသခံပြည်သူများ နှင့် အတူ လက်တွဲပြီး ၎င်းတို့၏ ဘဝပိုမိုဘေးကင်းစေရန်နှင့် လုံခြုံမှုအား ခံစားလာရစေရန် လုပ်ငန်းများ၊ ကျယ်ပြန့်လှသော သုတေသန လုပ်ငန်းများနှင့် ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပါသည်။ ၎င်းသုတေသန လုပ်ငန်းများနှင့် အကဲဖြတ် ဆန်းစစ်ခြင်းများမှ ရရှိလာသော လေ့လာ တွေ့ရှိချက်များအား အသုံးပြုပြီး ဒေသတွင်းသော်လည်းကောင်း၊ နိုင်ငံနှင့် နိုင်ငံတကာမှ မူဝါဒများနှင့် အလေ့အကျင့်များအား တိုးတက်ကောင်း မွန်လာအောင်လုပ်ဆောင်ခြင်းဖြင့် ရည်ရှည် ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်နေပါသည်။ ကျွန်တော် တို့အဖွဲ့၏ ပထမဦးစားပေးမှာ လူသားများပင် ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့မှ အကြွင်းမဲ့ယုံကြည်သည်မှာ လူတိုင်း မလုံခြုံမှုနှင့် အကြမ်းဖက်မှု ပဋိပက္ခများမှ ကင်းလွတ်ပြီး ငြိမ်းချမ်း၍ မိမိဆန္ဒပြည့်ဝသော ဘဝများကို ရရှိပိုင်နိုင်ခွင့်ရှိသည့် အချက်ပင်ဖြစ်ပါသည်။

Saferworld အဖွဲ့သည် အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှနှင့် ဥရောပဒေသများမှ နိုင်ငံပေါင်း (၂၀) နီးပါးခန့်တွင် စီမံကိန်းများ အကောင်အထည်ဖော် လုပ်ဆောင်နေသော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

မျက်နှာဖုံးဓါတ်ပုံ – ကရင်ကျေးရွာတစ်ခုအား ကောင်းကင်ယံမှမြင်ရပုံ © Saferworld

SAFERWORLD


**UK ရုံး**

The Grayston Centre
28 Charles Square
London N1 6HT, UK
Phone: +44 (0)20 7324 4646
Fax: +44 (0)20 7324 4647
Email: general@saferworld.org.uk
Web: www.saferworld.org.uk



Registered charity no. 1043843
A company limited by guarantee no. 3015948

ISBN 978–1–912901–00–5



**မြန်မာရုံး**

အခန်း (၃A/B)၊ အမှတ် (၂၇၅/C) ပြည်လမ်း
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်
ရန်ကုန်၊ မြန်မာ
ဖုန်း - +၉၅ (၀) ၉ ၂၆၄၈၀၂၀၅၁
အီးမေး - saferworldmyanmar@saferworld.org.uk